

မောင်ဝဏ္ဏ

ပန်းတွေနဲ့လေ(မောင်ဝဏ္ဏ )
စုစု စာပေဖြန့်ချိရေး စာစဉ် (၃ )
ပထမအကြိမ် အုပ်ရေ ၂၅၀၀
မျက်နှာဖုံးပန်းချီ မောင်ညိုဝင်း
ဘလောက် လွင်
အတွင်းပန်းချီ မျိုးမြင့်
အဖုံးရိုက် ဧကဒေါ
တန်ဖိုး ၁၂ ကျပ်
ကြီးကြပ်သူ မြသောင်း
ဦးမြတ်ကျော်(၀၅၅၅ )
စာလုပ်ငန်း ပုံနှိပ်တိုက်၊
အမှတ် ၄၅၊ ဝတ်ကျောင်းလမ်း၊
ရေကျော် ကရိုက်နှိပ်၍–
ဦးလှမင်းရှိန် (မင်းလွင် )။ (၀၁၂၈၅ –မြ )၊
ပန်းဆုံမြိုင် စာသဘင်၊
အမှတ် ၈၄၃/၈၊
ဆောင်သစ္စာ ၃ လမ်း၊
၄–ရပ်ကွက်၊
သာကေတ က ထုတ်ဝေသည်။

သန်းကုဋေ အနမ်းတွေ အနှံ့ဝေစေကြောင်း
လွမ်းမပြေ နမ်းချွေယဲ့ပြီ ကွဲ့
အချစ်ရယ်....
(မင်းမတော့ ) ပန်းတွေနဲ့ ဝေ

မောင်ဝဏ္ဏ

## ပန်းတွေနဲ့ ဝေ

[၁၉၅၈ ခုနှစ်တဝိုက် ရန်ကုန်တက္ကသိုလ်ကို ဖွဲ့ဆိုပါသည်]

ဆရာမောင်ကိုယုဇ် မှတ်ချက်

ပန်းတွေဝေတတ်တဲ့ တက္ကသိုလ် ဝရုဏ်အတွင်းက ဝတ္ထုဇာတ်လမ်းတပုဒ်ကို ရေးသားလိုပါသည်ဟု နှစ်ရှည်လများ တဖွဖွ တမ်းတရင်း မှတော့ ဤဇာတ်လမ်းကို ရေးခဲ့ပြီးပါပြီဟု ဝမ်းသာအယ်လဲ လာရောက်ပြောဆိုပါသည်။

တက္ကသိုလ်နယ်မြေကို တမ်းတမ်းတတရှိသူများ၊ တက္ကသိုလ်တွန်းက ဘဝတွေကို မမေ့နိုင်သူများက သူ့လိုပင် ဇာတ်လမ်းပေါင်းများစွာ ရေးသားပြီးခဲ့ကြပါပြီ။

ခေတ်ကာလတွေ ဘယ်လိုပြောင်းပြောင်း တက္ကသိုလ်နယ်မြေမှာ ကျင်လည်ကျက်စား သွားကြသူတွေရဲ့ ဇာတ်လမ်းများကတော့ တက္ကသိုလ်နယ်မြေတွင်းက ထင်ရှားလှတဲ့ သစ်ပုပ်ပင်ကြီးလိုပင် အပြောင်းအလဲ နည်းပါးတတ်ပါသည်။

ဤနေရာသို့ အရပ်ရှစ်မျက်နှာက ပညာသင်တို့ ဆုံဆည်းရောက်ရှိ လာကြသည်။ ဤနေရာတွင် သူတို့သည် ဘဝတာရာကို တည်ဆောက်ခဲ့ကြသည်။ အဖွဲ့ဇာတ်လမ်းများ ဖန်တီးခဲ့ကြသည်။ အချို့သောသူများသည် ကြည်နူးဝမ်းမြောက် အောင်မြင်မှုပန်းများကို ပန်ဆင်၍ ထွက်ခဲ့ကြသည်။ အချို့သောသူများက တသက်တာ မမေ့နိုင်သော ဒဏ္ဍာရီပုံပြင်တပုဒ်ကို ရင်ဝယ်ပိုက်လျက် မျက်ရည်ပန်းဆင်၍ ထွက်ခွာခဲ့ကြသည်။ ပြီးတော့ ဆုံဆည်း ကြုံကြိုက်တိုင်း ထိုဒဏ္ဍာရီဇာတ်လမ်းကို တသသ စမြုံ့ပြန်တတ်ကြသည်။

မောင်ဝဏ္ဏသည် ဤသို့သော တက္ကသိုလ်နယ်မြေတွင် ဤသို့သော ဇာတ်လမ်းများကို ပွဲကြည့်ပရိသတ် အဖြစ်နှင့်လည်း မြင်ခဲ့ဖူးသည် ဟုဆို၏။ သို့တည်းမဟုတ် သူကိုယ်တိုင်လည်း ဝေဒနာတေးကို ကိုယ်တော်ဝင်ဆောက်ရှာ

သန်းကုဋေ အနမ်းတွေ အနံ့တွေကြောင့်
လွမ်းမပြေ နှမ်းချေယုံပြီ ကွဲ့
အချစ်ရယ်....
(မင်းမဟော ) ပန်းတွေနဲ့ ဝေ

မောင်ဝဏ္ဏ

## ပန်းတွေနဲ့ ဝေ

[၁၉၅၈ ခုနှစ်တိုက် ရန်ကုန်တက္ကသိုလ်ကို ဖွဲ့ဆိုပါသည်]

ဆရာမောင်ကိုယုဏ် မှတ်ချက်

ပန်းတွေဝေတက်တဲ့ တက္ကသိုလ် ဝင်းရုံအတွင်းက ဝတ္ထုဇာတ်လမ်းတပုဒ်ကို ရေးသားလိုပါသည်ဟု နှစ်ရှည်လများ တစွစွ တမ်းတရင်း မှတော့ ဤဇာတ်လမ်းကို ရေးခဲ့ပြီးပါပြီဟု ဝမ်းသာအယ်လဲ လာရောက် ပြောဆိုပါသည်။

တက္ကသိုလ်နယ်မြေကို တမ်းတမ်းတတရှိသူများ၊ တက္ကသိုလ်တုန်းက ဘဝတွေကို မမေ့နိုင်သူများက သူ့လိုပင် ဇာတ်လမ်းပေါင်းများစွာ ရေးသားပြီးခဲ့ကြပါပြီ။

ခေတ်ကာလတွေ ဘယ်လိုပြောင်းပြောင်း တက္ကသိုလ်နယ်မြေမှာ ကျင်လည်ကျက်စား သွားကြသူတွေရဲ့ ဇာတ်လမ်းများကတော့ တက္ကသိုလ်နယ်မြေတွင်းက ထင်ရှားလှတဲ့ သစ်ပုပ်ပင်ကြီးလိုပင် အပြောင်းအလဲ နည်းပါးတတ်ပါသည်။

ဤနေရာသို့ အရပ်ရှစ်မျက်နှာက ပညာသင်တို့ ဆုံဆည်းရောက်ရှိ လာကြသည်။ ဤနေရာတွင် သူတို့သည် ဘဝတရက်ကို တည်ဆောက်ခဲ့ကြသည်။ မေတ္တာဇာတ်လမ်းများ ဖန်တီးခဲ့ကြသည်။ အချို့သောသူများသည် ကြည်နူးဝမ်းမြောက် အောင်မြင်မှုပန်းများကို ပန်ဆင်၍ ထွက်ခဲ့ကြသည်။ အချို့သောသူများက တသက်တာ မမေ့နိုင်သော ဒဏ္ဍာရီပုံပြင်တပုဒ်ကို ရင်ဝယ်ပိုက်လျက် မျက်ရည်ပန်းဆင်၍ ထွက်ခွာခဲ့ကြသည်။ ပြီးတော့ ဆုံဆည်း ကြုံကြိုက်တိုင်း ထိုဒဏ္ဍာရီဇာတ်လမ်းကို တသသ စားမြုံ့ပြန်တတ်ကြသည်။

မောင်ဝဏ္ဏသည် ဤသို့သော တက္ကသိုလ်နယ်မြေတွင် ဤသို့သော ဇာတ်လမ်းများကို ပွဲကြည့်ပရိသတ် အဖြစ်နှင့်လည်း မြင်ခဲ့ဖူးမည် ထင်၏။ သို့တည်းမဟုတ် သူကိုယ်တိုင်လည်း ဝေဒနာတွေကို ကိုယ်တိုင်ခံစားခဲ့ရမှာ

အပိုင်း(၁)

**ငါသည် သူ့ကို ချစ်၏။**
**ထိုသို့ ချစ်သောကြောင့်**
**စိတ်ဆင်းရဲသော ဒုက္ခသည်**
**ကြီးစွ။**
**ဟိ' သစ္စ ဤစကား မှန်၏။**
**ဤမှန်သော သစ္စာစကားကြောင့်**
**ငါသည်**
**ဘဝဆက်တိုင်း**
**ရင်ထဲ၌ အချစ်မဲ့သောကိုယ်**
**ဖြစ်လို၏။**

(၁)

ယနေ့ 'ဆ' နှင့် တွေ့ရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။ ယနေ့နံနက် မိုးအုံ့နေသည်။ ငြိုတော့မလို ညိုနေသောမိုး။ ထိုကဲ့သို့ ငြိုတော့မလို ညိုနေသော မိုးလိုပင် ဆ သည်လည်း ငြိုတော့မလိုသော အချစ်မိုးကို ပိုင်ဆိုင်ထားသူဟု မသိခဲ့။

မျက်လုံးမှတဆင့်မျက်ဖောင်းမှ တဆင့်၊ မဲ့ပြီး ပြုံးတတ်သောမှိုင်ပြီး ပြုံးတတ်သောမျှပြီး ပြုံးတတ်သော၊ လှောင်ပြီး ပြုံးတတ်သော ဆို အဓိပ္ပါယ်များစွာဆောင်သော အပြုံးတို့ကို ပြုံးတတ်သော နှုတ်ခမ်းများမှ တဆင့် သူ၏ ရင်ထဲက လျှို့ဝှက်အပ်သော အချစ်ကို 'သိ'ရလိမ့်မည် ဟူ၍လည်း 'မသိ'ခဲ့။

သွယ်နွဲ့သော လက်ချောင်းများသည် လေညှင်းသော ကျူပင်တို့ကဲ့သို့ ယိမ်းနွဲ့ရင်း လှကို တို့တော့မလို၊ ဆိတ်တော့မလို၊ ထုတော့မလို၊ ရိုက်တော့မလိုဖြင့်ရင်း ရင်ထဲက လှုပ်ရှားမှုကို ပြတတ်သော၊ ခေါင်းကို ငုံ့ဖောင်း၍ လေးတွဲ့သောစကားတို့ကို ဆိုကာ ဘာမှမဟုတ်သော ညည်းချင်းတို့ကို ညည်းပြ၍ ရှော့ပြီး ဆံပင်ရှည်တို့ကို ဘီးဖြင့် ဖြီးသင်ရာက လက်ပြတ်အင်္ကျီကြားမှ လက်ဖောင်းရင်း အသား ဝင်းဝင်းဝါဝါ ညိုညိုပြာပြာကို လှစ်ပြ မြင်စေခြင်းဖြင့် တအက်သာ၏ နှလုံးကို သွက်သွက်ခါ လှုပ်ရှမ်းစေနိုင်သည့် အတတ်ပညာကို ပိုင်ဆိုင် ကျွမ်းကျင်သော၊ ပုံလုပ်၍ထားသော အတွင်းခံအင်္ကျီ ပေါ်တက်ကို ရင်၌စည်း၍ အပေါ် အင်္ကျီ မထူမပါး ဘလောက်စ်လေးကို ဝတ်ကာ တွေ့ဆိုမှုညှို့စွာရှိသော ရင်သားအစုံကို ကိုယ်ခါလိုက်တိုင်း လှုပ်ရှမ်းစေခြင်းဖြင့် တအက်လှ၏ ရင်ကို တသိမ့်သိမ့် ခါစေနိုင်စွမ်းသော၊

လက်ထဲမှ လက်ကိုင်ပုဝါကိုရင်း၊ ဖြီးသင်နေသော ဘီးကိုရင်း၊ သို့မဟုတ် ဖတ်လက်စ ဟန်ဖြင့် ခေါင်းပေါ် တင်ထားသော စာအုပ်ကိုသော်ရင်း၊ မသိသော သို့မဟုတ် သိသိသာသာ ကြမ်းပြင်သို့ ကျစေပြီး ဘာမှမဖြစ်သလိုနှင့် ပြန်ကောက်ရင်း ခါးသား ဝင်းဝင်းလေးကို လှစ်ပြခြင်းဖြင့် တုန်လှုပ်စေနိုင်စွမ်းသော၊ ထဘီကို တင်းတင်း ဝတ်ထားပြီးပါလျက် တင်းသည်ထက် တင်းအောင် ထဘီအနားစကို ဆွဲ၍ ဆွဲ၍ တင်းစေခြင်းဖြင့် ခေါင်တံ၏အလှကို ပေါ် လွင်အောင် ပြတတ်သော၊

သလုံးသား ပေါ် မှာကိုင် ဖြေကြာကိန်ရ့ ရက်စနိုးယန်ဖြင့် ထဘီကို မြေမျက်စိဖုံးသည့်အထိ ဝတ်ထားပြီးမှ ထိုင်ရာမှ ထပေါ်နီး အချိန်များတွင် ထဘီစကလေးကို မသိမသာ ဖျော် ဆိုင်မြင်း ထမြင်းဖြင့် သလုံးသား ဝင်းဝင်းကို ပြတတ်သော၊

သံကြိုးကြမ်းမိနပ်ကလေး တဖက်ကို ဝတ်၍ တဖက်ကိုချွတ်လျက် ထိုင်နေရင်း တဖက်သော ခြေဖဝါးနှင့် အခြား တဖက်သော ခြေဖမိုးကို ပွတ်ကာ တခါတရံ ခြေချောင်းကလေးနှင့် ခြေချောင်းကလေးများကို ထိုး၍ ပွတ်နေခြင်းဖြင့် တဖက်လူ၏ ရင်ထဲကို ကလိတတ်သော၊

ထို ဆံပင်များမှ ခြေသံကြိုးထိတိုင် လှုပ်ရှားပန် အမျိုးမျိုး၊ ရှုံ့ပန် အမျိုးမျိုးနှင့် လှုပ်ရှားတတ်၊ ငြိမ်းတတ်၊ နွဲ့တတ်ကလူတတ်မြူတတ်သော

ဆု ကို

ယနေ့တွေ့ရပါမည်၊ စောင့်၍ တွေ့ဆုံရပါမည်ဟု အောင်လတ် မျှော်လင့်ခဲ့။ ထိုသို့ တွေ့ဆုံရပြီး သည့်နောက် ကြည်နူးဖွယ်၊ ရင်ခုန်ဖွယ်၊ နားကြည်ဖွယ်၊ ချွေးစေးဖြိုဖွယ်၊ တုန်လှုပ်ဖွယ် စသည်ဖြင့် ဘဝ၏ စိတ်လှုပ်ရှားမှုအစုံကို တပြိုင်နက် ခံစားရပါမည်ဟုလည်း မျှော်လင့်ခဲ့။

သို့သော် ယနေ့နံနက် သူစိတ် လေးလံနေသည် အမှန်။

(၂)

အိပ်ရာက နိုးလျှင်နိုးချင်း သတိပြုမိသည်မှာ ချမ်းစိမ့်စိမ့် ဖြစ်နေခြင်း။ တဆက်တည်းမှာပင် ဤသို့အဖြစ်မျိုးကို ကြုံဘူးသည်ဟု ခံစားမိ၏။ မိုးအေးသော အချိန်များတွင် ချမ်းစိမ့်စိမ့်ဖြစ်နေခြင်းကို ခံစားမိမြဲ ဖြစ်မှာပေါ့ဟုလည်း တွေးမိသည်။ သို့သော် မဟုတ်သေး။ သည်လိုချမ်းစိမ့်စိမ့် နွေးထွေးထွေး အရသာသည် တကြိမ်သောအခါက ဤနေရာ ဤအချိန်မျိုး၌ပင် ခံစားဘူးသည်ဟု ထင်မိသည်။

အောင်လတ်သည် အတွေးကိုရပ်၍ အိပ်ရာမှ ထလိုက်သည်။ တခန်းတည်းမှာအနေသော ကျော်စိန် မရှိတော့။ သည်အချိန်ဆိုလျှင် ကျော်စိန်တယောက် ဦးရှုစ်လောက်ရည်ဆိုင်တွင် ထိုင်ရင်း သတင်းစာတစောင်လုံး ခေါင်းစီးမှ နာရေးကြော်ငြာအထိ ဖတ်နေလောက်ပြီ။ သို့မဟုတ် လမ်းသွား သူငယ်ချင်း အပေါင်းအသင်းများကို ငယ်ကျိုးငယ်နာဖော်၍ နောက်နေလောက်ပြီ။

အောင်လတ်သည် ချမ်းစိမ့်စိမ့်ရှိ၍ ရေမချိုးတော့။ မျက်နှာ ကမန်းကတန်းသစ်၊ အဝတ်အစား ကမန်းကတန်းလဲကာ၊ အပြင်ထွက်ပြီး တံခါးကိုပြန်ပိတ်ကာ သော့ခတ်မည်ပြု၏။ ရုတ်တရက် သတိပြုမိသည်။ မိုးအုံ့နေသည်တော့။ ကောင်းကင်ကို တချက်လှမ်းကြည့်သည်။ ပြိုတော့မလို အုံ့နေသော မိုးပါတော့။

အောင်လတ်သည် တံခါးပြန်ဖွင့်၍ ထီးဝင်ယူ၏။ ထီးကိုလက်မောင်းမှာချိတ်၊ စာအုပ်ကို ချိုင်းမှာညှပ်၊ လက်တဖက်ဖြင့် သော့လောက်ကိုကိုင်၍ အခြားတဖက်ဖြင့် မြောက်လက်ကို ဆွဲစေ့ကာ သော့လောက်တံ့ကို ခတ်လိုက်ပြီး လမ်းထောက်သို့မျက်နှာမူမိသည်နှင့် ပထမ စိတ္တဇလေးနှာ အတော့၏။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၃)

စေ သည် မမြန်လွန်း မနှေးလွန်းသော ခြေလှမ်းများဖြင့် လျှောက်လှမ်းနေသည်။ နောက်တွဲ ဆံထုံး ထုံးထားသည်။ နားသယ်စပ်၌ နှင်းဆီပန်းတပွင့် ပန်ထားသည်။ နီဆော်ဆော် ဖြူဆော်ဆော်နှင့် လှသော ပန်းတပွင့် ဖြစ်သည်။

ဘေးတိုက်အမြင်မို့ နှာတန်ပေါ် မှန်းသိသာ၏။ မျက်နှာသည် မထူမပါး သေသေး တင်းသားပုံရ၏။ မျက်နှာမွေးကား ဆွဲထားသလား မဆွဲထားသလား မသိ။ ကော့ရှန်သော မျက်တောင်ကိုမူ ထင်းကနဲ မြင်ရ၏။ အတော့လေးလား။

မျက်ဝန်းအစုံကမူ ရှေ့လည်းမကြည့်၊ ဘေးဝဲယာလည်း မကြည့်၊ မိမိသွားရာလမ်း တစ်ရှက်ကိုသာ ငုံ့မော့ ကြည့်နေသဖြင့် မျက်လွှာချထားသယောင် ထင်ရ၏။ မျက်ဝန်းအစုံသည်လည်း ရွှန်းလဲ့ရည်ပိမလေ။

နှုတ်ခမ်းပါးသည် နီရဲနေ၏။ နှုတ်ခမ်းဆိုးထားကြောင်း သိသာ၏။ လက်ပြတ်အင်္ကျီဝတ်ထားသည်မို့ ဝင်းဝါ သွယ်လျသော လက်မောင်းသားကို မိတ်လှုပ်ရှားသွယ် တွေ့ရသည်။ ရင်အစုံသည် အိနေ၏။

ထမီကို ကျစ်ကျစ်လစ်လစ်ညှပ်ထားပြီး ခြေမျက်စေ့ပုံးပါနီးအထိ ဝတ်ထားသည်။တခါတရံ နှံ့ထွက်ဆိုင် ကလေးများကို တွေ့သောအခါ လက်ညှိုးနှင့် လက်မကြား ထမီစွန်းတစ်ကို ညှပ်၍ ဆွဲကော ခြေဖျားကလေး များကိုကော့ပြီး သဲကြိုးဖြူ ဖိနပ်ကလေးတောင်မှ နှံ့မပေရအောင် ရှရှကလေး လှမ်းသွားပုံမှာ အိမြွေရလှ၏။

ထိုစဉ်တွင် မြင်လိုက်ရသော နလုံးသားသည် ဝင်းလက်၏။ ဖနောင့်နှင့် ခြေဖျားကိုကော့၍ လှမ်းသော ထိုစဉ်တွင် တင်သည် စွင့်၍တက်လာ၏။ အလုမင်တက်မိနေသော အောင်လတ်သည် ဓာ ကိုမြင်ကွင်းမှ မပျောက်ရအောင်း လိုက်ကြည့်မိသည်။ မြင်ကွင်းမှပျောက်၍ လမ်းတစ်ရှေ့ကို ချိုးသွားမှသာ သူသည် အိပ်ရာမှ လန့်နိုးသကဲ့သို့ သတိမဝင်တဝင်နှင့် လှေကားကိုနင်း၍ ဆင်းခဲ့သည်။

သည်မိန်းကလေးကို သည်အရပ်၌ တခါမှ မတွေ့ဘူး။ သည်အချိန်တွင် အောင်လတ် ကျောင်းသွားနေကျ။ သည်နေ့ သူအိပ်ရာထ နောက်ကျလို့လား။ မဟုတ်။ သည်လိုအိပ်ရာထ နောက်ကျသောနေ့ပေါင်း မရေတွက်နိုင်။ ဤမိန်းကလေးသည် ဤအရပ်သား မဖြစ်နိုင်။ အကယ်၍ ဤအရပ်သား ဆိုလျှင် သူ မသိသူ မရှိ။ မိန်းကလေး လှလှမှန်သမျှ သူတို့လိုက်၍ ကြည့်ဘူးသည်။ အိမ်မှတ်ဖူးသည်။ ပြီးလျှင် အကယ်၍ သူငယ်ချင်း တယောက်ယောက်က မိမိတို့အရပ်ထဲမှ မိန်းမချောတဦးကို ကြိုက်သည်ဆိုပါစို့၊ ထိုသူကို သူကြိုက်နေသည့် မိန်းမချော၏ အိမ်အမှတ်၊ အလုပ်အကိုင်၊ အနေအထိုင် စသည်ဖြင့် ပြောပြီး ထိုသူအား လက်ရွေးခဲ့ကော ခံနိုင်၏။

ထို့ကြောင့်ဤမိန်းကလေးသည် ဤအရပ်သား မဖြစ်နိုင်။

သို့ဖြစ်လျှင်....

အောင်လတ်သည် တွေးရင်းလျှောက်လာခဲ့သည်။ ဘတ်စကားဂိတ်ကို လှမ်းမြင်ရသည်။

သူပါလား။

သူ ဘတ်စ်ကားဂိတ်မှာ ရပ်စောင့်နေသည်။ ကားလာရာလမ်းသို့ တချက်မျှ မျှော်ကြည့်ပြီး မျက်လွှာချ ထားပြန်သည်။ အောင်လတ်၏ ခြေလှမ်းများ သွက်လာ၏။ ဘတ်စကားဂိတ်ကြီး ထွက်ပြေးသွားတော့မည်များ ထင်နေ လေရော့သလား။

ဓာ နှင့် မလှမ်းမကမ်းတွင် အောင်လတ်ရပ်၏။ ဘတ်စကားသည် ကျောင်းတက် ရုံးတက်ချိန်မို့ ကျပ်၏။ ကားအလာကျဲ၏။ ကားတစင်းဆိုက်လာသည်။

"လာပါဆရာ နေရာရှိတယ်၊ အခေါ် ကြီးသယ်လဲ၊ ကမာရွတ် လှည်းတန်းရောက်မယ်၊ ကမာရွတ် လှည်းတန်း အဝိုင်းလေး"

စပယ်ယာသည် တစာစာ အော်နေ၏။ဘတ်စကားကဖြင့် ကျပ်လောက်နေပြီ။ သူက နေရာရှိတုန်း။ ဓာ လည်း ကားပေါ် မတက်။ အောင်လတ်က ဗိုလ်ငို့ တက်လေး။

"ရွဲ ဆရာရေ့ နောက်ကားလာနေပြီ"

လေသည် အေးသည်ထက် အေးလာ၏။ စိမ့်သည်ထက် စိမ့်လာ၏။ ပြင်းသည်ထက် ပြင်းလာ၏။ ထို့နောက် လေငြိမ်သွားသည်။ တခွင်တပြင်လုံး ညို့မှောင်လာသည်။

မိုးပေါက်များသည် စော်၍ ပြေလာနေသည်။

မိုးသင်မိုးသူ မိုး၊ ထီးရှိသူ ဖွင့်နှင့် ဘတ်စကားဂိတ်သည် ယိမ်းထိုးလှုပ်ရှားသွားသည်။ အောင်လတ် ထီးဖွင့် ဆောင်းလိုက်၏။ ရွှေနှံ့ပိုင်းအတွင်းမှာပင် မိုးပေါက်များသည် သူ့ထီးပေါ် သို့ တဖြောင်းဖြောင်း ကျလာ၏။

သတိရ၍ စုဘက်ကို လှည့်ကြည့်လိုက်သောအခါ တတ်နိုင်ပါဘိ မိန်းကလေးရေ။ မိုးသီးမိုးပေါက်များ အောက်၌ စုသည် ဆိမ့်မြွမျက် ရပ်နေ၏။ မျက်လွှာချထားဆဲ။ ဘေးဘီလဲ မကြည့်။ လွယ်ထားသော လွယ်အိတ်ကလေးကို လက်တဖက်ဖြင့် သူ့ရင်ခွင်သို့ ဖိထားပြီး အခြားလက်တဖက်နှင့် ယုက်မိုးကိုင်ထွယ် ထားသည်မှအပ ဘာမှ မလှုပ်ရှား။ သို့ရာတွင် သူ့နှုတ်သီးပေါ်။

အောင်လတ်သည် ကြိုတင်ကြံစွယ်ချက်မရှိဘဲ သူ့အနီးသို့ရောက်သွားသည်။ ထီးကို စုလက်ထဲ ထည့်သည်။ တပြိုင်နက်ထည်းမှာပင် သူ့စာအုပ်များ မိုကုန်မည်ကို စိုးရိမ်မိ၍ စာအုပ်များကိုပါ စု လက်ထဲ ထည့်ထားခဲ့သည်။ အောင်လတ်သည် ရုတ်ချည်းဆိုသလို စု အနားမှ ပြေးထွက်၍ မိုးမိုးရာရှာသည်။ မျက်စိတစ်ဆုံးအတွင်း သစ်ပင် တပင်အောက်သို့ အောင်လတ် ရောက်သွားသည်။ စုသည် မင်တက်မိနေ၏။ ပြီးမှ ထီးကိုလွှတ်ချသည်။ သို့ရာတွင် ရှက်ရှင်းပင် ထီးကိုပြန်ဖမ်း၏။ လေတချက် အဝေ့တွင် ထီးနှင့် လူပါ ယိုင်ထိုးသွားသည်။ စု သည်ထီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရာမှ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အောင်လတ် ရှိရည်သင်ရာဘက်သို့ လှည့်ကြည့်သည်။

စု ကို အောင်လတ်ကလည်း ကြည့်နေသည်။ အကြည့်ချင်းဆုံတွင် အောင်လတ်သည် ပြုံးယောင် ပြုံးယောင်ပြု၏။ သူ့အပြုံးသည် ရုတင်းပြတ်သွားသော အပြုံးပေတက်။ သည်အပြုံးကို စုသည် ရွှေနှံ့၏ သုံးပုံတပုံအတွင်း မြင်လိုက်၏။ ရှက်ရှင်း ရှက်စိလွှဲ၏။ သို့သော် သူ့အပြုံးက ပျောက်၍မသွား။ မျက်စိထဲ ဝဲနေ၏။ သည်အချိန်မှာ လှုပ်စီးက ဝင်းကနဲလက်၏။ ဆက်တိုက်ပင် မိုးချုန်း၏။ စုရင်ထဲသို့ တိုင်အောင် မိုးချုန်းလိုက်သည် ထင်ရ၏။

ဘတ်စကား တစီးဆိုက်လာပြန်သည်။

"ကမာရွတ်၊ လှည်းတန်း၊ အင်းစိန်ကား၊ လာ အကို နေရာရှိတယ်၊ အပေါ်ကြီးတက် တက် နေရာလုပ်ပေးမယ်၊ နောက်ကား မိုကျပ်မယ်"

စပယ်ယာသည် မိုးထဲ၌ သံကုန်ဟစ်နေ၏။ ကားက ကျပ်ထောက်နေသော်လည်း စပယ်ယာကမူ ထုံးစံအတိုင်း နေရာရှိဆဲပင်။ ခရီးသည်များသည် တက်သူ ဆင်းသူနှင့် ရှုပ်နေ၏။ လူများ ရှုပ်နေသည့်ကြားမှ စုကို လိုက်ရှာ ကြည့်နေသော အောင်လတ်သည် သူ့ကိုယ်ပေါ် သို့ သစ်ရွက်မှတဆင့် ကျလာသော မိုးသီးမိုးပေါက်တို့ကို သတိမပြုမိ။ ကားသည် ဆက်ထွက်သွားသည်။

စုသည် ရပ်လျက်ကျန်နေသည်။ စုသည် ကားလာရာလမ်းဘက်သို့ မျှော်ကြည့်နေရင်းက လှုပ်ရှား သွားသည်။ လမ်းဘေးက် သွက်သွက်ကလေး ထွက်ရင်း လက်တဖက် ဆန့်တန်း၍ တားလိုက်သည်။ ကိုယ်ပိုင်ကား အပြာလေးတစင်းသည် စုရှေ့၌ ထိုးရပ်၏။ စုသည် အောင်လတ်ကို လှည့်ကြည့်၏။ ထီးသာမှုရုန် လက်ယာန်ပြ၏။ အောင်လတ် အပြေးကလေး အနားကပ်သွားသည်။ စု အောင်လတ်ကို ထီးနှင့် စာအုပ်ပြန်ပေးရင်း

"ကျေးဇူးတင်ပါတယ်ရှင်"

ခါပါဘဲလေ။ ခါလောက်ဘဲ သူ့ရဲ့တုန့်ပြန်မှုရှိသည်။ အောင်လတ်ရင်ထဲ၌ ဆစ်ကနဲ ကျင်သွား၏။ ရင်နာတို့ အတွက် ကြိုတင် နိမိတ်ပြခြင်းလေလား။ စု သည် ကားပေါ် တက်၍ထိုင်ပြီးမှ အောင်လတ်ကို ရွှန်းလဲ့သော

မျက်ဝန်းအစုံဖြင့် ကြည့်၏။ ထိုအကြည့်သည် ထိတ်လန့်စွာ လှည့်ကြည့်သော သမင်ငယ်၏ အကြည့်နှင့်လည်း တူ၏။ ဘာကို ဘယ်လိုပြောရမှန်း မသိသဖြင့် အဓိပ္ပာယ် မျိုးစုံပြွမ်းသော အကြည့်လည်း ဖြစ်နိုင်၏။ ထိုအကြည့်သည် လျှပ်တပျက်မျှသာ ကြာသော်လည်း သူတို့နှစ်ယောက်အဖို့မူ.....

ကားအထွက်နှင့် ဝေ့ချက်လျှာအရှည်သည် ပြိုင်တူဖြစ်၏။ ဝေသည် မိုးပေါက်များဖြင့် ဝါးနေသော နောက်မှန်ကို ဖွင့်အောက်၍ လှည့်ကြည့်ဖြစ်သည်။ မိုးပေါက်များကြားမှ သူ့ထံသို့ကြည့်ရင်း ထီးဆောင်းလျက် ကျန်ရစ်သော ဆောင်လတ်ကို မြင်ရသည်။

ဝေ့စိတ်ထဲတွင် အပြစ်ကောင်းသလို ခံစားမိသည်။ သူ့ကိုဘာမှ မေးရလည်းလည်း မတုံ့ပြန်လိုက်ရပါကလား။ ဒီ ကျေးဇူးတင်ကြောင်း ပြောခဲ့သားဘဲ။ ပြောမှ ပြောဖြစ်လိုက်ရဲ့လား။ ပြောဖြစ်လိုက်တယ် ထင်တာဘဲ။ စိတ်လှုပ်ရှားနေတော့ ဘယ်လိုဖြစ်ခဲ့သည် မရေရာ။ ဟောဒီ ဦးလေးရဲ့ ကားမောင်းသူကိုက မကောင်းတာ။ မနက် ရှစ်နာရီခွဲ အရောက် လာကြိုပါဆိုတာ ခု ကြည့် ရှစ်နာရီထိုးတော့မယ်။ ကျောင်းမမီမှာစိုးလို့ ဘတ်စကားနဲ့ သွားမယ်လုပ်တုန်းမှ သူ ရောက်လာတယ်။ ဦးလေးခင်ကိုက ခေါ်ပါတယ်လေ။ ကြီးကြီး နေမကောင်းတာများ ဝေ့မှ စောင့် အိပ်နိုင်းရတယ်လို့။ အေးလေ ကြီးကြီးသမီး မေနု ဒီနေ့တောင်ငူက ပြန်ရောက်မှာပါဟာ နောက်နေ့တွေ ငါသွားစရာ မလိုတော့ပါဘူး။ ဒီလိုဆို သူဒီအရပ်ထဲမှာနေတာလား။ ကျောင်းသားဘဲထင်ပါရဲ့။ အို ငါနဲ့ဘာဆိုင်လို့လဲ။

ဝေသည် အတွေးပေါင်းစုံဖြင့် လိုက်ပါလာ၏။ ဆောင်လတ်၏သဏ္ဌာန်ကို စိတ်မှန်းဖြင့် ဖော်ကြည့်သည်။ မပီသတော့။ မိုးတပါးသော ထင်ယောင်မြင်ယောင်၍ ရတော့သည်။ သူနှင့် အကြည့်ချင်း ဆုံသည်ကလည်း စုစုပေါင်းပါမှ တစက္ကန့်မပြည့်။ ကားရှေ့မှန်ပေါ်မှ ရေသုတ်သည် မိုးပေါက်များကို အားသွန်၍ ဖယ်ရှားနေရသည်။ တလောကလုံး မိုးတပါး။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၄ )

“ဒီတော့ သူတို့က မိန်းမဝိတာ၊ သူတို့က ရုန်းတော၊ သူတို့က ကျူးကျော်တာ၊ ဒါ ဒါကို ကျုပ်တို့က ဟိုခင်း မပြောရအောင် ပုံနေလို့ ဆဲ ဖြစ်ပါလေသား”

သောင်းတင်သည် အာဇောင် အာရုင်းသန်သန် ပြောနေသည်။ သောင်းတင်ကား လဖက်ရည်ဆိုင်ထိုင်၍ ဤသို့မပြောရလျှင် အိပ်မပျော်စားမဝင်သူမဟုတ်။ သူ့စေတနာကို အပေါင်းအသင်းများက ကြားနာလိုသည်ဖြစ်စေ၊ မကြားနာ လိုသည်ဖြစ်စေ၊ ယောင်ရှင်သော တရားဒေသနာများ ဟောကြားလေ့ရှိ၏။ ယနေ့လည်း သူထင်ရာမြင်ရာ ချွပ်တင်နေ၏။

တက္ကသိုလ်ဝန်းကျင်တွင် သည်လို ကျောင်းသားမျိုးလည်း ရှား၏။ လူအထင်ကြီးခံရအောင်၊ ကျောင်းသို့ ရောက်စ ကောင်သစ်လွှင် မယ်သစ်လွှင်များက အထင်တကြီးနှင့် လဖက်ရည်တိုက်အောင် ဤသို့ ရဲရဲတောက်ဟု 'ထင်'ရသော ဒေသနာများကို အော်ကြီးဟစ်ကျယ် ဟောကြားလေ့ရှိသည်။ ပြီးတော့ ဘာမှလည်း မဟုတ်။

တခါတရံ သူတို့သည် ကွတ်အင်္ကျီကြီးဝတ်၊ မျက်မှန်မည်းမည်းတပ်၊ ခေါင်းစုတ်ဖွားဖွားကြီး စာအုပ်ထူကြီး ပိုက်လျက် ဟိုသုတ်သုတ် ဒီသုတ်သုတ်နှင့် အလုပ်ရှုပ် နေတတ်ကြသည်။ ပြီးတော့ ဘာမှလည်း မဟုတ်။ တခါတရံမူ သူတို့သည် ပုန်းလျှိုးကွယ်လျှိုးနှင့် ရောက်လာတတ်၏။ ထိုအခါတွင် နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေး၊ မျက်မှန်မည်းနှင့် ပလီဆရာများဝတ်သော အင်္ကျီမျိုးကို ရုံဖုံရုံ၍ ဝတ်လာတတ်၏။ စုံထောက်ကလိုက်နေ၍

ရုပ်ချက်ပုန်းရှောင် နေရကြောင်း၊ ထမင်းစားရသည်မှာ ဆေး ငါးနပ်ရှိပြီဖြစ်ကြောင်း၊ ကြောင်းမီ မြေအောက်သို့ လျှိုးတော့မည် ဖြစ်ကြောင်းများ ပြောပြတော်၏။ သို့သော် ဟုတ်လည်း မဟုတ်။

အဟုတ်ထင်ပြီး ထမင်းလိုက်ကျွေးလျှင် မောနိုင်ဘဲနှင့် အလွန်ဆာလောင် မွတ်သိပ်ဟန်ဖြင့် စားနေပြီတော်၏။ ပြီး ထမင်းဆိုင်က တော်တောင်နှင့် မသေနိုင်ဆိုအခါ ပေါက်တတ်ကရ စေသနာများ ပေးကြပြန်၏။ အပေါင်းအသင်း မိတ်ဆွေများ အစုနှင့်မှ သူငယ်ချင်းတယောက်ကို ထမင်းတနပ် ကျွေးလိုက်ရသည်မှာ မကောင်းသော၊ နာငြီးရသည်က ကော်လှ၏။

လူပြောသေနံ လူသနံမပြော ဆိုသကဲ့သို့ တကယ့်အရေးအကြောင်းရှိလျှင် သူတို့တတွေ ဘယ်ရောက်နေသည် မသိ။ ကိစ္စပြီးပါမှ နံဘေးကပ်လိုက်နေသည်ဆိုသော ဓာတ်ပြားကဲ့ အပေါင်းကြီးမှုင့်လျက် ပုန်းလျှိုးသလိုလိုနှင့် ပေါ် ထင်စွာ ပြန်ရောက်လာတော့သည်။ သူငယ်မှာ ကောင်းသူများပင်တည်း။ ယခုလည်း သောင်းတင်တယောက် ကျူးကျော်မှုဖိနှိပ်မှုတိုက်ပွဲ စသည်များနှင့် ငြီးနေ၏။

"ဟင် ငွေ့မိနေလို့ ဖြစ်ပါမလားဗျ"

"ဘယ်ဖြစ်မလဲ"

ကျော်စိန်က ထောင်ပေးသည်။

"ခါပေါ့ဗျ ဘယ်ဖြစ်မလဲ၊ ဒီတော့ကာ ကျုပ်တို့ကတော့ တိုက်ပွဲဘဲ၊ တိုက်ပွဲဆင်ရမယ်ဗျ၊ တိုက်ပွဲ တိုက်ပွဲ"

ပြောရင်းက စားပွဲကိုထု၏။ နှစ်ချက် သုံးချက် ဆက်တိုက် ထုလိုက်သဖြင့် စားပွဲပေါ် က ပန်းကန်များ ဖရိုဖရဲ ဖြစ်ကုန်သည်။ အချို့ လဖက်ရည်ခွက် အပြည့်များ မှောက်စင်ကုန်သည်။ ရောင်ကြီးစေ့ ကိုရွှေအေး ဒေါသ ဖြစ်သွားသည်။ ထို့ကြောင့်

"ခင်ဗျားက ဘယ်ဒေါသကြီးတာကိုး ဗျ၊ ကျုပ်လုံးရှည် လဖက်ရည်စွန်းသွားပြီ၊ ညည်းရုံးရေးမှာ ဒေါသကြီးလို့ ဘယ်ရမလဲ"

ရဲဘော် သောင်းတင် အနည်းငယ် ရှက်သွားသည်။

"ဟုတ်တယ် ဟုတ်တယ်၊ ရဲဘော် ရလိုဝေနှံတာကို သိပ်ကျေးဇူးတင်တယ်၊ ဟုတ်တယ်ဗျ ညည်းရုံးရေး ညည်းရုံးရေးမှာ သေနံရေး အရေးကြီးတယ်၊ သေနံရေး သေနံရေး"

ဒေါ်ကြီးဟစ်ကျယ်နှင့် လက်သီးလက်မောင်း တန်းပြန်သည်။ ဘေးတွင် ထိုင်နေသော သူငယ်ချင်းများ နောက်သို့ ယိုင်သွားကြ၏။ ဘေးဆိုင်မှ ကျောင်းသားများ စိတ်ပျက်စွာ လှမ်းကြည့်ရင်း ထ ထွက်သွားကြသည်။ အောင်လတ်သည် ထီးကိုလက်ကစက်တွင် ရိုက်လျက် သူတို့ဝိုင်းဆီသို့ လျှောက်လာနေသည်။ သောင်းတင်သည် အောင်လတ်ကို မြင်သည်နှင့်

"လာချို့ ကိုအောင်လတ် ခင်ဗျားပါ ပါဝင်ဆွေးနွေးရင် ကောင်းမယ်"

အောင်လတ် စိတ်ပျက်သွားသည်။ သွားပြန်ပယ် တနေ့က်ပ တွေးမိသည်။ အောင်လတ် ဝင်ထိုင်လိုက်သည်နှင့် သောင်းတင်က

"မှ ကျွန်တော်တို့ ကွမင်တန် အဖဲယာကို ဆွေးနွေးနေကြတာ၊ အဲဒါ..."

"လဖက်ရည် ရှိပေါ့ကျ တခွက်"

"အဲဒါ...အင်း...ကွမင်တန် ရှိရှိ ဆဲ..."

သောင်းတင်သည် သူကောကို ဖြတ်၍ လဖက်ရည် မှာလိုက်သဖြင့် အတောင်အတောင် အမှားများ ထွက်သွားသည်။

အားလုံး ငိုင်းရယ်လိုက်ကြသည်။ သောင်းတင်လည်း ရောရယ်လိုက်၏။ သို့သော် သောင်းတင် အလျှော့မပေး ဆက်၍

"ဆဲဒီတော့ကာ မုန်တကပြောသလို ဟိုခင်းပြေရအောင် ဆဲဒါ.. ဆဲဒီလိုပေါ့လေ၊ ကျွန်တော်တို့ ဒါကိုရှုပြီး ပြန်တင်ပြတဲ့ နေရာမှာ ဘာဖြစ်နိုင်သလဲဆိုတော့၊ ဟိုဟာ ကျောင်းသားထု အတွင်းမှာ ဆိုရင် ဒီ.."

"ရှင်းပါတယ် ရှင်းပါတယ်"

ကျော်စိန် ဝင်နှောက်၏။

"တညီတညွတ်ထဲ ထောက်ခံတယ်ဗျာ၊ အစည်းအဝေး ရုပ်သိမ်းပါတော့" ဟုသန်း၏ အသံ။

"အင်း အင်း ဆက်ပါဦး" ရွှေဆွေက ဘီးတပ်ပေးပြန်၏။

သောင်းတင်ကား နောက်လို့ နောက်မှန်း မသိ။

"ဟုတ်ပီ ဟုတ်ပီ၊ ကျွန်တော့်အနေကတော့"

အောင်လတ် စိတ်ညစ်လှူးလာ၏။ တောင်ခိုင်မှ ဖျက်ခနဲလျှက် လမ်းအောက် မျှော်ကြည့်နေသည်။ ကျောင်းသားများ ဝင်ထွက်သွားလာ နေကြသည်။ ပြည်လမ်းမပေါ် တွင် ကားများဥဒဟို ပြေးလွှားနေကြသည်။ ကတ္တရာလမ်းသည် မိုးရွာပြီးစမို့ သပ်သပ်ရောင် တောက်နေသည်။ ကားများက ရေခိုင်ကို ဖြတ်သောအခါ ရေခိုင်တွင်းမှ ရေများသည်ဖွာ၍ လမ်းဘေးကိုပြာထွက်၏။ လမ်းဘေး၌ လမ်းလျှောက်သွားသူ အချို့ကို စင်မိသည်လည်း ရှိ၏။

ယခုအချိန်ဆိုလျှင် သူဘယ်နားမှာ ရှိလေမည်နည်း။ အောင်လတ်၏စိတ်သည် ဘတ်စကားဂိတ်၌ တွေ့ခဲ့ရသော ဝတ်သို့ ပြန်လွင့်သွား၏။ သူဘယ်မှာနေပါလိမ့်။ ကိုယ်ပိုင်ကားစီးနိုင်သူဆိုတော့ ကိုယ့်ထက် ချမ်းသာသူ ဖြစ်ရမည်။ ချမ်းသာတာ ဆင်းရဲတာနဲ့ ချစ်တာနဲ့ ဆိုင်ဘယ်လိုပါလိမ့်။ အောင်လတ် သူ့ကို ချစ်မိပြီလား။ တွေ့လျှင်မြင်ရုံး ချစ်မိပြီဆိုတာတော့ ဖြစ်နိုင်ရဲ့လား။ တွေ့တွေ့ချင်းက ကြိုက်တာတဲ့ဖြစ်ရမှာပေါ့။

သူလှတာတော့ အမှန်ဘဲ။ ဘယ်လိုတဲ့ရယ် ကျေးဇူးတင်ပါတယ်ရှင် တဲ့။ ပြီးတော့ ခန့်းလုံသောအကြည့်၊ အဓိပ္ပာယ် ဆော်ပြတတ်သော အကြည့်၊ တွေးရင်းနှင့်ပင် ရင်တလှပ်လှပ် ဖုန်မိပါသေးတော့။

"ဘယ့်နှယ်လဲ ကိုအောင်လတ် ကျွန်တော်တင်ပြတာ"

သောင်းတင်၏အသံကြောင့် ဖျတ်ခနဲ သတိဝင်လာသည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါပေါ့ ဒါပေါ့"

ကျော်စိန်သည် အောင်လတ်ကို မကျေမနပ် ကြည့်ရင်း

"ဘာ ဒါပေါ့လဲကွ"

အောင်လတ်က ပြုံး ပြုံးရှေသလောက်နှင့်

"ကိုသောင်းတင်ပြောတာလေ"

"သူဘာပြောသလဲ ခင်းသိလို့လား"

"သိဘူးလေ၊ မကြားလိုက်မိဘူး"

သောင်းတင်၏ မျက်နှာရှုံ့သွားသည်။ သို့သော် မလျှော့သေး။

"ဒီလိုလေဗျာ၊ကျွန်တော်ပြန်ရှင်းပြမယ်"

"ကျွန်တော်တို့ သွားစရာလေး ရှိသေးတယ်ဗျ၊ နောက်နေ့ပေါ့"

ကျော်စိန်သည် ပြောပြော ထထ ထ၏။ အောင်လတ်ပါ လိုက်ထရင်း နှုတ်ဆက်သည်။

"သွားမယ်ဗျာ နော"

ရွှေဆွေး၊ ဖေသန်း၊ ဆောင်ဝင်းတို့လည်း လိုက်သကြ၏။

"ကျွန်တော်တို့လည်း အတန်းရှိသေးတယ်ဗျာ"

အလျိုလျို ထွက်သွားကြရာ ကောင်းတင်တယောက်သာ ခေါင်းခင်းခင်း ကျန်ရစ်ခဲ့၏။

သို့သော် ကောင်းတင်ကား ဤမျှလောက်နှင့် ဖြုံသူမဟုတ်။ အခြားတဝိုင်းသို့ ပြောင်း၍ ထိုင်လိုက်သည်။ သို့ရာတွင် သူထိုင်လိုက်သည်နှင့် ထိုဝိုင်းမှ ကျောင်းသားများက ဤသို့ အောလာ ပြကြလေသတည်း။

"သစေက်ရှောင်ဘိုး လာလျှပါချို့၊ သွားတော့မယ်"

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၅)

ဆရာဦးဝင်းဖေသည် အတန်းကိုတချက်စေ့ကြည့်ရင်း စာသင်ခန်းထဲသို့ ဝင်လာသည်။ ကျောက်သင်ပုန်းရှေ့ စာသင်ခုံတွင် ဝင်ရပ်၏။ တတန်းလုံးသည် ဆရာအတန်းထဲ ဝင်လာကတည်းက ဖုန်းကနဲ မတ်တတ်ထရပ်ကြပြီး ဖြစ်သည်။

"Good morning ladies and gentleman"

"ဆရာသည် အင်္ဂလိပ်ဘာသာနှင့် နှုတ်ဆက်လိုက်သည်နှင့်တပြိုင်နက်

"Good morning Sir"

"ကောင်းသောနံနက်ခင်းပါဆရာ"

"မင်္ဂလာဆောင်ပါ ဆရာ"

"ဗူးပါး ဆေးဗီး" "ကမ်ဆေ့" "နန်မော်စေတေး" စသည်ဖြင့် အသံမျိုးစုံတို့ထွက်ပေါ် လာသည်။

လုံးထွေးနေသောအသံများ ကိတ်စပြုမှ ရွှေဆွေးကထအော်သည်။

"ပွတ်သဲစောနင်ဘ ဆာဗရ"

"ဝါးလားလား"

"ဆီဆီကီကီ"

အသံမျိုးစုံထွက်ပေါ် လာပြန်သည်။

"Don't be silly boys "

ဆရာသည် မျက်နှာထားနှင့် အတန်းကို ကြိမ်းလိုက်သည်။ အတန်းသည် မီးကိုရေနှင့် သတ်သည့်ကဲ့သို့ ရုတ်ခနဲ ငြိမ်သွားသည်။ ဆရာသည် ကျောက်သင်ပုန်း၌ စာတကြောင်းရေးလိုက်သည်။ ပြီးမှ အတန်းဘက်သို့ လှည့်၍ ဆောင် လက်ချာရိုက်တော့သည်။

"The electro magnectic spectrum reveals the အင် အင် narrow range of အယ် radiation visible to man's eye and ဒါ ...from the stand point of physics....

ကျောင်းသားများသည် ဘာကိုဘယ်လို လိုက်ကူးရမှန်း မသိဖြစ်နေသည်။ အချို့ကလည်း နားလည် သလိုလိုနှင့် လိုက်မှတ် လိုက်ရေးနေသည်။ ဆောင်လတ်သည် အရုပ်တရုပ် ရေးဆွဲနေ၏။ ကျော်စိန်က ခေါင်းကုတ် လျက်ရှိသည်။ ဆရာသည် လက်ချာဆက်ရိုက်၏။

"အယ်...The only difference between radio waves, visible light and ဒါ such high frequency forms of radiation အယ် အယ် ...as x rays and gamma rays lies in their wave length. Am I clear?"

ဆရာသည် သူ့လက်ဖျာ ရှင်း မရှင်း မေးလိုက်သည်။ ကျောင်းသားများ၏ တုံ့ပြန်မှုကား

"နိုး ဆား"

"မရှင်းပါဘူး ဆရာ"

"ဝမ်အမိုးဝမ်အမိုး"

"နောက်တခေါက် ပြန်ရှင်းပြမယ်၊ သေသေချာချာ နားထောင်နော်၊ အယ်...The elrctro...

ဆရာသည် အင်္ဂလိပ်လိုပင် ပြန်ရှင်းပြပြန်၏။ အချို့လည်း နားလည်သလိုလို.... အချို့လည်း တလုံးမှ မသိ။ ဆရာသည် နိုင်ငံခြား ပညာတော်သင်သွားပြီး ပြန်ရောက်သည်မှာ မကြာသေး။ ပြန်ရောက်ကတည်းက အိုလိုရှုပ်း ရှုတ်နေတော့သည်၊ ယခုလည်းသူသင်သော ဘာသာရပ်နှင့် ဆိုင်သည်လား မဆိုင်သည်လား မသိ၊ အလွတ်ကျက် ထားဟန်ရှိသော စာပိုဒ်ကို ရွတ်နေခြင်းဖြစ်မည်ဟု ကျောင်းသားများက ထင်ကြ၏။ သို့ရာတွင် ဤသို့မဟုတ်ပါ၊ ဟုတ်ချင်လည်း ဟုတ်နိုင်ပါ၏။ ဆရာသည် ခုတိယအကြိမ် ရှင်းပြ၍ ပြီးပြန်သောအခါ

"ရှင်းရဲ့လား"

"နိုး ဆား"

"မရှင်းသေးပါဘူး"

ဆရာသည် အစက်တွေ့သွား၏။ ထို့ကြောင့်

"စက်တာသဲကွာ၊ ဂဲ ဇာလိုဘဲ တတ်နိုင်သလောက် ပြန်ပြောတော့မယ်"

တပြိုင်နက်သောအသံကြီး ထွက်လာ၏။

"ဟုတ်ပါတယ်၊ ကောင်းပါတယ်"

ဆရာသည် သူ့လက်ချာကို မြန်မာလို ပြန်ပြ၏။

"ဒီ ဒီ အီလက်ထရိုမဂ္ဂနက်တစ် ဓလက်ထရေယာ ဆိုလို့ရှိရင် အင်ဓာတ်ကျွေးမြောင်းတဲ့ ရိန်းဂျူအောစ် ရေဒီရေးရှင်း အဖြစ်နဲ့သာ လှုပျက်လုံးသမှာ ဓိဓိလ် ဖြစ်နိုင်တယ်၊ ရှင်းရဲ့လား"

ရှင်းရှင်းနဲ့ ရှုပ်ကုန်လေပြီတည်း၊ ဆရာ့အဖို့ သူ့ဘာသာရပ်နှင့် ပတ်သက်သော ဝေါဟာရများကို မြန်မာပြန်ပြီးသား အဆင်သင့် မရှိသေး။ အင်္ဂလိပ်လို သင်ပြန်လည်း နားမလည်ကြ၊ စက်သမှ စက်လှ၏။ ဆရာသည် နိုင်ငံတော်၏ ရိုးလေတီဓိတိ သိဝရိုနှင့် ပတ်သက်ပြီး ရှင်းလိုသဖြင့် ရှုပဓာ ရှုပေါင်မှ အကြောင်းအရာတခုကို သင်နေခြင်းဖြစ်သည်။ အမှန်မှာမူ သိပ္ပံပညာရှင် အဖြစ်ရင်း၊ အတွေးအခေါ် ပညာရှင်အဖြစ်ရင်း ကျော်ကြားသော နိုင်ငံတိုင်း အကြောင်းကို ပြောပြရင်း သူသင်ချင်သော အတွေးအခေါ် နှင့် သိပ္ပံပညာ ဆက်စပ်ပုံဆီသို့ ရောက်အောင်ဆွဲယူသွားလိုခြင်းဖြစ်၏။ သို့သော် ဝေါဟာရများကြောင့် ဆရာနှင့် ကျောင်းသားများ ရှုပ်ထွေး၍ တလည်လည် ဖြစ်နေကြလေသည်။

ထိုနေ့လည် လဖက်ရည်ဆိုင်းတွင် ဆောင်ဝင်းသည် ဆရာဦးဝင်းအောင်၏ လေနှင့် သူငယ်ချင်းများကို ရှင်းပြနေသည်။

"သည် အီလက်ထရိုမဂ္ဂနက်တစ် ဓလက်ထရေ is the ရှိတယ်၊ is the ရှုက်လုံးသမှာ is the ကြည့်လို့ကောင်း၊ is the ခဲ့ရီး နဲ့ရှိ is the ဖြစ်တယ်၊ is the အမိဆိုင်တယား"

"ဝမ်အမိုး ဆား နောက်တကြိမ် ရှင်းပါဦး"

ဆေသန်းကအောင်မပြန်သည်။

"ပေါလှပါလား ဟ"

ရွှေသွေး၏ အသံ။

"ဒီစိုးဘက် ဆားအလွန်ဆိုးပါသည်"

အောင်လတ်၏ အသံမှာ။ ထိုအချိန်မှာပင် ဆရာဦးဝင်းအေးသည် လက်ဖက်ရည်သောက်ရန်ရောက်လာ၏။ အောင်ဝင်းသည် သတိမရမိဘဲ ဆက်လက်ရှင်းနေ၏။ သူ့ကျောဘက်၌ ဆရာရောက်နေမှန်း သူမသိ။

"Is the ဖွန့်သည် စတင်ဖွံ့ဖြိုးလာ၍ ဒီဆေခ် Is the ရှိသည် ဖြစ်သည်၊ Is the ပွဲဂွတ် အပ် ဝန္တမီ၊ Is the "

ဆရာသည် သူတို့ဝိုင်းဘက် လှည့်ကြည့်သည်။

အောင်လတ်တို့က ဆရာရောက်နေမှန်းသိသော်လည်း အောင်ဝင်းကို ဘာမှ သတိမပေး၊ ဆက်မြှောက် ပေးနေသေး၏။

"Is the ဆက်ပါဦး"

"ဒီတော့ကာ ဒို့ဒီ ဒီဒို့ ဒီစစ်ဘယ်ဟာ စိုးလိုဖြစ်အောင်လို့ မျက်လုံးထဲမှာ မျက်စိရှိတယ်၊ ရှင်းရဲ့လား"

ဆရာဦးဝင်းအေးသည် ချောင်းတချက်ဟန့်လိုက်၏။ အောင်ဝင်းသည် သူငယ်ချင်းများ မျက်နှာ၌ ဝပ်ပြုံးပြုံး အမူအရာကို တွေ့ရပြင် မလုံမလဲဖြစ်ပြီး နောက်လှည့်ကြည့်ရာ ဆရာဦးဝင်းအေးကို သွားတွေ့၏။ အောင်ဝင်းသည် အယောင်ယောင် အမှားမှားနှင့်

"ဟာ ဆရာ ဟို ထမင်းစားပြီးပြီလား"

"ဒီအချိန်ကြီးကျမှတော့ စားပြီးပြီပေါ့ကွ"

မိတ်ပေါက်ပေါက်နှင့် ဆရာပြောလိုက်၏။ ပြီးမှဆက်၍

"အဲ ဆရာ့ဘာသာနဲ့ ပတ်သက်ပြီးရှင်းတာရှိရင် ဆရာ့အခန်းကို အချိန်မရွေး လာမေးနိုင်တယ်၊ ဆရာ ကတ်နိုင်သလောက် ဆိတ်မပေါ်စီး အဲ ရှင်းပြမယ် ဟုတ်လား၊ ကဲ ကဲစိုးချွန် ကဲစိုးချွန်"

ဆရာသည် လက်ဖက်ရည်ခွက်ကို မော်သွက်သွက် မော့ချရင်း ထွက်သွားတော့၏။

ဆရာမော်လှမ်းလှမ်းရောက်မှ အောင်ဝင်းက ဆက်လိုက်သည်။

"အမ်းချိုင် ကလေး"

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၆ )

လေသည် ပါလောင်၏ ပို့ချချက်များကို မကြားတချက် ကြားတချက်ရှိသည်။ သူ့ဦးနှောက်သည် တစ်ပြိုင်နက်တည်း တစ်ချိန်တည်း၌ အလုပ်နှစ်ခုကို လုပ်နေ၏။ ဦးနှောက်၏ အပုံတဆောင်ပုံ တပုံသည် ဆရာ သင်ကြားချက်ကို အာရုံပြု၏။ ဦးနှောက်၏ ဒုတိယ အပုံတဆောင်ပုံ တပုံကလေးကိုမူ နံနက်တုန်းက ယီးမိုးဆားမှဲ့သူက ကြီးစိုးနေ၏။ လက်က စာလိုက်ကူးနေသော်လည်း စိတ်က ပြန့်လွင့်နေသည်။ လွန်ခဲ့သော လေးနှစ်ခန့်ဆီသို့ အတွေး ရောက်သွားသည်။

ထိုစဉ်က လေသည် တက္ကသိုလ်ရောက်စ ကျောင်းသူ မယ်သစ်လွင်။ ကိုအောင်အောင်တင်က ဝိဇ္ဇာမြိုင်း(စ)တန်း ကျောင်းသားကြီး။ ကိုအောင်အောင်တင်နှင့် တွေ့ရပုံက မဆန်းလှပါ။ တောင်ဂူ အစိုးရ အထက်တန်းကျောင်းမှ

ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ခွင့်ရသော အခါ ဝေ့စိတ်ထဲ၌ အဘယ်မျှ ဝမ်းမြောက် တုန်လှုပ်မိသည် မသိ။

ရန်ကုန်တက္ကသိုလ်ကြီးကို စတင်တွေ့လိုက်ရသော တစ်ဆောတွင် ဝေသည် ရင်တချက်ချက်ခုန်၍ ဒူးများပင် တဆတ်ဆတ်တုန်မိ၏။ ခမ်းနားထည်ဝါလှပါသော အဓိကတက္ကသိုလ်။ အရောင်မျိုးစုံဖြင့် တောက်ပနေသော၊ အမြဲတန်း လျှပ်စီးလက်သကဲ့သို့ တဝင်းဝင်းလက်နေသော ဒဏ္ဍာရီပုံပြင်များ၌ ကြားဖူးသည့် သုဝဏ္ဏဘောင်တောကဲ့သို့ ငြိမ့်ငြိမ့် ဆောင်နံ့များကို ကံ့ကော်ပင်ပု ကလေးများအောက်၌ စိတ်လှုပ်ရှားဖွယ် တွေ့ရတတ်သော၊ ခရစ်ယာန် သမ္မာကျမ်းစာလာ ဧဒင်ဥယျာဉ်ဟု ထင်ရစေသော တက္ကသိုလ်မြေကို ဝေသည် မြေချရုံပင် မငုံမရဲဖြစ်ခဲ့ရ၏။ တက္ကသိုလ် ကျောင်းသားများ၊ သမဂ္ဂသည်ငုံး၊ မြို့နယ်အသင်းများသည်ငုံး စောင်သစ်လွှင် ဖယ်သစ်လွှင်များကို ကြိုဆိုနေရာချပေးရေး၊ လိုအပ်သည်များကို ကူညီလမ်းညွှန် ပြသပေးရေးအတွက် ကျောင်းသားကြီး ကျောင်းသူကြီး များကို တာဝန်ပေးထား၏။

ကိုမောင်မောင်တင်သည် ဝေတို့ မောင်းမြို့နယ်၏ အမှုဆောင် တယောက်လည်းဖြစ်သည်။ အဆောင်ရ နိုင်ငံရေး ပါတီနှင့်လည်း အဆက်အသွယ် ရှိသူလည်းဖြစ်၏။ ကြေးရတတ် တယောက်လည်းဖြစ်၏။ ထိုသူသည် ကျောင်းသို့ရောက်စ မေးသင်းလည်လည် မှုန်မှုန်ကလေး 'ဝေ'ဝေ အလွင်လွင်ကို အသားအယားပင် ရင်ခွင်တွင်းသို့ ဝှေ့ယူနိုင်စွမ်းပင်တည်း။

ကိုမောင်မောင်တင်သည် ဝေ့အား ကျောင်းဝင်ကြေး၊ အဆောင်ကြေး၊ အသင်းကြေး စသည်တို့ကို ပေးသွင်းရန်အတွက် လမ်းညွှန်ကူညီပေး၏။ ဘယ်အခန်း ဘယ်အဆောင် ဘယ်နေရာမှာ ရှိသည်ကိုလည်း လိုက်ပြပေး၏။ ဥပစာအပိုင်း(က ) အတန်း အချိန်ဇယားများကို ကူးပေး၏။ ပေး၏။ ပေး၏။ ပေး၏။ ထို့နောက် အဆောင်ကို အလည်ရောက်လာသည်။ ထို့နောက် ညီမလေးဝေ မရောက်မပေါက်ဖူးသေးသော တက္ကသိုလ် ဝန်းကျင်ကို လမ်းလျှောက်ရင်း အမျှင်းမပြ လိုက်ပြ၏၊ အစမှာ ဝေနှင့် မိန်းကလေးမော်ကိုပါ ခေါ်၏။ နောက်တော့ ဝေ တယောက်ထဲကိုသာ ခေါ် ၏။

တွန့်သောဆံမွေး၊ စူးသောမျက်လုံး၊ ဖြောင့်သောနှာတံ၊ ပါးသောနှုတ်ခမ်း၊ ဖြူသောအသား၊ မြင့်သောအရပ်၊ ခိုင်သောကိုယ်လုံးတို့ကို ပိုင်ဆိုင်ထားသော ကိုမောင်မောင်တင်ကို အဘယ်ဝေသည် မတွဲချင်ဘဲ ရှိအံ့နည်း။

ကျောင်းသူကြီးတချို့ကတော့ အဆိုပေးသည်။ ကိုမောင်မောင်တင်ဟာ အခွင့်ရေးသမားတဲ့၊ မျက်နှာများသူတဲ့၊ နောက်ပြီး ဆိုရှယ်ဒီမိုကရက်ပါတီထဲက ဒီမိုကရက်တစ် ဆိုရှယ်လစ်ဆိုသား စတော့ နားမလည်။ သူ့ကို သတိပေး ကြချိန်မှာတော့ ကိုမောင်မောင်တင်ကို ဝေ လန့်မိ၏။ သို့သော် ခဏလေးဘဲ လန့်မိ၏။ ကိုမောင်မောင်တင်နှင့် တွေ့သောအခါတွင်မူ သူနှင့်ပတ်သက်သော သတင်းဆိုးများအားလုံး စကြဝဠာတံတိုင်းသို့ လွင့်စင်ကုန်ပြီး သူ့စကား၊ သူ့ဟာသ၊ သူ့အလှုပ်အရှား၊ သူ့အယူအဆများ၌သာ ရာနှုန်းပြည့်စွဲလျက် မိန်းမော နေဖြစ်တော့သည်။

တခါတုန်းက ဝေ ခေါင်းနှံ့ကိုက်သည်ဟု ကိုမောင်မောင်တင်ကို ပြောမိသည်။ ကိုမောင်မောင်တင်သည် ပျာယာခတ်သွား၏။ ဝေ့ကို တက္ကသိုလ်ဆေးရုံ လိုက်ပို့၏။ အက်စပရင် ဆေးပြားသောက်ပြီး စောင်ခြုံနေလျှင် ပျောက်သွားမည်မှန်း သိလျက်နှင့်လည်း သူခေါ် ရာလိုက်မိသည်။ သူကလည်း လူမမာတယောက်ကိုပြုစုသလိုပင် ယုယတွဲခေါ်နေတော့၏။ သည်အဖြစ်ကိုလည်း ကြည်နူးဖွယ်ရေး ဖြစ်သည်က နည်းနည်းကို ပိုလို့ပင် ဟန်လုပ်ပြ လိုက်မိသေးသည်။

"ဝေရယ် အစားများ မှားလို့လား။ ဝေ အားနည်း၊ နေတယ်ထင်တယ်၊ အားဆေးတိုးပေါ့လားဟင်၊ ညကျရင် သောက်ဖို့ကော်ဖီ ဓာတ်ဘူးနဲ့ထည့်ပြီး ဝယ်ပို့ပေးထားမယ်နော်၊ အနွေးထည်လည်း ဝတ်ထားအုံး၊ မတော်တဆ ဖျားနေမှဖြင့်"

သည့်အချိန်အထိ မောင်မောင်တင်သည် ဇေ့ကို ချစ်ရေးမဆိုသေး၊ အဝိုင်းရှည်တုပ်နေခြင်း ဖြစ်သည်။

မိန်းခလေးဆိုသည့်မှာအယုအယကြိုက်၏။ နိုးရိမ်ပြုရ၏။ တခါတရံမှု လျှစ်လျူရှုထားရ၏။ မိမိကို အထင်ကြီးအောင် မသိမသာကြွားရ၏။

"ကိုယ့်ကိုဧဇေက မိတ်ပွဲလို့တဲ့ဂျော၊ အဆောင်မှာနေရင် အပေါင်းအသင်း ခုံတယ်တဲ့၊ နိုင်ငံရေးသမား ဖြစ်သွားမှာလဲ စိုးတယ်တဲ့၊ အဲဒီတော့ ဝင်ဒါမီယာသဲက ဦးလေးတို့ဆီမှာ ပြောင်းနေပါလားတဲ့၊ ကိုယ်တော့ အဲဒီဦးလေးဆီ သွားမနေချင်ဘူး၊ ဦးလေးက သိပ်စည်းကမ်းကြီးတာ၊ ညရှစ်နာရီကျော်ရင် သူ့ဝင်းကို သော့ခတ်လိုက်ပြီး အဝင်အထွက် မလုပ်ရတော့ဘူး၊ ကိုယ်ကအဲသလိုမှ မနေချင်ဘူး၊ အဆောင်မှာ နေတော့ တိုးတက်တယ်၊ လူတွေအကြောင်း သိရတယ်၊ ပြီးတော့ အသင်းအပင်းကိစ္စတွေလဲ အချိန်ပြည့် လုပ်နိုင်တာပေါ့၊ ဟုတ်ဘူးလား"

ဇေဖြင့် သူ့မိဘဆွေမျိုးများ ချမ်းသာကြောင်း၊ သူသည်လည်း ကျောင်းသားစိတ်ဓာတ် အပြည့်အဝရှိကြောင်း လှည့်ပတ်ကြွားတတ်၏။ သည့်တုန်းက ကြွားသည်ကိုမသိဘဲ အထင်ကြီးခဲ့မိ၏။ ထို့ကြောင့်ဇေသည် မောင်မောင်တင်နှင့် ပတ်သက်၍ စိတ်ကူးတွေယဉ်ခဲ့၏။ သူဘယ်လိုများ ပြောမလဲ။ စာနဲ့ဘဲ ရေးပြောမလား။ စာနဲ့ရေးပြောရင် စဉ်းစားပါရစေဦး၊အကိုက မျက်နှာများတယ်၊ မိန်းခလေးဆိုတော့ ကြောက်တယ်ရှင့်။ အကိုကပြစ်သွားရင် ဒီကရင်ကွဲမှာ။ မချစ်ရဲပါဘူး ဇေသည်ဖြင့် စာပြန်မည်။

သူက ကတိတွေ အကြိမ်ကြိမ် ပေးလိမ့်မည်။ ဇေတယောက်ထဲကိုဘဲ ချစ်ပါမယ်။ အရင်က ချစ်သူတွေဆိုတာ အလကား၊ ရင်ထဲက ချစ်သည်မှာ ဇေတယောက်ထဲ၊ ယုံပါတော့ ဇေရယ် ဇေသည် ဇေသည်။ အဲဒီအခါကျတော့မှ အကို့ကို စာမေးပွဲပြီးတဲ့အထိ စောင့်ကြည့်မယ်၊ ဒီအတွင်းမှာ ဘယ်သူနဲ့မှ မတွဲရဘူး။ ဘယ်မိန်းခလေးနဲ့မှလဲ စကားစကောင် မပြောရဘူး။ ဆေးလိပ်လဲ မသောက်ရဘူး။ နိုင်ငံရေးသမားတွေနဲ့ မပေါင်းရဘူး။ ဇေနဲ့မှတပါး လျှောက်မလည်ရဘူး။ တယောက်ထဲ ရုပ်ရှင် သွားမကြည့်ရဘူး။ ဘာဘူး ညာဘူး။

နေ့တိုင်း ကျောင်းလိုက်ပို့ရမယ်။ အတန်းဆင်းရင် လာကြိုရမယ်။ တပတ်မှာ တခါဘဲ အဆောင်ကို အလည်လာရမယ်။ စာကျက်ရမယ်။ အမှတ်ကောင်းကောင်းနဲ့ စာမေးပွဲအောင်ရမယ်။ အရေးအကြောင်းရှိလို့ အကို့အဆောင်ကို အခေါ် လွှတ်ရင် ချက်ချင်းလိုက်လာရမယ်။ အဲဒီအချိန်မျိုးမှာ အဆောင်မှာမရှိရင် အသိ။အခါအားလျော်စွာ ဇေ ထုတ်ပြန်တဲ့ ညွှန်ကြားချက်တွေကို တသဝေမတိမ်း လိုက်နာရမယ်။ ဘာမယ် ညာမယ်။ အဲလိုမှ ချစ်မယ်။ သည်လို သည်လို စိတ်ကူးတွေ ယဉ်ခဲ့သော်လည်း။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၇)

**အင်းယားကန်မှာ**

**မှန်ကလေးတချပ်**

**ချွတ်ကနဲကွဲ**

မောင်မောင်တင်သည် ဇေ့ကို စိုက်ကြည့်နေ၏။ ထိုအကြည့်ကို ဆေးမခံနိုင်။ သူ့အကြည့်တွင် အင်အား မြှောက်မြားဖွားပါ၏။ ဇေသည် မျက်လွှာချလိုက်၏။ ခေါင်းကိုလည်း မသိမသာ ငုံ့ထား၏။

မောင်မောင်တင်သည် အောင်မြင်သောအပြုံးကို ပြုံး၏။ ကောင်မလေးတယောက် မိသွားပြီ။ ဇေ့ လက်နှစ်ဖက်ကို ဆတ်ကနဲဆွဲကိုင်ပြီး ထိုလက်နှစ်ဖက်ကို ဇေ ကျောဘက်သို့ ရောက်အောင်ပို့ရင်းနှင့် ဇေ့ကို

ခါးမှသိမ်း၍ ဖက်လိုက်၏။ ကျစ်ကျစ်ပါအောင် ဖက်ထား၏။ ဝေ၏ လက်သည်လည်း ဇော့ကျောဘက်၌ ချိတ်ကိုင်ဆုပ်ညှစ်ခြင်း မပြုရ၍ ရေရွန်းနိုင်။ ရှုံ့ရှုံ့လည်း သတိမရ။ မောင်မောင်တင်၏ သန်မာသော လက်ရုံးများကြား၌ ဝေ၏ ခါးသိမ်ကလေးသည် မလှုပ်မယှက်နိုင် ရှိ၏။ ထိုခါးကလေးကို မောင်မောင်တင်သည် သူ့ကိုယ်နှင့် ပိုး၍ ပူးကပ်စေရန် ဆွဲယူထား၏။ ထိုအချိန်တွင် ဝေ ဦးခေါင်းသည် မော့လျက်သား ဖြစ်နေပြီတည်း။

မောင်မောင်တင်သည် ပါးကိုမနမ်း၊ နှုတ်ခမ်းကိုမနမ်း၊ လည်တိုင်ကိုမှ နမ်းရှုပ်၏။ လည်တိုင် ဆိုရာ၌လည်း မေးရိုးနှင့် လည်တိုင်အကြား အသားနု ကလေးကိုဖြစ်၏။ ဝေသမ ဖွဖွကလေး နမ်းရှုပ်၏ နောက်တဖြည်းဖြည်း ကြမ်းလာ၏။ နောက်ဆုံး လေမဝင်နိုင်အောင်ပင် ငုံ၍နမ်းနေတော့သည်။

ဝေသည် လောကကြီးကိုမေ့မေ့တော့ မိတော့ရှာ၏။ မောင်မောင်တင်၏ လက်ထဲ၌ ငြိမ်နေသော သူ့လက်ချောင်း ကလေးများသည် လျော့ကျသွား၏။ ထိုအခါကျမှ မောင်မောင်တင်သည် ဝေ့လက်ကလေးများကို လွှတ်လေ၏။ ခါးကိုမူ ပို၍တင်းကြပ်စွာ ဖက်ထား၏။ လည်တိုင်မှသည် နှုတ်ခမ်းဆီသို့ အနမ်းကူးလိုက်သည်။ နှုတ်ခမ်းချင်း ထိသားရုံတွင်မက ဝေ့ နှုတ်ခမ်းသား နုနုကလေးကို လျှာဖြင့်ထိ၏။ ကလိ၏။ ဝေ့လက်များသည် မောင်မောင်တင့် ကျောကို အလိုလို သိုင်းဖက်မိပြီးသား ဖြစ်သွားတော့သည်။ တမော့တမောကြီး နမ်းပြီးသောအခါမှ မောင်မောင်တင်သည် ဝေ့နား နားကိုကပ်၍ တိုးညှင်းစွာ ညည်းရှင်းပြော၏။

"ဝေ့ကို ကိုယ်သိပ်ချစ်မိပြီ"

"အို အကိုရယ်"

ဝေ၏အသံသည် မောလျှမ်းမှိန်နယ်လျက်ရှိ၏။

မောင်မောင်တင်သည် ဝေ့ကိုအနည်းငယ် ဖြေလျှော့လေ၏။ သို့သော် ဝေသည် မောင်မောင်တင်၏ ရင်ခွင်ထဲက ရုန်းမထွက်။ တိုးလို့ပင် ဝပ်ဖက်လိုက်၏။ မောင်မောင်တင် တိုးတိုးကလေးမေးရင်း

"ကိုယ့်ကို ချစ်တယ်လား"

"သိပ်ချစ်တယ်ကွယ်"

ဝေ နှစ်ရှည်ပြန်ကြားရေး စီမံကိန်းသည် စက္ကန့်ပိုင်းအတွင်း အကောင်အထည် ပေါ်ဖြစ်သွားသည်။

'ချစ်ပါတယ်' မှမဟုတ် 'သိပ်ချစ်တယ်ကွယ်'ဟုပြောဖြစ်သွားသည်။

သည့်နေ့အစအဆောင်က ထွက်လာစကတည်းက သူ့မျက်နှာတွင် တစုံတရာသော ထူးခြားမှုကိုတွေ့မိသား။ ဒါပေမယ့် သည်လို ဖြစ်လာလိမ့်မည်မထင်။ အလွန်ဆုံး ချစ်ရေးဆိုလိမ့်မည်သာ ထင်မှဲ၏။ သို့သော် သူသည် လမ်းတလျှောက်လုံး ခါတိုင်းလိုပင် ပျော်စရာများ ပြော၏။ ဝေ့ကို နောက်ပြောင်၏။ ဤ အင်းယားကန်စောင်းဘက် ရောက်မှန်းမသိ ရောက်လာ၏။ ကန်စပ် သစ်ပင်ကွယ်၌ ထိုင်မှန်းမသိ ထိုင်ဖြစ်၏။ စကားသာဆိုင်ပြီး သူသည် ကန်ရေပြင်ကိုငေး၍ တွေးနေသည်။ သည့်အချိန်မှာ ဝေ့ရင်ထဲ၌ တထိတ်ထိတ် ဖြစ်မိ၏။ သူချစ်ရေးဆိုတော့မည်။ ဘယ်လိုများ ပြောမှာပါလိမ့်။ သို့သော် သူသည် ဘာမှမပြော။ ထိုင်ရာမှ ထလိုက်သည်။ ဝေ မော့ကြည့်သောအခါ ပြုံး၍

"ပြန်စို့"ဟု ဆိုသည်။

ဝေလည်း ဘာကြောင့်ရယ်မှန်းမသိ မတ်တတ်ထမိသည်။ သည်တော့ သူနှင့် မျက်နှာချင်းဆိုင် သူက စိုက်လို့ကြည့်သည်။ ဝေ ပြန်မကြည့်ရဲပါ။ ခေါင်းငုံ့လိုက်ရ၏။ သည့်နောက် ဝေ့လက်ကို ဆတ်ကနဲ လာဆုပ်သည်။

ပြီးသော လည်တိုင်ခပ်မှာ ဖျားတုတ်သလို။ ခဲ မလှုပ်ရဲပါ။ သတိရသာချက် မရသာချက် နှုတ်ခမ်းသားသည် ယားနေ၏။

ခွေ့လက်ထဲမှ ဖောင်တိန်သည်စားပွဲပေါ် သို့လွှတ်ကျသွား၏။ လက်နှစ်ဖက်လုံးလည်း ချွေးစေးများပြန်နေ၏။ သည်အချိန်တွင် မည်သည့်အရာကိုမျှ ဆုပ်ကိုင်ထားနိုင် လိမ့်မည်မထင် လွှတ်ကျမည်သာ။ လေ့ရင်ခုန်နေသည်။

နှုတ်ခမ်းသည် နာကျင်နေသလိုထင်ရ၏။ မနေ့ကပင် ဖောင်ဖောင်တင် နမ်းသွားသကဲ့သို့။ သို့သော် လေးနှစ်မျှ ကြာခဲ့ပြီ။ ကိုယ့်ကိုယ်ကို ရင့်ကျက်လှပြီ ထင်နေတာ တကယ်တော့ မရင့်သေးပါလား။ သူ့ကို မုန်းလိုက် မေ့လိုက်နိုင်ပြီ ထင်ခဲ့သည်။ မုန်းလိုက်နိုင်ပေမယ့် မမေ့နိုင်သေးပါလား။ အမှန်တော့ မေ့ထားတာ ကြာလှပြီတဲ့။ ခုပြန်သတိရမိတာက ကိုလှညိုကြောင့်ပေါ့။ သူ့အကြည့်ကြောင့်ပေါ့။ သူ့ကြောင့်ပေါ့။ အို ယောကျ်ားဆိုတာ ကစားစရာ အရုပ်ကလေးလောက်ဘဲ သဘောထားတာ ကောင်းပါတယ်။ သူ့ထက် အတွေ့အကြုံရင့်သော မေတို့က သင်ကြားခဲ့သည် မဟုတ်လား။ 'ယောကျ်ားတွေကို အရုပ်လိုသဘောထား၊ ရှားလိုမိုင်း၊ မျှစ်နဲ့' တဲ့။

ဘယ်အချိန်က ပါစောက္ခ ထွက်သွားသည် မသိလိုက်။ သူ့မှတ်စုစာအုပ်တွင် ထောင့်ခြစ် ခြောက်ခြစ် ခြစ်ထားသော အရာများသာ တွေ့ရ၏။

“တခုခု သွားစားကြရအောင် မေ”

အခန်းဖော်က ခေါ် မှပင် သတိဝင်လာ၏။

* * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * *

(၈)

“သတ္တု ၄၊ ပရိုတင်း ၁၃၊ ဖက် ၁၃ ကျ၊ အားရှိတယ် ”

ကျော့မိန်သည် ဤသို့အော်လျက် ရေနွေးရော၍ ဖေါက်ပြီးသားဘဲဥကို ကျိုက်နေသော ဆီမွှယ် မွှေကလေးမြည်အောင် သည့်လိုက်၏။

ကျော့မိန်နှင့် အောင်လတ်တို့သည် ကမာရွတ် စပယ်ခြံအရပ်ထဲတွင် အိမ်ခန်းကလေး တခန်းငှားနေ၏။ ယခင်က လှည်းတန်းထိပ်ရှိ မဆေးကျောင်း ထမင်းဆိုင်တွင် ထမင်းလခ ပေးစား၏။ ထိုအခါက တေသန်း၊ အောင်ဝင်း၊ ရွှေရွှေအစရှိသော သူငယ်ချင်းများသည် သူတို့ စားရသောင်မှာပင် သူတို့ကိုယ်စား လက်မှတ်ထိုး၍ စားသွားလေ့ ရှိကြသဖြင့် ငယ်စားရသော အနုပ်ပေါင်းမှာ မရေတွက်နိုင်။ ထို့အပြင် လူလွတ်များ ဖြစ်ကြသဖြင့် ဆာသောအချိန် ကြုံရာနေရာတွင် ဝင်တုပ်လေ့ရှိကြသောကြောင့် လခပေးစားခြင်းမှာ အရှုံးထွက်လာ၏။ ထို့ကြောင့် ကျော့မိန်က ချက်စားကြရန် အကြံပြု၏။ အောင်လတ်က ထောက်ခံ၏။ သို့ဖြင့် နှစ်ယောက်သား ဖြစ်သလိုချက်ပြုတ် စားကြတော့သည်။ သူတို့ချက်တတ်သော ဟင်းများမှာ ဘဲဥကြော်၊ ကစွန်းရွက်ကြော်၊ ဟင်းနုနွယ်ရွက်ကြော်၊ ပဲဟင်း၊ ငါးခြောက်ဖုတ် စသည်တို့ဖြစ်၏။ တပတ်လျှင် နှစ်ကြိမ် အသားဟင်း ဆိုင်မှဝယ်စား၏။

ကျော့မိန်သည် ဘဲဥကြော်သည့်အခါတိုင်း သတ္တု ၄ ၊ ပရိုတင်း ၁၃ ၊ ဖက်(အဆီဓာတ် ) ၁၃ ဟု အော်လေ့ရှိသကဲ့သို့ ဟင်းနုနွယ် ကြော်သောအခါတွင်လည်း

“အရိုးကိုခိုင်စေသည်။ လိပ်ပေါင်းနိုင်သည်။ ဆီးချွင်စေသည်။ မီးယပ်မိန် မီးယပ်ခြောက်၊ ဒူလာ၊ ပါဒရက်၊ သည်းခြေမြောက်ခြင်းကို ပျောက်စေသည်။ နို့ထွက်စေသည်။ ရာသီမှန်စေသည်။ သားအိမ် အားရှိစေသည်။ ရာသာတော့ ကျမ်းအလို စားပေရော့သော့” ဟု အော်တတ်၏။

သို့ရာတွင် သူဖျင်းသောကြောင့်ပင်၊ အောင်လသင် မျက်တောင်မျက်တောင် ရှက်သည်ကို အားရှင် လျှင်သော်ရင်း

"ဒီနေ့တော့ အသားစားတဲ့ကလေး လိုတယ်ကွ၊ အသားစားမှုလည်း သန့်ရှင်းလပ်မှာ၊ ပြီးတော့ အာသုရွှေ..."

"လျှာရှည်မနေနဲ့ကွာ၊ ငါ ဟင်းသွားသယ်ပါမယ်"

အောင်လသင်သည် သူငယ်ချင်းအကြောင်း သိထားသူဖြစ်၏။ ယနေ့လည်း ကျော်စိန်သည် ထုံးစံအတိုင်း ဘဲဥကြော်ကို မှန်းနေ၏။

"အောင်လသင် ဘဲဥကြော်ဆိုး ကြည့်ထားလိုက်စမ်းပါ၊ ငါရေချိုးလိုက်ဦးမယ်"

အောင်လသင်သည် ရေချိုးပြီးဖြစ်၍ မျက်နှာသုတ်ပုဝါနှင့် ကိုယ်ကိုတိုက်ရင်းက

"အေး အေး "

အောင်လသင် ခယ်ဆိုးနားရောက်လာသည်။ ခယ်ဆိုးသည် အနည်းငယ်ဆောင်းနေ၏။ လက်နှီးမပါဘဲ ကိုင်၍ တည့်လိုက်ရာ လက်ပူသွား၏။ နားရွက်များကို ကိုင်လိုက်၏။ နံနက်က တွေ့ခဲ့ရသော မိန်းကလေးကို ဖျပ်ကနဲ အမှတ်ရမိသည်။

"ပူသွားပြီမဟုတ်လား၊ ကောင်းတယ်၊ ငါကြောင့် ဆောင့်ကိုပြောတာ၊ အေးအေးနေပါဆိုတာ မရဘူး၊ ဖယ်"

"အိုကွာ၊ကိုယ့်မိန်းမကိုယ် ကျညီတာဘဲ၊ရှုံ့မကလို့ လူကို မီးတောင်တောင်"

ဒီနံနက်ကမှတွေ့ရသည်။ အမျိုးအမည်လည်း မသိသေး၊ သူ့စိတ်ကူးထဲတွင် အိမ်ထောင်ကျမစ်လိုက်၏။ စိတ်ကူးဘဲလေ ထောင်ကျနိုင်တာမှတ်လို့။

"ဟုတ်ဘူးလား၊ ကိုယ့်ချစ်ချစ် ဝင်ဝန်းမှာစိုးလို့"

"ဟင်း၊ အပိုတွေ "

သူ့ပခုန်းကို လှမ်းဖက်ရင်း

"ချစ်တယ်နော်"

"ချစ်ပါဘူး"

သူက မူသည်။

"တကယ်လား"

"မုန်းတယ်"

"ဟဲ "

"ဖယ်စမ်းပါကွယ်၊ရေပဲမချိုးရသေးဘူး"

"မုန်းတယ်ဆို"

"လွှန်ပြီကွယ်"

"ချစ်မှ ချစ်"

"ဆောင်တဲ့ယောက်ျားလေး အရူးလိုဘဲ"

"ရူးလောက်အောင် ချစ်တာ ရေ့"

ကျော်စိန်သည် ရေချိုးရာမှ ထွားနံ့ရသဖြင့် အမြန်ပြေးလာခဲ့သည်။ အောင်လသင် ခယ်ဆိုးကို စိုက်ကြည့် နေသည်။ ကျော်စိန် ဆိုးကို မီးဖိုပေါ် မှချလိုက်၏။

"ဟေ့ကောင် ဘာကြောင့်တာလဲ"

အောင်လသင်က အရှက်ပြေ ပြန်ပြော၏။

"မင်းက ကြည့်ထားဆိုလို့ ကြည့်ထားတာလေကွာ"

"နှမ ရှုးသလို ပေါသလို လုပ်မနေနဲ့၊ ငါလဲ ထပ်မချောက်နိုင်တော့ဘူး၊ အဲဒီတော့ အာယုဗွေဒကျမ်း အလိုအရ"

"အေးပေါ့ကွာ၊ ငါ ဝက်ခေါင်းသုပ် သွားဝယ်ပါမယ်၊ အဲဒီတော့ အသားစားတော်ကလေးပေါ့"

* * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * *

(၉ )

အစုစာရေးကြီးကတည်းက အောင်လတ်စိတ်သည် ယောက်ယက်ခတ်ခဲ့ရ၏။ အစုစာအရ အဖေတို့ အလုပ်အကိုင် သိပ်မကောင်း။ ယခုလကစပြီး ကျောင်းစရိတ် လျှော့ပို့မည်။ ဖြစ်သလို ချွေချွေတာတာ သုံးစေဖြင့် ဖြစ်သည်။ ကျော်စိန်နှင့် တိုင်ပင်ကြည့်သောအခါ ကျော်စိန်က ညကျောင်းတခုခုမှာ စာသွားပြပို့၊ အလွတ်ပညာသင် ဆရာ ဝင်လုပ်ဖို့ ပြောသည်။ သို့သော် ဘယ်ကျောင်းက ဘယ်သူက သူ့ကိုခန့်မည်နည်း။ ကျောင်းထွက်၍ အလုပ်ဝင်လုပ်ပြီး သက်ကြီးတက္ကသိုလ် တက်မည် စိတ်ကူး၏။ အစိုးရအလုပ်ကို အဘယ်မှာ လွယ်လွယ် ရမည်နည်း။ ဝါသနာပါသော စာပေအလုပ် လုပ်ရန်အတွက် နည်းလမ်း ရှာကြည့်ပြန်သည်။ သတင်းစာတိုက် တတိုက်တိုက်တွင် ညဘက် စာပြင်ရေး ဝင်လုပ်ရင် ကောင်းမလား။ သို့သော် သူကျွမ်းဝင်ရင်းနှီးသော သတင်းစာတိုက် မရှိ။ အာဏာရနိုင်ငံရေးပါတီနှင့် ဆက်သွယ်၍ သူတို့ခိုင်းသမျှ လုပ်လျှင်တော့ အစေ အဆင်ပြေမည်။ သို့သော် မယုံကြည်နှင့် ဆိုလျှင် ဘာမှမလုပ်ချင်။ ကိုယ်ကျိုးစွန့်သူများပင် ရှိလေရာ မိမိက ကိုယ်ကျိုးအတွက် မယုံကြည်သည့်အလုပ်ကို လုပ်မည်လား။

ပညာတပိုင်းတစနှင့်တော့ ကျောင်းမထွက်ချင်။ အဖေက အိမ်ဆိုင်ဖွင့်ပြီး အမေက လခ သုံးရာကျော် လေးရာနီးပါးသာ ရရှိသော အစိုးရအမှုထမ်းဖြစ်သည့် မိဘနှစ်ပါးကိုလည်း ဒုက္ခ တာဝန်ဆက်မပေးလို။ မိမိအောက် ညီ ညီမများ တက္ကသိုလ် ပညာသင်နိုင်ရေးလည်း ရှိသေးသည်။ သည်တော့ ကိုယ့်အားကိုယ်ကိုး အတွေးပေါ် အတွေ့အရ နာသော တနည်းနည်းနှင့် ရှင်းရပေတော့မည်။

သူ့တွင် ကိုယ်ပိုင်ဆို၍ ဝါသနာတကြီးနှင့် ဝယ်ယူစုဆောင်းခဲ့သော စာအုပ်များသာရှိ၏။ စာအုပ်များကို ရင်ဖော်ရှာ ကြည့်ရင်းက အကြံတခုရ၏။ သည်စာအုပ်များကိုတည်၍ စာအုပ်ဆိုင်ငယ်လေးတဆိုင် ဖွင့်မည်။ အမြဲတမ်း စာအုပ်ဝယ်နေကျ ကမာရွတ် လှည်းတန်းဆိပ် အလီမှာအလေး ကိုဖိန်လှိုင်ကြီးဆီမှာ အကူအညီ တောင်းမည်။ ဟုတ်ပြီ။

သို့နှင့် သူတို့၏ကိုယ်ပေါ် တွင်ရှိသော ပြောင်ပြောင်လက်လက် ကလေးများ အားလုံးကိုစု၍ ကမာရွတ်ဆိပ်က အလျှန်၏ အပေါင်ဆိုင်သို့ ပို့လိုက်လေသည်။ ကျော်စိန်ကလည်း သူ့ရှိသမျှ ရွှေ ငွေ စကလေးများကို ရက်ရောစွာ ထည့်ဝင်၏။

သူငယ်ချင်းများကလည်း တတ်နိုင်သရွေ့ ကူညီကြသည်။ အပေါင်းအသင်း သူငယ်ချင်း စိတ်ဓာတ်သည် သူတို့ကြား၌ ခိုင်မြဲစွာရှိ၏။ တယောက်ဒုက္ခကို အခြားတယောက်က ဝေမျှခံစားနိုင်စွမ်းရှိ၏။ တက္ကသိုလ်ဆိုသည်မှာ တက်ကြွသောလူငယ်များ၊ အနှောင်အဖွဲ့ကင်းသော လူငယ်များ စုစည်းညီညွတ်ရာ အရပ်မဟုတ်ပါလား။

အလျှန်၏အပေါင်ဆိုင်မှ ပြန်ရောက်သောအခါ အောင်လတ်တို့၏ အိမ်ခန်းကလေးသို့ ဖေသန်းအောင်ဝင်းနှင့် ရွှေသွေးတို့ ရောက်နေကြ၏။

"ကိုယ်တော်ချောတို့ ပျောက်ချင်းရေ ပျောက်တော်မူနေကြလို့ သေကုန်ပလားဆိုပြီး လိုက်လာတာ၊ သေနေရင်လဲ မဲပိုင်းထောင် အကောက် ကောက်မလို့"

ဖေသန်းသည် ဤသို့လျှင် စကားဦးကြိုပြုလေ၏။

အောင်လတ်က ရယ်လိုက်ရင်း ပြန်ခွပ်၏။

"မင်းနှမတိုးပြောလို့ စီစဉ်နေတာပေါ့"

ကျောင်းကြီးဆွေ ရွှေသွေးသည် တခေါင်မှ ထထောင်၏။

"မင်းဖောက်ကျသွားပြီ အောင်လတ်ရေ၊ သူ့နှမ မိစွေး ငါနဲ့လိုက်ပြေး ဖေသနာခံခါစင်"

"တော်ကြစမ်းပါကွာ ကိုယ်ချင်းတို့ ဘယ်လောက်နေကြတာလဲ"

အောင်ဝင်းက စကားလမ်းကြောင်း ပြောင်းလေသည်။

"ငါတို့ဖွဲ့ညီးလေးတွေ တို့လက်ထဲထားရင် ပျောက်ကုန်မှာစိုးလို့ ကျော့်စိန့် ဘကြီးဆီမှာ သွားအပ်နေကြတာကွ"

"ဟုတ်လား ကျော့်စိန့်ဘကြီး ရှိကုန်မှာရှိတယ်လို့ မကြားမိပါဘူး"

"ဟမော့ရွက်ဆိပ်က အလျှော်လေးကွာ သူ့ဘကြီး"

"ဟုတ်လား၊ အဲဒါ တို့အားလုံးရဲ့ ဘကြီးပဲ ကောင်းမှာပါတယ်ကွာ၊ ငွေလေးကြေးလေး လိုရင် သူ့ဆီသွားတောင်း အမြဲနီးစွေး ပေးတာပဲကွ၊ အေး နာရီလေးအစ လက်စွပ်လေးအစတော့ ထားခဲ့ရသပေါ့၊ ခါကလဲ နဲနဲကြာသွားရင် ပြန်မရွေးကလဲ့လို့ ပျောက်ဆုံးမသွားပါဘူး၊ အပေါင်ဆုံးဆိုင်မှာ ပြန်မှာ တွေ့တာပဲ"

ဖေသန်း၏ လေသံ။

"နေပါဦး မင်းတို့ တော်တော် အိုင်ကျနေကြပြီလား"

အောင်လတ်၏မျက်နှာသည် အလေးအနက် ဖြစ်လာ၏။ သူ့အခက်အခဲကို သူငယ်ချင်းများအား ပြောပြ၏။ ထိုအခါ အားလုံး၏ ပြောင်းစပ်စပ် မျက်နှာများသည် တည်ငြိမ် လေးနက်လာကြပြီး တတ်နိုင်သော အကြံဉာဏ် အကူအညီများ ပေးကြ၏။

"ဒို့ရှိတဲ့ စာအုပ်တွေ အကုန်ယူကွာ၊ အပေါင်းဆွေနဲ့ ချောင်းချင်ချောင်း၊ ဒါမှမဟုတ် ရောင်းလိုက်နဲ့ ငွားလား"

"ငွေအပ်လိုသေးရင် ငါ့အဲ့ကြီး အရည်ကြိုလိုက်ကွာ၊ ကျောင်းပိတ်ပြန်ခါနီး ဆေးပြန်ရင် တော်ပြီ၊ ကျောင်းပြန်ဖွင့်ရင် ပြန်ပေါင်ပေါ့ကွ၊ အိမ်ပြန်ရင်တော့ ဒါလေးပါသွားမှ၊ နို့မို့ဆိုရင် အမေတို့ အဖေတို့က ငါ ဝဲရိုက်ပစ်တယ် ထင်နေမှာ"

"ငါကတော့ ပေးစရာ ဘာမှမရှိဘူးကွ၊ လူကိုယ်တိုင်ပဲ ကူနိုင်မယ်၊ မင်းတို့ အပြင်သွားရင် ငါဆိုင်စောင့် ပေးမယ်ကွာ၊ စာအုပ်ထမ်းဆို ထမ်းမယ်ကွာ၊ အဲ ပေါင်လို့ရမယ်ဆိုရင်တော့ ငါ ချောင်တလုံး ဆုံးချင် ဆုံးပစေ၊ ချောင်ထုံး ပေါင်လိုက်မယ်"

ရွှေသွေးကလည်း သူတတ်နိုင်သမျှ အကူအညီပေး၏။

"စိုးမင်းတို့ ခင်မော်တို့ ရွှေဝင်းတို့ကိုလည်း ပြောပြဖုံးမယ်ကွာ၊ ဒီကောင်တွေသိရင်လဲ နေမှာမဟုတ်ပါဘူး"

ဤရဲဘော်ရဲဘက် သူငယ်ချင်းများ၏ စကားများကို ကြားရသောအခါ အောင်လတ်သည် မျက်ရည်ရှိသည်အထိ ဝမ်းသာရှာ၏။ သူငယ်ချင်းဆိုသည်မှာ ဒါပါလား၊ မိတ်ဆွေရင်း ဆိုသည်မှာ ဒါပါလား။ အခက်အခဲဖြစ်ချိန်၌ ကူညီသူ၊ ဒုက္ခကို မျှဝေယူသူ၊ စိတ်ဓာတ်မကျအောင် အားပေးသူ သည်လိုလူမျိုးတွေသာလျှင် အပေါင်းအသင်း မိတ်ဆွေ၊ သူငယ်ချင်း။

သို့နှင့် သူတို့၏ စာအုပ်ဆိုင်လေးသည် မခမ်းနားလှသော်လည်း သူတို့အခန်းရှေ့တွင် သပ်သပ်ရပ်ရပ် ဖြစ်ပေါ် လာ၏။ သည်ဆိုင်လေးဖွင့်ရေးအတွက် နေ့ရောညပါ ကြိုးစားနေကြရသဖြင့် ကျောင်းပျက်ရက် များလာသည်။ စာအုပ်ဆိုင်ကလေး ဖွင့်ဖြစ်သည့်နေ့တွင်ပင် ဖေသန်းရောက်လာ၏။

"ကိုယ့်လူတို့ကို ကထိက ဖေးနေတယ်၊ ကျောင်းပျက်ရက် များလို့တဲ့၊ ဒဲ့ဒါ သွားရှင်းလိုက်ဦး၊ ဆူမလို့ဟုတ်မယ် မထင်ပါဘူး၊ ဘာတွေများ အခက်အခဲ တွေ့နေသလဲမသိဘူးတဲ့၊ လွှတ်လိုက်ပါဦးတဲ့၊ ဟုတ်လဲ ဟုတ်တယ် ဆောင်ရှင်တို့က ကျောင်းဘက်ကို ခြေဦးတောင် မလှည့်တော့ဘူး"

"မင်းကလဲ အပြစ်တင်ချင်ဘဲ၊ အလုပ်တခု လုပ်တယ်ဆိုတာ လွယ်တာမှတ်လို့၊ ဟိုပြေးရ ဒီသွားရ၊ ဟိုလူ့အကောက်ကျစ်ရ၊ ဒီလူ့ချက်နာချိုးသွားရနဲ့၊ စာသင်ခန်း ထဲ နောက်နားက ဝင်ထိုင်ပြီး ငိုက်နေသလို လွယ်တာများ မှတ်သလား"

"အောင်မယ် စာသင်ခန်းထဲမှာ နှုးကိုလက်ထောက်ပြီး စာကျူးနေသလိုလိုနဲ့ ငိုက်ရတာ ဘယ်လောက် ခက်တယ်မှတ်သလဲ၊ ထဲ့ဒါ ကိုယ့်လူတို့ကို အတော့နဲ့ လာပြောတာပါ၊ သွားတွေ့လိုက်ပါဦး၊ အကျိုးအကြောင်း ရှင်းပြလိုက်ရင် ပြီးသွားမှာပါ၊ နို့အဲ့ အကောင်းလဲ လာပြောရသေး၊ ငါလဲ သောက်လိုက်ကြဦးမေး"

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၁၈ )

အောင်လတ်သည် ကထိက၏ ရုံးခန်းထဲမှ ထွက်လိုက်လျှင်ပင် မမျှော်လင့်ဘဲ အလွန်မျှော်လင့်ထားရသော ဒေါ့ကို တွေ့လိုက်ရ၏။ သေသည် သူ့ကို မြင်လျှက်နှင့် မမြင်ဟန် ပြုသွားသည်ဟုပင် ထင်မိ၏။ မိန်းမများ၏ မာယာထဲ၌ မြင်လျှက်နှင့် မမြင်ဟန်ပြုခြင်း တပါးများ ပါလေသလား။ မာယာ၆၀ လင်္ကာသစ်ကြီး ပြန်လုပ်ရဦးမည်။

ယခုအကြိမ် တွေ့ခြင်းသည် တတိယအကြိမ် တွေ့ရခြင်း ဖြစ်၏။ ဒုတိယ အကြိမ်တုန်းကလည်း သည်လိုပင် မမြင်ဟန် ပြုသွားသည်။ မိန်းမများ တယ်လဲတတ်နိုင်၊ သည်တုန်းက ကျော့်စိန်နှင့်သူ ကျောင်းအဆောင်း ယုဒသန် ဘုရားရှိခိုးကျောင်းရှေ့တွင် ဒေါ့ကို တွေ့ရခြင်း ဖြစ်သည်။ ကျော့်စိန်ကို ပြလိုက်၏။

"သူဘဲကွ ဟိုနေ့က ဘတ်စကားဂိတ်မှာ တွေ့လိုက်တာ"

"ဟုတ်လား၊ လိုက်လေကွာ"

အောင်လတ် ယုံကပ်ကပ်လုပ်နေသည်။ ကျော့်စိန်သည် စိတ်မရှည်နိုင်တော့ဘဲ

"လိုက်ရတယ်ကွ ငနာရဲ့၊ မင်းတော့ ဒီပုံအတိုင်းဆို မိမှာ မြင်ယောင်သေးတယ်"

"မင်းပါးစပ်က နတယ်ကွာ တောပိတ်ထား"

ပြောပြီး နောက်ယောင်ခံ လိုက်ကြည့် ဖြစ်ကြသည်။ သေသည် သီရိဆောင်ထဲ ဝင်သွားခဲ့၏။ ကျော့်စိန်က ပြော၏။

"သီရိက နတ်ကြီးတယ်နော၊ သီရိသူတွေ ကြိုက်မိတဲ့ အကောင်မှန်သမျှ မျက်ရည်နဲ့ မျက်ခွက်၊ ဒူးနဲ့မျက်ရည် သုတ်ပြီး ကျွန်ခံကြရတာချည်းဘဲ"

"ဒူးနဲ့မျက်ရည်သုတ်တယ်ဆိုတာ ကျော့်ချုံအကြွေးမိရတဲ့ မိန်းမတွေအတွက် သုံးရတဲ့ စကားကွ ငနာရဲ့"

"အေးလေ အဲဒါပြောတာပေါ့၊ တော်ကြာ ဟိုက မင်းကို ကျော့ချုံကြသွားရင် ဘယ့်နှယ်လုပ်မလဲ"

"တော်စမ်းပါကွာ၊ ဆေါက်တတ်ကရတွေ"

"အော် မင်းကလဲ ကြိုတူးမှ ငပိ ဆိုသလို ရှေးဘာလူသိုင်လ် လူကြီးများက ပြောခဲ့တဲ့ စကား ထားခဲ့တာ မကြားဘူးလား၊ သီရိနဲ့ ဓာလား၊ ရတာနာနဲ့ အင်းယားလား၊ အသပြာနဲ့ တခင်းဆော ကားမရှိရင် အထင်းသွားမကာလီလေးနဲ့၊ နရင်းစော ပါးပါ ရိုးပြီး ဂုဏ်အနဲ့ နုစ်ပါး နစ်မျှာညီရင်း မလွဲမသွေ အသဲတွေ ကွဲကြေလို့ ငနဲတစ္စေမှာ တခဲဂလေ ဖြစ်ကုန်လိမ့်မယ် ဟု တို့ သင်သည် ကဗျာဟီ မှတ်လေလော့"

ထိုစဉ်က ကျော်စိန် ရှုတ်မဲ့၏။ ယခုလည်း တွေ့ရပြန်ပြီ။ ကျော်စိန်ပြောသလို လိုက်ရလျှင် ကောင်းလေမလား။ အိမ်ရှေ့ထိုက်ပါတယ်လေ၊ တော်ကြာ အဆင်ပြေသွားနိုင်မယ်၊ အောင်လတ် စဉ်းစားနေတုန်း အချိန်မှာပင်...

ဝေသည် တရွေ့ရွေ့လှမ်းသွားနေ၏။ ဝေ၌ အဖော်မပါ။ အောင်လတ်သည် လိုက်ရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ်တွင်၌ ဝေ့ခေါင်းမှ ပန်းပွင့်ကလေး ပြုတ်ကျသည်ကို တွေ့လိုက်ရ၏။ အောင်လတ် ကပျာကယာ လိုက်၍ ကောက်၏။ နှင်းဆီနီနီလေး တပွင့်။

"ပန်းကလေး ပြုတ်ကျခဲ့တယ် ခင်ဗျ"

ဝေသည် သူ့ဆံထုံးကိုသူစမ်းရင်း "အော် ဟုတ်ပါရဲ့" ပန်းပွင့်ကလေးကိုလှမ်းယူသည်။

သည်တော့ အကြည့်ချင်း ဆုံမိပြန်သည်။ သူဟုတ်ပါတယ် သူပါ။ ဝေ သည် အောင်လတ်ကို မှတ်မိသွားသည်။ သို့မဟုတ် သိပြီး မှတ်မိပြီး မြင်ပြီးသားဖြစ်ပါလျက် ခုမှ မှတ်မိသယောင် မြင်သယောင် ပြုခြင်းလည်း ဖြစ်နိုင်၏။

"ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်"

"အော်...ဟို မှတ်မိပါတယ်၊ ခုန ဝေဝေးရှာရှာ မကြည့်မိလို့၊ စိတ်မရှိပါနဲ့နော်"

"ဟုတ်ကဲ့ ၊ ကိစ္စမရှိပါဘူး"

"သွားမယ်နော် နောက်တွေ့ရင်လဲ နှုတ်ဆက်ပါ"

"ဟုတ်ကဲ့"

သွားမယ်နော် နောက်တွေ့ရင်လဲ နှုတ်ဆက်ပါဆိုသည်က ကပ်မလိုက်ခဲ့ပါနဲ့ ဆိုသော သဘော။ ရှာမဲ့သည့် သဘော။ လျှင်လိုက်တဲ့ မိန်းကလေး။ သို့သော် အောင်လတ် ပျော်ပါသည်။ အိမ်ရောက် ရောက်ချင်း ကျော်စိန့်ကို အားပါးတရ ပြောပြဖြစ်သည်။ အောင်လတ် လေတချွန်ချွန်နှင့် ချမြူးပြီး အိမ်ပေါ် တက်လာသည်။

"ဈေးသူ့ရော့ရဲ့ တွေ့လာသလားဟေ့"

ကျော်စိန်က ရောက်ရောက်ချင်း မေးနေပြန်၏။

"အောင်လတ်နဲ့ ချစ်ချစ်နဲ့ တွေ့လာသဟေ့"

"လှည့်တောင် ကြည့်မသွားဘူး မဟုတ်လား"

"လှည့်ကြည့်ရုံတင် ဘယ်ကမလဲ"

"ပါး ပါ ရိုက်သွားသေးသတယ်လား"

"ဟေ့ကောင် မင်းအပေါက်ကို ဆော်ပိတ်ထားစမ်း"

ဘေးနားတွင် ရှိသောသော ဆေးပေါ့လိပ်ကို ကောက်၍ ကျော်စိန့်ကို ပေါက်ရင်း

"ရော့ ဒါနဲ့ပိတ်ထား၊ ပြီး ဝေဝေးရှာရှာ နားထောင်"

"အင်း ဆက်ပါဦး"

အောင်လတ် တပြုံးပြုံးနှင့် ပြောပြန်ပြ၏။

"ငါ ဒီနေ့ ဆရာ့အခန်းက အထွက် ချစ်ချစ်နဲ့ ဆုံတယ်ကွ၊ သူက ဒီလိုအလာ ငါက ဒီလိုအထွက်"

လက်ဟန်ပြင်ပြသည်။ ကျော်စိန်မဲ့ပြုံးရင်း ခေါင်းညိတ်နေသည်။

"သူကလဲ ငါ့အကြည့်၊ ငါကလဲ သူ့အကြည့် မျက်လုံးချင်းဆုံ ရင်ခုန်"

ကျော်စိန် သည်းခံ၍ နားထောင်နေရသည်။

"သူက ငါ့ရှေ့အရောက် ခြုန်းဆို သူ့ခေါင်းမှာ ပန်ထားတဲ့ ပန်းကလေး ပြုတ်ကျ၊ ငါက လိုက်ကောက်ပြီးပေး၊ ဒီတော့သူက ငါ့ကိုမှတ်မိသွားပြီး နောက်တွေ့ရင်လဲ နှုတ်ဆက်ပါတဲ့၊ ဟဲဟဲ"

"အင်း ဒါနဲ့ ဆက်ပါဦး"

"ဒါဘဲလေကွာ"

ကျော်စိန် ရှုံ့မဲ့သွားပြီး

"မင်းဟာက ဘာမှ မှ မဟုတ်ဘဲကွ၊ နံမယ်မမေးခဲ့ဘူးလား"

"ချက်ချင်းကြီး မေးလို့ ဘယ်ကောင်းပါ့မလဲ"

"ဘာလို့ မကောင်းရမှာလဲ ငေါ့ရဲ့၊ မှတ်ထား နောက်တခါတွေ့ရင် ကျုပ်နံမယ် အောင်လတ်ပေါ့ ပါတယ်၊ ဝိဇ္ဇာအပိုင်း က မှာတက်နေပါတယ်၊ နံမယ်လေးသိပါရစေ၊ အဆောင်ကို အလည်လာမယ်နော်၊ ထမင်းစားပြီးပြီလား၊ နေက ပူလိုက်တာနော်၊ မင်းများကို ကျွန်တော်ချစ်တယ်၊ ဆဲသလိုသာပြောလိုက် ဒါမှ မင်းကို ပါးကောင်းလို့ ဖိနပ်ကောင်းတာလား ဆိုပြီး တီးလိုက်လိမ့်မယ်၊ ဒါမှ ရောဂါပြတ်ရော"

ကျော်စိန်က အမြင်ကတ်ကတ်နှင့် ပြောလိုက်၏။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၁၁)

ထိုညသည် အောင်လတ်သည် အိပ်မက်ကောင်း၊ ယာမက်ကောင်းများ မက်မောရသည့် ညဖြစ်၏။ အောင်လတ်သည် ဆုကို ယူသည်နှင့် မြက်ခင်းပြင်၌ တယောက်တည်း တွေ့ရ၏။ နှင်းများ မှုန်ဝေလျက် ရှိသည်။ မြက်ခင်းစိမ်းသည် နှင်းရည်စွတ်ထားသဖြင့် နှင်းပေါက် နှင်းသီးများဖြင့် အိစိနေသည်။ မြူကမ္ဘာတွင် ပုလဲများ သီထားသည့်သို့။ နှင်းမြူကြားမှ နေဝန်းရောင်သည် ဖျော့တော့လျက်ရှိ၏။ နှင်းပေါက်ကလေးများကို နေခြည် ပက်လိုက်သောအခါ ရွှေရောင်လက်သွား၏။ စိန်ရောင်တောက်သွား၏။ သီရိဆောင်ကြီးသည် ငွေမြားများဖြင့် မြယ်မှုန်းထားသကဲ့သို့ နီဝေသွားနေ၏။ သီရိဆောင်ရှေ့မှ တရုပ်ကောသင်ကြီးသည် တဝင်းဝင်း ထွက်နေအောင် ပွင့်နေ၏။ ကဗ္ဗူရာ နက်ကျော့ကျော့ပေါ်တွင် တရုပ်ကော ပန်းပွင့်ဖြူများ ပြန့်ကျဲနေသည်မှာ ပန်းခင်းထားသော လမ်းကြီးကဲ့သို့ပင်။

ထိုသည့်ထိုတိုက်တွင် အဝါနုရောင် ပိုးချောဝတ်စုံကို ဝတ်ထားလျက် ဟိုမှသည် သည်မှဟို လမ်းသလား လျက်ရှိသည်။ တခါတရံ အပြေးအလွှားကလေး သွား၍ ပန်းပွင့်များကို ကောက်ကောက်၏။ ကောက်၍ရထားသော ပန်းပွင့်များကို ကြဲဖြန့်ပစ်ပြန်၏။ အဝါနုရောင် ပိုးချောဝတ်စုံသည် လေ၌ တဖျတ်ဖျတ် လူးလွန့်လျက်ရှိသည်။ ထိုသည် ကလေးတယောက်လိုပင် ပျော်ရွှင်ရယ်မောနေ၏။

အောင်လတ်သည် ရှေ့အနားရောက်သွား၏။

"တယောက်ထဲလား ဟင်"

"အဖော်မှ မရှိဘဲ"

"ကျုပ်ရှိတယ်လေ"

"သူနော်"

"သူ့နံမယ် မုတ်မသိရသေးဘူး"

"မေးပါလားနော်"

"မေးဆိုတဲ့ နံမယ်လေးက လှသားဘဲ"

"မဟုတ်တာရှင်"

"တရုပ်လူမျိုးမဟုတ်ဘူးလား"

သူရယ်သည်။ ဝန်းပွင့်ကလေးဖြင့် လှမ်းပေါက်သည်။ အောင်လတ်က လက်ကလေးကို ဖမ်းဆုပ်လိုက်၏။

"အို့"

"နံမယ်ပြောလေ"

"ချစ်တဲ့ရှင်"

"ချစ်တဲ့လား"

"ဟုတ်"

"ချစ်လို့ ခေါ် မယ်နော်"

"အားလုံး သည့်လိုဘဲ ခေါ် ကြတယ်"

"ကျနော်ခေါ် တာက ရင်ထဲက"

"ယုံပေါင်"

"ယုံပါ။ နားရွက်ကလေး တစောင်စောင်နဲ့ ယုန်ကလေးပါ"

သူရယ်ပြန်သည်။ လက်သီးဆုပ်ကလေးနှင့် ဖွဖွထု၏။ အောင်လတ်က ထိုလက်သီးဆုပ်ကလေးကို ဆွဲယူရင်း ပြောပြန်၏။

"ချစ်ကို ချစ်တယ်"

"မုန်းကို မုန်းတယ်"

"ရုပ်ရှင်ကားနံမယ်လား"

"ရုပ်ရှင်ကားနံမယ်က ချစ်တော့ချစ်တယ်"

"တကယ်လား"

"အလကား"

အောင်လတ် သူ့ကို ရင်ခွင်တွင်းဆွဲယူ၏။

"လွှတ်ပြီကွယ်"

အောင်လတ်က သူ့ကို အထပ်ထပ်နမ်းမိသည်။ ပြီး ရင်ခွင်တွင်းမှ ဆွဲခွာ၍ သူ့မျက်နှာလေးကို စေ့စေ့ ကြည့်မိပြန်သည်။ ဟော ဘယ်နှယ် ဖြစ်တာပါလိမ့်၊ သူ့ကိုတွေ့ရတော့ဘဲ ကျော့စိန်၏ မျက်နှာကြီးကသာ ပေါ်ပြီးပြီး ပြန်ကြည့်နေ၏။ ကျော့စိန်ကို ထွေးပိုက်လိုက်သောအခါ သူ့မျက်နှာလေး ငိုမဲ့မဲ့ပြန်ပေါ် လာပြီး သူသည် အဝေးသို့ ငိုရင်း ပြေးသွားပြန်သည်။ အောင်လတ် ဆတ်ကနဲ လန့်နိုးသွားသည်။ ကျော့စိန့်ဟောက်သံ ကြားရ၏။ မိုးရွာသံ တဖျောက်ဖျောက်လည်း ကြားနေရသည်။ ချမ်းစိမ့်စိမ့်ဖြင့် စောင်ကိုရင်ခေါင်းအထိ ဆွဲခြုံပြီး တွေးနေမိပြန်သည်။

သည့်တခါတော့ သူတို့ နှစ်ယောက်သား မိုးရွာထဲမှာ လျှောက်သွားနေကြသည်။ လယ်ကွင်းပြင် စိမ်းစိမ်းကြီး ကိုလည်း တပြန့်တပြူး မြင်ရသည်။ လေတိုက်သဖြင့် ပေါင်းပင်များ ယိမ်းထိုးနေသည်။ ထိုပေါင်းပင်များကြား ကန်သင်းရိုးတလျှောက် နှစ်ယောက်သား မမောမပန်း လျှောက်ပြေးနေမိပြန်သည်။ လက်က သူ့ကိုဆွဲထားသည်။ သူ့လက်ကလေးများသည် နူးနူးညံ့ညံ့ရှိလျက် သူ့ဆံပင်များသည် ပါးလျား ရှည်လျား၏။ လေတွင်လွင့်နေသည်မှာ ကြည့်လို့ဝင် ကောင်းလေးတော့။

မိုးရိုသဖြင့် ချမ်းချမ်းတုန်ဖြစ်လာသည်။ အောင်လတ် သူ့ကိုလက်တွဲ၍ တဲကလေးတစ်ခုဆီသို့ ပြေးဝင်မိုးခိုရ၏။ တဲသည်မိုးမလုံ။ ပိုက်ကသည်က ယိုကျနေ၏။ လေအဝေ့တွင် မိုးစက်များသည် တဲတွင်းကို ပက်ဖြန်းကြသည်။ သူသည် မိုက်မိုက်တုန်နေရှာ၏။ အောင်လတ်သည် အပေါ် အင်္ကျီကိုချွတ်သည်။ သူ့ကိုလွှမ်းပေးသည်။ အင်္ကျီသည် ဘယ်အချိန်က ခြောက်နေသည်မသိ။ တဲတွင်းမှာပင် မီးဖိုကလေးတစ်ခု ဖြစ်လာပြန်သည်။ ဘယ်နားကထင်းရ၍ ဘယ်မီးနှင့် မွှေးသည်မသိ။ မီးတောက်ကလေး တရှိန်ရှိန်တက်နေသည်။ သူ့မျက်နှာကလေးသည် မီးတောက်ရှိန် လှပ်လှပ်များရှားကြားမှာ ဝင်းတလှည့် ပတလှည့် ညိုတလှည့် ဖြူတလှည့်။ အငြိမ့်များ ဇာတ်များတွင် ဆလိုက်ရောင်ကြောင့် မင်းသမီးလေး၏ ကိုယ်ပေါ် တွင် အရောင်များ ပြောင်း၍ ပြောင်း၍ သွားသည်သို့။ အရောင်စုံရုပ်ရှင်ကားထဲမှ မင်းသမီးလေးကို ကြည့်နေရသည်နှင့်လည်း တူ၏။

"သူ ချမ်းနေပြီလား"

သူက စကား စတင်ဆို၏။ အောင်လတ်သည် မီးဖိုကြောင့် နွေးနေပြီထင်၏။ သို့သော်

"အင်းပေါ့"

"လာလေ သူ့ဘေးနားမှာ ကပ်ထိုင်"

တစုပုတ်ချင်း အောင်လတ်နှင့် သူသည် ပူးကပ်လျှာ ထိုင်မိ၏။ ပြီး သူက လက်ကလေးများကို မီးကင်နေရာက တချက်လှည့်ကြည့်၏။ သူ့မျက်ဝန်းသည် နက်မှောင်ဝန်းလဲ့၏။ ဖိတ်ခေါ် နေသယောင်လည်းထင်ရ၏။

အောင်လတ်သည် သူ့ကိုဝန့်အမှ သိုင်းဖက်၏။

သူ ခေါင်းကလေးငုံ့ထားသည်။ အောင်လတ်က မေးစေ့ကို ပင့်သည်။ မျက်နှာနုနုကလေး မော့လာ၏။ မျက်ခွံကလေး မှေးစင်းနေသည်။ နှုတ်ခမ်းသည်တိုးခွတ်နေ၏။ တရွရွလည်း လှုပ်သယောင်။ အောင်လတ်က သူ့နှုတ်ခမ်းမှ နှင်းဆီဖူးကို ငုံထားလိုက်၏။ ပြီးတော့ လည်တိုင်၊ ပြီးတော့ ရင်မွှန်ကြားကို တိုးရှေ့ဝင်မိသည်။ သူ့အသံ ရှုံ့ချုံးနှင့် ညည်းညူနေ၏။ ပြီးတော့ ဘာကြောင့်မှန်းမသိ၊ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ အောင်လတ်ငိုမိသည်။ သူလည်း ငိုနေသည်။ ဘာဖြစ်လို့များ ငိုနေမိကြပါလိမ့်။

မျက်ရှင်အိုသလိုပင် စမ်းရေစီးကြောင်းလေးအတိုင်း လိုက်ပါနေကြပြန်သည်။ ပိန္နဲပင်ကြီးများသည် သူတို့ကို မိုးထား၏။ ပိန်းရွက်ကြီးများသည် စမ်းချောင်းတစ်ဖက်မှ အခြားတစ်ဖက်သို့ မိုးထား၏။ တစေ နှစ်ယောက် ဖိုမဖြင့်သော ပိန္နဲပင်များသည် အဘယ်ကြောင့် ဤမျှမြင့်မားနေကြသနည်း။ လှသည်ကတော့ ပြောမပြ တတ်အောင်ပင်။ စမ်းချောင်းသည် အေးငိုက်နေ၏။ သည်စမ်းချောင်းလေးအတိုင်း သူတို့နှစ်ယောက်သည် ရွှေဖူးလှေ ကလေးဖြင့် မျောပါလျက်ရှိသည်။ ငှက်ကလေး နှစ်ကောင်သည် လှေဦး၌ လာနား၏။ စကားသည်းပြော၏။ ဆူစွန်ကောင်းများလည်း တောင်း၏။ ရှေ့နားတွင် ရေပဲကြီးတစုကို မြင်ရသည်။ သူသည် အောင်လတ်ကို ကျစ်ကျစ်ပါအောင် ဖက်ထားသည်။ အောင်လတ်ကမူ ရယ်လို့သာနေ၏။ တေကြာတော့ ရွှေဖူးလှေကလေးသည် ရေပဲထဲ၌ မြုပ်သွား၏။ သို့သော် ရွှေဖူးလှေကလေး နစ်မြုပ်သွားချိန်တွင် သူတို့နှစ်ယောက်သည် မိမိတို့ကိုယ်ကို မိမိတို့ တောင်းကင်ထက်က တိမ်များကြား၌ ပျံသန်းနေခြင်းအဖြစ် တွေ့ရ၏။

အောက်ကို ငုံ့ကြည့်လိုက်သောအခါ စမ်းချောင်းကလေးသည်း မရှိတော့။ ပိန္နဲပင်ကြီးများလည်း မရှိတော့။ တောင်တန်းကြီးများနှင့် သစ်တောကြီးများသာ မြင်ရ၏။ တယောက်နှင့် တယောက်ကြည့်၍ ရယ်ဖြစ်ကြပြန်သည်။ တေကြာတော့ မေသည် သူ့ထက်မြင့်သော နေရာသို့ ပျံတက်သွားသည်ကို တွေ့ရ၏။ အောင်လတ် ကြိုးစား၍ ပျံတက်သော်လည်း မရ။ အထက်သို့တက်ရန် အားထုတ်တိုင်း အောက်သို့သာ ဆင်းဆင်းသွား၏။ အောင်လတ် ရင်မောလာသည်။ ရင်တုန်လာသည်။ မေ့ကို ကြည့်သောအခါ တဖြည်းဖြည်း မြင့်သည်ထက် မြင့်ရာသို့ ပျံတက်နေသည်ကို တွေ့ရသည်။ မေကလည်း သူ့ကို လက်ယပ်ခေါ် နေပြန်သည်။

ထေးနေသောအခါ ဆေးသည် ဝေး၍ သေး၍ ပျောက်မလောက်ဖြစ်သွားပြီး ဝေ့နေရာ၌ ကြယ်ပွင့်ကလေး တစ်ပွင့် ပေါ်လာသည်။ အောင်လတ် ဖျပ်ကနဲ လန့်နိုးပြန်သည်။ မိုးလင်းသွားပြီ။ ထန်းကြားမှ အလင်းပေါက်ကလေးကို မြင်ရသည်။ ကျောင်းနိုးပြီ။ လမ်းအောက်မှ လမ်းသွား လမ်းလာတို့၏ အသံကြားရသည်။ ဝေလုမ်းလုမ်းဆီမှ ပဲပြုတ်သည်၏ အော်သံ သဲ့သဲ့ကိုလည်း ကြားရသည်။

အောင်လတ် ပြန်မှိန်းလိုက်၏။ ရေးရေး ရေးရေးနှင့် အတော်ကြာ ကြာသွားသည် မသိ။ ကျော်စိန့် အသံပြကြီး ကြားမှ နိုးတော့သည်။

"ကျောက်ဖျာထက်ပေါ် စက်တော်ခေါ် ထတော်မူပါ သူတောင်းစား၊ ကယ်မှာလဲ သေနေလိုက်တာ၊ ယောကောင်း ထ ရှစ်နာရီထိုးနေပြီ"

အောင်လတ်သည် အညောင်းအညာရှင်း မထသေးဘဲ ညည်းလိုက်၏။

"အချစ်ရေ ဘယ်မှာလဲ"

ကျော်စိန် အမြင်ကတ်သွားသဖြင့် ရှုံ့လိုက်သည်။

"ဈေးထဲမှာ နံနံပင် ရောင်းနေတယ်"

အောင်လတ် ရယ်ရင်းထလိုက်၏။ ပြီး ကျော်စိန့်အား

"ယောကောင်း ထမင်းချက်ပြီးပြီလား"

"ခင်ဗျား၊ ဟုတ်ကဲ့ ပြီးပါပြီ၊ ကျွန်တော်မျိုး မုန့်ဟင်းခါးဆင်လို့လဲ ပြီးပါပြီ၊ အဆင်သင့် ပွဲတော်တည်ရုံပါဘဲ"

ကျော်စိန် အလွန်ရိုသေသယောင်နှင့် လျှောက်၏။ အောင်လတ် ကျော်စိန့်ပုခုံးကို ပုတ်လိုက်ပြီး

"ဒီလိုမှပေါ့ကွ၊ ငယ်ကျွန်ကြီး တော်ပေတယ်"

"ရှီးတဲ့ ငါပြောလိုက်ရ ကောင်းရှိတော့မယ်"

အောင်လတ် တဟားဟားရယ်ရင်း မျက်နှာသုတ်ပုဝါ ပုခုံးပေါ် တင်၍ ထွက်သွား၏။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၁၂)

ဝေသည် သူနှင့်ပတ်သက်၍ ဆိုးစွာမလိုက်တိုင်း ချစ်ဝင်စားရသလို ဖြစ်မိ၏။ သို့မဟုတ် မေ့မရ ဖုံးလွှမ်းသလို ဖြစ်မိ၏။ သို့မဟုတ် ရေမြောသွားသလို ခံစားရ၏။ သူဆိုသည်ကား အောင်လတ်ဖြစ်၏။ အောင်လတ်နှင့် ပတ်သက်၍ ဆိုးစွာမလိုက်တိုင်းလည်း သူ့ကိုသတိရမိပြန်သည်။ ထိုသူကား ဆောင်ဆောင်တင် ဝင်ဖြစ်သည်။ သည်သို့သော အခါတိုင်းလည်း ရင်၌ နာကျင်ရ၏။

ဆောင်ဆောင်တင်သည် ဝေ့ဘဝတစ်ခုလုံးကို သွက်သွက်ခါအောင် လှုပ်ယမ်းပစ်ခဲ့သူတည်း။ တနည်းအားဖြင့်မူ ဝေ့ကို တည်ငြိမ် ရင့်ကျက်စေသူ၊ ဘဝကို ရင်ဆိုင်ရဲသော သတ္တိကို ပေးသူ။ ယောက်ျားများ အကြောင်းကို အပြည့်အစုံ မဟုတ်သော်လည်း အတော်များများ သိစေသူဖြစ်၏။ ယောက်ျားဆိုသည်ကား မုဆိုးများနှင့် တူ၏။ မုဆိုးများသည်လည်း ယောက်ျားများသာ မဟုတ်ကဲ့လော။ ယောက်ျားများသည် မိန်းမလေးများကို သမင်ဘဝမှ မြွေဟောက်ဘဝသို့ ပြောင်းလဲစေ၏။ ယောက်ျားများသည် ရင့်ကျက်သေးသော မွေးစနစ်အရွယ်၊ အချစ်အကြောင်း စမ်းတဝါးဝါးသာသိလျက် စိတ်လှုပ်ရှားနေသောအရွယ် မိန်းမလေးများကို သားကောင်ဖမ်းသလို ဖမ်း၏။ ညွှတ်ကွင်းနှင့် ထောင်၏။ မိပြီဆိုသည်နှင့် အစိမ်းလိုက်သလို ဖျက်ပစ်၏။ ထုံးလိုချေ၊ ရေလိုနှောက်ပစ်၏။ ထိုဘဝကို လွတ်မြောက်သွားသော မိန်းမလေးတို့ကား မြွေဟောက်ဘဝသို့ ပြောင်းရတော့သည်။ အမြဲအနေအထား မပြောင်းရှင်လဲ မဖြစ်။ သမင်ငယ်ဘဝမှာသာနေလျှင် မုဆိုးယောက်ျားများသည် အစနှိက်လဲလဲဖမ်း၏။

အခန့်တလဲလဲ သတ်၏၊ အခန့်တလဲလဲ ချက်၏။ ကြာလျှင်ကော်ရှုရည်။ မြေပေါက်ဘဝသို့ ပြောင်းလဲပြီးပြီ ဆိုလျှင်မူ ယောကျ်ား မုဆိုးတို့ကို အစားအစာ မခံတော့။ သူတို့ရှာက်ကိုလည်း ရှောင်တတ်ပြီ။ သဲ အတောင်းကပ်၍ လာလျှင်မူ ယောကျ်ားမုဆိုးကို သေသည်အထိ သတ်နိုင်သော အဆိပ်တို့ဖြင့် မွန်းစေ၏။ သို့သော် သူတို့အသဲကို စားရောက်၊ ကိုယ့်ကိုကိုယ် ကာကွယ်ရန် အဆိပ်ကို အသုံးပြုရခြင်း ဖြစ်၏။ သို့သော် အချင်းယောကျ်ားတို့က ဤလိုအခါမျိုးကို ရောက်လျှင် အသဲမဲ့သူ၊ ရက်စက်မိမိကားသူ၊ ကောက်ကျစ်စဉ်းလဲသူ စသဖြင့် ကင်ပွန်းတပ်ခြင်းမျိုးစုံကို သုံးပြန်၏။ အဘယ်မျှ ရယ်စရာ၊ သနားစရာ ကောင်းသော သတ္တဝါများပေလဲ။

သို့ရာတွင် လူစိတ်ပြန်ဝင်လျှက် အသဲနှလုံးကို ပြန်လည်ရှာဖွေ တွေ့ရှိသောအခါတွင်မူ မိန်းမသည် မိခင် ဖြစ်လာရသည်မဟုတ်ပါလော။ ထိုသို့လူစိတ်ပြန်ဝင်၍ မိခင်ဘဝကို ပြန်လည်ရရှိရန်မှာကား ယောကျ်ားမုဆိုးကို မတွေ့ရဘဲ လူယောကျ်ားကို တွေ့ရသောအခါများ၌သာ ဖြစ်နိုင်၏။ ငါသည် မိမိ၏အသဲနှလုံးကို ပြန်လည် ရှာဖွေတွေ့ရှိပြီလောဟု မိမိကိုယ်မိမိ ဆန်းစစ်ကြည့်သည်။ ထိုသို့ ဆန်းစစ်ကြည့်ရခြင်း၏ အခြေခံမှာလည်း အောင်လတ်ကြောင့်ဖြစ်သည်။ မျက်လုံးသည် စိတ်၏ တံခါးပေါက်၊ အကြည့်သည် အဓိပ္ပာယ် အမျိုးမျိုးဆောင်၏။ အကြည့်တို့မှတဆင့် မြူဆင်သော အသဲနှလုံးကိုလည်း၊ ညစ်ပုပ်သော အသဲနှလုံးကိုလည်း၊ ကောက်ကျစ်သော အသဲနှလုံးကိုလည်း မြင်နိုင်၏ဟုထင်၏။

အောင်လတ်၏နှလုံးသားကို အောင်လတ်၏ အကြည့်မှတဆင့် ကြည့် ကြည့်ရာ မြူဆင်သော နှလုံးသားကို မြင်ရသည်ဟု ငါ ထင်၏။ မှန်ပါစေ၊ သူမှာ ချစ်တတ်သော လူ့နှလုံးသား ရှိပါစေ။ အောင်အောင်တင်က ပစ်ခွာ သွားပြီးကတည်းက ငါ့ အသဲနှလုံးသည် အလုပ်မလုပ်တော့သလို ဖြစ်ခဲ့၏။ နှလုံးသည် သွေးလည်ပတ် လှုပ်ရှားစေသော 'ရုပ်အလုပ်' မှတပါး ကြည်နူးတတ်သော၊ ရင်သိမ့်တတ်သော၊ ကြေကွဲတတ်သော၊ နာကျည်းတတ်သော၊ ချော်ချေတတ်သော၊ လွမ်းဆွေးတတ်သော၊ မုန်းတတ်သော 'စိတ်အလုပ်' မလုပ်တော့။ သို့ရာတွင် မိုးချုပ်သော နံနက်ခင်းတခုတွင် သူ့ရင်ထဲမှ နှလုံးသားသည် 'စိတ်အလုပ်'ကို ပြန်လည်လုပ်ကိုင်ရန် လန့်နိုးလာသည် ထင်ရ၏။ ရင်ခုန်ခြင်း ရင်ဖိုခြင်းတို့ကို မခံစားဖူးသလို ဖြစ်နေ၏။ အမှန်မှာ နှလုံးသားနှင့် ပတ်သက်၍ မေ့နေခြင်းသာ ဖြစ်၏။

ထို မိုးနံနက်က ရင်ဖိုမိ ရင်ခုန်မိသောအခါ အသစ်အဆန်းလို ဖြစ်နေသည်။ သူ့နှလုံးသားသည် မေ့မြောနေရာက ပြန်လည်နိုးကြားလာပြီ မဟုတ်ပါလော။

အောင်လတ်သည် ပိတ်ထားသော သူ့ရင်ထဲမှ အသဲနှလုံးကို လာ၍ တံခါးခေါက်သူတည်း။ သို့ရာတွင် ငါသည် ဝေဒနာအသစ်တခုကို ထပ်၍ မခံစားလိုတော့။ ယောကျ်ားဆိုသော သတ္တဝါကို ကြောက်နေမိသည်။ ထို့ကြောင့် အောင်လတ်ကို လမ်းမှာတွေ့လျှင်ပင် မတွေ့ချင်ယောင် ဆောင်မိသည်။ မီးပွားဆိုသည်မှာ ကိုယ်ပေါ် သို့ ကျလျှင်ကျချင်း မခါထုတ်ပစ်နိုင်ပါမူ၊ သို့မဟုတ် အချိန်အနည်းငယ် နှောင်းသည်နှင့် လောင်ကျွမ်းတတ်၏။

အောင်လတ်ကိုတွေ့လျှင် မမြင်ချင်ယောင် ဆောင်ဖြစ်သော်လည်း မတွေ့သော အခါများတွင် မသိမသာ ရှာကြည့်မိသည်။ ငါ့စိတ်ကား လှုပ်ရှားပြုပြီတည်း။ မနေ့ကမူ သူနှင့် မျက်နှာချင်းဆိုင် ဆုံဖြစ်ရပြန်သည်။ တုန်လိုက်သည့် ရင်မှာ တသိမ့်သိမ့်။ သို့သော် မကြည့်ရဲ၊ မကြည့်ဘဲနှင့်လည်း မြင်နေရပြန်သည်။ စိတ်ထဲ၌လည်း သူက နှုတ်ဆက်စေချင်နေသည်။

သို့သော် သူက စိုက်ကြည့်၍ ကြည့်နေသည်။ ပြုံးပြသည်ဟုလည်း ထင်မိသည်။ သို့သော် ပြန်မကြည့်ရဲ၊ သို့နှင့် သူ့ကို ကျော်လာခဲ့သည်။ သည်အချိန်တွင်မူ အမြတ်တနိုးပန်ထားသော နှင်းဆီနီကလေးက ပြုတ်ကျသည်။ ရှုးဖာပန်းကလေးလော။ သူကောက်ပေးသော ပန်းကလေးကို လှမ်းယူသော လက်ချောင်းကလေးများ တုန်နေခဲ့သည်။ ကြိုဆည်မထားဘဲလျက်လည်း နောက်တွေ့လျှင် နှုတ်ဆက်နိုင်ကြောင်း ပြောဖြစ်ပြန်သည်။ ည အိပ်ရာဝင်တွင်

သူ့အကြောင်း တွေးမိပြန်သည်။ အိပ်မက်ထဲသို့ သူ့အလည်လာပြန်သည်။ 'မျက်တောင်လေးလှောက် ဖူးလက်တင် ဖော်မဲ့သူတွင်' ဆိုသော သီချင်းစာကိုလည်း ညည်းမိပြန်သည်။

နံနက်ရေချိုးခန်း အဝင်တွင်လည်း 'မြင်မြင်ချင်းပင် ဘာ့ကြောင့်များ ချစ်ချင်တယ်' ဟူသော သီချင်းကို ဆိုမိပြန်သည်။ သီချင်း ညည်းဖြစ်သည်မှာ ကြာလှပြီ ဖြစ်သော်လည်း သီချင်းစာသားများသည် အလိုလိုပေါ် လာ၏။ သို့ရာတွင် ခေ သည် ခွဲလမ်းမှုကို ဖြတ်ပြန်လိုက်၏။ မောင်လတ်၏ အကြောင်းကို စဉ်းစားသဲ နေချင်လာ၏။ သူ့အတွေ့အကြုံကို ပြန်ဆန်းစစ်ကြည့်သည်။ မောင်မောင်တင်က စွန့်ခွာသွားပြီးသည့်နောက် သူသည် စာအုပ်များကြား၌ ခေါင်းမြှုပ်ရင်း ရင်ထဲကမီးကို ငြိမ်းသတ်ခဲ့၏။

အပူကြီးလှ၍ အလောင်ကြီးလောင်ခဲ့သော မီးကိုပင် စာအုပ်များနှင့် ကုစားခဲ့ရလျှင် ဤမီးမွှားကလေးကို ရှောင်ကျော်ရန်မှာ ဘာမျှမခက်။

သို့နှင့် စာကြည့်တိုက်ဆီသို့ ရောက်လာခဲ့သည်။ တက္ကသိုလ် စာကြည့်တိုက်ကြီးကား ပညာရှာမှီးသူတို့အတွက် ပညာအမဲလိုက်ရန် ဥယျာဉ်ကြီးနှင့်တူ၏။ ခေသည် လိုအပ်သော စာအုပ်စာတန်းများကို ငှား၏။ အခေါက်ခေါက် မလာရအောင် လေး ငါး အုပ် တခါတည်း ငှားလိုက်၏။ စာအုပ်များက ထူသဖြင့် အနည်းငယ် လေးသလိုဖြစ်၏။ သူ့ကို မေ့ပျောက်ပစ်ရန် ဖတ်ဖို့ စာအုပ်များ ငှား၍ ပြန်အထွက်တွင်မှ သူ....။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

အပိုင်း (၂)

**နေ့စဉ်နှင့်အမျှ**

**တွေ့မြင်ရှင့် မရှသရို့**

**မောင် မေ့ချင်ဖြင့်လည်း မရ။**

(၁)

မောင်လတ်သည် စာအုပ်ငှားရန် စိတ်ကူးနှင့် စာကြည့်တိုက်သို့ အလာတွင် ခေအား စာအုပ်များနှင့် မနိုင်မနင်း ထွက်လာသည်ကို တွေ့ရ၏။ မောင်လတ်သည် ခေ့အနားသို့ ရွှေ့ကနဲရောက်သွားပြီး ခေ လက်ထဲမှ စာအုပ်များကို ကူသယ်ရန် ကြိုးစား၏။

"ကျွန်တော် ကူသယ်ပေးမယ်လေ"

"ဟော် နေပါစေရှင် ကျေးဇူးတင်ပါတယ်"

မောင်လတ်က ခေ့လက်ထဲမှ စာအုပ်အချို့ အဝက်ကို ယူလိုက်၏။ ဟော် သူ့ကို မေ့ဖို့ ဖတ်ရန် စာအုပ်များကို သူကိုယ်တိုင် သယ်ပေး နေပါပကောလား။ သည်လိုဖြင့် သည်စာအုပ်တွေ ဖတ်တိုင်း သူ့ကို သတိရ နေတော့မှာပါလား။

သူတို့နှစ်ယောက်သည် ရုတ်တရက် စကားမပြောဖြစ်ကြသေး။ နှစ်ယောက်စလုံးသည် ရင်ခုန်လျက် ရှိကြ၏။ မောင်လတ်သည် ခေ့ ကိုမှီးကြည့်သည်။ နှစ်ယောက် အကြည့်ချင်း ဆုံဖြစ်ပြန်သည်။ မောင်လတ်က ပြုံးပြရင်း စကားပြော၏။

"ကျွန်တော့်နာမယ် မောင်လတ်လို့ခေါ် ပါတယ်၊ ဒီမှာအပိုင်း က မှာ တက်နေပါတယ်"

"ဟော် ဟုတ်ကဲ့ ဝမ်းသာပါတယ်ကျွန်မနာမယ် ဝေလှိုင်လှိုင်လို့ ခေါ် ပါတယ်၊ ဒီမှာ အပိုင်း ခ မှာတက်နေပါတယ်၊ ဆီးရိုးဆောင် အခန်း ၃ မှာနေပါတယ်"

ဝေသည် အလိုအလျောက် သူ့အကြောင်းတွေ ပြောဖြစ်သည်။ ပြောမိပြီးမှ မိန်းကလေး သိက္ခာ ကျသွားလေမလားဟု စိုးရိမ်မိပြန်သည်။ ဆို ဒီလိုဘဲပြောရမှာပေါ့။

"နယ်ကနဲ့ တူတယ်"

"ဟုတ်ကဲ့ ကျွန်မ တောင်ငူကပါ"

"ကျွန်တော် မြစ်ဝကျွန်းပေါ် သားပါ။ ပေယ်ဖြိုးဘက်မှာ အခန်း တစ်ခန်း ငှားနေပါတယ်"

စကားစ ပြတ်သွားကြပြန်သည်။ ကိုယ့်အတွေးနှင့် ကိုယ် ဆက်လျှောက်လာကြသည်။ သည်လိုနှင့် ဝိဇ္ဇာမဟာဌာနကို ဖြတ်ပြီး သီရိဆောင် နောက်ဖေးပေါက်နားဆီ ဦးတည်လာကြ၏။

"မစောလွင်က နှင်းဆီပန်း သိပ်ကြိုက်တယ်ထင်တယ်"

"ရှင် ဟုတ်ကဲ့"

ဘယ့်နှယ်ပါလိမ့်။ ဝေ နှင်းဆီပန်းကြိုက်ကြောင်း၊ မြတ်နိုးကြောင်း သူ ဘယ်လိုလုပ် သိနေပါလိမ့်"

ဝေ စဉ်းစားရင်း သူ့ကို မေးဟန်ပါမျက်ဝန်းနှင့် ကြည့်လိုက်၏။ အောင်လတ်သည် ချက်ချင်း သဘောပေါက်သွား၏။

"ကျွန်တော် မစောလွင်ကို တွေ့ရတိုင်း နှင်းဆီပန်းကလေးတွေ အမြဲတမ်း ပန်ထားတာ ဂရုစိုက်မိလို့ပါ"

ကြည့် ကြည့် ။ သူဘယ်အချိန်ကများ လိုက်လိုက် ချောင်းကြည့်ထားပါလိမ့် မသိဘူး။ လူဆိုး။ စိတ်ထဲက ပေါ်သကလေး။

"ကိုအောင်လတ် စုံထောက်လုပ်ဖို့ ကောင်းတယ်"

"ဘာဖြစ်လို့"

"အသေးစိတ် လိုက်ကြည့်တတ်လို့ပေါ့"

နှစ်ယောက်ပြိုင်တူ ရယ်မိကြသည်။ ရယ်စရာ ဟာသလည်းမဟုတ်ပါဘဲလျက် ရယ်ကြသည်။ ဝေသည် ရယ်သောအခါ ပါးစပ်ကို လက်ကိုင်ပုဝါနှင့် ကာ၍ ရယ်၏။ သူ့သွားဖြူဖြူလေးတွေ လှမြင်မှာစိုးလို့ထင့်။

အောင်လတ်၏ စိတ်ထဲတွင် 'ကိုယ်က စိတ်ဝင်စားနေသူဆိုတော့ အသေးစိတ် လိုက်ကြည့်မိတာပေါ့' လို့ ပြောလိုက်ချင်သည်။ သို့သော် ယနေ့မှစတင်ရင်းနှီးရသည်။ ချက်ချင်းကြီး သည်လိုပြောလိုက်ရန် သင့်ဟု မချင့်မရဲ ဖြစ်နေ၏။ သည်လိုနှင့်ပင် သီရိဆောင် နောက်ဖေးပေါက် အဝကို ရောက်လာသည်။ ဝေက စာအုပ်များ ပြန်ပေး၏။

"ကျေးဇူးတင်ပါတယ် ကိုအောင်လတ်"

အောင်လတ် ခေါင်းညိတ် ပြုံး၍ တုံ့ပြန်၏။ သူ့အပြုံးက ကျေးဇူးတင်ခြင်း၊ တင်ရင် ကျွန်တော်က တင်ရမှာပါ။ လာပြုလို့ဆို ရွှံ့လမ်းတလျှောက်ရသော ဝေ နဲ့ စတင်ရင်းနှီးခွင့် ရလို့ပေါ့ ဆိုသော အဓိပ္ပာယ်ကို ဆောင်၏။ သို့သော် ဝေသည် ထိုအပြုံးကို အဓိပ္ပာယ် မဖော်တတ်။ ထိုအပြုံးမှာ မြှော်လင့်သော အပြုံး ဖြစ်လိမ့်မည်ဟုသာ ထင်၏။ ဝေ့ကိုနှုတ်ဆက်ပြီး ပြန်လာသော အောင်လတ်သည် မြေတောက်နှင့် မြေကြီး မထိဟု ထင်နေသည်။ လေပေါ် မှာလမ်းလျှောက်လို့ ပြန်ခဲ့သည်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

"ဘယ်ပျောက်သွားတာလဲ ငနဲ"

လက်ဖက်ရည်ဆိုင်သို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း ကျော်စိန်က ထိုသို့ နှုတ်ဆက်သည်။ ရွှေသွေး၊ ဆေသန်းတို့လည်း ရောက်နေကြသည်။

"ချစ်ချစ်နဲ့ ဆုံလို့ကွ၊ နယ်ရော၊ အဆောင်က အခန်းနံပတ်ရော သိခဲ့တယ်"

"ဆိုပါဦး၊ ဘယ်သူတဲ့လဲ"

"ဝေလွှင်လွှင် တဲ့"

"ဘာ"

"ဝေလွှင်လွှင်"

"အော် ဝေဝေလေလေ တဲ့လား"

ရွှေသွေးက မေးလိုက်၏။

"ဝေလွှင်လွှင် ပါကွ"

"နေပါဦး၊ ငါနဲ့မယ် ငါကြားဘူးတယ်၊ အဲ အဲ နေဦး"

ကျော်စိန်နှံသည် သူ့မှတ်စုစာအုပ်တအုပ်ကို ထုတ်၍ ဟိုလှန်သည်လှန် လုပ်သည်။

ကျော်စိန်နှံကား လူပဲသော ကဗျာဆိုင်ကျောင်းသူများ စာရင်းကို ပြုစုထားး၏။ အတန်းတက်မှန်လျှင် နေရာသည်၊ ကျောင်းစာနှင့် ပတ်သက်၍ စာရေးစာဖတ် ကိစ္စ၌ ဖျင်းလျှင် ဖျင်းနေသည်၊ ဤ ကွက်ပြီယ သိုက်စာကို ပြုစုခြင်း၌မူ လုံ့လဥဿာဟ အထူးစိုက်ထုတ်၏။ ကျောင်းကို စရောက်ကတည်းက လှသည်ဟု နာမည်ကြီးသော မိန်းကလေးများကို လိုက်ကြည့်၏။ နာမည်စုံမေး၏။ ပြီးလျှင် ဖော်ကွန်းထိန်းရုံးမှ ကိုအောကြီးနှင့်ပေါင်း၍ မိဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ စသဖြင့် မှတ်ထား၏။ ထိုမိန်းကလေးတို့၏ အကြောင်းအရာများကို စုံစမ်း မှတ်တမ်း ပြုစုထားသည်။

မိန်းကလေးပေါင်း များစွာကို မှတ်တမ်းပြုပြီး ထားသောအခါ အမည်နှင့် လူကို တွဲ၍ မသိတော့။ သူငယ်ချင်း တယောက်ယောက်က သူကြိုက်သော မိန်းကလေးအကြောင်း သိလိုလျှင်၊ အကယ်၍ ထိုမိန်းကလေးသည် နာမည်ကြီး စာရင်းဝင်ဖြစ်လျှင် ကျော်စိန်နှံကိုသာမေး။ နေရပ်လိပ်စာ၊ မိဘ၊ မျိုးရိုး၊ အဖြစ်အပျက် အားလုံးနီးပါး ပြောပြနိုင်၏။

ကျော်စိန်နှံသည် ဟိုလှန် သည်လှန် လှန်ပြီးသောအခါ ဝေလွှင်အမည်ကို တွေ့သွား၏။ ထို့ကြောင့် စတင် ဖတ်ကြားတော့သည်။

"အမည် ဝေလွှင်လွှင်၊ ဦးဘလွှင်၊ ဒေါ်စောဝေတို့၏ တဦးတည်းသော သမီးဖြစ်သည်။ ဘခင် မြိုင်ရဲဝန်ထောက် ဦးဘလွှင် ဆုံးပါးသွားပြီး အမိဒေါ်စောဝေသာ ကျန်ရစ်သည်၊ ဒေါ်စောဝေ၌ အတွင်းပစ္စည်းများရှိသည်။

"အတွင်းပစ္စည်းဆိုတာ ဘာလဲကွ"

ဇေယျာန်းက ဝင်မေးလိုက်၏။

"စိန် ရွှေ ငွေ လက်ဝတ်ရတနာ ပြောတာကွ၊ မြေပ်နဲ့ ငြိမ်ငြိမ်နေရာသော၊ မိခင်၏ အဆောက်အဆုံအပြင် ဦးလေးတော်သူ ပါလီမန်အတွင်းဝန် ဦးဘခင်၏ အဆောက်အဆုံလည်း ရသည်။ ကဗျာဆိုပ်ရောက်စက သူရွေးသားတကောင်နှင့် ချစ်ကြိုက်ရည်ငံဘူးသည်။

"ဟ ဟ"

ဆောင်လတ်၏အသံ။

"ငနဲက ပါလီမန် အမတ်တယောက်၏ သမီးကို ယူသွားသောအခါ ဝေလွှင်လွှင် လွမ်းဖျားလွမ်းနာ ကျ၍ အိပ်ရာထဲမှ မထနိုင်သည်မှာ ရက်စက်နှင့် ရက်ညတိတိ ဖြစ်သည်။ အစားအစာလည်း ပြတ်လတ်သွား၏"

"ဒါလောက်တောင် မင်းမသိနိုင်ပါဘူး"

"ဒါကတော့ စိတ်မှန်းနဲ့ ထွေးထားတာကွ၊ ဆက်နာသောင်း၊ ၎င်းနောက် ယောကျ်ားများကို စိတ်နာပြီး အသဲနှလုံးကို အခန်းနံရံ၌ ချိတ်ထားသည်မှာ ခိုတက်သည်အထိ ဖြစ်၏။ ထိုသို့ တပြီးကား စာကိုစိကြိုးရာ ယခု

ဝိဇ္ဇာ အပိုင်း ၈ တက်နေသည်အထိ ဖြစ်၏။ ဆရာများကလည်း တပည့်မ လှလှကလေးအား အစေ့ပေး မြှောက်စား၏"

"ဘာဆိုင်လို့လဲကွ"

ကျော်စိန်က လက်ကာရင်း...

"စာတော်သော တပည့်မ လှလှကလေးအား ဆရာများက စေတနာနှင့် ကူညီညွှန်ပြပေးခြင်း ဖြစ်၏။ ယခု စာရင်းကောက်ချိန်အထိ နောက်ထပ် နံပတ်ရိုက်ခြင်း မရှိသေး၊ ကောင်းစီဖြစ်နေ၏။ သို့ရာတွင် မှတ်ချက်၊ မင်းကြိုက်နိုးကြိုက်၊ သူဌေးသားကြိုက်၊ အတွင်းဝန်လောင်းကြိုက်၊ ကျွန်ုပ်တို့ကဲ့သို့ တိုးတက်သော ဘဝင်ကာဆီးသူ ကာလသားများနှင့် လားလားမျှ မဆိုင်"

ကျော်စိန်သည် သူ့မှတ်တမ်းစာအုပ်ကြီးကို ပိတ်လိုက်၏။ ရွှေသွေးက အောင်လတ်ကို ဤသို့ အားပေးသည်။

"မင်းလိုကောင်နဲ့ မတန်ဘူးပြောတာကွ"

"ဘာလို့ မတန်ရမှာလဲကွ"

"ဟ ဟိုက မျိုးကောင်းရွှေသန့်ကျွမ်းဝင်မျိုးမွေ့လိမ့်မျိုး၊ မင်းလို ဝဲစားမျိုးမဟုတ်ဘူး"

"ရွှေပါးစပ်က ရွှေစကားထွက်တယ်"

"ကဲ အောင်လတ် လဖက်ရည်ဘိုး မင်းရှင်းတော့"

"ဘာဆိုင်လဲ"

"ဟ ဒီစာရင်းရအောင် ဘယ်လောက် အပင်ပန်းခံထားရတယ် မှတ်လဲ"

"မင်းအာသာမင်း မနေနိုင် မထိုင်နိုင် လျှောက်မှတ်ထားတာ ငါနဲ့ ဘာဆိုင်လဲ မတိုက်နိုင်ဘူး ကိုယ့်လူ"

သို့သော် အောင်လတ်က လဖက်ရည်ဘိုး ရှင်းလိုက်၏။

သူချော်နေသည်ကိုး။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၂)

ညကလော်လော်နှင့် အိပ်မပျော်၊ နံနက်ကျတော့ အစောကြီး နိုးနေသည်။ အောင်လတ်သည် ပြန်မအိပ်ချင်တော့ သောကြောင့် စောစောထ အိပ်ရာမှ ထလိုက်သည်။ စောစောစီးစီး အိပ်ရာမှမထသွားသဖြင့် ကြောင်စီစီဖြစ်နေသည်။ ညကသောက်လက်စ ဆေးပေါ့လိပ်တိုကို မီးညှိဖွာရှိုက်လိုက်၏။ နှစ်ဖွာ သုံးဖွာ ရှိုက်ပြီးနောက် အောင်လတ်ခေါင်းထဲ လှစ်ကနဲ အကြံတစ်ခုပေါ် လာသည်။ အဝတ်အစား ကောက်လဲ၍ ထွက်ခဲ့သည်။

ဝန်းခင်း နှင်းဆီခြံ။ ခြံသခင်ကြီးသည် နှင်းဆီပန်းများ ခူးလျက်ရှိသည်။ အောင်လတ် ခြံသခင်ကြီးနား ရောက်လာပြီး

"ဦးလေး၊ ဦးလေးခြံထဲက အလှဆုံး နှင်းဆီတစ်ပွင့်လောက် လိုချင်တယ်"

အဘိုးကြီးသည် ရယ်လိုက်၏။ သည်လို ကောင်လေးမျိုးတွေ ခြံထဲ စောစောရောက်လာသည်။ ပြီးလျှင် အလှဆုံး ပန်းပွင့်သာ တောင်းတတ်၏။ မိမိကမူ မိမိစိုက်ထားသော ပန်းမှန်သမျှ အားလုံးလှသည်ဟုပင် ယုံကြည်ထားသည်။

"ငါ့ခြံထဲ ရှိသမျှပန်း အားလုံးလှတာပဲကွ၊ မင်းကြိုက်တာသာ ရွေးပေတော့၊ ရမ်းကြိုက် ခူးရှာတော့ကွ"

အောင်လတ် ပန်းပွင့်ကလေးများကို လိုက်ကြည့်သည်။ ပွင့်အပြီးကာစ နှင်းဆီတစ်ပွင့်ကို မျက်စိကျသွားသည်။

"ဒီအပွင့် ဦးလေး"

အဖိုးကြီးက ပန်းပွင့်အောက်နား တချွာခနဲ နေရာကို ဖြတ်ရည်ပြုပြီးမှ မဖြတ်သေးဘဲ

"ဘယ်သူ့ပေးဖို့လဲကွ၊ သူငယ်ချင်းလား၊ ဆရာမလား၊ ရည်းစားလား၊ ဒါမှမဟုတ် ဘုရားတင်ဖို့လား"

"သူငယ်ချင်းပေးဖို့ပါ ဦးလေးရဲ့"

"ဦးလေးက စပ်စုတာ မဟုတ်ပါဘူးကွာ၊ ရည်းစားပေးဖို့ဆိုရင် ပန်းအနီ မပေးစေနဲ့လို့ပြောမလို့၊ မင်း မကြားဘူးဘူးလား၊ ရည်းစားကို ပန်းအနီပေးရင် ကွဲတတ်တယ်တဲ့ကွ"

အဖိုးကြီးက ပြောရင်း ရယ်ရင်းနှင့် ပန်းပွင့်ကို ခူးဖြတ်ပေးလိုက်သည်။

"ကျနော် အယုံအကြည်မရှိပါဘူး ဦးလေးရယ်"

အယုံအကြည် မရှိဘူးဟုသာ ပြောဖြစ်သည်။ စိတ်ထဲမှာတော့ ထင့်တနဲ ဖြစ်မိသား။ ရိုးရာ အစွဲအလမ်းဆိုသည်မှာ တိုင်းတွာ ဆင်ခြင်နိုင်သော ဦးနှောက်က လက်မခံပေမယ့် ခံစားတတ်သော စိတ်နှလုံးက လက်ခံချင်သား။

အောင်လတ် ရည်းစားလဲ ဟုတ်မှ မဟုတ်သေးဘဲ။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

ပန်းပွင့် နီနီကလေးကို ကိုင်၍ယူလာပြီး သီရိအဆောင်က စောင့်နေဖြစ်သည်။ ဘယ်အချိန် ဘယ်နေရာက လာမည်ကို တိတိကျကျမသိဘဲ မှန်းဆ၍ စောင့်မျှော်ရခြင်းကား ရင်မောဖွယ် ကောင်းလှ၏။ ကျော့်စိန်တို့တသိုက် ဝေလုမ်းလုမ်းမှ လျှောက်လာသည်ကို မြင်ရ၏။ အောင်လတ် ပုန်းကွယ်လိုက်သော်လည်း မမီတော့။

"ဒွေးကောင် အစောကြီး လျှောက်သွားတာ ဘယ်ရောက်နေလဲမှတ်တယ်၊ ချမ်းသော်စွန့်ကို လာမျှော်နေတာကိုး"

အောင်လတ်သည် ပန်းပွင့်ကို လက်နှစ်ဖက် နောက်သို့ ယှက်ရင်း ဖုံးထားလိုက်ရသည်။

"ဟေ့ကောင်တွေ မနှောင့်ယှက်နဲ့ကွာ၊ ဟိုနားမှာ သွားစောင့်နေ၊ ဟိုကလျှောက်လာရင် မင်းတို့ မလောင်ကြနဲ့"

"ကောင်းပါပြီဗျား"

ကျော့်စိန်တို့ ဝေလမ်းကောင်းသို့ သွားစောင့်ရင်း အကဲခတ်နေကြသည်။

"သူ့ ပေလေလေ လျှောက်လာပြီ၊ မမြင်ချင်ယောင် ဆောင်သွားရင် ဟားရမယ်ကွ"

"ပွဲမင်းသား အစွမ်းကို ကြည့်ကြပေးတော့ပေါ့ကွာ"

သူတို့ချင်း ကြိတ်၍ ဟားနေကြသည်။ အောင်လတ်စိတ်ထဲ၌ တထင့်ထင့်ရှိ၏။ ဝေ လာလျှင် ငနဲများ နောက်ကြမည်လား၊ မကြာလှပါ။ ဝေသည် အဖော်တယောက်နှင့်အတူ လျှောက်လာ၏။ အောင်လတ်ကိုတွေ့လျှင် ပြုံး၍ နှုတ်ဆက်သည်။ အဖော်သည် သွားနှင့်၏။ အလိုက်သိစွ။

"ဟယ် ကိုအောင်လတ် စောစောစီးစီး"

အောင်လတ် ပြုံးပြုံး၍ နှုတ်ဆက်ရင်း ပန်းနီနီကလေးကို ပေးလိုက်၏။ ဝေ က အဓိပ္ပာယ်ကို ရှာရင်း နားလည်ပါ၏။ သည့်ပန်းပွင့်ကလေး သူ့ကိုပေးတော့မည်။ ငြင်းရကောင်းမလား၊ မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်က ကြိုက်လို့ထင်။ ခက်ပါလားနော်။

"မဝေလွင် ပန်းများပန်လေ့လားလို့၊ ကျနော် မနက်က ပန်းခင်းမှာ ဝင်ယူခဲ့တာ"

ဝေသည် နှင်းဆီပန်းကလေးကို ခိုက်ကြည့်၏။ နှင်းဆီကလေးသည် လန်းဆန်းလျက်ရှိသည်။ အနီရောင်လေးမှာ လွင်နေ၏။ အငုံမှပွင့်စဖို့ တရှေ့လုံး လှနေသည့် ပန်းဖြစ်သည်။ ဝေ ပန်းချစ်ပါသည်။ နှိုက်မှ နှင်းဆီကို ဖြတ်ချီးစွာ ပန်တတ်သူ။ အခု သူကမ်းနေသည့် ပန်းကလည်း ချစ်စရာ။

"ရှေ့ပါ၊ မေလွင်က နှင်းဆီကို ကြိုက်တတ်တယ် မဟုတ်လား၊ အဲဒါသတိရလို့ တကူးတကန့် သွားဝယ်ရတာ"

အောင်လတ်၏လက်က ဝေလွင်၏လက်နား ရောက်လာ၏။ မယူဘဲဒီတိုင်းထားက ဘေးကလူများမြင်လျှင် ပိုရှက်စရာကောင်းသည်။ ထို့ကြောင့် ပန်းကလေးကို လှမ်းယူလိုက်၏။

ကျော့စိန်တို့ မြင်သွားသည်။

"လက်ဆောင်တော့ မီတောင် ပန်းလာကပ်တာကိုး၊ ဆရာကောင်ရေ၊ ပန်းဘင်မကပ်နဲ့ သောက်တော်ရေရှမ်းနဲ့ ချမ်းတော့လဲ တင်လိုက်၊ ဆီမီးပါ ပူဇော်ပေ့"ကျော့စိန်က မကြားတကြား လှမ်းပြောသည်။ အောင်လတ် မကြားချင်ယောင် ဆောင်နေရသည်။

"ကျေးဇူးဘဲ ကိုအောင်လတ် သွားမယ်နော်။ သူငယ်ချင်းတွေ စောင့်နေတယ်"

"ဟုတ်ကဲ့ ဟို"

ဝေသည် လှည့်ထွက်ပြီးမှ အောင်လတ်စကားစ မပြတ်သဖြင့် ပြန်လှည့်ကြည့်၏။

"ဘာလဲ ကိုအောင်လတ်"

"ဟို ...အဲဒါကို အလည်လာရမလားလို့"

"ဒါများ ကိုအောင်လတ်ရယ်၊ လာပေါ့ ကိုယ့်မိတ်ဆွေဆီ ကိုယ်လာလည်တာဘဲ၊ ဘယ်သူဖြစ်ဖြစ် အလည် လာနိုင်သားဘဲ၊ ဟုတ်ဘူးလား"

ဝေလွင်သည် အောင်လတ်အား မိတ်ဆွေ မိပြီးသား ဖြစ်သွားသည်။ မတတ်နိုင်။ သို့သော် သူ့ဘက်က သိက္ခာ မကျသွားစေရန်လည်း ဖုံးရ ဖိတ်ရသေး၏။ မိတ်ဆွေတွေ ဖြစ်နေမှ ဘယ်သူမဆို အလည်လာနိုင်သပေါ့ရယ်လို့။

ဝေ ထွက်လာခဲ့သည်။ အောင်လတ် ကျော့စိန်တို့ဆီ လျှောက်လာ၏။ ကျော့စိန်က ဆက်မြှောက်ပေးသည်။

"ဆရာကောင် လိုက်ရတော့ကွ၊ ဆက်လိုက်"

"နေစမ်းပါ မင်းကလဲ အခြေမြှောက်ပါတယ်"

ကျောင်းဝင်ထားသော သူတို့တသိုက် ဝေကို ကြည့်မြစ်ကြသည်။ ဝေ သည် ပန်းကလေးကို မပန်သေး။ ရှုမှလေး ကိုင်သွားသည်။ ကြိုန်ပေါင့်မျိုး အရေ့ ကျမှ ပန်လိုက်သည်။

"ပန်ပေးပေါ့ ။ ပန်ပေး"

ကျော့စိန် အသံပြဲနှင့် ထအော်သည်။ အောင်လတ် ကျော့စိန့်ပါးစပ်ကို လိုက်ပိတ်ရသည်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၃)

**ဓါ မထားပေမယ့်**
**သွားသူက ကျွန်တော်ပါ**
**ချစ်သူ့အဆောင် နှံ့သာတော့ကို**
**ချော်မောကာ ရွှေရင်ထိတ်ပါလို့**

**ဖော်ဖော်ဖော်ကလေးလော၊**

ညနေကျောင်းဆင်းကတည်းက အောင်လတ် ဖင်တကြွကြွ ဖြစ်နေသည်။ လာလည်နိုင်ပါတယ်ဆိုသော နေ့က ရောက်၍ သွားချင်နေသည်မှာ တရှုရှုဖြစ်၏။ သို့သော် မြို့နယ်အသင်း အစည်းအဝေး၊ ဘာအစည်းအဝေး၊ ညာအစည်း အဝေးတို့နှင့် စနေ တနင်္ဂနွေ နှစ်ရက် ကုန်သွားသည်။ စာအုပ်ဝယ်ခြင်း၊ ဆိုင်ပေါ်တင်ခြင်း ကိစ္စများ နှင့်လည်း တရက် အချိန်ကုန်သွားပြန်သည်။

ယနေ့ညနေစောစော် ဆေးလိပ်သည်။ ဆိုင်ကို ကျော်စိန်နှင့် ထားခဲ့ပြီး ရေချိုး အလည်သွားရန်ဟု ဆုံးဖြတ်ထား၏။ အောင်လတ်သည် ဆီနှင့် ဝေးနေ၍ ပွနေသောဆံပင်ကို ဖြီးသင်နေ၏။ ကျော်စိန်က

"လုပ်မနေနဲ့ သူလိုပါလိုဘဲ" ဟု ချိုးမြှမ်း၏။

အောင်လတ် မှာ ဝေးတစ္ဆန်ဆွန်နှင့် ထွက်လာခဲ့သည်။ ကျော်စိန့်လုံချည် အသစ်ကိုဝင် ယူဝတ်ခဲ့သော်။ ယုဒသန် ဘုရားရှိခိုးကျောင်းနှင့် ချော်စင်ကြီးကို ဖြင်လိုက်သည်နှင့် ရင်ခုန်ခြင်းက စတော့သည်။ သီရိဆောင်ကြီးကို မရဲတရဲ ကြည့်၏။ တေးရှုပ်လိုက်သည်။ သည်နေ့ရောက လှည့်ပြန်ရ ကောင်းမလား၊ မတော်လို့ တွေ့လျှင်က ထွက်မတွေ့ဘဲ မရှိဘူးလို့ ပြောခိုင်းလိုက်ရင် မကော်ပါလား၊ သူကတော့ လာလည်နိုင်ပါတယ်လို့ ပြောထားသား၊ ဘာဖြစ်ဖြစ်လေ သွားကြည့်တာပေါ့။

အတွေးမျိုးစုံနှင့် ဆက်လျှောက်လာပြန်သည်။ သီရိဂိုင်းတံခါးကို ကျော်ဖြတ်မိသောအခါ ရင်ခုန်ခြင်းက ပိုမြန်လာသည်။ ညိုနေအောင် ကိုက်ဖြတ်ထားသော ဝုဏ္ဏရိပ်ဝင် ဆည်းချိုးလေး ဝန်းရံထားသည့် ပန်းခြံတွင်းမှ မြက်ခင်းသည် စိမ်းလဲ့နေ၏။ မြေဆောင့်မှ တရုပ်ကောသင်သည်လည်း နက်မှောင်သော အစိမ်းရင့်ရောင် အရွက်အားအား ကြီးမျှားကြားမှ မြူတွတ်သော အဖွင့်ပျော်ကလေးများနှင့် တင့်တယ်လျက်ရှိသည်။

ကျောင်းသူအချို့ မြက်ခင်းပြင်ပေါ် တွင် ဟိုဟိုသည်သည် လမ်းသလားနေကြ၏။ သူတို့အဆောင်သို့ မလာဘူးသော စည့်သည်သစ် အောင်လတ်ကို ကွက်ကြည့် ကွက်ကြည့်နှင့် အကဲခတ်နေသည်။ ဘယ်ဝေါ်မဆီ လာရစ်တဲ့ ပေါ်လဲဟု သိချင်နေကြဟန်ရှိသည်။

"မသိဘူး၊ မရှိဘူး၊ ဒီမှာမနေဘူး၊ ပြောင်းသွားတာကြာလှပြီ"

နောက်တတ်သော ကျောင်းသူတဦး၏ ပြောသကြားအသံ။ အောင်လတ် ပြုံးလိုက်၏။ သူတို့ အများကြားထဲ ကိုယ်က ရောက်နေပြီကိုး။ ငဲ့လည်တာပေါ့။ အောင်လတ်တို့ ယောကျ်ားလေးများ ကြားထဲ မိန်းကလေးတချို့ ဖြတ်လျှောက်လာရင်လည်း အောင်လတ်တို့က နောက်ပြောင်ဘူးသည် မဟုတ်လား။ သို့သော် အောင်လတ်တို့သည် မိန်းကလေး အိမ်ရှေ့ဖျက်လောက်အောင်ထိ ဘယ်တုန်းကမှ မနောက်ခဲ့။

အောင်လတ်သည် အဆောင်စောင့် 'ဂိုရမ်း'ကို ခေလျှင်အစည် ပြော၏။ အခန်းနံပတ်ပြော၏။ စည့်သည်မှတ်တမ်း၌ လိုအပ်သည်များ ဖြည့်၏။ ပြီး စည့်ခန်းမှ ထိုင်စောင့်နေသည်။

ထွက်မတွေ့ပါမလား ဟူသော သံသယဓါးမိုးမိမိတ်သည် ပျောက်မသွားသေး။ "ဘယ်သူများလဲလို့"

အောင်လတ် လာမှန်းသိပြီးသားကိုလည်း'ဘယ်သူများလဲ'ဟု ပြော၏။ ကောင်းမရို ကောဇး ရှာခြင်း ဖြစ်ရည်လေ။ ဝေသည် အဝါနုရောင် ဘလောက်စ် အင်္ကျီပျော့ကလေးနှင့် ပါတိတ်လုံချည် မြေနီရောင် ပျောက်ကျား ဝတ်ထားသည်။ ရှည်လျားသော ဆံပင်တို့ကို ဘီးကျော်ဝတ် ဝတ်ထား၏။ သူသည် ပြင်ဆင်ခြယ်သခြင်း မရှိဘဲလျက်လည်း လှနေ၏။ **နဲ့သာခမွှန်း ဘောမဆုံးလည်း ချစ်ဆုံးသူမို့ လှပါသည်။** အောင်လတ်နှင့် တမုံခြား၍ ထိုင်သည်။

"ဘယ်ကလှည့်လာလဲ ကိုအောင်လတ်"

သူ့ဆီကို တမင်အလည်လာမှန်း သူ သိပါသည်။

"မဆေဆီပါဘဲ"

အောင်လတ်သည် 'မဆေ'ဟု လွှတ်ကနဲ ခေါ် မိပြီးမှ အားနာသွားသည်။ ဝေလွင်ကလည်း 'မဆေ' ဟူသော အသုံးအနှုန်းကြောင့် အောင်လတ်ကို မျက်တောင် တချက်မျှ လှမ်းကြည့်ပြီး မျက်လွှာချလိုက်ရသည်။ မကျေနပ်သည်လား။ မဟုတ်ပါ၊ မဆေ ဆိုသော အခေါ် အဝေါ် လေးကိုပင် သဘောကျနေသလို။

"မဆေလို့ဘဲ ခေါ် မယ်နော်"

ဝေသည် မျက်ရယ်ကလေး ရယ်လိုက်သည်။ ဟာသလည်း မဟုတ်ပါ မဆေ။

"ဟုတ်ကဲ့ ခေါ် ပါ၊ ကျမကို မိဘ မောင်နှမတွေကလဲ မဆေလို့ဘဲ ခေါ်ကြပါတယ်"

အမှန်ကမူ သူ့ကို မေမေက 'ဝေလေး' ဟုခေါ် သည်။ ဝမ်းကွဲ မောင်နှမများက 'မိဆေ'ဟုရင်း၊ မဆေ ဟုရင်း ခေါ် ကြသည်။ 'မဆေ'ဟု ခေါ် တာ 'သူ' တယောက်ထဲ။ အောင်လတ်က အားကျမခံပါ။

"ကျနော့်ကိုလဲ ညီအကိုမောင်နှမတွေက 'ကိုအောင်'လို့ ခေါ် ကြတယ်"

ဝေ အခက်တွေ့သွားသည်။ သူ့ကို 'ကိုအောင်'လို့ ခေါ် ခိုင်းနေပါပကော။ အေးလေ ကိုအောင်ဆိုတဲ့ အခေါ် လေးက လှသားဘဲ။

"ဟုတ်ကဲ့၊ ကျမကလဲ ကိုအောင်လတ်ကို မောင်နှမ ရင်းများလို သဘောထားပါတယ်၊ ဒီတော့ ကိုအောင်လို့ ခေါ် ပါ့မယ်"

မဲ့ပေဦးတော့ အောင်လတ်ရေ။ စကားဦးက စကားလမ်းတွေ လွှဲဖမ်းနေသည်။ ဆီး၍ ပိတ်ထားသည်။ မောင်နှမရင်းများလို သဘောထားပါသတဲ့။

"ဟုတ်တယ်နော်၊ ဒီတက္ကသိုလ်နယ်မြေဟာ ပြည်ထောင်စုကြီး တခုလုံးမှာရှိတဲ့ ညီအကို မောင်နှမ သွေးရင်းသားရင်းတွေ တွေ့ဆုံ စုစည်းတဲ့နေရာ၊ သွေးစည်းညီညွတ်တဲ့ အရပ်၊ အထက်မြက်ဆုံး၊ အတက်ကြွဆုံး၊ အပျော်ရွှင်ဆုံးအရွယ် လူငယ်တွေ ပေါင်းစည်းမိတဲ့နေရာ၊ အနာဂတ်အတွက် မျှော်လင့်ချက် အပေးနိုင်ဆုံးနေရာ၊ ကျနော်တော့ တက္ကသိုလ်မြေကို ချစ်တယ်၊ မြတ်နိုးတယ်၊ မဆေရော"

"ချစ်တာပေါ့"

"ဘာကိုလဲ မဆေရဲ့" အောင်လတ် အပြုံးနှင့် မေးသည်။ ဝေ ရှက်ရယ် ရယ်ပြန်၏။

"တက္ကသိုလ်ကိုပေါ့ ကိုအောင်ရဲ့" နှစ်ယောက်စလုံး ရယ်ကြပြန်သည်။ ဘာတွေများ သဘောကျနေကြပါလိမ့်။

"ဟုတ်တယ် ဒီတက္ကသိုလ်ကနေ နိုင်ငံအတွက် ကိုယ်ကျိုးစွန့်တဲ့၊ တိုက်ပွဲဝင် သူရဲကောင်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ မွေးထုတ်ပေးတယ်၊ ဒါပေမယ့် မဆေရယ် တက္ကသိုလ်က မွေးထုတ်ပေးတဲ့ ပညာရှင်တိုင်းကို နိုင်ငံအတွက် အသုံးမချနိုင်သေးဘူးအစွမ်းပြစရာ ကွင်းမရှိဘူး ဖြစ်နေသေးတယ်၊ အဲဒါကတော့ ဝမ်းနည်းစရာ ကောင်းတယ်၊ အေးလေ တနေ့နေ့တော့ ကျနော်တို့ မျှော်လင့်ထားတဲ့၊ စိတ်ကူးထားတဲ့အတိုင်း ဖြစ်လာမှာပေါ့"

အောင်လတ်သည် ကြားဘူးနားဝ ရှိသည်များကို ပြောနေပြန်ပြန်သည်။ တရားဟောဆရာမြင့်လည်း မဟုတ်ပါဘဲ တရားဟောနေသည်။

"ကိုအောင်က နိုင်ငံရေး ဝါသနာပါတယ်ထင်တယ်"

"ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအရေးကို ကိုယ်က ဝါသနာမပါရင် ဘယ်သူက ဝါသနာ ပါနိုင်မှာလဲ၊ ကျနော်တို့ နိုင်ငံအတွက် ကျနော်တို့မှာဘဲ တာဝန်ရှိတာပေါ့၊ မဟုတ်ဘူးလား"

အောင်လတ်သည် လူငယ်ထုံးစံအတိုင်း တက်ကြွနေ၏။ တချိန်ချိန်တွင် သူ့အနည်ထိုင်ပါလိမ့်မည်။ ထိုအချိန်ကျလျှင် သူပြောနေသော နိုင်ငံတော်အတွက် သူသည် သိတဖွင့်ထောက်သာရှိကြောင်း ဆင်ခြင်မိနိုင်မည် ထင်ပါ၏။

ကျောင်းသားရေးရာ၊ မြို့နယ်အသင်းကိစ္စ၊ နိုင်ငံတကာရေးရာ၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်တို့၏ စစ်အေးတိုက်ပွဲ၊ တရုပ်ပြည်သူ့ သမ္မတနိုင်ငံ၏ ထူထောင်ရေးများ၊ ကျူးဘားတော်လှန်ရေးနှင့် ကပ်စထရို စသဖြင့် တွေ့ရာလေသေါး စကားတွေ ပြောဖြစ်သည်။

ဝေသည်လည်း နားလည်တချက် မလည်တချက်၊ ဖွင့်ဟလှည့် ပျော်လှည့်ဖြင့် 'အင်း' လိုက်နေရသည်။ အဆောင်သူများကမူ 'အတွဲသစ်' ဖြစ်သော သူတို့ကို အကဲခတ်ကြ၏။ သုံး လေးနှစ်မျှ 'ဧည့်သည်' ဟုတ်တိပတ်တိ မလာဘူးသော ဝေ ကိုလည်း အံ့သြနေကြ၏။ အောင်လတ် မည်မျှ စကားပြောကျွမ်းနေမိသည် မသိ။

"ဟိုးအားပေါ်ဆုံး တရားဟော ဆရာကြီးရဲ့၊ ဧည့်ချိန်ကုန်ခါနီးနေပြီ"

ဝေ သတိပေးတော့မှ အောင်လတ် သတိပြုမိသည်။ "ဟုတ်ပါရဲ့ ကျွန်တော် ပြန်တော့မယ်"

ပြောပြောဆိုဆိုပင် ထလိုက်သည်။ အမှန်ကမူ ရုတ်ရုတ်နှင့် ထလိုက်ခြင်း ဖြစ်သည်။ ဝေ ရယ်ချင်သွားသည်။ သို့သော် မရယ်ဖြစ်ပါ။ ပြုံးတော့ ပြုံးမိ၏။

"နောက် အားတဲ့အခါလည်း လာလည်ပေါ့ကိုအောင်၊ ကိုအောင်နဲ့ စကားပြောရတာ ပျော်စရာတော့ ကောင်းပါတယ်"

သူ့အပြုံးသည် လှောင်ပြုံးများ ဖြစ်လေမလားဟု စဉ်းစားမိပြီး တဟားဟားအား ဖိတ်မိပြန်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ကျွန်တော် လာခဲ့ပါ့မယ်၊ တော်ကြာ သီရိရွှေမှာ တံခါး ထိုးနေရဦးမယ်"

"ဘာဖြစ်လို့"

"ကျွန်တော် လာလွန်းတော့ ချောင်းပေါက်သွားလို့ပေါ့၊ အဲဒီချောင်းကို ကျော်တို့ တံတားထိုးရမှာ"

နှစ်ယောက်သား ရယ်ကြပြန်သည်။ ဘာဖြစ်လို့များ ပြက်လုံးမဟုတ်တဲ့ ဟာဟာ ရယ်နေကြပါလိမ့်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

အောင်လတ်အတွက် အလုပ်တခုရှိလာပြီဖြစ်၏။ ကျောင်းတက်၊ စာဖတ်၊ စာအုပ်ဆိုင် ကိစ္စလုပ်၊ အသင်းအပင်း ကိစ္စ စည်းဝေး၊ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင် စသည့် အလုပ်များအပြင် အကျိုးမဲ့ပူကျ ဝင်၍ ညနေစောင်း ဧည့်ချိန်များတွင် သီရိသို့ အမြဲအမြဲ သွားရသော အလုပ်ပါ ပိုလာ၏။ ထိုအလုပ်အပြင် အခြားတာဝန်တခုလည်း ရှိပါသေး၏။ ၎င်းမှာ နံနက်ခင်း စောစောထ၍ နှင်းဆီခြံသို့ သွားပြီး ပန်းဝယ်၊ ဝေလှိုင် ကျောင်းအသွားကို လာစောင့်၊ ပြီး ပန်းဆက်။ ထိုသို့သော တာဝန်တွေ တွေ့ရာတွေ များလာသဖြင့် သူငယ်ချင်းများနှင့် အနေနည်း လာသည်။ ထို့ကြောင့် သူငယ်ချင်းများက သူ့အား ရှုံ့ချကြ၏။

"အောင်လတ်တကောင်တော့ လူစင်စစ်ကနေ 'ပန်းတော်ဆက်' ဘဝကို ပြောင်းသွားပြီ"

"အလကားပေါ့ကွာ၊ ဖြစ်ဖြစ် မြောက်မြောက်လဲ မဟုတ်ပါဘူး၊ အဆောင်သွားလည်၊ စကားပြောတော့ နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ အဆောင်ပဟင်းက ညံ့တယ်နော်၊ နေကလဲ ပူလိုက်တာ၊ ဘာတွေတွေ ဖတ်ဖြစ်သေးလဲ၊ ပြန်မယ်နော်၊ မိုးစရာရှိ ပြောပေါ့ဆိုပြီး ထပြန်မဲ့ဟာကဲ ဖြစ်မှာပါ၊ အဲဒီတော့ ငဆိုး၊ ဆယ်တွေလောက်မှာ ထိုင်ပြီး မကြည့်ရဲ ကြည့်ရဲ မိုးကြည့်တာလောက်ကဲ ရှိမှာ"

"အေးဗျ ၊ သူ့အကြည့်တော့ ရင်ထဲက ချစ်တာပါတဲ့၊ ရုတ်ချင်းကြီး လာပြော ကောက်ရိုးပုံ ဆိုတာ ရိုင်းပါတယ်တဲ့၊ ချစ်ခြင်းမေတ္တာဆိုတာ နူးညံ့သိမ်မွေ့တယ်ပါတယ်တဲ့၊ ဖွင့်မပြောဘဲ ချစ်နေရတဲ့ အံ့ပုန်းချစ်ဟာ ဘယ်လောက် အရသာရှိသလဲတဲ့၊ ကြောင်ပါကွာ၊ အဲဒီတော့ အံ့ပုန်းလုပ်နေတာနဲ့ လက်ဖြန့်တဲ့ကောင် လက်ထဲ ပါသွားလိမ့်မယ်၊ စောင့်ကြည့်နေ"

"ဟော ဒို့ ဒီကောင်ကို လက်တွေ့ပြကြရအောင်ကွာ"

ကျော်စိန်က စီမံကိန်းတခု ချ၏။

"ကိုယ်ကြိုက်တဲ့ အမျိုးသမီး ကိုယ်လိုက် စကားပြောရမယ်၊ ဒို့အထဲက တကောင်ကောင်တော့ ဒီကောင့်ထက် တော့ပြီးနိုင်မှာပဲ၊ မဟုတ်ဘူးလား"

"တောတောချွဲသဲ တော့ပြီးအရိုက်ခံရလို့ ဟုတ်လေမြဲဖြစ်နေမယ်"

ရွှေချွေးက သူ့ကိုယ်သူ စိတ်ချ ဖြစ်နေ၏။ ဟုတ်လဲ ဟုတ်ပါသည်။ သူ့ရောင်ကြီးရွှေနှင့် အတယ် မိန်းကလေးက ကျပါရည့်နည်း။ သို့သော် သူသည် သူ့ရောင်တထုံးကို ဘယ်တော့မှ အဆုံးခံမဲ့ဘု ဆုံးဖြတ်ထား၏။ သို့နှင့် သူတို့သည် ရည်းစားထားရေး စီမံကိန်းကို စတင်အကောင်အထည် ဖော်ကြတော့သည်။ ဦးစွာ အစွမ်းပြသူကား ကျော်စိန်ဝင် ဖြစ်သည်။ ကျော်စိန်သည် တတန်းထဲသူ ဘာသာတွဲတူသူ၊ နွယ်နွယ်ကို မျက်စိကျ၏။

"ဒီမှာ ဒီမှာ"

တနေ့ နွယ်နွယ် အတန်းဆင်း အဖော်ကွဲလာချိန်တွင် ကျော်စိန်လိုက်ပြော၏။

"ဘာဒီမှာလဲ"

နွယ်နွယ်၏ တုံ့ပြန်ချက်ကား သာယာနာပျော်ဖွယ် ရှိပါ၏။ ကျော်စိန်ဆိုသည်မှာလည်း ကျော်စိန်ပါ၊ မစေပါ။

"ဒီမှာလေ" သူ့ကိုယ်သူ လက်ညှိုးနှင့် ထောက်ရင်း ပြ၏။ နွယ်နွယ် ရယ်ချင်ချင်ဖြစ်သွားသည်။

"ခင်ဗျား ကျွန်မကို မမှတ်မိဘူးထင်တယ်"

"မမှတ်မိပါဘူး"

"သေသေချာချာ ကြည့်စမ်းပါဦးလေ"

"မလိုပါဘူး"

"လိုပါလိမ့်မယ် ထင်ပါရဲ့"

"ရှင် မနှောင့်ယှက်နဲ့နော်"

"နှောက်ယှက်တာမဟုတ်ပါဘူး၊ ကိစ္စကလေးတခုရှိလို့"

"ရှင်နဲ့ ကျွန်မ ကိစ္စမှ မရှိတာ"

"ကျွန်တော်က ကိစ္စရှိနေတာ"

"ရှင်နော်"

"ပြန်စဉ်းစားပါဦးလေ၊ ကျွန်တော်ကို ခင်ဗျားမှတ်မိမှာပါ၊ တခါတုန်းက ခင်ဗျား အတန်းထဲအဝင် လှေတက်တိုက် လဲမလိုဖြစ်တော့၊ ကျွန်တော်တို့ ဝိုင်းရယ်ကြတာလေ"

"ဘယ်တုန်းကမှ လှေတက်မတိုက်ဖူးဘူး"

"နဲနဲတော့ မျှောပါတယ်"

"ရှင်တော်မလား မတော်ဘူးလား"

"ကျွန်တော်တော်ပါတယ်၊ တော်လို့လဲ တက္ကသိုလ်ရောက်တာပေါ့၊ ဟဲ ဟဲ"

"ရှင်နော် ကျွန်မ ဆရာနဲ့ သွားတိုင်လိုက်မယ်"

"ပေါ်သရေ့ထား မှာပေါ့ အကြီးရယ်၊ ကျွန်တော် မိကောင်းဖခင် သားပါ၊ ကျွန်တော်တို့ အမျိုးထဲမှာ အနောကြီးရောက်ပါသည် မရှိပါဘူး၊ ရွေးကောင်းမျိုးသန့်ပါ"

"ရှင်ဟာရှင် မျိုးကောင်းကောင်း ပျက်ပျက် ကျမနဲ့မဆိုင်"

"နဲနဲလေး သည်းခံပြီး စဉ်းစားလိုက်စမ်းပါဗျာ၊ ကျနော်တို့ ငယ်ငယ်တုန်းကလေ၊ ထုပ်ဆီးတိုးတုန်းက ခင်ဗျားက အတိုး ကျနော်က အတား၊ ဒွေးလား လုံးလားတောင် ဖြစ်ဖူးသေးတယ်"

"ဘာပြောတယ်၊ ဘာပြောတယ်"

"လူမိုက်စကားလေ"

"ဘာ..."

"စိတ်မဆိုးပါနဲ့ ဒီလိုပါ၊ ကျနော်က လူမိုက်လေ၊ ကျနော်က ပြောတဲ့စကားဆိုတော့ လူမိုက်စကားပေါ့ ဟုတ်ဘူးလား၊ လော့ဂျစ်နဲ့တောင် တွက်ပြလို့ ရသေးတယ်၊ ကျနော်သည် လူမိုက်ဖြစ်သည်၊ ကျနော်သည် စကားပြော၏၊ ထို့ကြောင့် ကျနော်ပြောသော စကားသည် လူမိုက်စကားဖြစ်၏၊ တဲ့"

"ကျမ အေးအေးဆေးဆေး ပြောနေတယ်၊ ရှင်ပြန်ပါ ဒါမှမဟုတ် ပါမောက္ခနဲ့ သွားတိုင်မယ်၊ ဒါဘဲ"

"နေပါဦး နေပါဦး၊ ကျနော် လွန်လွန်ကျူးကျူးများပြောမိလို့လား၊ ဒီလိုပါ ကျွန်တော် ခင်ဗျားကို နှောက်ယှက်တာ မဟုတ်ပါဘူး၊ အကူအညီလေး တခုတောင်းချင်လို့ပါ"

"ရှင့်ကိုဘာမှမကူညီနိုင်ဘူး"

"မသနားတော့ဘူးလားဗျာ"

"မသနားပါဘူး"

"စဉ်းစားပါဦးလေ၊ နောင်မှ နောင်တရနေဦးမယ်"

"အမယ် ကြီးကျယ်လိုက်တာ"

"ဟုတ်ကဲ့ ကျနော် အကြံကြီးပါတယ်၊ အမြင်ကျယ်ပါတယ်"

"ဟင်း"

နှယ်နှယ်မဲ့၏။

"ခင်ဗျား ကျနော်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူးလား"

"မဖြစ်ချင်ပါဘူး"

"စိတ်ကူးမလွဲပါနဲ့"

"ဒီမယ် ရှင်လိုက်ချင်ရင် ဆက်လိုက်မဲ့၊ ပါမောက္ခ အခန်းကို သွားမယ် ၊ ဒါဘဲ"

"မဟုတ်ပါဘူး၊ ကျနော့် အခက်အခဲလေး ဖြေရှင်းပေးသွားပါဦး"

"ခုကျပါဘဲနော်"

"ဒီလိုပါ ကျနော် မနက်က အိမ်ကအထွက် ပိုက်ဆံတကျပ်နဲ့ အကြွေနဲနဲကို ပိုက်ဆံအိတ်ထဲ ထည့်ပြီး ထွက်ခဲ့ပါတယ်၊ အဲဒါ ဘတ်စကားခလေးကို အကျီအိတ်ထဲနှိုက်၊ ပိုက်ဆံအိတ်ကိုထုတ်ပိုက်ဆံအိတ်ကိုဖွင့်၊ အကြွေတစေ့ထုတ်၊ ပိုက်ဆံအိတ်ကိုပိတ်၊ အကြွေတစေ့ကိုပေး၊ ဆယ့်ငါးပြား ပြန်အမ်း၊ ပိုက်ဆံအိတ်ကိုဖွင့်၊ ပိုက်ဆံဆယ့်ငါးပြား ပြန်ထည့်၊ ပိုက်ဆံအိတ်ကိုပိတ် "

"တော်ပါတော့ရှင်၊ အဲဒါကျမက ဘာလုပ်ပေးရမလဲ"

"အဲဒါ ကျနော် ငွေတကျပ် ကျပျောက်သွားလို့"

"အဲဒါဘာဖြစ်လဲ"

"ကျနော့်ကို ငွေတကျပ်လောက် ချေးပါလား"

နွယ်နွယ် စိတ်ညစ်ရမလို၊ ရယ်ရမလို၊ အခုနက္ကမှ နွယ်နွယ်သည် ကျော်စိန့်ကိုသိ၏။ မျက်စိရှင်းလည်း မဲ့ဘူး၏။ ပျော်ပျော်ရွှင်ရွှင် နေတတ်သူအဖြစ်လည်း သိသော၏။ သူတို့ မိန်းမလေးချင်းသာ သိသော နားရည်လဲ မသေသာ၏။ ကျော်စိန့်ကို သနပ်နဲ့ပုဂေါ် ၏။ အတန်းထဲတွင် ကောင်းရောရှိလျှင် ကျော်စိန့်ကိုအသံကို အကျယ်ဆုံး ကြားရ၏။ ထို့ကြောင့် ယနေ့ ကျော်စိန် လာကပ်ကတည်းက သိသည်။ တစုံ နောက်လိမ့်မည်ဟု။ နွယ်နွယ်သည် ကျော်စိန့် ပြက်လုံးကို ကြားရင်၍သာ ခေါသသလိုလိုနှင့် လက်မ ကောင်းပြန်နေခြင်းဖြစ်၏။ ကျော်စိန့်ပြက်လုံးကို ကြားပြီးနောက် သူတို့မိန်းမချင်း ပြန်ဆိုကြသောအခါ ပြန်ပြောရင်း ဟားရန်ဖြစ်၏။

ကျော်စိန်ကမူ ဤသို့မဟုတ် ။ ရည်အားစကား ပြောရန် ကြံစွယ်ရင်း ရှိ၏။ သို့သော် နွယ်နွယ်က ဆရာနှင့် တိုင်မည်၊ ပါမောက္ခထံသွားမည်ဟု ခြိမ်းခြောက်လိုက်သောကြောင့် ကြံမိကြံရာ ပိုက်ဆံချေးလိုက်ခြင်းဖြစ်သည်။ နွယ်နွယ် ဤသို့စဉ်းစားသည်။ သည်ငနဲကို ပိုက်ဆံတကျပ် ထုတ်ပေးလိုက်လျှင် ကိစ္စပြတ်မည်။ ယခု သူ့ပြက်လုံးလည်း ကြားပြီး၊ ရှန်ကြံသလို သဘောသဘောလိုက်မည်ဟု စိတ်ကူးပြီး ပွေ့ထားသော ဖွင့်၍ ငွေကျပ်တန်တရွက် ထုတ်ပြီး

"ကဲ ရော့ ခါဘဲမဟုတ်လား၊ ပြန်ဆပ်စရာမလိုဘူး နောက်ကိုလဲ လာမချေးနဲ့"

ဟန်ဆောင် အပေါက်ချက်နှာသောနှင့် ခပ်တည်တည် ပေးလိုက်၏။ ဒါကို ကျော်စိန် မယူသေး၊ ငွေကိုယူရင်း

"ဒီလို ဘယ်ဟုတ်ပါ့မလဲခင်ဗျာ၊ တဦးမေတ္တာ တဦးမှာဆိုသလို အသွားရှိရင် အပြန်ရှိရမပေါ့၊ ဘာတဲ့ရယ် မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်တော့ ရှိစမြဲဆိုတာ ကုလားသထန်တောင် သိပါတယ်ဗျာ၊ နောက်ပြီး ကျနော်တို့ ဇွဲဘာသာ မြန်မာလူမျိုးဆိုတာ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့ကြတာကလား၊ ကျေးဇူးတရားလဲ အလွန်သိ၊ ဒါကြောင့် မင်္ဂလာတရားတော်မှာ မြတ်စွာဘုရား ဟောကြားခဲ့တာပေါ့ အဲသေဝနာစ တာသနံ ပဋိသောမန္တသေနော ဆိုသလို"

"ကဲ တော်ပါတော့ရှင်၊ ကျမကဘဲ တောင်းပန်ပါတယ် ရှင်တန်းက မရှိရင် ကျမအကြောင်း ရှင်းသိသွားရမယ်"

နွယ်နွယ် ငေါ၍ ပြောလိုက်၏။ မျက်နှာရိပ်မှာလည်း တကယ်စိတ်တိုလာပြီဖြစ်ကြောင်း ထင်ရှားလာသဖြင့် ကျော်စိန် လှည့်ပြန်ခဲ့ရ၏။ ဆောင်မြင်စွာ တပ်ခေါက်ခဲ့ရ၏။ ဘယ်အချိန် အတီးခံရမလဲဟု ခပ်လှမ်းလှမ်းမှ လိုက်ကြည့် နေကြသော ရွှေသွေးတို့ အုပ်စုလည်း ဆပ်ပြုံးပြုံးနှင့် ကြိုကြ၏။

"ဘယ့်နှယ်လဲကွ၊ အတော်မှ ပေးကပ်လိုက်ကဲ့လား"

"ဆရာနဲ့ သွားတိုင်မယ်လုပ်လို့ ပိုက်ဆံချေးခဲ့ရတယ်"

"ဘာဆိုင်လဲ မင်းဟာက"

"ကြံမိကြံရာပေါ့ကွာ"

ဤအဖြစ်အပျက်များကို ဝေ နားသို့ ပေါက်ဆောင်ပို့သူကား ဆောင်လတ်ဖြစ်၏။ ဆောင်လတ်သည် ဝေ နှင့် တွေ့လေတိုင်း စကားမရှိ စကားရှာ၍သာ နေတတ်၏။ အခုန်မှာ စကားမရှိမဟုတ် ရှိသမျှ ရင်နှင့် အပြည့်၊ သူသည် သူပြောချင်လှသော ဝေ အလှရှုံ့မှုကိုသော်၎င်း၊ သူ့ရင်ထဲက တခုံခွေးခွေးဖြစ်နေသော ချစ်အကြောင်းများကို၎င်း၊ ဝေနှင့်တွေ့သောအခါ ဘာတခုမျှမပြောဖြစ်။ ဝေအလှ၌ နစ်မြောရင်း ဝေ လှုပ်ရှားမှုများကို မျက်တောင်မခတ် လိုက်ကြည့်ရင်း မှိုက်ကြီးဗိုလ်တို့ကို မိုး၍မိုး၍ကြည့်ရင်း ရေမှာရေလေပါး စကားလေရှားတွေကိုသာ ဆောင်စဉ်ရမရ လျှောက်ပြောတာ ဝေ အလှကသိတ်မှုရင်း အချိန်ကုန်သည်သာများ၏။ ဆောင်လတ် ဝေအဆောင်သို့ အလည်ရောက်တိုင်း ဝေသည် လှောလှောလျှောလျှော ထွက်တွေ့လေ့ရှိ၏။ သို့ရာတွင် ဝေ၏ ဆက်ဆံမှုသည်

သာမန်မိတ်ဆွေသက်မရှိ။ သည့်လိုပင် အောင်လတ်သင်၏။ ထို့အတွက် သူ့နှုတ်စည်းမဲ့ရ၏။ ဝေသည် အောင်လတ်နှင့် တွေ့သည့်အခါတိုင်း တခါတရံ ဖျက်လုံးပျံကြီးများ တွေ့သွားသည့်မှအစ ရယ်ရင်း ရွှန်းရင်း ရင်းနှီးရင်းသင် ပြောဆို၏။ စိတ်ပါလေသည့်လား စိတ်မပါလေသည့်လားတော့ မသိ။ ဝေ အစုအဟောကမှ စိတ်ပါလက်ပါ စကားများဆိုသကဲ့သို့ ဆို၏။ တခါတရံ ရုပ်ရှင်အကြောင်း၊ တခါတရံ ဝတ္ထုအကြောင်း၊ တခါတရံ ကျောင်းသမိန်းစာများအကြောင်း၊ တခါတရံ ကျောင်းသားရေးရာများအကြောင်း။ သို့ရာတွင် အချစ်အကြောင်း ဘက်သို့ စကားဦးမသန်း၊ အောင်လတ်ကြိုးစား၍ အချစ်အကြောင်း အရိပ်အမြွက်မျှ စကားစလျှင်လည်း ဝေသည် စကားလွှဲပစ်တတ်၏။

"မနေ့က ဝေ့ကို အစိမ်းဝတ်လမ်းအပေါ် မှာ တွေ့လိုက်မိသားဘဲ"

"ဘာလို့ မနှုတ်ဆက်လဲ"

"အော် မမှတ်မိမှာစိုးလို့ပါ"

"ကိုအောင့်ကိုများ မမှတ်မိမှာစိုးရတယ်လို့"

"သိဘူးလေ၊ လမင်းကြီးကို လူတိုင်းက သိပေမယ့် လမင်းကြီးကတော့ လူတိုင်းကို ဘယ်သိနိုင်ပါ့မလဲ"

"အံမယ်၊ ဒီက လမင်းကြီးမဟုတ်ပါဘူးနော်"

ဝေ့ရှု စကားစ ပြတ်သွား၏။ အောင်လတ် တစုံတရာကို ဆက်ပြောရည်ကြံနေစဉ်မှာပင် ဝေက

"အင်း အခမေရိကန်နဲ့ ရုရှားနဲ့ လကမ္ဘာကို ဘယ်သူအရင်ရောက်မင် လုပ်နေကြတယ်နော်"

သည့်လို စကားလွှဲပစ်နိုင်စွမ်းရှိ၏။ သည့်တော့အောင်လတ်က

"နိုင်ငံကြီးတွေက နိုင်ငံငယ်တွေအပေါ် ....."စသဖြင့် ဆိုင်ရာသို့ စကားရောက်ဖြစ်တော့သည်။

သည့်လိုနှင့် ရည့်တစ်ချိန်ကုန်ပြန်သည်။ အောင်လတ်ပြောချင်သည်က ဓမ္မဝေသည် ဖိုးလမင်းကြီးကဲ့သို့ လှကြောင်း၊ လမင်းနှင့် အလှပြိုင်ကြောင်းပညာအခါ လမင်းကိုကြည့်မိလျှင် မဝေကို သတိရမိပါကြောင်း စသဖြင့်...သို့သော် အပြန်လမ်းတိုင်းတွင်မှ အောင်လတ်စိတ်ထဲ၌မှ မချင့်မရဲ ဖြစ်မြဲ။ မိမိကိုယ် မိမိ ဒေါသူမနပ် ဖြစ်မြဲ။ သို့သော် မတတ်နိုင်။ သူကိုယ်၌ကမှ မပြတ်သားဘဲ။ အောင်လတ်သည် ကိုယ့်အကြောင်း ကိုယ်စဉ်းစားမိတိုင်း ကိုယ့်ကိုကိုယ် အပြစ်တင်ဖြစ်သည်။ နှုတ်ဆွံ့သော၊ မပြတ်သားသော၊ သတ္တိမရှိသော၊ တွေဝေသော၊ ရင်မဆိုင်ရဲသော စသည့် စသည့် အားနည်းချက်များ ပြည့်သော မောင်အောင်လတ်ပါလေ ဟု...

အောင်လတ်ချည်းသာလျှင် မိမိကိုယ်မိမိ အပြန်ရှင်း စဉ်းစားဖြစ်သည်မဟုတ်ပါ။ ဝေလည်း အောင်လတ် ပြန်သွားတိုင်း စဉ်းစားဖြစ်၏။ ဝေသည် အောင်လတ်ကို ဘယ်လိုမှားသည့်ရှည် မသိ။ သူ ဝေ့ကို စိတ်ဝင်စားကြောင်း သိသာသည်။ တနေ့နေ့တွင် ဝေ့ကို ချစ်ရေးဆိုလိမ့်မည် ထင်၏။ ဝေကလည်း ချစ်ရေး ဆိုစေချင်ပါသည်။ သို့သော် ထိုတနေ့နေ့ကား ဘယ်အခါမှ ရောက်လာမည့် တနေ့နေ့လည်း မသိ။ သို့မဟုတ် အောင်လတ်သည် ဝေ့ကို ရိုးရိုးပင် ခင်မင်နေသလော။ သည့်သို့လည်း မဟုတ်နိုင် သူ့မျက်လုံးများက အမြဲ စကားပြောနေသည်။

ဝေ အစဉ်းစားကြပ်၏။ သို့ရာတွင် ဝေသည် အတွေ့အကြုံ မရှိသေးသူ မဟုတ်။ ထိုသို့ ဆင်ခြင်မိတိုင်း မောင်မောင်တင့်ကို သတိရသည်။ သူ့တုန်းက ဝေက မျှော်လင့်ရသူ။ သူက အမျှော်လင့်ခံ။ ဝေက သူ့စကားအစကို မျှော်လင့်နေရသူ။ သူဘယ်တော့ ပြောပါလေမလဲဟု တထိတ်ထိတ် စောင့်နေခဲ့ရ၏။ ခုမှ အောင်လတ်က မျှော်လင့်သူ၊ ဝေက အမျှော်လင့်ခံ။ ဝေ ဘယ်တော့များ ရေသာမြောင်းပေး စကားဆိုလေမည်နည်းဟု အောင်လတ် မျှော်လင့်နေလေလိမ့်မည်။ ဝေကလည်း ပြောချင်သလိုလို ရှိ၏။ သို့သော် ယောကျ်ားဟူသော အချို့ကြောင့် ကြောက်နေ၏။ ယောကျ်ားဆိုသည်မှာ ကြောက်စရာသတ္တဝါ မဟုတ်ပါလား။ ထို့အပြင် ယောကျ်ားတယောက်၏

သာမန်မိတ်ဆွေယောက်မျိုး။ သည့်လိုပင် အောင်လတ်ထင်၏။ ထို့အတွက် သူ့နှုတ်စည်းမဲ့ရ၏။ ဝေသည် အောင်လတ်နှင့် တွေ့သည့်အခါတိုင်း တခါတရံ ဖျက်လုံးခွဲကြီးများ တွေ့သွားသည့်မှအစ ရယ်ရင်း ရွှန်းရင်း ရင်းနှီးရင်းပင် ပြောဆို၏။ စိတ်ပါလေသည်လား စိတ်မပါလေသည်လားတော့ မသိ။ ဝေ အမူအယာကမူ စိတ်ပါလက်ပါ စကားများဆိုသကဲ့သို့ ဆို၏။ တခါတရံ ရုပ်ရှင်အကြောင်း၊ တခါတရံ ဝတ္ထုအကြောင်း၊ တခါတရံ ကျောင်းသမိုင်းစာများအကြောင်း၊ တခါတရံ ကျောင်းသားရေးရာများအကြောင်း။ သို့ရာတွင် အချစ်အကြောင်း ဘက်သို့ စကားဦးမသန်း၊ အောင်လတ်ကြိုးစား၍ အချစ်အကြောင်း အရိပ်အမြွက်မျှ စကားစလျှင်လည်း ဝေသည် စကားလွှဲပစ်တတ်၏။

"မနေ့က မေကို အမိတော်လမ်းမပေါ် မှာ တွေ့လိုက်မိသားဘဲ"

"ဘာလို့ မနှုတ်ဆက်လဲ"

"ဟော် မမှတ်မိမှာစိုးလို့ပါ"

"ကိုအောင့်ကိုများ မမှတ်မိမှာစိုးရတယ်လို့"

"သိဘူးလေ၊ လမင်းကြီးကို လူတိုင်းက သိပေမယ့် လမင်းကြီးကတော့ လူတိုင်းကို ဘယ်သိနိုင်ပါ့မလဲ"

"အမယ်၊ ဒီက လမင်းကြီးမဟုတ်ပါဘူးနော်"

ဝေ၏ စကားစ ပြတ်သွား၏။ အောင်လတ် တစုံတရာကို ဆက်ပြောမည်ကြံနေစဉ်မှာပင် ဝေက

"အင်း အမေရိကန်နဲ့ ရုရှားနဲ့ လကမ္ဘာကို ဘယ်သူအရင်ရောက်မင် လုပ်နေကြတယ်နော်"

သည်လို စကားလွှဲပစ်နိုင်စွမ်းရှိ၏။ သည့်တော့အောင်လတ်က

"နိုင်ငံကြီးတွေက နိုင်ငံငယ်တွေအပေါ် ...."ဟုသာဖြင့် ဆိုင်ရာသို့ စကားရောက်ဖြစ်တော့သည်။

သည်လိုနှင့် စည့်တချိန်ကုန်ပြန်သည်။ အောင်လတ်ပြောချင်သည်က ဝေ့မှာသည် မိုးလမင်းကြီးကဲ့သို့ လှကြောင်း၊ လမင်းနှင့် အလှပြိုင်ကြောင်းညအခါ လမင်းကိုကြည့်မိလျှင် ဝေကို သတိရမိပါကြောင်း သာဖြင့်...သို့သော် အပြန်လမ်းတိုင်းတွင်မူ အောင်လတ်စိတ်ထဲ၌မူ မချင့်မရဲ ဖြစ်မြဲ။ မိမိကိုယ် မိမိ ဒေါမနဿ ဖြစ်မြဲ။ သို့သော် မတတ်နိုင်။ သူကိုယ်၌ကမူ မပြတ်သားဘဲ။ အောင်လတ်သည် ကိုယ့်အကြောင်း ကိုယ်ချင်းစားမိတိုင်း ကိုယ့်ကိုကိုယ် အပြစ်တင်ဖြစ်သည်။ နှုတ်ဆွံ့သော၊ မပြတ်သားသော၊ သတ္တိမရှိသော၊ တွေဝေသော၊ ရင်မဆိုင်ရဲသော စသည့် စသည့် အားနည်းချက်များ ပြည့်စုံသော အောင်အောင်လတ်ပါလေ ဟု...

အောင်လတ်ရှုသည်သာလျှင် မိမိကိုယ်မိမိ ဝေခန်းရင်း စဉ်းစားဖြစ်သည်မဟုတ်ပါ။ ဝေလည်း အောင်လတ် ပြန်သွားတိုင်း စဉ်းစားဖြစ်၏။ ဝေသည် အောင်လတ်ကို ဘယ်လိုနားလည်ရမည် မသိ။ သူ ဝေ့ကို စိတ်ဝင်စားကြောင်း သိသာသည်။ တနေ့နေ့တွင် ဝေ့ကို ချစ်ရေးဆိုလိမ့်မည် ထင်၏။ ဝေကလည်း ချစ်ရေး ဆိုစေချင်ပါသည်။ သို့သော် ထိုတနေ့နေ့ကား ဘယ်အခါမှ ရောက်လာမည့် တနေ့နေ့လည်း မသိ။ သို့မဟုတ် အောင်လတ်သည် ဝေ့ကို မိုးမိုးပင် မင်မင်နေသလော။ သည်သို့လည်း မဟုတ်နိုင် သူ့မျက်လုံးများက အမြဲ စကားပြောနေသည်။

ဝေ အခဲစားကြပ်၏။ သို့ရာတွင် ဝေသည် အတွေ့အကြုံ မရှိသေးသူ မဟုတ်။ ထိုသို့ ဆင်ခြင်မိတိုင်း အောင်အောင်တင့်ကို သတိရသည်။ သူတုန်းက ဝေက မျှော်လင့်ရသူ။ သူက အမျှော်လင့်ခံ။ ဝေက သူ့စကားအစကို မျှော်လင့်နေရသူ။ သူဘယ်တော့ ပြောပါလေမလဲဟု တထိတ်ထိတ် စောင့်နေခဲ့ရ၏။ ခုမူ အောင်လတ်က မျှော်လင့်သူ၊ ဝေက အမျှော်လင့်ခံ။ ဝေ ဘယ်တော့များ ရေလာမြောင်းပေး စကားဆိုလေမည်နည်းဟု အောင်လတ် မျှော်လင့်နေပေလိမ့်မည်။ ဝေကလည်း ပြောချင်သလိုလို ရှိ၏။ သို့သော် ယောကျ်ားဟူသော အစွဲကြောင့် ကြောက်နေ၏။ ယောကျ်ားဆိုသည်မှာ ကြောက်စရာသတ္တဝါ မဟုတ်ပါလော။ ထို့အပြင် ယောကျ်ားတယောက်၏

အနှစ်နှစ် အလလ က စုဆောင်းထားသော အချက်အလက်တို့သည် စိတ်အစဉ်တွင် မှတ်သားပြီး၊ အဖြေထုတ်ပြီး အသင့်ရှိ၏။ လိုအပ်သောအချိန်၊ လိုအပ်သော ဆုံးဖြတ်ချက်ကို ထုတ်ပေးနိုင်စွမ်း၏။

"ကျွန်တော်ပြောဘူးရင် မေမေ အရင်ဆုံးသိစေရမှာပါ"

ဆွေကို ကျင်စက်နှင့်တို့သည်သို့ မဲ့အားရသည်။ ထိုစဉ်မှာအတွင်း သူတို့နှစ်ယောက်၏ စိတ်အစဉ်သည် အလုပ်ပေါင်းများစွာကို မရေမတွက်နိုင်အောင် လုပ်ထားသည်။

ဆွေ ဦးဆောက်သည် နလုံးသားနှင့်အပြိုင် အလုပ်ရှုပ်နေသည်။ ဆောင်လတ်၏ နလုံးသားသည်လည်း ဦးဆောက်နှင့်အပြိုင် အလုပ်ရှုပ်နေသည်။သို့ရာတွင် လျှင်မြန်မှုနှုန်းကား တွက်ချက်၍ မရနိုင်လောက်အောင်ပင်။

ဆွေသည် ဤအချိန်၌ အပြောသင့်ဆုံးစကားကို တွေး၍ ပြောဖြစ်သည်။

"မေမေတို့လည်း ကြိုသိပါရစေနော်၊ ယောင်းမလောင်း ဘယ်သူဘယ်ဝါဆိုတာ"

တွေ၍ ဆေလွှန်းသော 'ဆွေ'နှင့်

ဆေ၍ တွေလွန်းလှသော 'ဆောင်'

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၅ )

တက္ကသိုလ်ပရဝုဏ်၏ ညများကား ကြည်နူးဖွယ်၊ မိန်းမောဖွယ်ရာ ညများရှိသကဲ့သို့ ငဲ့မွှက်သည့် ညများလည်း ရှိပါ၏။ များစွာသော ညတို့မှာမူ ကြည်နူးသာယာ ပျော်မောဖွယ် ညများသာ ဖြစ်ပါ၏။ ယောကျ်ားလေးများအနေသော အဆောင်များသည် အခန်းတိုင်း မီးလင်းလှမရှိ။ အခန်းတံခါးပိတ်၊ မီးမှိတ်၍ အပြင်ထွက်ကြသည်သာ များ၏။ စည်းကမ်းအရ ညဘက်တွင် အဆောင်သူများ အဆောင်နှင့် ဝေးရာနေရသဖြင့် မိန်းကလေးဆောင်များသည် မီးထိန်ထိန်ညီးမြဲ။

တက္ကသိုလ် ကျောင်းသားအများစုသည် မိန်းကလေးအဆောင်များသို့ ခြေဦးလှည့်ကြ၏။ မိမိရည်ငံနေသော၊ မရည်ငံတင်ဖြစ်နေသော၊ ရည်ငံပြီး၍ မရည်ငံတော့သော စသောစသော မိမိရည်စူးရာ မိန်းကလေးရှိသည့် အဆောင်ရှေ့သို့ စုဝေးရောက်ရှိပြီး အချို့ကလွမ်း၏၊ အချို့ကပျော်၏၊ အချို့ကမှိုင်၏၊ အချို့ကမူ ဆောင်၏။

အချို့ကျောင်းသားတို့သည် ရုပ်ရှင်ရုံဘက်ဦးတည်ကြသည်။ အချို့မူ အရက်ဆိုင်အချို့ကမူ လမ်းကြိုလမ်းကြားအချို့က ဖဲဝိုင်းအနံ့လိုက်စမ်း၏။ အချို့သော အချို့သာ အဆောင်မြဲ၍ စာဖတ် စာကျက် လုပ်ကြ၏။ များစွာသောအချို့တို့ကား အသင်းအဝင်းကိစ္စ စည်းဝေးတိုင်ပင် ဆုံးဖြတ် အလုပ်နှင့် ရှိကြ၏။

တက္ကသိုလ်အနီးများတွင် အခန်းငှားနေထိုင်ကြသော ကျောင်းသားများသည်လည်း ဖော်ပြခဲ့သော အလုပ်များထဲမှ တခုမဟုတ် တခုကို လုပ်နေကြမြဲ ဖြစ်သည်။

"ဒါ့မှ ငယ်ကလုံးကြီးနဲ့ သူပုန်တို့က သီဆိုမှ ပီပီကျွိကျွိကြည်ကြည်နှင့် ဟီတို့တို့အတွက်၊ ရှေ့ဘိမှ လေမှိုးခနကျိ့နဲ့ ဆေးမလိုတို့က စာလောမှ သာယာလောဘဘာနဲ့ မှာနှာတို့အတွက်"

ကျော့စိန်သည် အဆော်ပြကြီးနှင့် သီချင်းရှေ့တွင် ဆော်နေ၏။အဆောင်သူများကမူ ပြက်လုံးများထောင်သကဲ့သို့သာ ရှိ၏။ ကျော့စိန့်ရှေ့သွား၊ ဆေးသန်တို့သည် ဆောင်လတ်ကို ဖြောက်ပေးပြီး သီချင်းရှေ့သို့ ခေါ် လာခဲ့ခြင်းဖြစ်၏။ သီချင်းဆိုကြရည်ဟု တိုင်ပင်ထားသည်။ သို့ရာတွင် ကျော့စိန်က ရောက်ရောက်ချင်း ဟဒယရွှင်ဆေး တိုက်ကျွေး နေလေသည်။

"ခမ်းကိုင်းမှ ငကိုင်းနေထိုင်းနဲ့ တလိုင်းတို့က ပဲရွှေမှ ငယ်းသူမိုးနဲ့ ငနီးတို့အတွက်…"

"ယောကောင် တော်တော့ကွာ၊ ငါသီချင်းဆိုမလို့"

ရွှေဗျေးသည် ကျော်စိန့်လက်ကိုဆွဲ၍ ထိုင်ခိုင်းလိုက်သည်။ မကြာမီ ရွှေဗျေး၏ အသံပြဲကြီး ထွက်လာပြန်သည်။

"ကောင်မလေးတွေ ချစ်လိုက်ရတာ...ဒီကောင်မလေးတွေ ချစ်လိုက်ရတာ နှစ်တွေ လတွေ ကြာပါပြီဗျာ၊ အောင်သန်းတင်ရယ်၊ စိန့်မြကြည်ရယ်၊ မြင့်စိန်ရယ်၊ ကြည်ဝင်းစိန်ရယ်...ဒီကောင်မလေးတွေ ချစ်လိုက်ရတာ.."

ရှက်ခြောက်များကို စု၍ မီးပုံရှို့ထားသဖြင့် မီးရောင်သည် တဖျပ်ဖျပ်လက်လျက် ရှိသည်။ ကျော်စိန်နှင့် အေးသန်းတို့က လက်ခုပ် စည်းဝါးကျကျ လိုက်နေသည်။

"ဟုတ်ပြီ၊ ကောင်လေး ကြိုးစားလိုက်စမ်း၊ ဘာတဲ့တုန်း၊ ရောင်ကြီးတွေ အောင်အောင်ရှေ့ရှေ့"

အဆောင်စောင့်သည် စာရွက်တိုကလေးတရွက် ယူလာပြီး သံတံခါးကြားမှ ထိုးပေး၏။ အေးသန်း သွားယူပြီး ဖွင့်ဖတ်ကြည့်ရာ—

သီချင်းကောင်းကောင်းဆိုပါရှင့်.....။

သီရိမှ ပီစီ

"ဟဲ ကိုယ့်လူ သီချင်းကောင်းကောင်း ဆိုပါဆိုရင် မင်းအလှည့်ဘဲ၊ ထစမ်း"

ကျော်စိန်နှင့် အေးသန်းသည် အောင်လတ်ကို အဆောင်ဝသို့ တွန်းပို့၏။ မီးပုံဘေးမှာ ကုတ်ကုတ်ကလေး ထိုင်နေရာမှ အဆောင်ဝ သံတံခါးအနီးသို့ ရောက်လာသော အောင်လတ်သည် မနေတတ် မထိုင်တတ် ဖြစ်မိသေး၏။

သို့သော် အဆောင်ဝရှေ့၌ သီချင်းအော်ဆိုမဲ့သူ့အပေါင်း များပြီဘဲ။ နောက်ပြီး မှိုက် မှိုက်ချင်းမှ သိပြီး အခြားလူများက ဘယ်သူဘယ်ဝါမှန်း သိတာမှတ်လို့။

"အောင်လတ်က လေလေလေ အထွက်တဲ့ရှို့"

အေးသန်းက အော်ပြန်သည်။

"ယောကောင် ငါမဆိုတော့ဘူး"

အောင်လတ် မှုလိုက်၏။

"လုပ်မနေနဲ့၊ ယောကောင် ဆိုသာဆို"

"ဆိုသာဆို ပိုမိုသည့်တော့၊ လေးအငိုတိတ်အောင် အရိုင်းအပေါင်းပြတဲ့၊ မိုးလ လေလ"

အောင်လတ်သည် သူငယ်ချင်းများအား ဟန့်တား၍ မရနိုင်မှန်း သိသဖြင့် လည်ချောင်းရှင်းလိုက်ပြီး သီချင်းတပုဒ် ဆိုသည်။

သူ့သီချင်း၏ အဓိပ္ပာယ်မှာ ပန်းကလေးများကို ချစ်တတ်သော ချစ်သူ၊ ကိုယ့်ကိုလဲ ချစ်ပါ။ ကိုယ်ချစ်သော နှင်းဆီပန်းများကို တယုတယ ပန်တဲ့ချစ်သူ၊ ကိုယ့်ကိုချစ်လို့ ပန်းပန်တာလား။ တနေ့မြင်ရလျှင် တနေ့ရွှင်လှပါ။ ချစ်သူရယ် မင်းနဲ့ကိုယ်ဟာ မပြောဘဲနဲ့ အသဲချင်းသိနေကြပါတယ်၊ ပန်းချစ်တဲ့သူရယ်၊ ကိုယ့်ကိုလဲ ချစ်ပါ စသဖြင့် ဖြစ်သည်။

ကျော်စိန်တို့ကမူ နောက်နောက်မှ ဟားနေကြ၏။ ကိုယ်လူတော့ ကြောင်နေပြီဟုသော သဘော။ အောင်လတ်ကမူ သူ့ခံစားချက်နှင့် သူဆိုနေသည်။ ထိုအချိန်တွင် လေလွင့်လည်းနားထောင်နေပါ၏။ လေလွင့်စိတ်၌လည်း လှုပ်ရှားရပါသည်။ ဤ အဖော်များကမူ ကျော်စိန်တို့နည်းတူ မသိသော ဟားကြ၏။ ကိစ္စမရှိပါ။ ချစ်ခြင်းမေတ္တာ၏ ဆက်နွယ်မှုသည် သက်ဆိုင်သူနှစ်ဦးမှအပ အခြားသူများထံ ပြန့်နှံ့ရန် လိုပါသေးသလော။

"သနားကြပါခင်ဗျာ၊ အမကြီးတို့ ပေးမှကမ်းမှ ချစ်ရမယ် ဘဝရို့ ချစ်ခြင်းမေတ္တာလေးများ ရှန့်ကြဲတော်မူကြပါ"

အောင်လတ်၏ သီချင်းဆိုးသည်နှင့် ကျော်စိန့်အသံက ထွက်လာပြန်သည်။ သီရိမှ တုံ့ပြန်ချက်ကား...

"ကန်တော့ပါသေးရဲ့ ရှင်"

"သာဓုပါဗျာ သာဓုပါ၊ အခုလို ပေးကမ်းလှူဒါန်းရခြင်း အကျိုးကြောင့် ဘဝဆက်တိုင်းဆက်တိုင်း ငှက်ပျောတုံး ဖက်သေးရသည့် အဖြိုကြီးများ ဖြစ်ကြပါစေကုန်သောဝ်"

နောက်တနေ့တွင် စလွှင်နှင့်တွေ့သောအခါ အောင်လတ်ကို စလွှင်ကစစ်ဆေးမေးမြန်းသမှုပြု၏။

"မနေ့ညက ကိုအောင်တို့ သောက်လာကြတယ်မဟုတ်လား"

"ဘယ်ကလာ ရိုးရိုးသီချင်းဆိုတာ"

"ကိုအောင်မသောက်ရင်တောင်၊ ကိုအောင့် သူငယ်ချင်းတွေတော့၊ သောက်ရမယ်"

"ဒါပေါ့ ဒီလောကမှာ အရက်သမားတွေ"

"အင်း အရက်သမားတွေနဲ့ ပေါင်းပြီး အရက်သမားဖြစ်သွားမယ်နော်"

ကျော်စိန်တို့ကို နှိမ်ချင်သဖြင့် ပြောလိုက်သော စကားမှားသွားကြောင်း နောက်မှသိရသည်။

"မစောက ကျွန်တော့်အတွက် စိုးရိမ်လို့လား"

စေ ဘယ်လိုဖြေရပါ့။ စကားအဖြစ် ပြောလိုက်သော သတိပေးမှုသည် အောင်လတ်အတွက် အရိုက်အဆော် ပေးသလို ရသွားသလို။ ဒီတော့လည်း စေအဖို့ မတော်ပါ။

"မိတ်ဆွေတယောက်အနေနဲ့ စိုးရိမ်လို့ သတိပေးတာပါ"

အောင်လတ်ပြုံးသည်။ စေသည် အတွေ့အကြုံ၊ အရှောင်အတိမ်း အသွက်အပြောင်း တတ်နိုင်လွန်းသော မိန်းမလေးပါတကား။

"တကယ်လို့ ကျွန်တော် တခါတလေ သောက်မိရင်ကော၊ မစောက စိတ်ဆိုးမှာလား"

အောင်လတ်ကတဆင့် ကဲပြန်သည်။ ဤသည်မှာလည်း စေအဖို့ မတော်ပါ။

"စိတ်ဆိုးလို့ ဘယ်ရမလဲ ကိုအောင်ရဲ့၊ ကိုအောင့်စိတ်နဲ့ ကိုအောင့်ကိုယ် ကိုအောင်ကြိုက်တာ လုပ်နိုင်သားဘဲ"

"မစောက ကျွန်တော့်ကို တစိမ်းလို သဘောထားတယ်ပေါ့"

"နို့ မဟုတ်ဘူးလား"

အောင်လတ် ဆွံ့အသွားသည်။

"ဒါပေမယ့် တစိမ်းပြင်ပြင်ကြီး သဘောထားတာတော့ ဘယ်ကောင်းမလဲ"

"အင်းလေ အဲဒါကြောင့် မဖြစ်တန်တာ မဖြစ်အောင် သတိပေးနေတာပေါ့၊ တစိမ်းပြင်ပြင် သဘောထားရင် ဒီလို သတိပေးပါ့မလား ကဲ"

"ဒါဖြင့် မစောက ကျွန်တော့်အတွက် စိုးရိမ်လို့ပေါ့၊ ဟုတ်ဖူးလား"

"ဟဲ ဟုတ်ပါသတဲ့ ရှင်"

စေသည် နောက်နောက်ကလေး ပြောလိုက်၏။ မျက်စောင်းကလေးလည်း ကဲလိုက် ချိတ်လိုက်သေး၏။ မေးစေ့ကလေး ငေါ့တော့တော့ လုပ်လိုက်သေး၏။ နှုတ်ခမ်းကလေးကိုလည်း မဲ့ယောင် ပြုသေး၏။ ထိုအကြည့်၊ ထိုအနွဲ့၊ ထိုအနေအရာတို့ကိုကြည့်ရင်း အောင်လတ်သည် ကြည်နူးနေမိသည်။ ချစ်ရသည့် အကြောင်းကိုပြောဖို့ သူ့နှုတ်ဆွံ့နေ၏။ ခဏကြာမျှ စကားပြတ်သွားကြပြန်သည်။ အတွေးကိုယ်စီဖြင့် ငြိမ်နေကြ၏။ အောင်လတ် တခုခုကို ဆုံးဖြတ်လိုက်၏။ မစောကို ကျွန်တော်ချစ်တယ်ဟု ပြောတော့မည်။

"စာတွေကောကျက်ဖြစ်ရဲ့လား ကိုအောင်"

"ကျက်ဖြစ်တယ် ဆိုပါတော့"

ဝေဝေက ဦးသွားသည်။ အောင်လတ်ပြောမည်ဟု ကြံစည်ကာရှိသေး ဝေဝေသည် ကြိုသိထားသလို စကားသမ်းကြောင်း ပြောင်းလိုက်ပြန်သည်။ အမှန်ကမူ ဝေဝေ နားမထောင်ရဲသေးသောကြောင့်သာ ဖြစ်၏။

"ကျက်ဖြစ်တယ်သာဆိုတယ် သူတို့အုပ်စုကို တွေ့လိုက်ရရင် လက်ဖက်ရည်ဆိုင်မှာချည်းပဲ"

"လက်ဖက်ရည်ဆိုင် ပါမောက္ခတွေလဲ ရှိတာပဲ"

"အင်း ဆဲဗင်းအပ်ကာရ လက်ဖျားတွေသာလိုက်နေ၊ စာမေးပွဲကျမှ ဟုတ်ပေါ့ဖြစ်နေမယ်"

သည်တွင် အောင်လတ် ဆုံးဖြတ်ချက် အသစ်တခုကို ချလိုက်၏။ စာမေးပွဲ ဖြေပြီးသည့်နေ့တွင် ဝေကို ချစ်ရေးဆိုမည်ဟု။ ဤဆုံးဖြတ်ချက် ချပြီးသောအခါ ရင်ထဲ၌ ပေါ့ပါးလျော့ရှင်လာသည်။ ဟိုအချိန်ကျလျှင် နှစ်ဦးစလုံး စိတ်သောက ကင်းကင်းနှင့် လွတ်လွတ်ရှင်းရှင်း စဉ်းစားဆုံးဖြတ် နိုင်ကြမည်။ ပြီးတော့ ထိုသို့သော အချိန်သည်သာ အသာဆုံးအရှင့်အရေးဖြစ်မည်။ ဤသို့တွေး၏။ အမှန်ကမူ အောင်လတ်မပြတ်သားခြင်းသာဖြစ်၏။ ထိုသို့ မပြတ်သားသော တွေဝေသော ညာဉ်ကြောင့် မိမားရမည့်ဒုက္ခ အကျိုးဆက်သည် ဘယ်မျှကြီးမားလာမည် ဖြစ်ကြောင်းကို သူမရိပ်မိစားမိနိုင်သေးပါ။

ညပေါင်းခါးစင်တက်ရွက်ကို ကျော်ခဲ့ပြီး တညနေတွင် အောင်လတ်သည် ပန်းခွင့်ကလေးနှင့်အတူ ဝေလွှင့်အဆောင်သို့ လေရှူးလို ရောက်လာ၏။ အဆောင်ရှေ့၌ ဆုဦးလေးကား ရပ်ထားသည်။ ဝေသည် ကားပေါ် တက်လုတက်ခင်ဖြစ်၏။

"အော် ကိုအောင်၊ ဟိုဟာလေး အကိုဝမ်းကွဲတယောက် နိုင်ငံခြားက ဒီနေ့ပြန်ရောက်မှာမို့၊ သွားကြိုဖို့ ဒေါ်လေးအဖေါ် ထွက်တာနဲ့"

အောင်လတ် ဘာမျှမပြောနိုင်ပါ။ သောင်တောင်တောင်နှင့် ခေါင်းညိတ်လိုက်၏။ နှင်းဆီနီကလေးကိုမူ ကမ်းဖြစ်အောင် ကမ်းလိုက်နိုင်၏။ ပန်းဆက်သောအလုပ်ကား အောင်လတ်အဖို့ အကျင့်ပါနေပြီဖြစ်၍ အလိုအလျောက်ပင် ပန်းနီနီကလေးကို ကမ်းဖြစ်သည်။

ဝေဝေကလည်း ပန်းအဆက်ခံနေကျဖြစ်သည့်အတိုင်း အလိုအလျောက်ပင် ယူ၍ ပန်ဖြစ်သည်။ ပြီးမှ ကားစောင်းသူထံ မျက်စိကဲကြည့်ဖြစ်သည်။ ကားဆရာသည်လည်း အကျင့်ပါနေပြီဖြစ်သော တံခါးဖွင့်ပေးခြင်း အလုပ်ကို လက်နောက်ပြန်ဝေ၍ လုပ်လိုက်၏။ ဝေဝေကားပေါ် တက်ပြီးသည်နှင့်

"သွားမယ်နော် ကိုအောင်"

ကားမဆုံးခင်ပင် ကားထွက်သွားသည်။ အောင်လတ်သည် မီးခိုးနှင့်တူသော အတွေးများကို ရှုင်းရင်း ပြန်လာခဲ့သည်။ အကိုဝမ်းကွဲ၊ နိုင်ငံခြား၊ သွားကြိုဖို့၊ ဘယ်လိုပတ်သက်ပါလိမ့်။ အောင်လတ်၏စိတ်တွင် သံသယလေးများ ဝင်လာ၏။ ချစ်ခင်ခွဲလမ်း တမ်းတရခြင်း၌ သံသယသည် အရေးကြီးသောအစိတ်အပိုင်းကို တာဝန်ယူထား၏။ မိမိချစ်သူ၏အပေါ် ထားသော သံသယဟုတ်ချင်မှ ဟုတ်မည်။ သို့သော် ချစ်သူနှင့်ရင်းနှီးသော မည်သူကိုမဆို သံသယထားမိ၏။ အောင်လတ်သည်အိမ်အပြန်လမ်းမကြောင့်။ အဆောင်ဝကိုထွက်လိုက်လျှင်ပင် ရေတမာတန်းကို မြင်မိ၏။ ဒီရေတမာပင်တန်း၌ သူစောင့်ဘူး၏။ မျှော်ဘူး၏။ ဝေ ဘယ်အချိန် ဘယ်နေရာက ထွက်လာပါမည်နည်းဟု ငံ့လင့်ဘူး၏။ ထိုစဉ်ကဖြတ်သွားသူ ကျောင်းသူများသည်ပင်၊ သေခြာရောရာ လာစောင့်နေသော ကျောင်းသားများသည်ပင် သူ့ကို လှောင်ကြည့်၊ သရော်ကြည့်၊ အကြောင်ကြည့် ကြည့်သွားကြသည်။ သည်တုန်းက သူမမှုပါ။ ဘယ်သူတွေ ဘယ်လောက်လှောင်လှောင် သူမမှုပါ။ သူ့အဓိက အကျဆုံး မျှော်လင့်နေသူ ဝေ ရောက်လာလျှင် ရုက်ခြင်း၊ အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ အလျှင်း

လျှောက်သွား၏။ ဝေလျှောက်နေသလိုန်းကို မြင်လိုက်လျှင်ပင် လောကကြီးတခုလုံး ဝင်းထိန်ကြည်လင် သွားသည်သို့ ရှိသည်။ ဘယ်သူ့ကိုမှလည်း ဂရုစိုက်စရာ မလိုတော့။ ဝေတယောက်တည်းကိုသာ ဂရုစိုက်၊ ဝေတယောက်တည်း ကိုသာကြည့်၊ ဝေတယောက်တည်း ကိုသာမြင်။

ယခုမူ ဝေတယောက်တည်းအကြောင်းသာ စဉ်းစား၍ မရတော့။ ဝေနှင့်ပတ်သက်သော အခြားတယောက်သည် သူတို့ လောက လေးထဲသို့ဝင်လာပြီ ဖြစ်၏။ ထိုတယောက်ကား ကြီးကျယ်သူ တယောက်ဖြစ်သည်။ နိုင်ငံခြားက ပြန်လာဆိုသကိုး။

သည့်ရေတမာင်းတန်း၌ သူတို့နှစ်ယောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ကြ၏။ ချစ်စကား ကျေဇူးကျ အလေ့အထတွေလည်း ပြောကြ၏။ ဝေ၏မျက်တောင်း၊ ဝေ၏အပြုံး၊ ဝေ၏အနံ့၊ ဝေ၏အစရာ ဝေသည် ဝေသည်တို့ကို ခံစားကြ၏။ လှုပ်ရှားကြ၏။ ရင်ခုန်ကြ၏။ ထိုထိုသော အဖြစ်တို့သည် အရိပ်သဖွယ်၊ အိပ်မက်သဖွယ်၊ ပြန်လည်ဆင်ပယ်လာ၏။ တခါတုန်းက ဝေသည် ဤသို့ ညည်းညူဖူးသည်။

"ကိုအောင်ရယ် ဝေ့ဒေါ်လေးက တမျိုးဘဲ၊ သူက သိပ်အထက်တန်းဆန်တာ၊ ဟုတ်လဲဟုတ်ပါတယ်၊ သူတို့က အထက်တန်းလွှာကမဟုတ်လား၊ ဝေက ရိုးရိုးဘဲနေချင်တယ်၊ ဝေတို့ ချမ်းသာတာမှမဟုတ်ဘဲ၊ ဒါပေမယ့် ဝေ့ အမေဆုံးပြီးကတည်းက ဒေါ်လေး အစီအမံအတိုင်း ဝေနေခဲ့ရတာ၊ ဒီတော့ ဒေါ်လေးစကားကို ဝေမြဲ နားထောင်ရတယ်၊ ဒေါ်လေးကလေ အဆောင်မှာနေတာထက် သူ့အိမ်ကနေကျောင်းတက်စေချင်တယ်၊ ဒါပေမယ့် ဂုဏ်အကြောင်း ငွေအကြောင်း သိပ်ပြောတဲ့ ဒေါ်လေးနဲ့ ဝေ အဆင်မပြေဘူး၊ ဦးလေးကတော့ အေးပါတယ်၊ ခုအဆောင်မှာ နေရတာလည်း ဦးလေး အစီအစဉ်ကောင်းလေလို့၊ ဦးလေးကလည်း သူ့မိန်းမအကြောင်း သူသိတယ်လေ၊ တူမနဲ့ အဒေါ် မကြည်မလင် ဖြစ်မှာစိုးလို့ ဝေ့ကို အဆောင်မှာထားတာ၊ သူတို့မြင်းစရာ ကိုက်စရာ ကောင်းပါတယ်၊ ဒါပေမယ့် ဝေမနေချင်ဘူး"

အောင်လတ်သည် ထိုစဉ်က ဝေ့ စိတ်ထားကို ချီးကျူးမိသည်။

"ဝေလဲ ကိုယ့်ကိုကိုယ် ထိမ်းသိမ်းစောင့်ရှောက်နိုင်တဲ့ အရွယ်ရောက်ပြီဘဲ၊ ဒီတော့ ကိုယ့်ဘဝ ကိုယ်ထိမ်းသိမ်း စောင့်ရှောက်တာ ပိုမကောင်းဘူးလား၊ ဒီတော့ ဝေ ဦးလေးတို့ဆီက အကူအညီ သိပ်မယူဘူး၊ အဖေပို့ပေးတဲ့ စရိတ်နဲ့ဘဲ ကျောင်းနေတယ်"

အောင်လတ်သည် ဝေ ဤသို့ပြောခဲ့သောအချိန်က မိမိအလွှာအဆင့်နှင့် ကွာလမ်းခြင်းဟု တွေ့မြင်ရ၏။ သူနှင့် လက်တွဲရသောအခါ အတွဲညီသောစုံတွဲ ဖြစ်လာမည်ဟုပင် စိတ်ကူးတွေ ယဉ်ခဲ့သေး၏။ ယခုမူ ဂုဏ်စကား ငွေစကား ပြောလွန်းသည်ဆိုသော ဝေ့ ဒေါ်လေးသည် ဝေ့ အား နိုင်ငံခြားပြန်တယောက်နှင့် တွေ့ပေးရန် စီစဉ်လေပြီ။ သို့ဖြစ်လျှင်... အောင်လတ်သည် မီးခိုးကြွက်လျှောက် တွေးလိုက်သည်။ ချစ်ခြင်းမေတ္တာ ဟူသည်မှာ သံသယထားကောင်း၏။ သံသယ ဖြစ်နေခြင်းပင်လျှင် ရင်တစုန်စုန် တထိတ်ထိတ်နှင့် လှို့ဝှက်ဆန်းကြယ်သော ခံစားမှုတမျိုးကို ပေး၏။

တခါ သံသယသည်ပင် ပြဿနာကို ရှင်းပေးတတ်၏။ စိုးရိမ်ကြောင့်ကြခြင်း သည်လည်း အချစ်၏ အစိတ်အပိုင်းတခု။ သို့မဟုတ် တွန်းအားတခု။ လက်လွှတ် ဆုံးရှုံးရမည်ကို စိုးရိမ်ခြင်းကြောင့် မိမိ အချစ်ကို ပြန်ပြန် ရင်ဖွင့်ဖြစ်နိုင်၏။

စိုးရိမ်ကြောင့်ကြခြင်းမှ သံသယအဖြစ်သို့ ကူးပြောင်းပြီး သံသယသည်ပင် ချစ်သူကို မုန်းသူအဖြစ် ပြောင်းနိုင်ပြန်သည်။

အောင်... ချစ်ရသည်မှာ ခက်လှ။

ချစ်လွန်း၍ အစိုးရိမ်ကြီးမိသည်။

အောင်လယ်၏ စိုးရိမ်မှု မလွန်ပါ။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

အပိုင်း(၃)

**သီပြီ သီပြီ**

**မငြိမီက**

**နှင်းဆီဆိုတာ ဆူးနဲ့ပါ။**

(၁)

နိုင်ငံခြားလေယာဉ်ကြီးတစင်းသည် မင်္ဂလာဒုံလေဆိပ်ကို တုန်ခါစေလျက် ဆင်းသက်ဆိုက်ရပ်၏။ ကိုကိုကျော်သည် ပူရွေးဆိုက်ခပ်သော အရသာကိုခံရင်း လေယာဉ်ပေါ် မှ ဆင်းသက်လိုက်၏။

လာစောက်ကြိုနေသူများကြားမှ ဝေ့ကို အရင်ဆုံး ဂရုစိုက်မိသည်။ ဧစုတေတေး မှတ်မိသလိုလည်း ရှိသည်။ သူ၏ ဂရုတစိုက် ကြည့်မိခြင်းကို သူ့ဒေါ်လေး ဒေါ်မိမိခင်ကလည်း ဂရုစိုက်မိ၏။

"မမှတ်မိဘူးလား ကိုကျော်၊ ဝေလွင်ရယ်လေ"

အမှန်မှ ကိုကိုကျော် သေသေချာချာ မမှတ်မိ။ သို့သော်

"ဟုတ်သားပဲ ငယ်ငယ်လေးသဲက ကွဲသွားကြတော့ ရုတ်တရက် မမှတ်မိဘူး၊ စိတ်မဆိုးနဲ့နော် ဝေ"

"ကိစ္စမရှိပါဘူး ကိုကို"

ဝေလွင်သည်လည်း ရေရာချာမမှတ်မိ။ ဒေါ်လေး၏တူဖြစ်ကြောင်းသာ သိ၏။ သူတို့ငယ်စဉ်က ဒေါ် လေးတို့ တောင်ငူကို အလည်လာစဉ်က ကိုကိုကျော်ကို တွေ့ဘူးသည်ဆင်၏။ သည်တုန်းက ဖေဖေနှင့် မေမေက ဦးလေးနှင့် ဒေါ်လေးတို့ မိသားစုကို မြတ်စောညီနောင်ဘုရားသို့ လိုက်ပို့ဖူးသည်သာ မှတ်မိ၏။ ထိုအချိန်က ဝေ အသက် ရှိလှမှ တဆယ် နှစ်နှစ်ခန့်။

ဝေလွင်သည် ကိုကိုကျော့်ရုပ်ကို ပြန်ခန်း၍ မရနိုင်တော့။ တွေ့ဘူး ဆုံဘူးသည်ကလည်း တကြိမ်ဆိုမှ တကြိမ်ထဲ။ သို့ရာတွင် ဒေါ် လေးတို့ ရှေ့တွင်ရှိလာစေသိ၊ ရင်းနှီးကျွမ်းဝင်စွာ ခေါ် လိုက်မိသည်။ 'ကိုကို' ဟူ၍။ ကိုကိုကျော်၏ ရုပ်ရည်ကလည်း သားနားသပ်ရပ်ပါ၏။ အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထား၏။ လက်၌အနက်ရောင် သားရေအိတ် အပြားကလေးကို ဆွဲထား၏။ ကိုကိုကျော့်၏ဆံပင်များသည် လှိုင်းတွန့် ကလေးများနှင့် ခွေဝိုက်နေ၏။ အရပ်အမောင်း မြင့်မား၏။ ကိုယ်လုံးကိုယ်ထည် ဖွံ့ထွား၏။ ပိပိသော နှုတ်ခမ်းအစုံ၊ စူးရှသော မျက်လုံးအစုံ၊ ဖေါ် လွင်သော နှာတံတို့နှင့် ယောကျ်ားပီသသော ရုပ်ရည်ရှိ၏။ အသားလတ်၏။ ဖြူသည်ဟုပင် ဆိုနိုင်၏။

ဝေသည် ကိုကိုကျော့်ကို လျှပ်တပြက် အကဲခတ်ရင်း မောင်မောင်တင့်ကိုသတိရမိပြန်သည်။ မောင်မောင်တင်သည်လည်း ဤရုပ်ရည်မျိုး၊ ဝေ့ရင်သည် ဆတ်ခနဲခုန်မိ၏။ မောင်မောင်တင်သည် ယခုရှေ့ဆက်တိုင် နှောင့်ယှက်တုန်းပါသဲလား။

ဝေသည် ကိုကိုကျော့်ကိုကြည့်ရင်း မောင်မောင်တင်နှင့် တူသလိုဆင်သလိုထင်လာ၏။ ကိုကိုကျော်သည် လာကြိုသူများနှင့် စကားအနည်းငယ်ပြော၏။ ပြောရင်းကလည်း ဝေ့ကို စူးစိုက်ကြည့်တတ်သည်။ သူ့အကြည့်များ တွေ့နှိုင်းမှုသာ။ သို့သော် အကြည့်တိုင်း၌ ညှို့ငင်အားပါသည်ဟု ဝေထင်၏။ ရဲတင်းသောအကြည့်။

သည့်အကြည့်မျိုးကို ဝေကြောက်ပါသည်။ ကိုကိုကျော်သည် ဝေ့ကို ဂုဏ်ပြုပ်များနှင့် လွှမ်းမိုးထားသည် ထင်ရ၏။ ဝေသည် ဆောင်ဆောင်တင်မှတပါး ဤသို့သော အသောက်တန်းစားဆိုသော ယောက်ျားများနှင့် တွေ့ဆုံဖူးသည် မဟုတ်။ ဆောင်လတ်ကို သတိရမိပြန်သည်။ ဆောင်လတ်ကား ရိုးသားစင်ကြယ်သူဟု ဝေယုံကြည်၏။ သို့ရာတွင် ဆောင်လတ်သည်ပျော့ညံ့လွန်း၏ဟုလည်း ထင်၏။ ဝေလိုလားသော ယောက်ျားမှာ ပျော့ညံ့သူ မဟုတ်ရ၊ သဝန်ကြောင်သူ မဟုတ်ရ၊ အရှင့်ရေးသမား မဟုတ်ရ၊ ရည်းစားထည့်လဲသုံးသူ မဟုတ်ရ။ တည်တံ့သော၊ ရိုးသားသော၊ ဦးဆောင်နိုင်စွမ်းရှိသော၊ ဝေ့ကို တကယ်ချစ်သော၊ ဖျက်နှာဖျေးသော၊ ယောက်ျားပီသသော ယောက်ျားဖြစ်ရမည်။ ဤသည်မှာ ဝေ ဦးနှောက်နှင့် စဉ်းစားဆုံးဖြတ်ရသမျှ ဖြစ်သည်။ သို့ရာတွင် ဝေ၏ရင်ထဲ၌မူ အဘယ် ယောက်ျားနှင့် ယှဉ်မိသည်ဖြစ်စေ ဆောင်လတ်ကို သတိရစမြဲ။

ဝေ့စိတ်ထဲတွင် လျှပ်တပျက်အတွင်း၌ ကိုကိုကျော်နှင့် ဆောင်လတ်ကို ယှဉ်နေမိပြန်သည်။ တပြိုင်နက်တည်း၌လည်း ဆောင်လတ်ကလည်း ချစ်ရေးမဆိုသေး၊ ကိုကိုကျော်၏ စိတ်၌ မည်သို့ရှိသည်လည်း မသိသေး၊ အဘယ့်ကြောင့်များ သူတို့နှစ်ယောက်ကို ယှဉ်ကြည့်နေမိပါလိမ့်ဟု စဉ်းစားမိပြန်သည်။ သို့ရာတွင် နှစ်ယောက်စလုံးသည် ဝေ့ကို စိတ်ဝင်စားကြောင်းတော့ ဝေ၏'မသိ'စိတ်က 'သိ'ပါ၏။

ကိုကိုကျော်သည် အမြားစည့်သည်များကို ကောင်းမွန်ပြတ်လိုက်၏။ သူလက်ဆွဲနှုတ်ဆက်သော သူများကလည်း မနည်း။ ထိုထိုထဲတွင် တော်အဆောင်ဆုံး ဆင်ယင်ထုံးဖွဲ့လာသူ မိန်းမပျိုတဦးလည်း ပါ၏။ သူတို့ချင်း အင်္ဂလိပ်လိုပြောကြ၏။ ထိုမိန်းမပျို၏ အကြည့်သည်လည်း ကိုကိုကျော်ကဲ့သို့ပင် ရဲတင်း၏။ ကိုကိုကျော်ကမူ ထိုအမျိုးသမီးအား တရင်းတနှီး ဆက်ဆံသော်လည်း စိတ်ဝင်စားပုံမပြ။

"ယူသိပ်ကို ဖြူလာတယ်" ကိုကိုကျော်ကို ညှုလိုက်သော မိန်းမပျို၏စကား။

"ခင်းလဲ သိပ်ကိုဖြူလာတယ်"

"အံမယ် အစထဲက ဖြူတာပါနော်"

"လှလဲ လှလာတယ်"

"အစထဲကပါနော်"

"မထင်ပါဘူး"

"မေဒါ ဘဲနေလိုက်မယ် သိလား"

"နားငြီးသက်သာတာပေါ့"

"မုဆောတ္တ ဒီလိုပြောတော့မှာပေါ့ရှင်"

"အရင်ကလည်း ဒီလိုပါဘဲ"

"အဲဒါကြောင့် သူကို ဟင်း"

"ကဲပါ ဟိုမှာ တခြားဧည့်သည်တွေ စောင့်နေသေးတယ်၊ နောက်များမှ အားရပါးရ ရန်တွေ့ပေါ့"

ကိုကိုကျော်သည် ထိုမိန်းကလေးကိုလည်း အထက်စီးမှပင် အနိုင်ယူခဲ့၏။ သူ့အချိန် သူ့နေရာသကိုး။ ဝေ့ကိုမူ ဂရုတစိုက်ရှိ၏။

"ပြန်ကြစို့ ဝေ"

ဦးလေး၊ ဒေါ် လေးနှင့် ဝေတို့ ကားနောက်ခန်းမှ တက်၏။ ရှေ့ခန်းတွင် ကားမောင်းသူနှင့် ကိုကိုကျော်ထိုင်၏။ ကားထွက်ခါစပင်ရှိသေး ကိုကိုကျော်သည် သမင်လည်ပြန် လှည့်ကြည့်၍ ဝေ့ကိုပြောလိုက်၏။

"ဝေက သိပ်လှလာတာကိုး ကိုကိုဘယ်မှတ်မိနိုင်ပါ့မလဲ"

သူသည် အိမ်ရှေ့ရောက်ပြီ၏။ ဦးလေးနှင့် ဒေါ်လေးတို့ ပြုံးကြသည်။ ဝေ ရှက်သွား၏။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၂)

ကိုကိုကျော်သည် ဝေ့ကို ခွဲလမ်းမိပြီတည်း။ ငယ်စဉ်အခါက ဝေ့ကိုတွေ့ဖူးသည်။ တကြိမ် နှစ်ကြိမ်ထက် ပိုမည်မထင်။ ဝေနှင့်ပတ်သက်၍ သူ့စိတ်၌ အမှတ်အသား မထင်ရှားခဲ့။ ဒေါ် လေးခင်၏ယောကျ်ား ဦးလေးခင်၏ တူမလေးတယောက် အဖြစ်သာ သာမန်မျှ သိခဲ့၏။ သူ တဆယ့်ရှစ်နှစ်သားလောက်က တောင်ငူကို အလည်ရောက်ခဲ့တုန်းက ဝေ့ကို ဂါဝန်ကလေးနှင့် တွေ့ခဲ့ရသည်။ ရှစ်နှစ်ကလေးမအဖြစ်သာ ဂရုထားလိုက်၏။ ထို့ထက်မပို။ ညီမရင်းများလို့လဲ သဘောမထားခဲ့မိ။ အဒေါ် ၏ယောကျ်ားနှင့် စပ်ပါမှ တော်သော ညီမလေးသာဖြစ်၏။

အင်ဂျင်နီယာ သိပ္ပံတွဲ ပြီးနောက် လမ်းပန်းဆက်သွယ်ရေးဌာနတွင် အလုပ်ဝင်ခဲ့သည်။ သူ့အလုပ် ရသည့်မှာလည်း ခက်ခက်ခဲခဲမရှိလှ။ ဦးလေးခင်၏ အစီအစဉ်ဖြင့်ပင် လွယ်လွယ်ကူကူ ရာထူးတနေရာ ရခဲ့သည်။ သည့်နောက် အစိုးရက နိုင်ငံခြားပညာတော်သင် လွှတ်သည်။ ဤသည်မှာလည်း ဦးလေးခင်၏ လက်ချက် ကောင်း။အကြောင်းများ ခက်ခဲသောအရာများသည် သူ့အဖို့ လွယ်လွယ်ကူကူပင်။ သူ့မိဘနှစ်ပါးသည် မန္တလေး၌ ကုန်သည်လုပ်ငန်းဖြင့် ကြီးပွားခဲ့သည်။

သူ့လို ရာထူးဌာနနှင့် ဥစ္စာစီးပွားနှင့် ပြည့်စုံပြီး ရုပ်ရည် သားနားသပ်ရပ်သော ယောကျ်ားပျိုတယောက်အဖို့ မိန်းကလေးများ ပတ်လည်ဝိုင်းနေသည်မှာ မဆန်း။ ခေတ်ဆန်သော လှသော၊ ခေတ်မဆန်သော လှသော၊ ခေတ်ဆန်သော မလှသော၊ ဥစ္စာပေါသော မလှသော၊ ဥစ္စာပေါသော လှသော၊ ဥစ္စာမပေါသော လှသော စသောစသော မိန်းကလေးများကို သူသည် အလွယ်တကူ ရယူနိုင်၏။ ထိုထိုသော မိန်းမပျိုများထဲမှ ဝေ့ကိုမှ ခွဲလမ်းမိသည်။

ဝေသည် အိမ်ရှေ့ရောက်၏။ တည်ငြိမ်၏။ လှ၏။ ဆွဲဆောင်နိုင်စွမ်း ရှိ၏။

လေယာဉ်ပေါ် ကဆင်းဆင်းချင်း လေဆိပ်အထက် ကြိုနိုင်ကို မျှော်ကြည့်ခဲ့စဉ်ကပင် ဦးစွာ ဝေ့ကို ဂရုပြုမိသည်။ ပြီးမှ ဝေနှင့်ကပ်လျက်ရှိသော ဒေါ်လေးနှင့် ဦးလေးကိုတွေ့သည်။ ဒေါ်လေးက လက်ပြ နှုတ်ဆက်သည်။ ထို့နောက် တပြုံးနက်တည်း ဆိုသလိုပင် ဝေ့ကို မိမိရှိရာသို့ ညွှန်ပြသည်။ ဝေသည် လက်မပြသေး၊ နောက်မှ ဒေါ်လေးခင်၏ ညွှန်ကြားချက် အရောင်းသည်။ ဝေသည် မရဲတရဲ လက်ကလေး မြှောက်ပြရှာသည်။ ပြီးနောက် ရှက်သွားသလို ဘေးသို့ကြည့်၏။

အဝေးက လှမ်းမြင်ရသည့်နှင့် ဝေသည် လှနေ၏။ လေဆိပ်ခန်းမသို့ ဝင်လိုက်သောအခါ အထက်ထပ်မှ ဆင်းရင်း မိမိကို မရဲတရဲကြည့်ရင်း မပြုံးတပြုံး ပြုံးပြသော ဝေ့ကို နီးသထက်နီးစွာ မြင်ရပြန်သည်။ သည်တော့မှပင် ကိုကိုကျော်သည် ဝေ့ထံမှ မျက်စိမခွာဖြစ်အောင် ဖြစ်ရသည်။ မိမိကိုယ်မိမိ ဂရုပြုမိသောအခါမှ အခြားသူများကို နှုတ်ဆက်ရသည်။ ဟန်ဆောင်၍ ဝေ့ကို ဂရုမပြုဟန်ထားရသည်။ စိတ်ထဲကတော့ သိချင်လှပြီ။ စဉ်းစားမိုင်းမျှသာ ဆောင့်လိုက်ရပါ၏။ ဒေါ်လေးခင်က မိတ်ဆက်ပေးသည်။

"မှတ်မိဘူးလား ကိုကျော်၊ ဝေလွင်ရယ်လေ"

မှတ်မိချင်ယောင် ဆောင်လိုက်ရသည်။ အမှန်ကမူ ဘယ်သူဘယ်ဝါ ဘယ်သူ့သမီးသည်ဖြင့် မသိ။ ရေးတောင်းလေး ချင်းဆားမိသည်မှာ ဦးလေးတူမ ဖြစ်ရသည်ဟု။

ဦးလေးတို့အိမ်သို့ရောက်သောအခါ ဒေါ်လေးသည် ရွှန်းရွှန်းဝေအောင် စကားတောင်ဖွဲ့ရင်း ဝေလွှင့်အကြောင်း၊ ကိုကိုကျော်အကြောင်း၊ ငယ်စဉ်က အကြောင်းများကို မဟုတ်သည်ရော ဟုတ်သည်ရော ပြောနေတော့သည်။

ထိုအချိန် တလျှောက်လုံး ကိုကိုကျော်ကသာ အဆိုက်အလျောက် စကားဆောက်၏။ အများအားဖြင့်မူ ဝေ့ကိုသာ ကြည့်နေဖြစ်သည်။ ဝေသည် မျက်လွှာလေးချလျက် ငြိမ်နေသည်။ မျက်လွှေးစောင်းသည် မျက်နှာပြင်တစ်ခုလုံးကို လွှမ်းသွား၏။ ဒေါ်လေးသည် ရွှန်းရွှန်းဝေဆဲ။

"စကားတွေ ပြောနေရတာနဲ့ ကိုကျော့်ကို ထမင်းကျွေးဖို့တောင် မေ့နေတယ်၊ အော် ရေပဲ မချိုးရသေးဘူး၊ ဝေရေ ကိုကျော့်ရေချိုးရအောင် စီစဉ်ပေးပါဦးကွယ်၊ ဟဲ့ မိအောက်ရို့ ထမင်းပြင်ပြီးပြီလား၊ အေးလေ စားခါနီးတော့ ထပ်နွေးတာပေါ့၊ ဝေ ထလေကွယ်၊ သွား ကိုကျော့်အိတ်ထဲက အဝတ်အစားတွေယူပြီး မျက်နှာသုတ်ပုဝါနဲ့ ရေပဲနဲ့ ပြီးတော့ ဟို...ဆပ်ပြာ..."

ဝေသည် ယောင်ထမ်းသော၏။ ငြီးထိုင်ရာလို ဖြစ်နေပြန်၏။ ကိုကိုကျော်သည် ဒေါ်လေးဖြစ်ပုံကို ရယ်ချင်သွား၏။

"ဒေါ်လေးရယ် ကျော်တာသာလုပ်ပါ့မယ်၊ ပစ္စည်းတွေလဲ နေရာမှ မရှာရသေးဘာ၊ ထိုင်နေ ညီမလေး ဝေ"

ဝေ ထိုင်ပြန်၏။ ကိုကျော်ထ၍ မိမိအခန်းသို့ သွားရန်ပြု၏။

"ဝေ ဆပ်ပြာတို့ ဘာတို့ လုပ်ပေးပါဦးကွယ်" ဒေါ်လေးသည် သီသာလွန်း၏။ ဦးလေးခင်သည် ဆေးတံခဲထားရာမှ ဒေါ်လေးကို သည်းမခံနိုင်တော့သလို ကြည့်၏။ ဒေါ်လေးကား ဂရုမပြုမိ၊ ဝေ ထရပ် လိုက်ပြန်သည်။

"ဝေလေး ထိုင်နေ၊ ခင်..ခင်းဟာကလဲ အမျိုးမျိုးဘဲ အမျိုးစုံ မိုင်းနေတော့တာဘဲ၊ ကောင်မလေးတွေလဲ ရှိရဲ့သားနဲ့"

ဒေါ်လေးကား သဘောမပေါက်။

"ရှိတော့ ရှိတာပေါ့၊ ဒါပေမယ့် မျက်နှာသုတ်ပုဝါတို့ ဘာတို့ဆိုတာ ကောင်မလေးတွေ ကိုင်နိုင်းလို ဘယ်ကောင်းမလဲ"

သူစကားဘယ်ရောက်၍ တစက်သားကို ဘယ်လောက် နှိမ်မိသည် သူမသိ။ အိမ်ဖော် မိန်းကလေးများ မျက်နှာသုတ်ပုဝါ မကိုင်ကောင်းပါသလော။ သို့ဖြစ်လျှင် ထိုမျက်နှာသုတ်ပုဝါကို မည်သူလျှော်ဖွပ်သနည်း။ ဦးအခင် စိတ်ပေါက်လာသည်။

"ကဲ မင်းဘဲသွားလုပ်ပေးတော့" ဦးအခင်သည် ပြောပြောဆိုဆို အိမ်ပေါ်ထပ်သို့ တက်သွားတော့သည်။ ဒေါ်လေး တဖြစ်တောက်တောက် ကျန်ရစ်သည်။

"ကိုကိုတယောက်ဟာ ဘာမှ လုပ်မှုရေးရာ နားမလည်ဘူး၊ ကာလ ဒေသ ခွဲ့ ခနဲ့လဲ မသိဘူး၊ သူထင်ရာ စွတ်ပြော စွတ်လုပ်နဲ့ ငါနဲ့တော့ မဖြစ်ပါဘူး"

ဦးလေးကား မကြားတော့။ ကိုကိုကျော်လည်း ပြုံးရယ်ရင်း မိမိအခန်းသို့ လျှောက်သွား၏။ ဝေ့ကိုတော့ ပြောခဲ့သေးသည်။

"ညီမလေး အေးအေးဆေးဆေး နေပါကွယ်"

"ဟုတ်ကဲ့ ကိုကို"

ထိုနေ့ညက ဝေ အဆောင်မပြန်ဖြစ်။ ဒေါ်လေးကို အိမ်မှာအိပ်ရသည်။ ဒေါ်လေး၏ အဓိအစဉ်၊ ထမင်းဝိုင်းတွင်လည်း ဒေါ်လေး အလုပ်များဆဲ။

"ငါတို့နိုင်ငံခြားပြန်ကြီး စိတ်တွင်းမှုတွေ ရှိ့လား မသိဘူး၊ ဂုဏ်းယင်းခါးလေး ရိုးကျိုးသနဲ့ သောက်ပါဦး၊ ဓေ ၊ ဓေ့ကိုကို ကို ဟင်းထည့်ပေးလေ၊ ကိုကျော်က ဝက်သားနဲ့ မုန်ညင်းရည်ကြီး သိပ်ကြိုက်တာ"

ဓေသည် ထမင်းအစားရပ်၍ ခေါ်နေရှာသည်။ ဒေါ်လေးက ဟင်းထည့်မိုင်းသော အခါတိုင်း ထည့်ထည့် ပေးနေရှာသည်။ ပန်းကန်ထဲတွင် ထမင်းပင် မမြင်ရတော့။ ကိုကျော်သည် သူ့ပန်းကန်ထဲ၌ ဟင်းများများ ဖြစ်နေခြင်းကို သဘောမကျ လှသော်လည်း ဓေ ခပ်ထည့်ပေးနေခြင်းကို ကြည့်နူးနေ၏။ သူ့စိတ်ကူးထဲတွင်လည်း တချိန်ချိန်၌ သူတို့နှစ်ယောက် အိမ်ထောင်ကျပြီးသောအခါ ဟူ၍ မှန်းဆကြည့်မိသည်။ ဓေ့ အလှအပ ကလေးများကို မြှော်လင့်မိ၏။

"ဟေ့ စားနိုင်မှပေါ့"

ကိုကျော်က ဟင်းပေါ်များ ထည့်ပေးပြန်သည်။ ဓေ အနေရ ခက်ပါဘိတော့။ ဦးလေးမျက်နှာကို လှမ်း ကြည့်သည်။ ဦးလေးသည် အာရုံစိတ်မဝင်စားသလို ထမင်းကိုသာငုံ့စားနေ၏။ တချက် တချက်တွင်မူ သူ့မိန်းမ ဒေါ်မိမိခင်ကို မျက်လွှာလှန်၍ ကြည့်တတ်သည်။ တယောက်တည်းလည်း ပြုံးတတ်သည်။ တခါတရံ ထမင်းစားရပ်ပြီး တည်ကြည်လေးနက် နေတတ်ပြန်သည်။ မနေတတ် မထိုင်တတ်နှင့် ထမင်းဝိုင်းပြီးအောင် စောင့်ရခြင်းသည် ဓေ့အဖို့ ဒုက္ခ တရားတပါးပင်။

ဒေါ်လေး၏ သိသာလွန်းသော အတွန်းအတိုးများကို ဓေသည် ရှင်လာ၏။ ကိုကျော်ကို စိတ်ဝင်စားလာမယ့်ဝင် ပြတ်သွားတော့မယောင် ဖြစ်မိ၏။ သို့ရာတွင် ကိုကျော်၏ စကားလက်သော၊ တည်ကြည်သော အဆောက်အဆဲ အပြောအဆိုများကြောင့်သာ ကိုကျော့်အပေါ် အထင်မသေးမိခြင်း ဖြစ်၏။

ကိုကျော်ကရ မြောက်များလှသော မိုးကြောင်းမိုးလက် အကဲခတ်ခြင်းများကို ပြုံ၏။ ဓေသည် ရှည်လျား နက်မှောင်သော ဆံပင်ကို ဘီးကျော်ပတ် လျော့လျော့လေး ပတ်ထား၏။ ပါးနှစ်ဖက်ကို သနပ်ခါးရေကျဲ ပိန်းကြားလေး ပွတ်ထား၏။ ဝါသောအသားသည် ဝင်းလက်နေ၏။ နဖူးသည်မှာ ဆံနွယ်ကြောလေးများကို မြင်ရသယောင်။ ဓေ့ လက်မောင်းဆိုးလေးသည် လက်ပြတ်သားလောက်ခံ အကျီကြားမှ ညင်သာစွာပြူလျှော့စွာ ဝင်းနေ၏။ လက်မောင်းသားသည် ညှိသက်ကြည်လင်၏။ မျက်လွှာချရင်း ထမင်းကိုမြိုနေသည်မှာ ကြည့်လို့ပင် ကောင်းသေးတော့။ ထမင်းဝါးပုံမှာလည်း ပါးဆင်ကို ဖွင့်ဟမထား။ နှုတ်ခမ်းပါးလေးအစုံကို မိ၍ ပါးစပ်ပိတ်လျက် ထမင်းစား၏။ ထမင်းနယ်နေသော လက်ချောင်းကလေးများမှာ ရှုန်းစိုသွယ်လျ၏။ ရင်သားအစုံသည် ဘလောက်စ် လှုပ် ဖောက်၍ထွင် အိနေကြောင်းသိသာ၏။

ကိုကိုကျော်သည် ထမင်းကို စိတ်မပါဘဲ စားနေခြင်းဖြစ်သကဲ့သို့ ဓေသည်လည်း ထမင်းကို စိတ်မပါဘဲ စားနေ၏။ ကိုကိုကျော်က အလှကသိထီး ရှုနေခြင်းဖြစ်ပြီး ဓေကမူ ရင်ခိုလှုပ်ရှား နေရခြင်းဖြစ်၏။ စိတ်ရှုပ် နေသည်လည်း ဖြစ်၏။

ထမင်းဝိုင်းအပြီး အရိုက်ခန်းကော်ဒိုင်းတွင် ဓေ ကြာကြာမထိုင်နိုင်တော့။ ကိုကိုကျော်၏ နိုင်ငံခြား အတွေ့အကြုံကို နားထောင် ကြည့်သေးသော်လည်း ဟန်မဆောင်နိုင်တော့သည့်အဆုံး "အိပ်ချင်ပြီ" ဟူသော အကြောင်းပြချက်ဖြင့် အိပ်ခန်းသို့ ဝင်ခဲ့သည်။

အိပ်ချင်ပြီ ပြောခဲ့သော်လည်း အိပ်မပျော်၊ အိပ်ရာပေါ် လဲလျောင်းရင်း အတွေးပေါင်းစုံ ဖြစ်နေဖြစ်သည်။ ကိုကိုကျော်၊ ငယ်စဉ်က တခါဆိုဘူးသည်။ ယခုပြန်ဆုံသည်။ ကိုကိုကျော်သည် ချော့လှူ တွေ့ခြင်း စိတ်ဝင်စားဖွယ်ရှိ၏။ သူ့စိတ်ကို ဖုံး၍မရ၊ နောက် အိမ်ပြန်ရည်သည်။ ထို့နောက် တရင်းတနှီးဆက်ဆံသည်။ တခန့် ညီမလေးတယောက်လို ဆက်ဆံသည်။ သည်ကြားထဲက အကြည့်များသည် မရိုးသား။

ဒေါ်လေးသည် စလွင်နှင့် ကိုကိုကျော်ကို နေရာချထားရန် ရည်ရွယ်ပြီးဖြစ်မည်။ အကယ်၍ ဒေါ်လေးက ထိုအကြောင်းကို ပြောလျှင် ဘယ်နှယ်လုပ်ရပါ့။ ငြင်းရမလား။ ကိုကိုကျော်သည် ငြင်းဆိုက်သူ တယောက်မဟုတ်။ ကိုကိုကျော်ကို ချစ်သလား။ မဟုတ်သေး။ စိတ်ဝင်စားရုံတော့ ရှိ၏။ မိန်းမလေးများ လိုလားနှစ်သက်ဖွယ် အရည်အချင်းအားလုံး ကိုကိုကျော်၌ ရှိ၏။ ဒေါ်လေးက စီစဉ်လာလျှင် ခေါင်းညိတ်လိုက်ရမလား။ မဖြစ်သေး။ ကိုကိုကျော့် အကြောင်း စုံစမ်းရဦးမည်။ ထိုသို့ဆိုလျှင် တဝက်သဘောတူနေပြီဆိုသော သဘောကို ရောက်သွားသလား လေမသိ။ ကိုကိုကျော်ကတော့ ငါ့ကိုချစ်သလား လေ မသိသေး။ အချစ်ဆိုသည်မှာတော့ ဘာလဲ။ သိသလို မသိသလို။ ရေးတေးတေး။ တကယ်လို့များ ကိုကိုကျော်က ချစ်ရေးဆိုလာလျှင် ဒေါ် လေးကလည်း အကြပ်အတင် စီစဉ်လာလျှင်တော့ ဦးလေးက ဘယ်လိုသဘောထားမည် မသိ။ အားလုံးက သဘောကျ ကျေနပ်ကြပြီဆိုပါတော့၊ မေက ကိုကိုကျော်ကို လက်ထပ်ပြီ ဆိုပါတော့။

ကိုအောင်။ ကိုအောင်လတ် သူက ဘာပြောမည်နည်း။ မိမိကို ဂုဏ်မက်ငွေမက်သူအဖြစ် မှတ်ချမည်လား။ ဒီ ကိုအောင်ကလဲ ချစ်ရေးမဆိုသေးဘဲ၊ သူဘာလို့များ ဒီလောက် နှုတ်လုံနေရသလဲ။ ကိုအောင့်ကိုတော့ ချစ်မိပြီလား။ ကိုအောင်နှင့် ကိုကိုကျော်ဆိုလျှင် မည်သူ့ကို ရွေးမည်နည်း။

ကိုအောင်သည် တည်ကြည်ဖြောင့်မတ် ရိုးသား၏။ ယောကျ်ားပီသ၏။ စိတ်ထားဖြူစင်၏။ မေ့ကို တကယ် ချစ်ခင် လေလိမ့်မည်ဟု ထင်၏။

ကိုကိုကျော်။ သူ့အကြောင်း ရေရေရာရာမသိရသေး။ သို့သော် တည်ကြည်ရိုးသားဟန် ရှိ၏။ အို...ယောကျ်ားဆိုတာ အကုန် အတူတူချည်းဘဲ။ အရွှင်ရေးသမား။ ဟန်ဆောင်ကောင်းသူတွေ။ မုဆိုးတွေ။ ယောကျ်ားတွေမှာ နှလုံးသားမရှိ။ ကြည့်ပါလား ဆောင်ဆောင်တင်။

မေသည် အသဲနာ ဒဏ်ရာဟောင်း ပြန်ပေါ် လာသည်။ စိတ်ရိုင်း ဆူးတောင်လေး ပေါက်လာပြန်၏။

အို...ယောကျ်ားတွေနဲ့ ပတ်သက်လို့ မစဉ်းစားတာ ကောင်းပါတယ်။ ဤသို့ ဆုံးဖြတ်၍ မျက်စိမှိတ် စွတ်အိပ်၏။ သို့သော် မေ အိပ်မပျော်ပါ။

ထိုနည်းတူပင် ထိုည၌ အောင်လတ်လည်း အိပ်မပျော်ပါ။ အကိုဝမ်းကွဲ။ နိုင်ငံခြားကပြန်လာ၊ သွားကြိုရမည် ဆိုသော စေတနာကို အစတောက်၍ မီးမိုးမဆုံး မိုးမဆုံးသော အတွေးများနှင့် တလူးလူး လိမ့်နေ၏။

ထိုနည်းတူပင် ကိုကိုကျော်လည်း အိပ်မပျော်ပါ။ မေ့အကြောင်း သိချင်နေသော ကိုကိုကျော်သည် ဦးလေးခင်၏ ပြောပြချက်အရ မေနှင့်ပတ်သက်၍ အတော်များများကို သိရ၏။ မေ အိပ်ခန်းတွင်းဝင်သွားပြီး တော်ကြာသောအခါ ဦးလေးခင်က

"မောင်ကျော် မအိပ်ချင်သေးရင် ဦးလေးနဲ့ စကားပြောရအောင်၊ တခတ်ခန်းကို လိုက်ခဲ့ကွာ"

ဦးသာခင်သည် သူ၏ဇနီး စီမံကြံစည်ချက်များကို ရေရေလွှင်းကျ သိပြီးဖြစ်၏။ ကိုကျော် နိုင်ငံခြားက ပြန်ရောက်လာမည့်နေ့ကို သိရကတည်းက ဦးသာခင်ကို အစီအစဉ်များ ပြောပြ၏။ စလွင်နှင့် ကိုကျော်ကို နေရာချပေးရန်။

ထိုစဉ်က ဦးလေးခင်သည် ဆုဆရာကို စုံစမ်းရန်သာ သာမန်ပြောခဲ့၏။ ယနေ့မှ ဒေါ် မိမိခင်သည် အိမ်ဖြူ ပျက်လောက်အောင်ဝင် လှုပ်ရှားနေ၍ မပြောမဖြစ်သော အကြောင်းများကို ပြောရလေတော့မည်။ သို့ရာတွင် သူသည် မေ့ကို ဦးစွာမပြောလိုသေး။ ထို့ကြောင့် ကိုကိုကျော်ကို ပြောပြရန် ဆုံးဖြတ်လိုက်သည်။

"မောင်ကျော် မေလေးကို စိတ်ဝင်စားသလား"

ဦးသာခင်သည် တည့်တည့်ဝင်မေးလိုက်၏။ သူသည် သွယ်ဝိုက်နေရန် အချိန်မဟုတ်ဟု ယုံကြည် ဆုံးဖြတ်ထား၏။ ဦးသာခင်ကား ဖြတ်သားသူ တယောက်ဖြစ်၏။ မိမိ မှားသည်၊ မှန်သည်ဖြစ်စေ လုပ်စရာရှိသော

အလုပ်တခုကို ပြတ်သားစွာ လုပ်ရမည်ဟု ယုံကြည်ထားသူ ဖြစ်၏။ မိမိယုံကြည် ဆုံးဖြတ်ပြီး ကိစ္စတခုကို ပြုလုပ်ပြီးကာမှ အမှားအမှန် ဆုံးဖြတ်သူများ ရှိလာလိမ့်မည်။ မိမိက မှန်သည်ဟု ယုံကြည်ပြီးလျှင် လုပ်လိုက်ရုံ ကျေနပ်သူဖြစ်၏။

ဦးဘခင်က ဒွိဒိုးအဖေလိုက်သော အစွန်းကို ကြားလျှင်ကြားချင်း ကိုကိုကျော်သည် တုန်လှုပ် ချောက်ချားသွား၏။ တခဏတာ ပြန်ကြည့်မိသည်။

ဤသို့ မေးလာလိမ့်မည်မထင်။ ဦးစွာ ပထမ စကားလျှင် မိလိမ့်ဦးမည်ဟု ထင်ထား၏။ ဦးဘခင် စကား နည်းသောကြောင့်၎င်း၊ ပြောလျှင်လည်း အစဉ်သဖြင့် အကြောင်းကျိုးဆက်နွယ်၍ ပြောတတ်သောကြောင့်၎င်း၊ သဘောသဘာဝ ကောင်းသောကြောင့်၎င်း၊ ကိုကိုကျော်၏ အထင်သည် တလက်အထိမှန်၏။ သို့ရာတွင် ကိုကိုကျော် ထည့်မစဉ်းစားဖြစ်သော အကြောင်းချင်းတခုကား ဒေါ် မိမိခင်ဖြစ်၏။ ဒေါ် မိမိခင်၏ လေကြာရှည်ခြင်းနှင့် ဖြစ်ချင်သည်သာသိ၍ ဖြစ်ထိုက်မဖြစ်ထိုက် မစဉ်းစားသောညာဉ်သည် ဦးဘခင်ကဲ့သို့ လူပြတ်သားကြီးအား ပို၍ ပြတ်သားစေခဲ့၏။

ကိုကိုကျော် အဖြေရှာနေသည်။

"အဆေဆေး ဦးလေးခင် ရိုင်းရာမိပါတယ်၊ မောင်ကျော်ကို တည့်တည့်ကြီး မေးလိုက်တော့ အဖြေရ ကြပ်လေမလား၊ ဒါပေမယ့် ဦးလေးခင် ပြောကို ပြောရလိမ့်မယ်"

"ဟုတ်ကဲ့ ဦးလေး"

"လေးလေးဟာ စကားဆိုးဆိုတာ မင်းအသိဘဲ"

"ဟုတ်ကဲ့"

"ဦးလေးဆောင့်ရောက်လာခဲ့တာ သူ့အဖေဆုံးပြီး ကတည်းကဆိုတာတော့ မင်းသိသလား"

"ကျွန်တော် ကြားမိပါတယ် ဦးလေး"

"အေး တကယ်တော့ ဦးလေးဟာ မှရှိန်မှာ လေးလေးရဲ့ ဖခင်နေရာကို ယူထားရသလိုဘဲ"

"ဟုတ်..."

အဲဒီ့ အစ ဦးလေးရဲ့ မရီးကတော့ ဦးလေးသဘောအတိုင်း အလုံးသဘောတူမှာ အမှန်ဘဲ"

"ဟုတ်"

"တခုရှိတယ် မောင်ကျော်၊ လေးလေးရဲ့ ဆန္ဒ"

ကိုကိုကျော်သည် တဖက်သတ် ဆုံးဖြတ်ပြောဆိုနေသည်ဟု အထင်ရောက်သွား၏။ သူ့ဆန္ဒကိုတော့ မပြောရသေးဟု စဉ်းစားမိသည်။ ထိုသို့သောစိတ်ကို ဦးဘခင် သိလိုက်၏။

"ဦးလေးစကားပြော လောကြီးသွားတယ်ကွာ၊ မောင်ကျော်ကို အစက ပြန်မေးရဦးမယ်၊ လေးလေးကို စိတ်ဝင်စား မိသလား"

"ဟို..."

ကိုကိုကျော် နှုတ်ဆွံ့နေပြန်သည်။ ဦးဘခင် ဖျင်းဖျင်းရှုရယ်၏။

"အင်း မင်းဒေါ် လေးကတော့ မင်းနဲ့ လေးလေးကို နေရာချ ပေးချင်သတဲ့၊ အဲဒါတော့ မင်းသိပြီးပြီလား"

"ကျွန်တော်မသိသေးပါဘူး ဦးလေး"

"မသိသေးရင်လဲ မု သိလိုက်တော့ပေါ့ကွာ"

ဦးဘခင်က ပြောပြီး ပြုံးနေပြန်၏။ ဆေးတံကို ဆေးသိပ်ပြီး မီးညှိရန်ပြင်ဆင်၏။ ထိုသို့ ပြင်ဆင်နေရင်းလည်း စဉ်းစား၏။ ပြုံး၏။ ပြီးမှ

"ဦးလေး ထပ်မေးဦးမယ်၊ မင်း ဝေဝေလေးကို စိတ်ဝင်စားသလား"

ကိုကိုကျော် ခေါင်းကို ခါရတော့မည်။ ကိုကိုကျော်သည် ဆုံးဖြတ်ချက်တခုကို အလျင်အမြန် ချရတော့မည်။ သို့ရာတွင် ဦးလေးခင်က အလိုက်သိလွန်းသူတည်း။

"ဦးလေးနေတော့ တော်လွန်းသွားတယ်ကွ၊ အခုန်ကတော့ မင်းအဒေါ် လေး မဟုတ်တာဟုတ်တာတွေ ပြောလွန်းလက်လွန် စိတ်ညစ်မှာစိုးလို့ ဦးလေး ဒီလိုပြောရတာ၊ ဒီလိုကွာ မင်းနဲ့ ဝေဝေလေးနဲ့ နေရာချထားရေးကို ကိစ္စမှာ ဦးလေးအနေနဲ့ ကန့်ကွက်စရာ ဘာတစ်ခုမှ မရှိဘူးဆိုတာ မင်းအရင်ဆုံးသိထားကို လိုတယ်၊ ဒါပေမယ့်.."

"စကားစ ခဏဖြတ်ပြီး ဆေးတံကို မီးညှိလိုက်သည်။

"ဝေဝေလေးက သဘောမတူတဲ့ ဘာတစ်ခုမှ မဖြစ်စေချင်ဘူး"

ကိုကိုကျော့်အတွက် ပြဿနာ ရှင်းစ ပြုလာပြီဖြစ်၏။ ဝေကို ကိုကိုကျော် ကြိုးစား ရယူရမည်။ အသက်ကဲ့သို့သော အကော်အစဲမျိုးမဆို ကူညီလုပ်ကိုင် ဖန်တီးပေးမဲ့သော ဦးလေးခင်သည် ဝေနှင့်ပတ်သက်သော သူ့အပိုင်ဆုံး စီမံပေးနိုင်သည့် ကိစ္စတွင်မူ ဖန်ဆင်းမပေးတော့။

သူသည် အသဲနှလုံးနှင့် ပတ်သက်၍ ကျွမ်းကျင်သူ တယောက်ဖြစ်လေသည်။ ဦးလေးခင်သည် စကား ဆက်ပြန်၏။

"နောက်ပြီး မင်းသဘောမတူတဲ့နဲ့လဲ ဘာတစ်ခုမှ မဖြစ်စေချင်ဘူး၊ ဒီတော့ကာ"

ဦးလေးခင်သည် စကားစကို ဖြတ်၍ ခဏနားရင်း ဆေးတံကို ဖွာရှိုက်လိုက်၏။

"ဒီတော့ကာ မင်းစဉ်းစားစေချင်တယ် ကောင်လေး၊ မင်း ဒေါ်လေးကတော့ အတင်းအကျပ် စီမံကောင်း စီမံလာလိမ့်မယ်၊ ဦးလေး ပြောသား တားသားရှင်လဲ ဘတော့ရမယ်၊ ပြီး သူဖြစ်စေချင်တာ ဖြစ်လာအောင် မိန်းမတွေ့ဝါဒနဲ့ ကြံလိမ့်မယ်၊ မင်းဒေါ်လေးအကြောင်း မင်းသိပါတယ်ကွာ၊ ဦးလေးသဘောကတော့ မင်းကလဲ ဝေဝေလေးကို သဘောကျပြီး ဝေဝေလေးကလဲ မင်းကို သဘောကျမှ ဒီအစီအစဉ်ကို လုပ်စေချင်တယ်၊ မင်းတို့ချင်း နားလည်မှု မရှိရင်..ဘေးလေ ဦးလေး သိပ်ရှင်းပြနေစရာ မလိုပါဘူး၊ ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

"ဒီလောက်အစောကြီး ပြောရတာလဲ ဘာကြောင့်ဆိုတာ မင်း သဘောပေါက်နိုင်ပါတယ်"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် သဘောပေါက်ပါတယ်"

"ပြီးတော့ ဒီကိစ္စကို မင်းမိဘများဆီလဲ အကြောင်းကြားရဦးမယ်၊ ဒီလိုလုပ်ကွာ ဦးလေး စာတစ်စောင် ရေးပေးလိုက်မယ်၊ မင်းရွှေလေးအပြန် တခါထဲ ယူသွား၊ ဒါနဲ့ မင်းဘယ်တော့ ရွှေလေး ပြန်မလဲ"

"သဘက်ခါ ဦးလေး"

"အေး ကောင်းတယ်"

ဦးဘခင်သည် ခဏမျှ ဆိုင်းငံ့နေပြန်၏။

ကိုကိုကျော်သည် ဝေနှင့် ပတ်သက်၍ စဉ်းစားနေသည်။ သူ့ကိုယ်သူ ပြန်မေးနေသည်။ ဝေကို ကြိုက်သလား။ ချစ်သလား။ နှလုံးမိပြီလား။ ဟန်ဆောင်တမ်း ဝန်ခံရလျှင် နှလုံးမိပါပြီ ဝေ။

"ဝေ နဲ့ ပတ်သက်ပြီး ဦးလေး ပြောစရာ ကျန်သေးတယ်"

"ဟုတ်ကဲ့ ဦးလေး ကျွန်တော်သိချင်ပါတယ်" ဦးဘခင် ပြုံး၏။

"မင်းအဲ့ယူပြီး အလုပ်ဝင်စအချိန်၊ မင်းရှမ်းပြည်ဘက် အလုပ် သွားလုပ်နေရတဲ့အချိန်မှာ ဖေ့ အဖေ ဆုံးသွားခဲ့တယ်၊ ဒီတုန်းက ဖေ ဆယ်တန်းမဖြေရသေးတုန်းပဲ ရှိသေးတယ်၊ ဒါနဲ့ ဦးလေးကပဲ ဖေ့ ပညာရေး ဆုံးခန်း တိုင်အောင်အထိ တာဝန်ယူခဲ့တယ်၊ ဖေ့ကို ဒီအိမ်မှာပဲထားပြီး အစောင့်မှာပဲ နေခိုင်းခဲ့တယ်၊ ရှင်းရှင်း ပြောရရင် မင်းဆေါ် လေး ဒီစာမကြောင်တာနဲ့ ဖေလေး စိတ်ဆင်းရဲမှာ စိုးလို့ပဲ၊ နောက်ပြီး ဖေဟာ ကိုယ့်ကိုကိုယ် စောင့်ရှောက် နိုင်စွမ်းရှိတယ်လို့ ယုံကြည်လို့ပဲ၊ တကယ်တော့လဲ မိမိကိုယ် မိမိ စောင့်ရှောက်တတ်အောင် လွတ်လွတ်လပ်လပ် နေခွင့် ပေးတဲ့ သဘောလဲပါတယ်၊ အေး လောကအကြောင်း အကျိုးအကောင်းကိုတော့ တတ်နိုင်သလောက် ပြောပြ ထားရတာပေါ့၊ ဒီကြားထဲမှာ သူမှားတာ အနည်းအပါး ရှိကောင်း ရှိလိမ့်မယ်၊ အမှားကို မှားမှန်းသိမှ အမှန်ကို သိလာနိုင်မယ်၊ မှားတာကို အပြစ်မယူဘဲ ပြန်ပြင်နိုင်အောင် လုပ်ရမယ်၊ ဒီနည်းနဲ့ပဲ ဖေ့ကို ဦးလေး စောင့်ရှောက်ခဲ့တယ်၊ အေး ဒါပေမယ့် တခါတုန်းကတော့…"

ဦးသခင်သည် စကားစတောရပ်၍ ဆေးတံမီးညှိ ဖွာရှိုက်လိုက်သည်။ ပြောသင့် မပြောသင့် ချင့်ချိန်လိုက်၏။ ပြောထားသင့်သည်ဟု ယူဆလိုက်သည်။ မိမိ သိသမျှ ကိုကိုကျော်ကို ပြောပြရပေမည်။

"ဖေ့မှာ ချစ်သူတယောက် ရှိခဲ့ဘူးတယ်လို့ ဦးလေး သိခဲ့ရတယ်"

ကိုကိုကျော် မျက်လွှာ လှန်ကြည့်ဖြစ်သည်။

"ဖေကတော့ ပြောမပြပါဘူး၊ ဦးလေး အမှတ်တမဲ့ တွေ့လိုက်ရလို့ စုံစမ်းကြည့်တော့ ဖေ့ ချစ်သူအကြောင်း သိခဲ့ရတယ်၊ လူရွှင်တယောက်ပဲ၊ ဒါနဲ့ ဦးလေးလဲ ဖေ့ကိုခေါ်ပြီး လောကကြီးအကြောင်း ကောင်းပါးမိုပ်မျှ ပြောပြခဲ့တယ်၊ နောက်မကြာခင်ပဲ အဲဒီလူငယ် တခြား မိန်းကလေးတယောက်ကို လက်ထပ်သွားတယ်၊ ဒီနောက်တော့ ဦးလေးမကြားမိဘူး၊ မင်းလဲ စုံစမ်းကြည့်ဦးပေါ့"

ဦးလေးသည် စကားစ ဖြတ်လိုက်၏။ မတ်တပ်ရပ်လိုက်၏။

"ကဲ ဒါပါပဲကွာ၊ ဒီကိစ္စကို ဒီလောက် အကျဉ်းလို ပြောလိုက်ရတာတော့ ဦးလေးကို ခွင့်လွှတ်ပါ၊ အမှန်အတိုင်းဆိုရင် မင်းတို့ချင်း ရင်းနှီးတဲ့အထိ စောင့်သင့်သေးတာပေါ့၊ နောက်တခုက မင်းရဲ့ဆန္ဒနဲ့ ဖေလေးဆန္ဒကိုလဲ စုံစမ်းသင့်သေးတာပေါ့"

ဦးသခင် ခေတ္တမျှ ငြိမ်သွား၏။

"အေးကွာ၊ ဖေလေးကိုတော့ ဦးလေးကိုယ်တိုင် မမေးတော့ဘူး၊ မင်းမေးချင်ရင်တော့ မေးကြည့်ပေတော့၊ တကယ်လို့ ဖေလေးကို မင်း စိတ်ဝင်စားတယ်၊ သဘောကျတယ်ဆိုရင်ပေါ့"

"ကျွန်တော် ဖေ့ကို သဘောကျပါတယ် ဦးလေး"

ကိုကိုကျော်သည် လွတ်ခနဲ ပြောလိုက်မိ၏။ ဦးလေးပြုံး၏။

"ကဲ ကဲ အိပ်ချင် အိပ်ပါတော့ကွာ"

"ဟုတ်ကဲ့ ဦးလေး"

သို့သော် ကိုကိုကျော်သည် ထိုညက အိပ်မပျော်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၃)

သီရိဆောင် ဧည့်ခန်းသို့ ယနေ့ ဧည့်သည်သစ်တယောက် ရောက်ရှိလာသည်။ ကိုကိုကျော်ပင်တည်း။ ဖေသည် ယခု သုံး လေး ငါးရက်အတွင်း စိတ်လှုပ်ရှားရလွန်းသဖြင့် နွမ်းနယ်သယောင် ဖြစ်နေသည်။ အချိန်အားရတိုင်း

အိပ်ရာထက်တွင် ခွေ၍ စာအုပ်တစ်အုပ်ကို စိတ်မပါလက်မပါနှင့် လှန်လှောနေခြင်းဖြစ်သည်။ အတွေးပေါင်းများစွာက သူ့ကို နှောင့်ယှက်နေ၏။

ကိုကိုကျော့်ကို တွေ့ဆုံပြီး နောက်နေ့တွင် ဒေါ်လေးတို့အိမ်မှ ကျောင်းသို့အပြန် ကိုကိုကျော် လိုက်ပို့၏။ ဒေါ်လေးသည်ပင် စီစဉ်လိုက်ခြင်း ဖြစ်ပါ၏။ ဧသည် ကားကို အဆောင်ဝ ခပ်လှမ်းလှမ်း၌သာ အရပ်ခိုင်းပြီး ဆင်းလျှောက်ခဲ့၏။ ကိုကိုကျော်နှင့် အတူလာခြင်းကို အဆောင်သူများ မမြင်စေလို။

ကိုကိုကျော်သည် ထိုနေ့က ဧ့ကိုပြန်ပို့ရင်း မနေ့လေးသို့ ဖေပြန်မည့်အကြောင်း နှုတ်ဆက်သွားခဲ့ သည့်မှအပ အထွေအထူး မပြောသွား။ သို့ရာတွင် ကားမောင်းလာစဉ် လမ်းတလျှောက်လုံး စဉ်းစဉ်းစားစား ရှိနေခြင်းကမူ သိသာလှ၏။

ဟုတ်ပါသည်။ ဧနှင့်ပတ်သက်သော အကြောင်းများ စဉ်းစားနေခြင်း ဖြစ်ပါသည်။ ကိုကိုကျော်သည် ဧ့ကို စွဲလမ်းမိပါပြီ။ သို့ရာတွင် ဧ့တွင် ချစ်သူရှိခဲ့ဘူးသည်ဆို၏။ ထိုချစ်သူနှင့်လည်း ကွဲကွင်းဘူး၏။ ဧ့ကို ကြည့်ရသည်မှာ ရင်ကျွက်ပုံရ၏။ ဧသည် နှလုံးသားနှင့် ပတ်သက်၍ ခေါင်းစားသော့ပြီလော။ ယောကျ်ားမုန်းသွားကို စိတ်နာသွားပြီလော။ ဧသည် အေးစက်လွန်းလှ၏။ ဧ့ကို လောလောဆယ် မြန်မြန်ဆန်ဆန်ကြီး ချစ်ခွင့်တောင်းလို့ သင့်တော့်ပါမလော။ မိမိသည် လူကြီးလူကောင်း တယောက်နေရာသို့ ရောက်နေပြီ။ ထိုသို့ စုမြင် စုကြိုက် စုပြော ပြုခြင်းသည် သင့်တော့်ပါမလော။ မသင့်တော့်။ သို့ဖြစ်လျှင် ဘယ်တော့ ပြောမလဲ။ ရင်းနှီးပြီး တော့မှ ပြောမည်လော။ စုရင်းနှီးသေးဘူးလော။ ရင်းနှီးပြီးဖြစ်သည်ဟု ယူဆနိုင်၏။ သို့ရာတွင် အကျွမ်းမဝင်သေး။ ပြီးတော့ ဧ့အကြောင်း သေချာရေရာ မသိရသေး။ မိန်းမ ဆိုသည်မှာလည်း အသိရခက်သည့်အမျိုး။ သည်တော့ စောင့်လိုက်ပါ ဦးမည်။ ဧ့အကြောင်း ပိုလို့သိအောင် စောင့်လိုက်ပါဦးမယ်။ ယခုအသိမှ ဧသည် ချစ်ဖွယ်၊ သနားဖွယ်၊ ရိုးသားစင်ကြယ် သူတယောက်ဟု ယေဘုယျ သတ်မှတ်လိုက်ပါသည်။

သို့ရာတွင် မိန်းမများအကြောင်း သူနကန်းတလုံးမျှ မသိသေး။ စဉ်းစားပင်မတော့ဘူး။ တက္ကသိုလ်တက်စဉ် တချိန်လုံးလည်း ကျောင်းစာနှင့် အပေါင်းအသင်း သူငယ်ချင်းနှင့် အားကစားလောကကျင်ခြင်းနှင့်သာ အချိန်ကုန်ခဲ့၏။ သူ့ကိုစိတ်ဝင်တစား အထင်တကြီး အရောတဝင် ဆက်ဆံသော မိန်းမလေးများတော့ ရှိပါ၏။ သို့သော် သူပြန်၍ ဂရုမစိုက်ခဲ့လှဆိုသည်မှာ လွယ်သောကိစ္စများကို တန်ဖိုးမထားတတ်။ ဟုတ်လည်း ဟုတ်သည်ပင်၊ လွယ်လွယ်ကူကူ မပင်မပန်း ရရှိမှုများသည် ခက်ခက်ခဲခဲ ကြိုးစားရရှိမှုများလောက် တန်ဖိုးမရှိနိုင်ပါ။

ဧ့ကို ခက်ခက်ခဲခဲ ရယူရမည်လော၊ သို့မဟုတ် အလွယ်တကူ ရယူနိုင်မည်လော။ ဦးလေးခင်၏ စကားအရမူ အလွယ်တကူ ချက်ချ ရယူနိုင်မည်မထင်။ ကိုကိုကျော့်ကိုယ်တိုင် ကြိုးစားရမည် ဖြစ်၏။ တကယ်ကော လွယ်လွယ်ကူကူ တုံ့ပြန်မည်လော။ ခက်ခက်ခဲခဲ တုံ့ပြန်မည်လော။ သို့ရာတွင် ကိုကိုကျော်သည် ဒေါ်လေး၏ စီစဉ်ချက်အရ အလွယ်တကူ ရယူနိုင်မည်ဆိုလျှင်လည်း မယူလို။ သူ့ကိုယ်တိုင် ကြိုးစားချင်ပါ၏။ သို့ ကြိုးစားပါလျက် ဧက ငြင်းခဲ့လျှင်......။

ကိုကိုကျော်သည် ဤသို့ တွေးလိုက်မိလျှင်ပင် တုန်လှုပ်မိ၏။ သူ ဧ့ကို လက်မလွှတ်နိုင်ပါ။ သို့... အကယ်၍များ... ဧက သူ့ကို လက်မခံနိုင်၊ ငြင်းပယ်လိုက်သည်ရှိသော် မည်သို့လုပ်ရမည်နည်း။ သူသည် ဒေါ်လေးတို့၏ အင်အားသြဇာကို အသုံးပြု၍ ဧ့ကို အတင်းရယူခြင်း မပြုလိုပါ။

မိန်းကလေးတယောက်ကို ရယူနိုင်ခြင်းသည် ထိုမိန်းကလေး၏ နှလုံးသားမှ အချစ်ကို ရယူနိုင်ခြင်း မဟုတ်ဆိုသည်ကိုတော့ ကိုကိုကျော်သိပါသည်။ သူလိုချင်သည်မှာ 'အချစ်' ဖြစ်ပါသည်။ အချစ်ကို ဈေးဝယ်သလို ဈေးပတ္တမြား ဈေးနှုန်း နည်းဖြင့်ဝယ်ရင်း၊ အခွင့်အလမ်းအား၍ အခွင့်အာဏာနှင့်ဝယ်ရင်း မရနိုင်။ ဝယ်ယူ၍ ဝယ်ရင်း၊ အခွင့်အာဏာနှင့် သိမ်းယူ၍ဝယ်ရင်း ရနိုင်ခြင်းသည် ကိုယ်မွေးသာ ဖြစ်နိုင်၏။ စိတ်နှလုံးကို မဖြစ်နိုင်။

ချစ်ခြင်းမေတ္တာသည် စိတ်နှင့်သာ ဆိုက်ရိုက်ပတ်သက်၏။ ကိုယ်ခန္ဓာနှင့်မူ သွယ်ဝိုက်၍သာ ပတ်သက်၏။ စိတ်မှတဆင့်သာ ဆက်နွယ် ပတ်သက်နိုင်ပါ၏။

စိတ်ချင်း သိလာရန်မှာ အနေနီး၍ တယောက်စရိုက်ကို တယောက်အကျွမ်းဝင်လာနိုင်မှ ဖြစ်၏။ တယောက်အကျင့်ကို တယောက် နားလည်နိုင်မှ ဖြစ်၏။ တယောက်သဘောထားကို တယောက် သိနိုင်မှ ဖြစ်၏။ မြင်လျှင်မြင်ခြင်း ချစ်မိပါသည် ဆိုသည်မှာ မဖြစ်နိုင်။ မြင်လျှင်မြင်ခြင်းဆိုလျှင် ကြိုက်ရုံ ကြိုက်နိုင်မည်။ ကြိုက်ခြင်းသည် တပ်မက်ခြင်းသို့ ဆက်နွယ်၏။ ကိုယ်ခန္ဓာကိစ္စ။ ချစ်ခြင်းမေတ္တာမှာမူ စိတ်ကိစ္စ။

ဤသို့သာလျှင် ကိုကိုကျော် ယူဆသည်။ ထို့ကြောင့် သူလိုချင်သော ဇေ့အချစ်ကို ရယူနိုင်ရန်အတွက် သူသည် ဇေနှင့် ပိုလို့ ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားရမည်။ ဇေ့ အကျင့်စရိုက် သဘောထားကို သိလာအောင် ကြိုးစားရမည်။ သူ့အကျင့်စရိုက် သဘောထားကို ဇေ သိသာအောင် ကြိုးစားရမည်။ ထို့နောက် စိတ်ချင်း ဆက်နွယ်၍ ရနိုင်မှသာလျှင် သူ့ချစ်ခြင်းမေတ္တာကို ဖွင့်ဟမည်။ တသက်လုံးအရေးဖို့ နှစ်ယောက်စလုံးအတွက် အရေးကြီးသည်။ သို့ဖြင့် ကိုကိုကျော်သည် ဇေ့အား အလောသုံးဆယ် ချစ်ခွင့်မပန်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်ပင် အခွင့်အရေးများ ဖန်တီးပေးလိုက်သော ဒေါ်လေး၏ ဆန္ဒကို လျစ်လျူရှု၍ သာမန်ရှုသာ ဇေ့ကို နှုတ်ဆက်ပြီး ရွှေလေးသို့ ပြန်ခဲ့သည်။

ရွှေလေးတွင် မိဘနှစ်ပါးနှင့် တွေ့ဆုံပြီးနောက်၊ ဦးဘခင်၏စာကို မိဘများအားပေးပြီးနောက်၊ မိဘနှစ်ပါးကလည်း ကိုကိုကျော်၏ သဘောအတိုင်းသာ ဖြစ်စေရမည်ဟု ဖွင့်ပြပြီးနောက်၊ ရက်ပိုင်းအတွင်းမှာပင် ရန်ကုန်ပြန်ခဲ့သည်။ ဇေ့ကို တွေ့ချင်လှပြီလေ။

ကိုကိုကျော့် မေမေကမူ ရွှေလေးက သူဌေးသမီးတယောက်နှင့် စေ့စပ်ပေးရန် မိမိစိတ်ကူးထားကြောင်း ပြောသေး၏။ သို့သော် ကိုကိုကျော့် မေမေကလည်း သားဖြစ်သူ၏ သဘောအတိုင်းသာ ရှိစေဟု ဖွင့်ပြလိုက်၏။ ကိုကိုကျော်သည် ရန်ကုန်ရောက်လျှင် ရောက်ချင်း ဦးဘခင်တို့အိမ်တွင် တေးသာခနေ၍ ဇေ့ထံသို့ လာခဲ့သည်။

ဇေ့ကို တွေ့ချင်ဇောင်းပြီးနောက် ဧည့်ခန်း၌ ထိုင်စောင့်နေစဉ်တွင် သူသည် မစန့်စား ရင်ခုန်မိသည်။ လူပျိုပေါက်ကလေး တယောက်ကဲ့သို့ ပြန်ဖြစ်သွားမိသည်။ စီးကရက်မီးညှိရင်း မိမိလက်များ မသိမသာ တုန်နေသည်ကို တွေ့ရသောအခါ ကိုကိုကျော်သည် မိမိကိုယ်မိမိ ရယ်ချင်ချင် ဖြစ်သွားရသေး၏။

"ဘယ်သူများလဲလို့"

ဇေသည် လက်သုံးဆောင်နှင့်ပင် ဧည့်ခန်းထဲသို့သည်။

"ကိုကိုပေါ့ ဇေရဲ့"

ကိုကိုကျော်သည် မကြိုစည်ထားဘဲ အလိုက်သင့် ပြောဖြစ်သည်။ ဇေသည် ပိုလို့လှနေသည်ဟု ကိုကိုကျော် ထင်မိ၏။ လျှော်ပြီးစ ဆံပင်တို့ကို ဖားလျားချလျက် ဆံဖျားဆိပ်ကို စုစည်းထား၏။ နက်မှောင်၍ အိစနေသော ဆံပင်များသည် တကိုယ်လုံးကိုပင် ဖုံးတော့မယောင်။

လက်ပြတ်အင်္ကျီ အဝါရောင် ခပ်ရှုပ်ရှုပ်နှင့် ပါတိတ်ထဘီ တထည်နွမ်းကလေး ဝတ်ထား၏။ ကိုကိုကျော်နှင့် ယှဉ်လျက် ခုံတလုံးတွင် ဝင်ထိုင်သည်။ သို့ရာတွင် မိမိထိုင်မည့်ခုံကိုမူ ကိုကိုကျော် ထိုင်နေသည့်ခုံနှင့် အနည်းငယ် ရွှေ့ပြီးမှ ထိုင်သည်။ ထိုအခါ ကိုကိုကျော်သည် ဇေ့ထံမှ ကိုယ်သင်းနံ့ကလေးကို ရလိုက်၏။

"ကိုကိုဘယ်နေ့ကပြန်ရောက်လဲ"

"ဒီနေ့ဘဲ" ကိုကိုကျော်သည် ဇေ့ကို ပြုံးကြည့်ရင်း ဖြေ၏။ သည်နေ့ဘဲ ရောက်တယ် သည်နေ့ဘဲ ဇေ့ဆီ လာပါတယ်ဆိုသော အဓိပ္ပာယ်။ ဇေ မျက်လွှာချလိုက်ရှာ၏။

"ဘယ်ကလှည့်လာတာလဲ ကိုကို"

“ခုဆီဘဲ တမင်လာတာပေါ့”

သည့်စကား၏ အဓိပ္ပာယ်သည်လည်း ရှင်းပါ၏။

“အော်...”

တလုံးတည်းသော အာမေဍိတ်သာဖြစ်၏။ ဝေသည် တွေသွားပြန်၏။ ဘာကိုဘယ်လို ဆက်ပြောရမှန်းမသိ။

ဝေသည် ကိုကိုကျော်အား မိမိကိုလာတွေ့သော မိမိ၏ဧည့်သည်အဖြစ် ဧည့်ဝတ်ကျေလိုခြင်း ကြောင့်ရင်း၊ စပ်လိုက်လျှင် တော်သည့် အကိုတယောက်အဖြစ်ရင်း၊ တရင်းတနှီးပြောဆို ဆက်ဆံလိုက်ခြင်း ဖြစ်၏။ သို့ရာတွင် သူ ဆောင်ပြောလိုက်သော နှုတ်ခွန်းဆက်စကားများကို ပြန်လည်ဖြေကြားသော ကိုကိုကျော်၏ စကားများသည် အဓိပ္ပာယ် ကောက်ယူရနိုင်သော စကားချိုး စကားဆက်များ ဖြစ်နေ၏။

“ကိုကိုပေါ့ ဝေရဲ့” ကိုဆက်၍စဉ်းစားလျှင် ‘ကိုကိုပေါ့ ဝေရဲ့၊ ကိုကို့အပြင် ဘယ်သူက ဝေ့ဆီ လာရမှာလဲ’ ဟုလည်း အဓိပ္ပာယ်ယူနိုင်၏။

“ခုဆီဘဲ တမင်လာတာပေါ့” ဆိုသော စကားမှာလည်း

‘ခုဆီကလွဲပြီး ကိုကိုက ဘယ်သူ့ဆီ သွားရမှာလဲ’ဟု ပြောလိုကြောင်း ထွက်ဆနိုင်၏။ ရင်မောလှချည်။

“ဝေနဲ့ အကြာကြီးကွဲသွားပြီးမှ ခုလိုပြန်တွေ့ရလို့ ကိုကို သိပ်ဝမ်းသာမိတယ်”

ကိုကိုကျော်သည် တွေနေသော ဝေ့ကို စကားကြောင်းလိုက်၏။

“ဟုတ်ကဲ့ ဝေလဲ ဝမ်းသာပါတယ်” ဝေက အလိုက်သင့် ဖြေရသည်၊ ကိုကိုကျော်ပြုံး၏။

“ဝေက သိပ်လှလာတာဘဲ”

ပြဿနာတော့ ပေါ်ပြီဟု ဝေတွေးလိုက်၏။ တပြိုင်နက်တည်းတွင်လည်း ကြည်နူးမိ၏။ မိမိအား လှသည်ဟုပြောခြင်းကို မည်သူမနှစ်သက်ဘဲ နေမည်နည်း။

“သိပ်မမြှောက်ပါနဲ့ ကိုကိုရယ်၊ ဝေ အနေရခက်ပါတယ်” ဝေသည် ရှက်ပြုံးနှင့် ခေါင်းငုံ့ရင်းပြော၏။

“အိုး...ကိုယ့်နှမလှတာ လှတယ်ပေါ့ဗျ” ကိုကိုကျော် ရွှင်မြူးနေ၏။

ဝေ ရှက်လာ၏။ ကိုကိုကျော်ကို မျက်လွှာလှန်မကြည့်ရဲ။ မိမိကို ကြည့်နေကြောင်း သိရ၍လည်း တဖက်သို့ မျက်နှာ လွှဲရသည်။ ဝေသည် ရှေ့တည့်တည့်ကို ကြည့်နေသော်လည်း မိမိအားမှ ကိုကိုကျော်က မိမိကို ကြည့်နေကြောင်း ရိပ်မိသည်။ မနေတတ်တော့၊ တဖက်သို့ မျက်နှာလှည့်လိုက်ရသည်။

ထိုသို့ လှည့်လိုက်တွင်...သူ...အောင်လတ်။ အောင်လတ်သည် ဧည့်ခန်းသို့ရောက်နေ၏။ ပြန်လှည့်ရန် အပြင်တွင် ဝေနှင့် မျက်လုံးချင်း ဆုံမိသည်။ အစကတည်းက ဝေက အောင်လတ်ကို မမြင်မီ စက္ကန့်ပိုင်းလောက်ကပင် အောင်လတ်က ဝေတို့ကို မြင်ပြီးဖြစ်သည်။ ထိုစဉ် အောင်လတ်စိတ်တွင် မည်သို့ ဖြစ်သွားသည်ကို အောင်လတ် ကိုယ်တိုင် မသိလိုက်။ ဒေါသဖြစ်ခြင်းလော၊ တုန်လှုပ်ခြင်းလော၊ မနာလိုဝန်တိုခြင်းလော၊ ကြောက်ရွံ့ခြင်းလော၊ သောကဖုံးလွှမ်း သွားသည်လော မသိလိုက်။ တခုခု ဆုံးရှုံးသွားသလိုလို၊ ရင်တထိတ်ထိတ် ခုန်သွားသည် တော့အမှန်။ လှည့်ပြန်မည်ဟု စိတ်ကူးလိုက်စဉ်တွင် ဝေက အောင်လတ်ကို မြင်သွား၏။

ဝေသည်လည်း အောင်လတ်ကို တွေ့လျှင်မြင်ချင်း စိတ်ယောက်ယက် ခတ်သွား၏။ အပြစ်ကင်း မိအား လိုက်ရသကဲ့သို့၊ ရှက်ဖွယ်လိုလို၊ အပြစ်တခုခုကို ကျူးလွန်မိသလိုလို။ သို့ရာတွင် စက္ကန့်၏ အစိတ်ပိုင်းမျှသော အချိန်အတွင်း စိတ်အလုပ် လုပ်လိုက်ပြီး ချက်ချင်းပင် ဟန်ဆောင်လိုက်နိုင်ပါ၏။

“လာလေ ကိုအောင်၊ ဘယ်ကမျက်စိလည်လာတာလဲ”

ကိုကိုကျော်သည် အောင်လတ်ကို မြင်၏။ သူတို့ကို ကြည့်နေကြောင်းလည်း သိ၏။ ဝေက နှုတ်ဆက်လိုက်သောအခါတွင်မှ ကိုကိုကျော် ပဟေဠိတပုဒ် အဖြေထုတ် ကြည့်နေသည်။ 'ကိုအောင်'တဲ့။ ဘယ်သူလဲ။ ဘယ်လိုပတ်သက်လဲ။ ကိုကိုကျော် နောက်ကျပြီလား။ ရင်ထိတ်လိုက်ရပါဘိ။ အောင်လတ်သည် ရေအေး ခုံအလွတ် တခုတွင် ဝင်ထိုင်လိုက်ရ၏။ ထိုအချိန်တွင် သုံးယောက်စလုံး အိမ်ရှေ့ဆောင်နိုင်ပြီ ဖြစ်သည်။ ဝေသည် ထိုအချိန်၌ ဘာပြောရမည်ကို မစဉ်းစားရဘဲ သိ၏။ "ဒါ ကိုကိုကျော်တဲ့၊ မြို့နယ် အင်ဂျင်နီယာ လုပ်နေတယ်၊ ဝေ့ အကို ဝမ်းကွဲပေါ့၊ ဒါက ကိုအောင်လတ်တဲ့၊ ဝေ့ မိတ်ဆွေဘဲ ကိုကို"

"တွေ့ရတာဝမ်းသာပါတယ်"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်"

သုံးယောက်စလုံးသည် အပြောသင့်ဆုံး စကားများကိုသာ အတိုချုံး၍ ပြောနေကြရသည်။ အခြေအနေမှာ တင်းမာသလိုလို ပျော့ပျောင်း၊ သလိုလိုနှင့် ဖျင်းတွဲတွဲ ဖြစ်နေသည်။ ဝေသည် အခြေအနေကို ထိန်းရန် ကြိုးစားနေရသည်။

"ကိုအောင်က ဝေ့ကို သိပ်အကူအညီပေးတာ ကိုကိုရဲ့၊ ကျောင်းမှာ ကိုအပ်တာမှန်သမျှ သူဘဲ လိုက်လုပ်ပေးတယ်"

"အော်"

ကိုကိုကျော်ထံမှ 'အော်'တလုံးသာ ထွက်နိုင်၏။ ဝေသည် အောင်လတ်ဘက် လှည့်လိုက်ပြန်၏။

"ကိုကိုနဲ့ ဝေနဲ့က ငယ်ငယ်ထဲက ကွဲသွားကြတာ၊ တမြန်နေ့ကမှ ပြန်ဆုံကြရတာလေ၊ ကိုအောင်လတ်ကို ပြောခဲ့ပါရောလား၊ ဟိုတနေ့က လေဆိပ်ကို သွားကြိုရတာလေ"

"အော် ဟုတ်"

စကား ပြတ်သွားပြန်သည်။ သုံးဦးစလုံး အတွေးကိုယ်စီနှင့်။ ကိုကိုကျော်သည် ဝေနှင့် အောင်လတ်တို့၏ ဆက်ဆံ ရင်းနှီးမှုကို မှန်းဆတွက်ချက်ရင်း စိတ်လှုပ်ရှားနေ၏။ အောင်လတ်သည်လည်း ကိုကိုကျော်နှင့် ဝေတို့၏ ဆက်နွယ်မှုကို စဉ်းစားအဖြေရှာရင်း ရင်ထဲထိတ်ထိတ် ရှိ၏။

ဝေသည် ကိုကိုကျော်နှင့် အောင်လတ်တို့ နှစ်ဦးက မိမိအပေါ် တမျိုးစီ အထင်လွဲနေမည်ကို စဉ်းစားမိပြီး ရင်နှင့် နေရှာ၏။ တယောက်သည် ကျန်နှစ်ယောက်အကြောင်း စဉ်းစားရင်း သုံးယောက်စလုံး စိတ်အလုပ်ရှုပ်နေကြ၏။

ကိုကိုကျော် က မြန်မြန် စိတ်ကျသည်။ သို့သော် မသင့်လျော်။ မိမိ ထ ပြန်လိုက်ခြင်းအားဖြင့် အောင်လတ်ကို မတွေ့ချင်သော သဘောသက်ရောက်နိုင်၏။ ထို့အပြင် အောင်လတ်နှင့် ဝေလွင်တို့၏ ဆက်ဆံရေးကို တမျိုးတမည် ဆုံးဖြတ်ရာရောက်မည်။ တနည်းအားဖြင့် သူတို့နှစ်ယောက်ကို နှုတ်ခွဲရာရောက်မည်။ သို့မဟုတ် နှစ်ယောက်ချင်း လွတ်လပ်သော သဘောလည်း ရောက်နိုင်၏။ မိမိသည် စပ်ရည်ဆိုပါက ဝေနှင့် မောင်နှမ တော်သည်ဟု ဆိုနိုင်၏။ သို့ဖြစ်လျှင် ကိုယ့်နေရာကို တစိမ်း ယောကျ်ားတယောက်နှင့် နှစ်ယောက်ထဲ ထားခဲ့လျှင် မသင့်လျော်။

ကိုကိုကျော် ဆင်ခြင်နိုင်းဆ ချင့်ချိန်နေရ၏။ တနည်းအားဖြင့် ဆိုသော် တွေဝေနေ၏။ အောင်လတ်သည်လည်း အတွေးမျှင် တန်းလျက် ရှိသည်။

သူနှင့် ဝေတို့၏ သာယာကြည်နူးဖွယ် လောက ကမ္ဘာလေးသို့ ကိုကိုကျော်သည် ရုတ်တရက် ဝင်ရောက်လာသူ ဖြစ်၏။ အကိုဝမ်းကွဲဟု ဆိုသည်။ ဝေ၏ ဧည့်သည်သစ်ဖြစ်၏ မိန်းကလေးတယောက်နှင့် သူ၏ ကာဆင် ဆိုသည်မှာ တက္ကသိုလ်လောက၌ သမီးရည်းစားသဘောသို့ အလွယ်ကူဆုံး ပြောင်းလဲသွားနိုင်သော အဓိပ္ပာယ်ကို

ဆောင်၏။ တက္ကသိုလ် ကျောင်းသူတို့သည် သူတို့၏ ဆွေဝေးမျိုးဝေးဖြစ်သော စပ်မှုတော်သော ယောက်ျားလေး မိတ်ဆွေများကို အကိုဝမ်းကွဲ၊ ကာဆင်၊ အကိုတော် ဟုပြောတတ်ကြ၏။ ထိုကာဆင်ခေါ် အကိုဝမ်းကွဲခေါ် အကိုတော်တို့နှင့် နှစ်ယောက်ထဲ သွားချင်လာချင်လည်း တင့်တယ်၏။ တခြားလူက အပေလျှင် ပြောလျှင် ဆောင်နမျိုး သွားတော လာတာဟု ရှင်းနိုင်၏။ အိမ်ရှေ့မျက်။

တက္ကသိုလ်သူတို့ကား အကိုအရင်း သို့မဟုတ် အကိုတဝမ်းကွဲ စသည့်တို့နှင့် နှစ်ယောက်ထဲ သွားမဲ၊ လာမဲ၊ နေမဲသည်။ အကြောင်းရှိလျှင်လည်း တိုတိုနှင့် လိုရင်းကိစ္စ ဖြတ်တတ်၏။

အကိုတို့ကလည်း သူတို့နှမများနှင့် တွဲနေခြင်းမရှိ၊ ကူညီစရာရှိလျှင် ကူညီပေးရုံမျှသာ ဆက်ဆံ၏။ အိမ်က ပို့သောငွေ လာပေးခြင်း၊ စာအုပ်စာတမ်း ဝယ်ပေးခြင်း၊ အခြားမိန်းမလေး အဖော်တို့နှင့်အတူ နမကို ရုပ်ရှင်၊ ဈေး စသည်ဖြင့် လိုက်ပို့ခြင်း လောက်မျှသာဖြစ်၏။ အများအားဖြင့်မူ အရေးအကြောင်း ရှိမှသာ နမများထံ ရောက်လာတတ်၏။ အကိုဝမ်းကွဲခေါ် ကာဆင်တို့ကား ထိုသို့မဟုတ်၊ တကယ်တမ်းအားဖြင့်လည်း အကို လေးဝမ်း၊ ငါးဝမ်း၊ ဆယ်ဝမ်း လောက်ကွဲကြ၏။ စပ်နိုင်မှတော်ကြ၏။ သို့ဖြစ်လျှင် အောင်လတ်သည် တွေးရင်းရှင်းလာ၏။ ထို့အပြင် နိုင်ငံရပ်ခြားမှ ပညာတော်သင်ပြီး ပြန်လာခါစ အင်္ဂလိပ်ယာပေါက်စ။

စွန်နီပိုင်းအတွင်း စိတ်အေးနှံသည် တွေးဆခြင်း၊ အဖြေထုတ်ခြင်းတို့ကို ပြု၏။ အောင်လတ် ထရပ်လိုက်သည်။

"မေ ဘာများမိုင်းစရာရှိသေးလဲလို့ လာမေးတာ၊ ဘာမှမိုင်းစရာမရှိရင် ကျနော်ပြန်တော့မယ်"

အထွက်ကောင်းရန် စကားလှ ပြောလိုက်၏။

"ရှင့်ပြုပါဦးမောင်ချ" ကိုကိုကျော်ကို နှုတ်ဆက်၏။

"ဟုတ်" ကိုကိုကျော် ကြောင်တက်တက်နှင့်ပင်။ အောင်လတ် လှည့်ထွက်မဲ့သည်။ ရင်ထဲမှာတော့ ဘာမျှ မရှိတော့သလို။

ကိုကိုကျော်သည် အောင်လတ်ကို တွေးစရာများ ပေးလိုက်၏။ အောင်လတ်သည်လည်း ကိုကိုကျော်အတွက် ပုစ္ဆာများ ထားခဲ့၏။ အောင်လတ်ထွက်သွားပြီးနောက် ကိုကိုကျော်နှင့် မေလှင်တို့သည် တော်တော်နှင့် စကား မပြော ဖြစ်ကြသေး။ ပြီးမှ တယောက်ကို တယောက် ကြည့်၍ ပြုံးသည်။ အဓိပ္ပာယ် ဆော်စရာသော အပြုံးများ။

ကိုကိုကျော်သည် စေ့အား အောင်လတ်အကြောင်း မေးမည်ကြံသေး၏။ သို့ရာတွင် ယောက်ျား တယောက်အနေနှင့် အခြားယောက်ျား တယောက်အကြောင်း မေးစုံသင့်ဟု ယူဆ၏။ ထို့ကြောင့်ပင် အခြား အကြောင်းအရာ များကိုသာ စိတ်မပါဘဲ မေးမြန်းပြောဖြစ်သည်။

"အဆောင်မှာနေရတာ အဆင်ပြေရဲ့လား မေ"

"ဟုတ်ကဲ့ ပြေပါတယ်"

မေသည်လည်း အလိုက်သင့် အလျှော့သင့် ဖြေနေရ၏။

"အစားအသောက်ကော"

"သင့်ပါတယ်"

"အပြင်က တခုခု စားချင်ရင်ပြောနော်၊ ကိုယ်ဝယ်လာမယ်"

"ဟုတ်ကဲ့ "

"ဦးလေးခင်ကော ဒီကို ကြောကြောရောက်လား"

"ဦးလေးက အကြောင်းရှိမှ လာပါတယ်"

"ဒေက ဦးလေးတို့ကို ပြောစရာရှိရင်ကော"

"ဖုန်းဆက်လို့ ရသားဘဲ"

"ဟုတ်သားဘဲ"

အဓိပ္ပာယ်မဲ့ ရယ်ကြပြန်သည်။ ဓေသည် ဆောင်လတ်အကြောင်း ပြောပြချင် ကြသေး၏။ မိမိနှင့် ဘယ်လို တွေ့ကြောင်း၊ ဘယ်သို့ အကူအညီရကြောင်း၊ ရိုးသားသော မိတ်ဆွေဖြစ်ကြောင်း စသည် စသည်။ သို့သော် ထိုသို့ ပြောလိုက်လျှင် အိုးမလုံ အုံမွှန်သည်ဟု ကိုကိုကျော် ထင်သွားနိုင်၏။ မိမိနှင့် မိတ်ဆွေသာ ဖြစ်ပါကြောင်းကို ကိုကိုကျော်အား ရှင်းပြရန် လိုမည်မထင်။ ရှင်းပြလိုက်ခြင်းအားဖြင့် မိမိအား အထင်သေးနိုင်၏။ မသိလိုက် မသိဟန်သာ နေလိုက်ခြင်းသင် ကောင်းပါ၏။ သူက မေးလာလျှင် ပြောပြရတာပေါ့။ ဓေ ဤသို့တွေးလိုက်၏။ ထို့ကြောင့်ပင် ကိုကိုကျော်ပြောသော စကားများကိုနှင်း၍ စိတ်မပါဘဲ အဆင်သင့်သလို ဖြေနေပြောနေရသည်။ ဟန်ဆောင် ကောင်းကြသူများ။

သူတို့နှစ်ယောက်သည် ဆောင်လတ်အကြောင်းကိုသာ ရှောင်အားကြရင်း ဆောင်လတ်အကြောင်း တလုံးမျှမပါသော စကားများကိုသာ ပြောကြ၏။

စိတ်မပါဘဲပြောနေရသော စကားဆိုသည်မှာ ကြာရှည်လေးမြင့် စိတ်ဝင်တစား ပြောနိုင်စွမ်းမရှိသည်မှာ အမှန်။ တွေးနေသည်က တခြား၊ ပြောနေသည်ကတမျိုး ဖြစ်သဖြင့် တချောင်းပင် ပြောစရာစကား ကုန်သွားကြ၏။ သူတို့ နှစ်ယောက်သား ငူငူကြီး ထိုင်နေကြပြန်သည်။ အတွေးကိုယ်စီ။ ကိုကိုကျော်သည် ပြန်ရန် အချိန်သင့်ပြီဟု ဆုံးဖြတ်လိုက်၏။

"ကိုယ်ပြန်မယ် ဓေ"

"ဟုတ်ကဲ့ ကိုကို"

ကိုကိုကျော် လေးတွဲ့စွာ ထရပ်လိုက်၏။ ပြန်မည်သာဆို၏။ ချက်ချင်း လှည့်မထွက်ဖြစ်သေး။ အချင်တန်း နေ၏။ ဓေသည် ဤသို့သောအချိန်၌ ပြောစရာစကား အသင့်ရှိပါသည်။

"နောက်အားရင်လဲ လာလည်ပေါ့ ကိုကို"

ကိုကိုကျော် ဖျွင်းချွင်းချွေရယ်ရင်း "စိတ်ချပေ၊ တော်ကြာ ကိုယ်လာလွန်းလို့ ကျောင်းပေါက်သွားပြီး ဓေတို့ သီရိဆောင်ကို လှေနဲ့ကူးနေရဦးမယ်"

ဓေ ခက်ကပြီ။ ဟိုတယောက် ကိုဆောင်လတ်ကလည်း သီရိရေ့ ကျောင်းပေါက်လို့ တန်တားသိုးရတဲ့။ သည် တယောက်ကလည်း သီရိကို လှေနဲ့ ကူးနေရဦးမယ်တဲ့။ ရှင်တို့နှစ်ယောက် ကောင်းမှုနဲ့ ကျောင်းနှစ်ကျောင်း ပေါင်းစီပြီး သီရိဆောင်ကြီး မျောပါသွားပါလိမ့်မယ် ကိုယ်တော်တို့ရယ်အခြားအခြားအဆောင်သူတွေရဲ့ ကျောင်းပေါက်မတတ် လာကြတဲ့ ရည်သည်တွေရဲ့ ကောင်းမှုပေါင်းရင် သီရိဆောင်ကြီးမျော ပင်လယ်ထဲမှာ မြုပ်ရတော့မှာလား။ ဓေသည် တွေးမိပြီး ပြုံးလိုက်သည်။

ထိုအပြုံးကို ကိုကိုကျော် အဓိပ္ပာယ် တမျိုးပေါက်သွား၏။ မိမိပြောလိုက်သော ဟာသကို ဓေက နှစ်မြိုက် ကျေနပ်သွားသည်ထင်၏။

မိန်းမတို့၏ နှုတ်ခမ်းတွင် အဓိပ္ပာယ်ပေါင်း များစွာရှိပြီး အဓိအကျ အနက်ဖော်ပြရန် အလွန်တရာ ခက်ခဲပါကြောင်း ကိုကိုကျော်မှာ မသိသေး။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၄)

"ကိုကိုကျော်တဲ့ကွ"

"အဲဒီကောင်က ဘာကောင်လဲ"

"အင်ဂျင်နီယာကောင်"

"သူနဲ့ ဘာဆော်သတဲ့လဲ"

"အကိုဝမ်းကွဲဆိုလား"

"ဘကိလားအကိုလား"

"မသိဘူး"

မိမိရင်ထဲ၌ ကျိတ်မနိုင်ခဲမရ ခံစားနေရသော စိတ်ဝေဒနာတို့ကို အခြားတစ်ယောက်အား ဖွင့်အန် ပြောလိုက်ရမှ စိတ်ပေါ့သွားသလို ဖြစ်တတ်သော လူတို့၏အကျင့်အတိုင်း အောင်လတ်သည် ကျော်မိန့်ကို ကိုကိုကျော်နှင့် ဝေလွှင်လွင်တို့ အကြောင်း ပြောပြနေ၏။

အောင်လတ်သည် ဝေတို့အဆောင်မှ ပြန်ထွက်လာပြီး ဘယ်သွား၍ ဘယ်လာရမှန်းမသိ ဖြစ်နေသည်။ စိတ်ထွေနေပြီး မြေတိုက်ကမှ ဦးတည်ရာမဲ့ လျှောက်လှမ်းခဲ့သည်။ သို့ရာတွင် ဖျင်းဖျင်းရှိတိုင်း၊ လေလေ လွင့်လွင့်ရှိတိုင်း၊ ဘယ်သွားရမှန်းမသိတိုင်း လျှောက်လှမ်းသွားနေကျ ဖြစ်သော ဦးချစ် လဖက်ရည်ဆိုင်သို့သာ ရောက်မှန်းမသိ ရောက်ခဲ့၏။ ဆိုင်မှန်းမသိ ဝင်ထိုင်၏။ စားပွဲထိုးကလေးသည်။

"တစ်ယောက်ထဲလား ဆရာ"

တက္ကသိုလ်စားသောက်ဆိုင်များမှ ရောင်းသူမှန်သမျှသည် စားသောက်သူတိုင်းကို 'ဆရာ' ခေါ်၏။ ဆရာကို လည်း ဆရာ။ ကျောင်းသားကိုလည်း ဆရာ။ သူတို့အဖို့တော့ အားလုံးသည် ဆရာ။ အောင်လတ်သည် ခေါင်းညိတ်မှန်းမသိ ညိတ်၏။

"သောက်တော့မလား ဆရာ"

ဤသို့မေးရသည်မှာ အကြောင်းရှိပါ၏။ အောင်လတ်တို့တစ်တွေသည် သူငယ်ချင်း ချင်း ချိန်းဆိုလျှင် လဖက်ရည်ဆိုင်၌ ချိန်း၏။ စောရောက်သူက စောင့်၏။ တခါတရံ ကြို၍သောက်ရင် သောက်နှင့်၏။ တခါတရံမူ ရေနွေးကြမ်းသာ ထိုင်သောက်၏။ လူစုံမှ လဖက်ရည်မှာတတ်၏။ တခါတရံမူ ဘာမှမမှာဘဲ ရေနွေးကြမ်း အဝသောက်ရင်း လေပစ်ကြ၏။ ထို့ကြောင့် စားပွဲထိုးတို့က အလိုက်သိနေကြ၏။ လဖက်ရည် မသောက်သေးဘဲ သူငယ်ချင်းများကို ထိုင်စောင့်ဦးမလား၊ လဖက်ရည် သောက်တော့မလားဟု မေးခြင်းဖြစ်ပါသည်။

အောင်လတ်သည် ယနေ့အဖို့ဘယ်သူနှင့်မှ ချိန်းမထား။ ဘယ်သူမှလည်း လာမည်မဟုတ်။ သူ့ကိုယ်၌ပင် မလာဘဲနှင့် ရောက်ခဲ့ခြင်းဖြစ်၏။ လဖက်ရည် သောက်ချင်၍လည်းမဟုတ်။ ခေါင်းခါမှန်း မသိဘဲ ခေါင်းခါလိုက်၏။

အိပ်ထဲမှ ဆေးပေါ့လိပ် တလိပ်ထုတ်သည်။ အကျင့်ပါနေသည့်အတိုင်း စားပွဲပေါ်တွင် ဆေးလိပ်ဖင်ကို ဆောင့်၏။ အကျင့်ပါနေသည့် အတိုင်းပင် ဆေးလိပ်ခေါင်းကို ပါးစပ်ထဲ ထည့်မှုတ်ပြီး ဖင်စီခံကို လက်သည်းနှင့် ကုတ်သည်။ ဖင်စီခံအတွင်းမှ အမှုန်ကလေးများ လွင့်ထွက်သွားသည်။ ဆေးပေါ့လိပ်ကိုခဲရင်းနှင့် ဖင်စီခံကို လျှာဖြင့် တို့ပြန်သည်။ ကြေးမီးခြစ်ကလေးကို ထုတ်၏။ အဖုံးဖွင့်၏။ မီးမညှိသေး၊ လက်မကိုသာ မီးခတ်ဘီးပေါ် တွင် တင်ထား၏။

အဝေးဆောင်နှင့် တောင်ငူဆောင်အကြားတွင် ကျောင်းသားအချို့ ဘောလီဘော ပုတ်နေကြ၏။ အောင်လတ် ငေးကြည့်၏။ သူသည် ဝေ့လက်ထဲက ဘောလုံးကလေးလား။ ဝေ ပုတ်တိုင်း လွင့်သွားပြီး ဝေဖမ်းတိုင်း မလွတ်မထွက်သော အဖိခံနေရပြီကော။

အောင်လတ်သည် မိမိကိုယ်မိမိ မကျေမနပ် ဖြစ်လာသည်။ ဆေးပေါ့လိပ်ကို ကိုက်လိုက်၏။ မီးခြစ်ကို ဆောင့်ခြစ်လိုက်၏။ တအားစီးညှိ ရှူရှိုက်လိုက်သည်။ မီးခိုးငွေ့တို့သည် လုံးထွေး၍ ပြန့်လွင့်သွားသည်။ စိတ်ကို ငြိမ်ငြိမ်ထားနိုင်အောင် ကြိုးစားလိုက်သည်။ အောင်လတ်၏အကျင့်မှာ ပြဿနာ တစ်ခုခုနှင့်တွေ့တိုင်း ချက်ချင်း ဖုံးဖုံးဖိုင်းဖိုင်း မဆုံးဖြတ်ဘဲ တွေဝေနေတတ်၏။ ထိုတွေဝေခြင်းကို အဆုံးသတ်လို လာသောအခါ အောင်လတ်သည် ပြဿနာ၏ အစကို ပြန်ဖော်၏။ ထို့နောက် အစီအစဉ်လိုက် စဉ်းစားသည်။ ပြဿနာပေါ် သည့်အထိ အဖြစ်အပျက်များကို ပြန်စဉ်းစားရင်း အဖြေတစ်ခုရှာ ထုတ်သည်။ နောက်ဆုံးတွင် သူလုပ်သင့်သော ဆုံးဖြတ်ချက်တစ်ခု သို့မဟုတ် နှစ်ခုရလာသည်။ ထိုအခါ ဆုံးဖြတ်ချက်အတိုင်း ဆက်လက် စခန်းသွားသည်။

အခြား အခြား ကိစ္စ ပြဿနာများအတွက်မူ ဤနည်းသည် အောင်လတ်အတွက် ကောင်း၏။ ဥပမာ အိမ်က မိဘများက သူ့အတွက် စရိတ်မထောက်နိုင်တော့ဟု အကြောင်းကြားစဉ်ကမူ ပြဿနာအစကို စဉ်းစားပြီး အလုပ်သင့် အလုပ်ထိုက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့သည်။

ယခုမူ ထိုသို့သော ကိစ္စမျိုးမဟုတ်၊ သူသည် နံပတ် ၁ က ပြန် တွေးကြည့်သည်။ မိုးရွာသောနံနက် ဒေကို တွေ့ဆုံရသည်။ ရိုးသည်၊ အေးသည်၊ ယဉ်သည်၊ လှသည်၊ အိန္ဒြေရှိသည် ထင်ရ၏။ ၄င်းနောက်ပိုင်း တွေ့ဆုံသော အခါများတွင် သူသည် မမြင်ဟန် ပြုသည်များရှိ၏။ မျက်နှာချင်းဆိုင် ဆုံလျက် တွေ့ရှောင်သွားတတ်၏။ မလွှဲရှောင်သာ သောအခါ၊ ကြုံနီတစေ့တစေ့ တွေ့ကြသောအခါ သူသည် မှတ်မိဟန်ပြု၏။ ပြီးနောက် အသာအမှတ် ပြုံးပြ၏။ ပြီးနောက် ဖိတ်ခေါ် ပြန်၏။ ထိုသို့ ဖိတ်ခေါ် သည့်အတွက် သူသည် ဒေထံသို့ ဝမ်းသာအားရ အပြေအလေးမိုင်ငမိသည်။ ထိုစဉ်အချိန်က မေးလေ့တ် ထီလေ့တ် စကားလေးများ၊ အနဲ့အပြောင်းလေးများကို ပြန်ပြောင်းသတိရရင်း ရွေ့ပြုံးမိသည်။

"ကျွန်တော့်နာမယ် အောင်လတ်လို့ခေါ် ပါတယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်၊ ကျွန်မနာမယ် ဒေလွှင်လွှင်ပါ....."

"မဒေလို့ ခေါ် မယ်နော်"

"ဟုတ်..အကို ဆောင်နေမှုများကလည်း မဒေလို့ဘဲ ခေါ် ကြပါတယ်"

"ကိုအောင်လို့ ခေါ် ပါ့မယ်"

"ဟယ် ကိုအောင် စောစောစီးစီး ဘယ်ကမျက်စိလည်လာ"

"မဒေက နှင်းဆီပန်းကလေးတွေ ကြိုက်တတ်တယ်နော်"

"အအောင်ကို အလည်လာရမလား မဒေ" "လာခဲ့"

"အော် ကိုအောင်"

"မဒေ နေကောင်းရဲ့လား"

"ဝတ်တတ်ကြီး ရှမ်းနေတာ မြင်သားနဲ့"

"..........."

"ခွင့်ပြုပါအုံး"............."သွားမယ်နော်"

"ကျွန်တော့်ကိုမှ တွေ့ချင်ပါ့မလားလို့ ပူမိသေးတယ်"

"ဘာဖြစ်လို့ မတွေ့ချင်ရမှာလဲ"

"မသိဘူးလေ"

"ကိုအောင်နဲ့ မဒေ ရန်ဖြစ်ဖူးလို့လား"

"မသိဘူးလေ"

"ကိုအောင်က ရန်ဖြစ်ချင်လို့လား"

"ကျွန်တော် မအေးနဲ့ ဘယ်တော့မှရန်မဖြစ်ချင်ပါဘူး"

"မအေးက ဖြစ်ချင်နေတယ် ထင်လို့လား"

"မသိဘူးလေ"

"သိတာတော့ရှိ"

"ကျွန်တော် မအေးကို တွေ့ချင်မြင်ချင် စကားပြောချင်တာတော့ သိတယ်"

"မအေးကလဲ ပြောချင်ပါတယ်၊ ကိုအောင်နဲ့ စကားပြောရတာ မငြီးပါဘူး၊ အငြီးတောင် ပြေသေး"

"ကျွန်တော်က အငြီးပြေ လူပြက်လား"

"ရီရတယ်လေ"

"အပျော်ဖတ်ဝတ္ထုလေးနဲ့ မတူဘူးလား"

"ဟုတ်တယ် ဟုတ်တယ်၊ ဟုတ်တယ်နော်"

"ဝတ္ထုဇာတ်လမ်းလေးတွေ လာ လာပြောပြမယ်နော်"

"ဘာဝတ္ထုတွေ ဖတ်ဖြစ်သေးလဲ"

"အချစ်ဝတ္ထုတွေ"

"ကျောင်းစာလဲ ကျက်ဦးနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အကောင်းပြောနေတာ"

"အကောင်းဆိုတဲ့ တချပ် အပေါင်းဆိုင်ဖွင့်နေတယ်"

"ရီလဲ မရီရဘူး"

"ကျွန်တော် နာရီရဲ့၊ ဆွဲကြိုးပေါင်ထားတာ မရွေးရသေးဘူး"

"ဖိုက်မရွေးသေးနိုင်ပေါင်"

"ကျွန်တော် ဘယ်သူ့ဆီကမှ အကူအညီ မတောင်းတတ်ဘူး"

"ကိုအောင်က မာနကြီးတယ်နော်"

"လူမှန်ရင် အလိုက်အလျောက် မာနရှိတာပဲ"

"......................"

"မအေးအပေါ် မှာရော မာနကြီးမှာလား"

"မအေးအပေါ် ကျွန်တော် ဘယ်တုန်းက မာနထားဘူးလဲ၊ တကယ်ဆို မအေးကသာ ကျွန်တော့်အပေါ် "

"တော်ပါတော့ ဆရာကြီးရယ်၊ မအေးကလဲ ကိုအောင့်အပေါ် မာနမထားပါဘူး"

"...ဘာငြင်းစရာရှိသေးလဲ"

"အဲလိုမပြောပါနဲ့ အကူအညီ တောင်းတဲ့သဘောပဲ ရှိပါတယ်"

"ကျွန်တော်ဘာကူညီရမလဲ"

"စာအုပ်ငှားမလား"

"ကမ်းပေးလိုက်လေ"

"စောတာနော်"

"ဂလုပ်ရုံက ရုပ်ရှင်ကောင်းတယ်"

"ကိုအောင်ကြည့်ပြီးပြီလား"

"မနေ့က သွားကြည့်တယ်"

"ဘယ်ကအဆောက်နဲ့လဲ"

"မူးလို့ကောင်း ရှုစရာ မရှိပါဘူး"

"ဟုတ်မှလဲ ညာနေ"

"အကောင်းပြောတာပါ ဆဲဒီရုပ်ရှင် မေမေ မကြည့်ရသေးဘူးလား"

"ဟင့်အင်း၊ မကြည့်အားပါဘူး"

"ကြည့်ချင်ပြောနော် ကျနော်လက်မှတ်ကြိုဝယ်ပေးမယ်"

"နေပါစေ ကိုအောင်ရယ်၊ အားမှဘဲ ဆေးတို့တာသာ သွားပါမယ်၊ မမအေးတို့လဲ ကြည့်ချင်လို့တဲ့၊ သူတို့နဲ့မှဘဲ သွားတော့မယ်"

"အင်း ကြည့်ဖြစ်အောင်တော့ ကြည့်လိုက်ပါ ဇာတ်လမ်းကလေး..........."

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

"တနေ့ကုန် ထိုင်နေရတာ မညောင်းဘူးလား"

"အင်း ညောင်းသလိုလိုဘဲ၊ ကိုအောင်မလာခင်က ညောင်းညောင်းရှိတာနဲ့ လုံနေတာ"

"လမ်းလျှောက်ရအောင်လား"

"ကောင်းသားဘဲ"

"ဘယ်ဘက် လျှောက်မလဲ"

"ဒီ ဂျပ်ဆင်ရှေ့တင်ဘဲ လျှောက်ကြတာပေါ့"

"ဂျပ်ဆင်ပေါ် တက်ရုံးမလား၊ မကောင်းပါဘူးနော်"

"ဘာလို့လဲ"

"အတွဲတွေ ရှိတယ်"

"ကိုအောင် ဘယ်လိုလုပ်သိ"

"လိုက်ချောင်းလို့ပေါ့"

"ကြည့်"

"မြင်ပါတယ်"

"သွား"

"လမ်းလျှောက်နေတာဘဲ"

"ကိုအောင်နော်"

"........"

"ဟောဒီ ရေကာတာတောင်တန်းက သိပ်လှတယ်နော်"

"အင်း"

"မေမေက ပိုလှတာပေါ့"

"မဖြစ်နိုင်"

"ကျနော့် အဆောင်လေ"

"အော် မေ့နေလိုက်တာ၊ ကိုအောင့်ဆီမှာ နတ်နွယ်ရေးတဲ့ 'အဝေါ' ရှိလား"

"အနီ ရှိတယ်"

"လုပ်ပြီ"

"နက်ဖန် ယူလာခဲ့ပါမယ်"

"ဘာကိစ်"

"အဝေါ်ဆို"

"ဟုတ်ပါရဲ့၊ လေး ငါးရက်တော့ ကြာမယ်နော်"

"တသက်လုံး ယူထားထား"

"သူများ ပစ္စည်း ယူချင်ပေါင်"

"ကျနော့်လဲ စာအုပ်ဆိုင်က ခြောင်လာတာ"

"ပြောရှာမယ်"

"ဒီနေ့ တနေလုံး ဝင်ဝန်းလိုက်တာ ကိုအောင်ရယ်၊ အတန်းတွေကလဲ ဟိုကူးရ ဒီကူးရနဲ့၊ A10 ကနေ A210 ၊A210 ကနေ A 29 တဲ့လေ၊ ဖတ်ဖတ်ကိုမောရော"

"အင်းယား လေညှင်းကလေး ရှူလိုက်ဦးမလား"

"လှုပ်တောင်မလှုပ်ချင်တော့ဘူး"

"မလှုပ်နဲ့၊ မလှုပ်နဲ့ ပြုတ်ကုန်လိမ့်မယ်"

"ကြည့် ဘာမှန်းလဲ မသိ"

"ကြာပန်းသဲ ငါ"

"......"

"နေဦး၊ သံပုရာရည် ဈော့လိုက်ဦးမယ်"

"ချဉ်တဲ့ သဘောပေါ့လေ"

"ကိုအောင်နော် အကျအနေ တကယ်တောက်"

"ကိုအောင်ရယ် ကျောင်းလာရင်နဲ့ အဆောင်ကြေးပေးတို့ သွားတိုးရတာ သိပ်ပင်ပန်းတာပဲ"

"နောက်ကျမှ လေးရှင် ရှောင်ပါတယ်"

နောက်ကျမကြေး ပေးရမှာပေါ့"

"ဘကျပ်လောက်များ နမြောနေတယ်"

"ဘကျပ်လဲ ပိုက်ဆံပဲဟာ"

"နောက်လကျ ကျနော် သွားသွင်းပေးပါမယ်"

"နေပါစေ၊ ဝင်ပန်းလှတယ်"

"နောက်ကျပေးပြီး ဘစ်ကျပ် ဖိုက်လိုက်တာပေါ့"

"လုပ်ပြီ သူ"

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

ဆေးပေါ့လိပ် မီးသေနေပြီဖြစ်၏။ အောင်လတ်သည် အတွေးများကို ဖြန့်ရပ်လိုက်သည်။ မျက်နှာမှာ ပြုံးယောင်ယောင် ဖြစ်နေသည်။ သို့သော် မျက်ချင်းဆိုသလို ညှိုးသွားသည်။ ဆေးပေါ့လိပ် မီးပြန်ညှိလိုက်သည်။ မီးခိုးတန်းနှင့်အတူ အတွေးများက ပြန့်လွင့်ပြန်သည်။

နှင်းဆီပန်းပွင့်ကလေးတွေကို နေ့တိုင်းပေးနေကျ။ မေကလည်း နေ့တိုင်း လက်ခံနေကျ၊ ပန်နေကျ။ ပန်းပွင့် ဆိုသည်မှာ အချစ်၏ သင်္ကေတ။ ပန်းပွင့်ကလေးများကို လက်ခံခြင်း သဘောသည် သူ့မေတ္တာကို လက်ခံခြင်း သဘောဟု ယူဆနိုင်၏။

ထိုသို့ဆိုလျှင် အောင်လတ်နှင့် မေလွင်တို့ ချစ်နေကြပြီလား။ မဟုတ်သေး။ ချစ်သလိုလိုတော့ ရှိ၏။ ချစ်ကြခါနီးဆဲဆဲလည်း ဖြစ်နိုင်၏။ စိတ်ထဲက ကျိတ်ချစ်နေကြပြီဟုလည်း ဖြစ်နိုင်၏။ ဖွင့်ချစ်ကြရုံသာ လိုတော့သည်။ သည်လိုဆို မကြာမီအချိန်အတွင်း သူတို့ ချစ်ကြရတော့မည်။ သည်ကြားထဲမှာမှ တတိယ တစ်ယောက်က ဝင်လာသည်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

တစ်ညနေတွင် အောင်လတ်သည် ထုံးစံအတိုင်း ပန်းပွင့် နီနီလေးနှင့်အတူ သီရိသို့ လာခဲ့၏။ မေသည် ထိုအချိန်တွင် ကိုကိုကျော်ကို သွားကြိုရန် ဒေါ်လေးလွှတ်လိုက်သော ကားပေါ် တက်ခါနီးဆဲဆဲ ဖြစ်၏။ အောင်လတ် အရောက်နှင့် မေ အထွက်သည် တပြိုင်နက်လိုလိုကျ၏။ မေသည် အောင်လတ်ကို ဧည့်ဆောင် မခံနိုင်တော့၊ ပန်းပွင့်ကလေးကို လှမ်းယူရင်း ကားပေါ်တက် နှုတ်ဆက်ထွက်သွားသည်။

သည့်နောက်ပိုင်း အောင်လတ်သည် အသင်းအပင်းကိစ္စနှင့် နေ့မအား ညမလပ် ဖြစ်နေသဖြင့် လေး ငါးရက်ခန့် လုံးဝ မရောက်။ ရောက်ပြန်တော့ ထိုနေ့ညနေ၌မူ ကိုကိုကျော်ဆိုသော တတိယလူကို မျက်မြင်ဒိဋ္ဌ တွေ့ရသတည်း။

ထို တတိယလူမှာ နယ်နယ်မဟုတ်ဟု တွေ့သိပြန်သည်။ ထိုသူသည် ငွေဘက်က လူကြီးများနှင့်လည်း အဆင်ပြေသည်။ မေနှင့်လည်း တရင်းတနှီး ရှိသည်။ အောင်လတ် ရှုံးရတော့မည်လော။ အောင်လတ်သည် တွေးရင်း အဖြေမရ ဖြစ်လာသည်။ လဖက်ရည်ဆိုင်မှ ထ ထွက်ခဲ့၏။

လဖက်ရည်ဆိုင်မှ ပြန်လျှင် အကျင့်ပါနေကျအတိုင်း လှည်းတန်းထိပ်မှ စာအုပ်ဆိုင်သို့ ဝင်ပြန်သည်။ အကျင့်ပါနေကျအတိုင်း စာအုပ်များကို ဟိုလှန်သည်လှန် လှန်သည်။ ဟိုကြည့် သည်ကြည့် ကြည့်သည်။ သို့သော် စက်ရုပ်လို လှုပ်ရှားနေခြင်းမျှသာ။

ထို့နောက် ထုံးစံအတိုင်းပင် အိမ်သို့ ပြန်ခဲ့သည်။ ကျော်စိန်သည် သူတို့၏ အိမ်ရှေ့ စာအုပ်ဆိုင်တွင် ထိုင်လျက်ရှိ၏။ ဆေးပေါ့လိပ်တလိပ် စာတအုပ်နှင့် မိန်ကျနေသည်။

"ထမင်းချက်ထားတယ်လေ၊ ဟင်းတော့ နဲနေတယ်"

အောင်လတ်ကာမှမပြော။ အတွင်းခန်းဝင်၍ ထမင်းထည့်ပုံပြီး စားလိုက်သည်။ သိပ်မစားနိုင်။ ထမင်းစားပြီးနောက် ကျော်စိန့်ဘေး ကွပ်ပျစ်တွင် ဝင်ထိုင်လိုက်သည်။ ကွပ်ပျစ်ကလေးသည် စာအုပ် ခင်းထားသော ကြောင့် ခင်တနေရာ စာရှုသာ လွတ်၏။ ကျော်စိန်သည် ဖက်လက် ကုလားထိုင်ပေါ် တွင် စာဖတ်ရင်း မှိန်းယူနေရာမှ အောင်လတ်ကို ဝဲကြည့်သည်။ အောင်လတ် ငူငူငိုင်ငိုင် ဖြစ်နေသည်ကို တွေ့ရ၏။

"ဘာကောင် ဘာဖြစ်လာပြန်လဲ၊ မင်းနှုတ်သီး ပိတ်ကန်လိုက်လို့လား"

"နေစမ်းပါကွာ အရေးထဲမှာ"

ကျော်စိန် စပြန်တော့၏။

ဆောင်လတ် မနေနိုင်ပါ။ ရင်ထဲက ဝေဒနာကို ပြောပြချင်လှပါပြီ။ ကျော့စိန့်လက်ထဲက ဖတ်လက်စ စာအုပ်ကို ဆွဲယူလိုက်၏။

"ဟောကောင် ငါပြောစရာရှိလို့ စောနားထောင်စမ်းပါ"

"နေစမ်းပါကွာ၊ အရေးထဲမှာ"

စာအုပ်ပြန်လုန်၏။

"နောက်မှနေနဲ့ကွ မင်းနဲ့ တိုင်ပင်ချင်လို့"

ဤသို့ဖြင့် ကိုကိုကျော့အကြောင်း ပြောပြဖြစ်သည်။ ကိုကိုကျော့နှင့် ဆေးရုံအဆောင်တွင် ဆုံမိရကြောင်း၊ ကိုကိုကျော့၏ အဆင့်အတန်း၊ အခြေအနေ၊ ဝေနှင့် ကိုကိုကျော့တို့၏ ရင်းနှီးဆက်ဆံမှု၊

"တက္ကသိုလ်မှာ 'ကာဆင်' ဆိုရင် ပါရှင်ပြီသာ မှတ်ထားတော့ ကိုယ့်လူ"

"အေး ငါလဲ ဒီလိုပဲထင်တယ်ကွ"

ကျော့စိန်က ရယ်လိုက်သည်။ သူရယ်ပုံက ဆောင်လတ်ကို မင်းအရူးတော့ သိပြီမဟုတ်လား ဟူသော သဘော ဖြစ်သည်။

ကျော့စိန်၏ မျက်နှာပြန်တည်သွား၏။

"မင်း ဝေလေလေနဲ့ ပတ်သက်ပြီး ဘယ်လို ဆက်လုပ်မိတာက် စခန်းသွားရမယ်ဆိုတာ ဆုံးဖြတ်ချင် နေတယ် မဟုတ်လား"

ဆောင်လတ် ခေါင်းညိတ်သည်။

"ပညာတတ် မိန်းမတွေမှာ အသဲနှလုံးဆိုတာ သွေးလည်ပတ် လှုပ်ရှားဖို့လောက်ပဲ အသုံးပြုတာကွ၊ ရုပ်ကိစ္စပဲ အသုံးပြုတာ၊ စိတ်ကိစ္စကို အသုံးမပြုဘူး၊ အသုံးပြုရင်တောင် ဒုတိယနေရာမှာ ထားတာတယ်၊ ပထမဦးစားပေး အဆုံးအဖြတ် ကိုတော့ ဦးနှောက်က ရယူတယ်၊ ဆိုလိုတာကကွာ အသဲနှလုံးနဲ့ မချစ်ကြဘူး၊ ဦးနှောက်နဲ့ပဲ ချစ်ကြတယ်၊ အဲဒါကို မင်းသဘောတူလား"

"ငါ လက်ခံပါတယ်၊ ငါလဲ အဲသလိုပဲ သိထားပါတယ်၊ ဒါပေမယ့် သိထားတာကတခြား၊ ခံစားနေရတာက တခြား"

ကျော့စိန် လှောင်ရယ် ရယ်သည်။

"မင်းတကယ့်ကို နပါးသေးတယ်ကွာ"

ရယ်ရင်းပြော၏။

"ဒီမယ်ကိုယ့်လူ၊ မင်းနဲ့ အဲဒီ ကိုကိုကျော့ဆိုတဲ့အကောင်နဲ့ တကယ်တန်း ပြိုင်ပြီး သူ့ဆီက အချစ်ကို တောင်းရင် ဘယ်သူရမယ် ထင်သလဲ"

ဆောင်လတ် စဉ်းစားလိုက်၏။ မကြာပါ။ လျှပ်တပြက်အတွင်း အဖြေပေါ် ပါသည်။

"ကိုကိုကျော့ကို ရွေးမှာပေါ့"

"အေး ဒါလဲ မင်းသိသားနဲ့ ဘာဖြစ်လို့ ဒီလောက် စိတ်ရှုပ်ခံနေသလဲ"

"မသိဘူးကွာ၊ ငါ့စိတ် မတည်ငြိမ်တာတော့ အမှန်ပဲ"

"အချိန်က ကုစား သွားပါလိမ့်မယ်ကွာ၊ မင်းအခုအချိန်မှာတော့ တွေပြားနေဖို့မှာပေါ့"

ကျော့စိန်သည် အဝေးသို့ မျှော်ငေးရင်း တစ်ခုတရာ တွေးလိုက်သည်။ ပြီးမှဆက်၍

"သူငယ်ချင်း မင်းကို အကြံတစ်ခုပေးမယ် မင်းလက်ခံမလား၊ မင်းစိတ်တည်ငြိမ်လာတဲ့ အချိန်ကျရင် ငါပေးတဲ့အကြံဉာဏ်ကို ပိုလို့ သဘောကျမှာပါကွာ"

"ပြောပါဦး"

"မင်း သူ့ကို သံယောဇဉ်ဖြတ်လိုက်ပါကွာ၊ မုန်းချိန်ကစပြီး လေးလေးနေ၊ တဖြေးဖြေးတော့ နေသားထိုင်သား ကျလာမှာပေါ့"

အောင်လတ် သက်ပြင်းချရတော့သည်။ တကယ်တန်းတော့ သူသည် ဆနှင့် လေးလေးမနေနိုင်။ ဝေ၏ မေတ္တာရှင်များကြား၌ ငြီးငွယ်မိလေပြီ။ အောင်လတ်၏ မသက်မသာ မျက်နှာကို တွေ့ရသော ကျော်စိန်သည် ပြုံးဖြစ်၏။

"အေး အခုလက မင်းလေးလေးမနေချင်တော့ဘူး မဟုတ်လား၊ ဒါဆောင် သံယောဇဉ်မရှင်းသေးဘူးကိုယ့်လူ၊ ဒီ့ထက် အနေနီးပြီး ဒီ့ထက်ပိုလို့ ငြီးငွယ်လာရင် မင်း လွှတ်လိမ့်နေအောင် မံရလိမ့်မယ်၊ ငါပြောတာ မယုံရင် မင်း သူ့နားမှာနေကြည့်"

အောင်လတ်သည် ကျော်စိန်ကဲ့သို့ မပြတ်သားနိုင်သေးပါ။ ကျော်စိန်ကမူ လောက ထိုင်ကြည့်ရသူ၊ အောင်လတ်က ကိုယ်တိုင်ခံစားရသူ။ မတူနိုင်ပါ။ လောက မြင်ရသူအဖြစ်နှင့် အကျိုးသင့် အကြောင်းသင့် စဉ်းစား ဆုံးဖြတ် နိုင်သော်လည်း ကိုယ်တိုင်ခံစားရသူအဖို့မှာ အကျိုးသင့်အကြောင်းသင့် စဉ်းစားသည်အထိ ဖြစ်နိုင်ပြီး ဆုံးဖြတ်ရန်အတွက်မူ ခက်လှပါ၏။

"မင်းပြောတာတွေ မှန်ပါတယ်ဒါပေမယ့်"

အောင်လတ်သည် ဘယ်လိုဆက်ရမှန်းမသိဖြစ်သွား၏။

"ဒါပေမယ့် သူနဲ့ ကိုကိုကျော်နဲ့ဆက်ဆံရေးကို ငါ အတိအကျမ မသိသေးဘဲ၊ သူတို့ချင်း ရိုးရိုးသားသား ဖြစ်နေရင် ဘယ်နှယ်လုပ်မလဲ၊ မုဟာက ငါတို့မှန်းဆ ကြည့်နိုင်ရုံဘဲ ရှိသေးတယ်မဟုတ်လား"

ကျော်စိန် အသံထွက်အောင် ရယ်လေ၏။

"ရူးပါ့ငါ့လူရယ်"

ကျော်စိန့်အသံကြောင့် အောင်လတ် ကြောင်သွားသည်။ ကျော်စိန်ကဆက်၍

"ဒီမယ် ငါမေးပြမယ်၊ မင်းနဲ့သူနဲ့ ဘယ်လိုတွေ့သလဲ"

"သူလိုင်ငါလိုဘဲပေါ့ကွ"

"ဘယ်လိုလဲ သူလိုင်ငါလိုဆိုတာ"

"သူလိုင်ငါလိုဆိုတာ သူလိုင်ငါလိုပေါ့ကွ"

"မဟုတ်ပါဘူး ငါမေးစမ်းပါရစေ၊ မင်းနဲ့သူတွေ့တာ ရင်နှီးတဲ့ တယောက်ယောက်က မိတ်ဆက်ပေးလို့လား"

"ဒါတော့ကွာ"

"ငါမေးတာ ဖြေစမ်းပါ၊ မင်းတို့ကို တယောက်ယောက်က မိတ်ဆက်ပေးလို့လား"

"ဟင့်အင်း မဟုတ်ဘူး၊ ငါနဲ့ သူနဲ့"

"မင်းနဲ့ သူနဲ့ တယောက်ကိုတယောက် ဘယ်သူမှမိတ်မဆက်ပေးဘဲ သိတာမဟုတ်လား"

"အင်း"

"ဒါဖြင့်ရင်"

ကျော်စိန်သည် သူ့စကားကို ခေတ္တရပ်ထား၏။ ထို့နောက် မီးသေနေသော ဆေးပေါ့လိပ်ကို မီးညှိလိုက်၏။

"မင်းကသူ့ကိုစိတ်ဝင်စားပြီး သူကလဲမင်းကို စိတ်ဝင်စားတာဘဲ ဖြစ်ရမှာပေါ့၊ ဆိုလိုတာကကွာ ကြားထဲမှာ အောင်သွယ် မရှိဘူးပေါ့ ဟုတ်လား"

"အေးကွာ အေး ဟုတ်တယ်"

"ကောင်းပြီ ငါအတိုဆုံးနဲ့ အရှင်းဆုံးမေးမယ်"

"မင်း မေလွှင်လွှင်ကို ချစ်သလား"

အောင်လတ် ဖြေချင်ပါသည်။ ရက်ရက်ရှင်းရှင်းဖြေချင်ပါသည်။ သို့သော်ငိုင်ငိုင်တွေလျက် မဖြေနိုင်ဘဲရှိသည်။

"ပြောလေကွာ မင်းမေလွှင်လွှင်ကို ချစ်သလား"

"ချစ်တယ်ကွာ ချစ်တယ် ဘာဖြစ်လဲ"

အောင်လတ် ကလေးဆိုးကြီး တယောက်ကဲ့သို့ဖြေ၏။

"ကောင်းပြီ၊ မင်းသူ့ကို ချစ်တယ်လို့ ပြောပြီးပြီလား"

အောင်လတ် မပြောရသေးပါ။ ပြောစရာလိုဟုသူထင်သည်။

"ပြောတော့ မပြောရသေးဘူးကွ၊ ဒါပေမယ့် သူနဲ့ ငါနဲ့"

"တော်စမ်းပါကွာ၊ မင်းနဲ့သူနဲ့ မပြောဘဲ အသဲချင်းသိနေတယ်လို့ ဆိုချင်သလား၊ ဒီမှာ ကိုယ့်လူ မပြောဘဲနဲ့ ဘယ်တော့မှ မသိနိုင်ဘူး၊ သိတယ် ထားဦး မပြောရင် တရားမဝင်ဘူး မှတ်ထား"

"မင်းက အချစ်ကို ဘာထင်သလဲ"

"အချစ်ကို အချစ်ထင်တာပေါ့ကွ"

"မနောက်နဲ့ ဟေ့ကောင်၊ အချစ်ဆိုတာဖွင့်ပြောမှလား၊ မပြောဘဲ ချစ်လို့မရဘူးလား၊ တယောက်ကို တယောက် သိနားလည်ရုံနဲ့ မချစ်နိုင်ဘူးလား"

"ထပ်သေး စိတ်ကူးယဉ်ကိစ္စတွေ"

"နေပါဦး မင်းကတော့ ချစ်ဖူးလို့လား"

"လူမှန်ရင် ချစ်ဖူးတာပေါ့ကွ၊ ဒါက အရေးမကြီးပါဘူး၊ မင်း ငါမေးတာဘဲ ဖြေစမ်းပါ၊ မင်းနဲ့သူနဲ့ ချစ်နေကြပြီလား"

"ထင်တာဘဲ"

"ဟုတ်သေးပါဘူး၊ သမီးရည်းစား ဖြစ်နေကြပြီလား မေးတာ"

"ဟင့်အင်း"

"မင်းက သူနဲ့ သမီးရည်းစား ဖြစ်ချင်တယ် ဟုတ်လား"

"အေးပေါ့ကွ"

"မင်းနဲ့ သူနဲ့ နှစ်ယောက်ကြားမှာ ကိုကိုကျော်ဆိုတဲ့ နောက်တယောက် ဝင်လာပြီဟုတ်လား"

အောင်လတ်သည် သက်ပြင်းချရင်းဖြေသည်။

"အင်း"

"အဲဒီတယောက်က မင်းထက်သာတယ်၊ အစစ အရာရာမှာ သာတယ်၊ မေလွှင်လွှင်ကလည်း အဲဒီ ကိုကိုကျော်ကို စိတ်ဝင်စားပုံရတယ်၊ ဒီတော့ကာ"

ကျော်စိန်သည် စကားဖြတ်ပြီး ဆေးလိပ်မီးညှိနေပြန်သည်။ ကျော်စိန် ဘာဆက်ပြောမည်ကို အောင်လတ် သိပါသည်။ 'မေလွှင်လွှင်က ကိုကိုကျော်ကိုရွေးလိမ့်မယ်' ဒါဘဲ သူပြောလိမ့်မည်။ ဤစကားများကို သူမကြားလိုပါ။ သို့ရာတွင် သူသည် ကျော်စိန်က မိမိဘက်မှ ဖြေသာရာ ဖြေသာကြောင်းအတွက် 'ဒါပေမယ့်လေ မေလွှင်က မင်းကို စိတ်ဝင်တစား အရေးတယူရှိသားဘဲ၊ မင်းအတွက် မျှော်လင့်စရာရှိပါသေးတယ်၊ အချစ်ဆိုတာ ဂုဏ်တွေ၊ ငွေတွေ၊ ရာထူးတွေနဲ့ မဆိုင်ပါဘူးကွာ' ဆိုသောစကားမျိုး ကြားချင်၏။ ထို့ကြောင့်

"ဒီတော့ကာ ဘာဖြစ်လဲ ဆက်ပြောလေကွာ"

"ပြောစရာရှိသေးလားဟေ၊ ကိုကိုကျော်ကို လေလွင့်ကယူမှာပေါ့၊ မင်းလိုကောင်ကို ယူမလား"

"ဒါပေမယ့် လေလွင့်နဲ့ ကိုကိုကျော်နဲ့ ကြိုက်နေကြပြီ မကြိုက်ကြသေးဘူးရယ်လို့မှ မသိရသေးဘဲ"

ကျော်မိန့်ရယ်သည်။

"ဒီမယ်ကိုယ့်လူ၊ မိန်းမလေးတယောက်ရဲ့ အဆောင်ကို ရွယ်တူယောက်ျားလေး တယောက်ဟာ အဲဒီ မိန်းမလေးကို စိတ်မဝင်စားဘဲ အကြောင်းမဲ့ လာမလား၊ မင်းကော မင်းစိတ်မဝင်စားတဲ့ မိန်းမလေးဆီ သွားလည်ရင်း အချိန်ဖြုန်းသလား"

"ဒါကတော့ကွာ"

"နေဦး၊ မိန်းမလေးကကော ရွယ်တူ တစိမ်းယောက်ျားလေးကို စိတ်မဝင်စားဘဲ တပြုံးပြုံး တရော်ရော် လက်ခံ စကားပြောမလား"

"ဒါပေမယ့် သူတို့က မောင်နှမဝမ်းကွဲ တော်တယ်တဲ့ကွ၊ တကယ်ဘဲ မောင်ချစ်နှမချစ်နဲ့ ချစ်နေကြတာကော မဖြစ်နိုင်ဘူးလား"

"မင်းအရူးလား၊ မိန်းမလေးတယောက်က ကျမသူ့ကို စိတ်ဝင်စားနေတာပါ၊ သူနဲ့ ကျမ ဘာမှမတော်ပါဘူးလို့ မင်းကို ပြောမလား၊ ဒီလိုဘဲ ကျမနဲ့ ကာဆင်တော်ပါတယ်၊ ဘယ်တုန်းက ဘယ်လိုပါလို့ မဆိုင်တာတွေ အရှက်ပြေ ပြောမှာပေါ့ကွ၊ ဘာဖြစ်လို့ဆို မင်းက သူ့ကိုစိတ်ဝင်စားနေတာ သူလဲ သိတာဘဲမဟုတ်လား၊ ဒီတော့ ကိုယ့်ကို စိတ်ဝင်စားနေတဲ့ ယောက်ျားလေးရှေ့မှာ တခြားတယောက်ကို ပြောင်ပြောင်ကြီး ထုတ်ပြမလား၊ သူ့ဆီကွာ အကျ မခံလား၊ မှတ်ထား ကိုယ့်လူ မိန်းမဆိုတာ ငါးရံ့နှစ်ကောင် ဖမ်းချင်တာမျိုးဘဲ၊ ဖြစ်နိုင်ရင် ငါးရံ့နှစ်ကောင်တောင် မကဘူး ရသလောက်မိုက်နဲ့ ဖမ်းချင်တာမျိုးဘဲ၊ ပြီးမှ ခေါင်းခေါက်ရွေး၊ မလိုချင်တာတွေ ကော်ခေါက် ခါဘဲ၊ မိန်းမတွေကို သွားယုံစားတဲ့ကောင် မိ၊ ရှင်းရဲ့လား"

မောင်လတ်ငိုင်သွားသည်။ ဟုတ်သည်လေ။ ကိုကိုကျော်ကိုရွေးမှာပေါ့။ မိန်းမတို့အချစ် ဦးနှောက်ဖြစ်၏။ နှလုံးသားလို့ ဆိုထားသားဘဲ၊ နှလုံးဆိုတာ ဦးနှောက်နဲ့ ကပ်ရက်ဘဲဟာ။ ကျော်မိန့်သည် မောင်လတ်ကို ကြည့်ရင်း သနားမိ၏။ သူငယ်ချင်းအတွက် စိတ်မကောင်း၊ သည့်တော့ ချော့မှုရမည် အကြံပေးရမည်။

"မောင်လတ်ရယ် သိပ်ခံစားမနေပါနဲ့ကွာ၊ ခုချိန်ကစပြီး သူ့ကို သံယောဇဉ် ဖြတ်လိုက်ပေါ့၊ ရောဂါဆိုတာ မရင့်ခင် ကုရတယ်တဲ့ကွ၊ မင်းနဲ့သူနဲ့ ဘဝချင်း တခြားစီပါကွာ"

ထိုညတွင် မောင်လတ်သည် နဖူးပေါ် လက်တင်၊ လက်ပေါ် နဖူးတင်ပြီး အပြန်ပြန် အလှန်လှန် စဉ်းစား၏။ အဖြေကား အနေဝေးအောင် ဝေးဝေးနေရုံဘဲပေါ့။ ထို့ကြောင့် မောင်လတ် ဆုံးဖြတ်လိုက်ပါသည်။ ဖြတ်ဖြတ် ကြီးတော့ မဟုတ်ပါ။ အနေဝေးအောင် ဝေးဝေးနေကြဦးစို့ လေလွင့်ရေ။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၇)

ယခုအခေါက်အတွင်း လေ့အတွက် စဉ်းစားစရာတွေ များလာ၏။ စာမေးပွဲသည် ကပ်လျက်ရှိပြီ။ ဝေ့ဝေ့ဝဲဝဲ ပြင်ဆင်စရာ မလိုလှသော်လည်း လေသည် စာမေးပွဲအတွက်လည်း ပြင်ဆင်ချင်၏။ တနေ့လျှင် အနည်းဆုံး နှစ်နာရီခန့်လောက် စာဖတ်လိုသည်။ ယခင်ယခင် နှစ်များကဆိုလျှင် နေ့စဉ်အနည်းဆုံး နှစ်နာရီခန့် စာဖတ်၏။ တနေ့တာ သင်ခန်းစာကို တနေ့ကျေအောင်ဖတ်၏။ စာမေးပွဲနီးသောအခါ ပြန်နွှေးလိုက်ရုံနှင့် သင်ခန်းစာများသည် အလိုလိုရပြီး မှတ်မိပြီးသား ဖြစ်သွားသည်။ လေသည် ထိုအချိန်များအတွင်း၌ ပျော်ရွှင်လွတ်လပ် ပေါ့ပါးခဲ့ရသည်။ ပူပင်စရာဆို၍ ဝေ့ဝေ့ဝဲဝဲမရှိ။ ဦးလေးနှင့် မေမေတို့၏ အထောက်အပံ့ကြောင့် ကျောင်းလခ၊ အဆောင်ကြေး၊

စာအုပ်ဖိုး ဘာမျှမရှိ၊ အပိုသုံးစွဲကိုလည်း ပူစရာမလို၊ ရွှေပိုရွှေလျှံကလေးများပင်ရှိ၏။ ရှိတဲ့သော အဆောင်သူများကိုပင် ထေးကမ်း ရွေးငှားနိုင်၏။ လက်ဝတ်လက်စားလည်း သိပ်မကော်ဖော၊ အဝတ်အထည် အဆင်ဆန်းများ ကိုလည်း ပေါ် လျှင် ပေါ် ချင်း ဝါးပေါ် တင်ချင်သူမဟုတ်၊ အထိုက်အလျောက် ခေတ်မီသော ဝတ်စုံများကိုသာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ရလျှင် သူကျေနပ်ပြီဖြစ်၏။ ဆင်ပြင်ချယ်သရန် အလှပြင် ပစ္စည်းများလည်း များများစားစား မလို၊ မက်ဆောက်တာ ပေါင်ဒါတစ်ဗူးနှင့် တခါတရံသုံးရန် နှုတ်ခမ်းနီရဲရဲ တစ်ဗူးရှိလျှင် သူ့အတွက်လုံလောက်၏။ သူသည် မပြင်ဆင်ဘဲ လှသူတယောက် မဟုတ်ပါလား။

သူ့အတွက် အလိုအပ်ဆုံး အရာများကား စာအုပ်များဖြစ်၏။ ဝေသည် ဝတ္ထုဖတ်ခြင်း၌ ဝါသနာထုံ၏။ ငယ်စဉ် ကတည်းက ပင်ဖြစ်၏။ ဝတ္ထုများကိုဖတ်ရင်းဖြင့် စာဖတ်ဝါသနာပါခဲ့သည်။ ထို့နောက် စာရုန်းသမျှ ဖတ်တော့၏။ ထို့နောက် စာများကို ရွေးဖတ်တော့သည်။ သူ့အတွက် အချိန်ကုန်ရုံသာဖြစ်သော စာများကို မဖတ်တော့၊ တခါတရံ တွင်မူ အပျင်းပြေ အချိန်ဖြုန်းချင်မှသာ အချိန်ကုန်ခံမည့် ကုန်သွားစေသော အပျော်ဖတ် ဝတ္ထုများ ဖတ်၏။

စာဖတ်များခဲ့သော ကျေးဇူးကြောင့်ပင် မဟုတ်ပါလား။ သူ၏ စိတ်လှုပ်ရှားစ အရွယ်တွင် ယောကျ်ား မှားသောဖြင့် သိမ်းသွင်းခဲ့သူ မောင်မောင်တင်က ဆေးသော ဂုဏ်ကို စာအုပ်ဖြင့် ကုစားနိုင်ခဲ့၏။ သို့မဟုတ်လျှင်ဖြင့် ယောကျ်ားတွေကို စိတ်နာနာနှင့် လေချင်တိုင်းလေ၊ နေချင်တိုင်းနေ၊ လေချင်တိုင်းလေပြီး ရည်းစားမိုလို ပေါက်ခဲ့ရည်ပင်။ ယောကျ်ားလေးပေါင်း များစွာကိုလည်း အသဲခွဲခဲ့ပြီး ဖြစ်မည်။ ဝေသည်လည်း အိမ်ရွှေ့သိက္ခာ မဲ့သော၊ အကျင့် ပျက်ပြွန်းသော မိန်းမလေး တယောက်အဖြစ် ရပ်တည်နေရပေမည်။

မောင်မောင်တင် ခွန်ခွာသွားစဉ်အချိန်က ဝေလျှင် လွေးရှုရှုနှင့် ဆုံးဖြတ်ခဲ့သည့် အတိုင်းဆိုလျှင် ယောကျ်ား မုန်းသမျှကို မိမိအလှနှင့် ဖမ်းစားမည်။ ပြီးတော့ မိမိအနားသို့ ကပ်လာသော ယောကျ်ားများကို ရည်းစား'အဖြစ်' ထားလိုက်မည်။ ပြီးတော့ ထိုယောကျ်ားကိုချစ်ဟန်ပြမည်။ သူနှင့် အတူသွား အတူလာ 'အပျင်းပြေ' အဖော်အဖြစ်နေမည်။ ပြီးတော့ ရိုးသွားလျှင် နောက်တယောက်။ ပြီးတယောက်၊ ပြီးနောက်တယောက်၊ ပြီး အယောက်ယောက်။

'သိပ်ချစ်တာပဲကွယ်' ဟု အယောက်ယောက်သော ယောကျ်ားများကို ပြောရင်းခွဲမည်။ သူတို့ထံမှ အငန်းစရာသော အနမ်းများကို လက်ခံမည်။ တုံ့ပြန်မည်။ 'အနမ်း'ဆိုသည်မှာ သူ့အတွက် မဆန်းတော့။ သူ့အဆန်းဆုံးဟု ထင်ထားသော အနမ်းများသည် သူ့အတွက် မဆန်းတော့ပါ။

စိတ်ကား ဆန်းကြယ်၏။ ဆန်းကြယ်သည်ဟု ထင်ထားသော အရာများကို 'ကိုယ်တွေ့' တွေ့ရပြီးသောအခါ ထို'စိတ်' ကပင် မဆန်းကြယ်တော့ဟု ဆုံးဖြတ်ပြန်၏။ အမှန်မှု ဆန်းကြယ်ခြင်း၊ မဆန်းကြယ်ခြင်းစသော ဆုံးဖြတ်ချက်များသည် စိတ်၌ 'တည်'၏။ ထို့ကြောင့်ပင် စိတ်သည် ဆန်းကြယ်နေတော့၏။

ဆိုပါစို့၊ ဝေသည် မောင်မောင်တင်၏ အနမ်းများကို မခံစားရစဉ်က 'အနမ်း'များကို မြော်လင့်ခဲ့သည်။ အဆန်းတကြယ် 'စိတ်ကူး'ခဲ့သည်။ ထို့နောက် မောင်မောင်တင်၏ အနမ်းများကို ကိုယ်တိုင်တွေ့ကြုံ ခံစားပြီး သောအခါ သူ့အဖို့ အနမ်းဆိုသည်မှာ ဘာမျှမဟုတ်တော့။ စိတ်ကူးယဉ်ခဲ့စဉ်က ကဲ့သို့ ထူးခြားဆန်းပြား ခြင်းမရှိတော့။ တကြိမ် အနမ်းခံရစဉ်ကမူ စိတ်ကူးထက်ပင် ဆန်းကြယ်သေး၏ဟု 'ထင်'မိ၏။ နှစ်ကြိမ် အနမ်းခံ ရသောအခါ အနမ်းကို အနမ်းအဖြစ် သတိထားမိလာသည်။ သုံးလေးငါးကြိမ်၊ အကြိမ်ကြိမ် အနမ်းခံရ ပြီးသောအခါ၌မူ အနမ်းသည် ဘာမျှမဟုတ်၊ အနမ်းသာလျှင် ဖြစ်တော့၏။ ထို့နောက် အနမ်းမှ တဆင့်တက်၍ 'အတွေ့' ထိုမှ 'အဖက်' ထိုမှတဆင့်တက်၍ 'အထိ'၊ ထိုမှတဆင့် တက်၍ 'အတွေ့'။ ဝေ့အဖို့မူ မောင်မောင်တင်နှင့် တွေ့လိုက်ရခြင်းသည် ယောကျ်ားပေါင်း များစွာနှင့် 'တွေ့'လိုက်ရခြင်းနှင့် ဘာမျှမခြား။

စာအုပ်စိုး ဘာမျှမရှု၊ အငိုသုံးခွဲဘို့လည်း ပူစရာမလို၊ ငွေပိုငွေလျှံကလေးများပင်ရှိ၏။ ရှိတဲ့သော အဆောင်သူများကိုပင် ထောက်ဆီး ဈေးငှားနိုင်၏။ လက်ဝတ်လက်စားလည်း သိပ်မဖက်စော၊ အဝတ်အထည် အဆင်ဆန်းများ ကိုလည်း ခေါ် လျှင် ခေါ် ရှင်း ခါးခေါ် တင်ရှင်းသူမဟုတ်။ အထိုက်အလျောက် ဖော်ပီသော ဝတ်စုံများကိုသာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ရလျှင် သူကျေနပ်ပြီဖြစ်၏။ ဆင်ပြင်ချယ်သရန် အလှပြင် ပစ္စည်းများလည်း များများစားစား မလို၊ မက်စက်တာ ပေါင်ဒါတဗူးနှင့် တခါတရံသုံးရန် နှုတ်ခမ်းနီရဲရဲ တစ်ဘူးရှိလျှင် သူ့အတွက်လုံလောက်၏။ သူသည် မပြင်ဆင်ဘဲ လှသူတယောက် မဟုတ်ပါလား။

သူ့အတွက် အလိုအပ်ဆုံး အရာများကား စာအုပ်များဖြစ်၏။ သေသည် ဝတ္ထုဖတ်ခြင်း၌ ဝါသနာထုံ၏။ ငယ်စဉ်ကတည်းက ပင်ဖြစ်၏။ ဝတ္ထုများကိုဖတ်ရင်းဖြင့် စာဖတ်ဝါသနာပါခဲ့သည်။ ထို့နောက် စာမှန်သမျှ ဖတ်တော့၏။ ထို့နောက် စာများကို ရွေးဖတ်တော့သည်။ သူ့အတွက် အချိန်ကုန်ရုံသာဖြစ်သော စာများကို မဖတ်တော့။ တခါတရံတွင်မူ အပျင်းပြေ အချိန်ဖြုန်းချင်မှသာ အချိန်ကုန်မှန်းမသိ ကုန်သွားစေသော အပျော်ဖတ် ဝတ္ထုများ ဖတ်၏။

စာဖတ်များခဲ့သော ကျေးဇူးကြောင့်ပင် မဟုတ်ပါလား။ သူ၏ စိတ်လှုပ်ရှားစ အရွယ်တွင် ယောက်ျားမှာသာဖြင့် သိမ်းသွင်းခဲ့သူ ဇော်ဇော်တင်က ဆေးသော ဂုဏ်ကို စာအုပ်ဖြင့် ကုစားနိုင်ခဲ့၏။ သို့မဟုတ်လျှင်ဖြင့် ယောက်ျားတွေကို စိတ်နာနာနှင့် သေချင်တိုင်းသေ၊ နေချင်တိုင်းနေ၊ လေချင်တိုင်းလေပြီး ရည်းစားမိုလို ပေါက်ခဲ့မည်ပင်။ ယောက်ျားလေးပေါင်း များစွာကိုလည်း အသဲခွဲခဲ့ပြီး ဖြစ်မည်။ သေသည်လည်း အိမ်ရှေ့သိကွာမဲ့သော၊ အကျင့် ပျက်ပြွမ်းသော မိန်းမလေး တယောက်အဖြစ် ရပ်တည်နေရမည်။

ဇော်ဇော်တင် စွန့်ခွာသွားစဉ်အချိန်က သေလျှင် သွေးရူးရူးနှင့် ဆုံးဖြတ်ခဲ့သည့် အတိုင်းဆိုလျှင် ယောက်ျားမုန်းသမျှကို မိမိအလှနှင့် ဖမ်းစားမည်။ ပြီးတော့ မိမိအနားသို့ ကပ်လာသော ယောက်ျားများကို ရည်းစား'အဖြစ်' ထားလိုက်မည်။ ပြီးတော့ ထိုယောက်ျားကိုချစ်ဟန်ပြမည်။ သူနှင့် အတူသွား အတူလာ 'အပျင်းပြေ' အဖော်အဖြစ်ထားမည်။ ပြီးတော့ ရိုးသွားလျှင် နောက်တယောက်။ ပြီးတယောက်၊ ပြီးနောက်တယောက်၊ ပြီး အယောက်ယောက်။

'သိပ်ချစ်တာပဲကွယ်' ဟု အယောက်ယောက်သော ယောက်ျားများကို ပြောရင်းစွဲမည်။ သူတို့ထံမှ အငန်းမရသော အနမ်းများကို လက်ခံမည်။ တုံ့ပြန်မည်။ 'အနမ်း'ဆိုသည်မှာ သူ့အတွက် မဆန်းတော့။ သူ့အဆန်းဆုံးဟု ထင်ထားသော အနမ်းများသည် သူ့အတွက် မဆန်းတော့ပါ။

စိတ်ကား ဆန်းကြယ်၏။ ဆန်းကြယ်သည်ဟု ထင်ထားသော အရာများကို 'ကိုယ်တွေ့' တွေ့ရပြီးသောအခါ ထို'စိတ်' ကပင် မဆန်းကြယ်တော့ဟု ဆုံးဖြတ်ပြန်၏။ အမှန်မှ ဆန်းကြယ်ခြင်း၊ မဆန်းကြယ်ခြင်းစသော ဆုံးဖြတ်ချက်များသည် စိတ်၌ 'တည်'၏။ ထို့ကြောင့်ပင် စိတ်သည် ဆန်းကြယ်နေတော့၏။

ဆိုပါစို့၊ သေသည် ဇော်ဇော်တင်၏ အနမ်းများကို မခံစားရစဉ်က 'အနမ်း'များကို မြှော်လင့်ခဲ့သည်။ အဆန်းတကြယ် 'စိတ်ကူး'ခဲ့သည်။ ထို့နောက် ဇော်ဇော်တင်၏ အနမ်းများကို ကိုယ်တိုင်တွေ့ကြုံ ခံစားပြီးသောအခါ သူ့အဖို့ အနမ်းဆိုသည်မှာ ဘာမျှမဟုတ်တော့။ စိတ်ကူးယဉ်ခဲ့စဉ်က ကဲ့သို့ ထူးခြားဆန်းပြားခြင်းမရှိတော့။ တကြိမ် အနမ်းမခံရစဉ်ကမူ စိတ်ကူးထဲတွင်ပင် ဆန်းကြယ်သော၏ဟု 'ထင်'မိ၏။ နှစ်ကြိမ် အနမ်းခံရသောအခါ အနမ်းကို အနမ်းအဖြစ် သတိထားမိလာသည်။ သုံးလေးငါးကြိမ်၊ အကြိမ်ကြိမ် အနမ်းခံရပြီးသောအခါ၌မူ အနမ်းသည် ဘာမျှမဟုတ်။ အနမ်းသာလျှင် ဖြစ်တော့၏။ ထို့နောက် အနမ်းမှ တဆင့်တက်၍ 'အတွေ့' ထိုမှ 'အဖက်' ထိုမှတဆင့်တက်၍ 'အထိ'၊ ထိုမှတဆင့် တက်၍ 'အတွေ့'။ ဝေအဖို့မူ ဇော်ဇော်တင်နှင့် တွေ့လိုက်ရခြင်းသည် ယောက်ျားပေါင်း များစွာနှင့် 'တွေ့'လိုက်ရခြင်းနှင့် ဘာမျှမခြား။

လူနံ့သည် လူလည်အိပ်နေစိုက် ကမ်းပေါ်၌ ဇိုင်စိုက် ကြိုးချည်ထားသော လူလည်၏လှေကိုယူ၍ တည့်တည့်တလုံး စုန်ချေ ဆန်ချေလှော်၏။ ထိုသို့လှေကို အစုန်အဆန် လှော်သောကြောင့် နံနက်မိုးသောက် အရုဏ် ရောက်သော် လူနံ့သည် မောပန်းနွမ်းနယ်စွာရှိ၏။ လျှာထွက်၍ အမြုပ်တစီစီရှိ၏။ လူနံ့သည် လှေကို မူလတိုင်တွင် ပြန်ချည်ထားရင်း ဤသို့ ကြုံးဝါးလေသတည်း။

"ငါ့မြင်းကို လျှာထွက်အောင် စီးတော့တာကောင်၊ မင်းလှေကို ငါလျှာထွက်အောင် လှော်သကွ၊ မှတ်ထားလေရော့"

မေသည် ထိုပုံပြင်ကလေးကို ကြားရစဉ်က ရယ်ခဲ့၏။ ထို့နောက် တဖြည်းဖြည်း ပြန်စဉ်းစားရင်း သင်ခန်းစာ ထုတ်ယူ၏။ မိမိမြင်းကို ယူစီး၍ သူ့လှေကို ယူလှော်မည်ဟူသော လက်စားချေမှုမှာ စိုက်မဲရောကျ၏။

မေသည် ယောက်ျားများကို လက်စားချေရန်အတွက် မိမိကိုယ်မိမိ အမြဲအပျက်ခံရမည်လား၊ သိက္ခာ အကျခံရမည်လား။

ပထမပိုင်းကမူ မေသည် မောင်မောင်တင်ဟူသော ယောက်ျားတယောက်ကို လက်စားချေရန်အတွက် ယောက်ျား မှန်သမျှ အနာပေးကာလယ်လျှင် မိမိအလှနှင့် ဖမ်းစား၍ ထိုယောက်ျားတို့ကို ထိုးစားမည်။ ထို့နောက် တယောက်ပြီး တယောက် အယောက်ယောက် တွဲလိုက် နှံလိုက်လုပ်ရင်း ၎င်းတို့ကို မျက်ရည်ကျစေမည်။ သူတို့၏ မျက်ရည်ပေါ် တွင်မျော်နှင်မြူးတူးနေမည်၊ ၎င်းတို့ မျက်ရည်ကျသည်ကို ကြည့်၍ ပျော်လိုက်မည်။ ယောက်ျား များကို ကစားရသည်မှာ အဘယ်မျှ ပျော်စရာ ကောင်းမည်နည်း။ သို့ရာတွင် ယောက်ျားများနှင့် ကစားရသည်မှာ မီးနှင့် ကစားရသည်သို့ ရှိမည်။ ခွန်အားခန်းများ ပါလိမ့်မည်။ တသီတသီကြီး ဖြစ်နေရမည်။ ရိုးရိုး ပျော်စရာထက် တသီတသီ ပျော်စရာကား ပိုလို့အရသာ မရှိနိုင်လေဘူးလား။

ဤသို့ တွေးခဲ့ဘူး၏။ သို့သော် မေ၏ ဆင်ခြင်တိုင်းထွာနိုင်သော ဦးနှောက်ကဆိုးအတွေးကို ဝေဖန်ဆန်းစစ် ကြည့်သောအခါ ရူးသွပ်ခြင်း သက်သက်သာ ဖြစ်ကြောင်းသိလာ၏။

မိမိသည် မိန်းမသား၊ မိန်းမသားတယောက်သည် ယောက်ျားနှင့် ပတ်သက်မိသည်နှင့် တပြိုင်နက် မိမိဘက်က အရှုံးသာ ထွက်တော့၏။ လူနေမှုစနစ်ကြီးနှင့် ယဉ်ကျေးမှုစနစ်ကြီး တခုလုံးကလည်း မိန်းမကို နှိမ်ထားသည်။ အဘယ်မျှ မတရားသော လောကကြီးပါ။ မေသည် မိမိအဖြစ်ဆိုးခဲ့ရမှု၏ အကြောင်းကို ဘယ်သူမပြ မိမိမှာပင် သဘောမပေါက် နိုင်သေးခင်မှာ လောကကြီးတခုလုံးကို စိတ်နာခဲ့ဘူး၏။

ထို့အတူပင် လောကကြီးသည် အစွန်းသာယာသော ဥယျာဉ်ကြီး တခုအဖြစ်လည်း သတ်မှတ်ကြည့်နှုးဘူး၏။

ထိုအချိန်က မောင်မောင်တင်သည် အဘမ်း။ သူသည် စေ။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

(၆)

မေသည် ဤအကြောင်းများကို ပြန်၍မစဉ်းစားလိုပါ။ မစဉ်းစားရဲပါ။ မစဉ်းစားချင်၍လည်း မရ၊ မေသည် အချစ်နှင့် ပတ်သက်လာတိုင်း ဤအကြောင်းများကို ပြန်လည်သတိရမိသည်။ ထိုအကြောင်းကား မောင်မောင် တင်နှင့် သူတို့ ပတ်သက် ဆက်နွယ်ခဲ့ခြင်းတည်း။

မောင်မောင်တင်သည် ဦးဆုံးသော အနမ်းများကို အင်းယားကန်စောင်း သစ်ပင်ကွယ်၌ မေ့ကိုပေးခဲ့၏။

သူသည် မေ့ကို အားရအောင်နမ်း၏။ ထိုအနမ်းများကြောင့် မေ မောလျှလာသောအခါ သူသည် မေ့ကို ရင်ခွင်မှခွာ၍ စေ့စေ့ကြည့်၏။ သူ့မျက်လုံးသည် အရောင်တောက်နေသလို၊ သို့မဟုတ် မှုန်ဝိုင်းရီဝေနေသလို၊ မေ သည်လည်း ရီဝေစွာပင် ပြန်ကြည့်ရသည်။ မေ မောလှပါပြီ။

သေ၏နှုတ်ခမ်း၌ နှုတ်ခမ်းနီများ ကုန်ပါပြီ၊ မောင်မောင်တင်၏ နှုတ်ခမ်းသည်လည်း ရဲတွတ်နေ၏။ မောင်မောင်တင်သည် ဝေ့ နှုတ်ခမ်းနီများ သူ့နှုတ်ခမ်း၌ ပေနေခြင်းကို သဘောကျဟန်ဖြင့် သူ့နှုတ်ခမ်းကိုသူ လျှာဖြင့်သပ်၏။ ပြီး ဝေ့ကို ပြုံးပြ၏။ ဝေသည် မောင်မောင်တင်၏ နှုတ်ခမ်းနီပေကျံနေသော မျက်နှာကို ကြည့်၍ ရယ်မိသေးသည်။ မောင်မောင်တင့် ရင်ခွင်ထဲဝင်၍ မျက်နှာကိုဝှက်ပြီး

"သူများ ရှက်တယ်ကွယ်"ဟု ညည်းတွားမိသေးသည်။ မောင်မောင်တင်သည် ဝေ့ကျောပြင်ကို ပွတ်သပ်ချော့မြူ၏။

"ဝေရယ်၊ ချစ်ဝေလေးရယ်"

လှိုက်လှဲသော အသံကိုကြား၏။ ဝေ့ရင်၌ ပီတိအဟုန်ဖြင့် တလှပ်လှပ်။

မောင်မောင်တင်သည် သူ၏ နူးညံ့လှသော လက်ဖဝါးဖြင့် ဝေ၏ လက်မောင်းကို ဖွဖွကလေး ပွတ်သပ်သည်။ ထို့နောက် လက်ချောင်းကလေးများကို ဆုပ်နယ်၏။ ထို့နောက် ခါးသားလေးကို ထိလာ၏။

ဝေ သိမ့်သိမ့်ရယ်၏။ ဧလုံအထွေး စကားများကိုလည်း ရယ်ရင်းမောရင်း ပြောဖြစ်၏။ မောင်မောင်တင်လည်း ရယ်ရင်း မောရင်းပင် ဝေ့ကို တိုးလို့ဖက်သည်။ ပြီး သူသည် ဝေ့ရင်ခွင်ထဲကို ခေါင်းဝှက်သည်။ သူ၏ အနမ်းများသည် ဝေ့ရင်ခွင်တဝှမ်း လမ်းသလားနေ၏။ ဝေ မနေတတ်မထိုင်တတ်ပင် ဖြစ်ရ၏။ မောင်မောင်တင်သည် ဝေ့ လက်မောင်းရင်းသားကို နမ်းလာသောအခါ၌မူ ဝေ တုန်လှုပ်ချောက်ချားသည်အထိ မိန်းမောရတော့သည်။

ဝေ ကြောက်လန့်တကြား ရုန်းထွက်သည်။ ငိုင်နေသော၊ တည်နေသော မျက်ဝန်းဖြင့် မောင်မောင်တင်ကို ကြည့်လိုက်၏။ မောင်မောင်တင်သည် ရီဝေစွာ ပြုံးပြ၏။ ထို့နောက်ထပ်၍ ဆွဲယူဖွေ့ဖက်ပြန်သည်။ ဝေ သည်အတိုင်း မနေရဲတော့ပါ။ ထပ်၍ရုန်း၏။ မောင်မောင်တင်က အသာအယာပင် လျှော့ပြုပေးသည်။

"ကိုယ်ချစ်လွန်းလို့ပါ ဝေလေးရယ်စိတ်ဆိုးသွားလားဟင်"

ဝေစိတ်မဆိုးပါ။ သို့သော် ရှက်၍ မျက်မှောင်ချိုတ်၏။ နှုတ်ခမ်းစူ၏။

"ပြန်မယ်၊ အကိုမကောင်းဘူး"

မောင်မောင်တင်သည် အပိုင်နိုင်ဆုံး အပြုံးကို ပြုံး၏။ ဝေကဲ့သို့သော မှေးမှေး ကလေးများ၏ ထိုသို့သော အမူအရာ၊ အနေ၊ အစရာတို့ကို မောင်မောင်တင် နားကျခဲ့ပါပြီ။

"တခါလောက် ထပ်ပြီးချော့ပါရစေအုံးလား ဝေလေးရယ်"

ဝေ့ပါးကလေးကို လက်နှစ်ဖက်ဖြင့် ဖွဖွကလေးကိုင်ရင်းပြော၏။ ဝေသည် မှုမှုကလေးပင် မောင်မောင်တင့် လက်များကို ဖွဖွကလေး ပုတ်ပြစ်၏။

"ဟင့်အင်း ပြန်မယ်"

မောင်မောင်တင် သိပါသည်။ သူ ဝေ့ကို ထပ်၍ထပ်၍နမ်းခွင့် ရှိပါသေးသည်။ ဝေ ခွင့်ပြုမည်သာဖြစ်ပါသည်။ ငြင်းရင်း ဆန့်ရင်း ဟန်လုပ်ရင်း ခွင့်ပြုမည်သာ ဖြစ်ပါသည်။ သို့သော် မောင်မောင်တင်သည် သည်နေရာမျိုး၌ အလျှင်စလို မပြု။ ရှော်ဘဲ နှာဘဲ ပြုရသော နည်းဗျူဟာကို ပိုင်၏။ သည်အခြေအနေတွင် မဆန့်တင့်လေး ရပ်ထား လိုက်မည်။ ပိုင်နေပြီဘဲလေ။

"ကဲပါ ဝေလေးရယ်၊ မျက်နှာကြီး စူမထားပါနဲ့၊ ဝေ စိတ်ဆိုးမှာ ကိုယ်အကြောက်ဆုံးပါ၊ ပြန်ကြစို့နော်၊ ဟုတ်လား၊ ပြုံးစမ်းပါအုံး၊ ပြုံးလေ"

ဝေသည် သူ့ကိုယ်သူ အဟုတ်ကြီး မှတ်သွား၏။ မျက်နှာကို ပိုလို့တင်း၏။ မောင်မောင်တင်ကို သူ နိုင်သွားပြီဟု ထင်၏။ မှားလေစွ။

"ပြီးဘူး၊ သွားမယ်"

ပြောရင်း လှည့်ထွက်ခဲ့သည်။ မြန်မြန်ကြီးတော့ မလျှောက်၊ မှန်မှန်ကလေး လှမ်းခဲ့သည်။

မောင်မောင်တင်သည် သုတ်သီးသုတ်ပြာဟန်ဖြင့် လိုက်၏။ ထို့နောက်ဝေနှင့် ယှဉ်၍လျှောက်၏။ ပြုံးစေ့နှင့် ဝေ့ကိုကြည့်၏။ ဝေက သူ့ကိုပြန်ကြည့်သောအခါ မျက်စိတစ်ဖက် မှိတ်ပြသည်။ ဝေလည်း မောင်မောင်တင့် လက်မောင်းကို အသာအယာ ထု၏။ ထို့နောက် ခေါင်းငုံ့ငုံ့ကလေး လျှောက်ရင်း မောင်မောင်တင့် အနမ်းများကို စမြုံ့ပြန် နေမိသည်။

အဆောင်ကို ပြန်အဝင်ကျတော့ အနည်းငယ်ရှက်မိသေးသော်ငြား၊ မောင်မောင်တင်သည် ဝေ့ကို အဆောင်ဝအထိ လိုက်ပို့ပြီး ခွဲနိုင် မခွာရက်ဟန်ဖြင့် ရပ်နေ၏။

"ပြန်တော့လေအကို"

မောင်မောင်တင် ခေါင်းခါသည်။ "ပြန်ချင်တော့ဘူးကွာ"

"အိုး မဟုတ်တာ"

"ပေ့ဘီလေ့ခါးနံမှာ အိပ်ပြီးစောင့်ချင်တယ်၊ မနက် လင်းလင်းချင်း ဝေ့မျက်နှာလေး မြင်ချင်တယ်ကွယ်"

"ရူးပြီ"

"တကယ်ပေါ့"

"သွား"

"ဟင့်အင်း၊ မသွားချင်သေးဘူး"

"အကိုကလဲကွယ်၊ ဝေရှက်တယ်"

"အေးလေ၊ ဒီလောက် နှင်နေမှတော့ သွားရတော့မှာပေါ့၊ ဝေ မနက် ဘယ်အချိန် ကျောင်းသွားမလဲဟင်"

"ရှစ်နာရီလောက်ပေါ့"

"အကိုလာမယ်နော်"

သို့သော် နောက်တနေ့ မောင်မောင်တင် ရောက်မလာပါ။

ဝေကသာ တမျှော်မျှော် မျှော်ရင်း နံနက် ကိုးနာရီခန့်ထိ စောင့်ခဲ့ရသည်။ မောင်မောင်တင်ကား ပေါ် မလာ။

ထိုနေ့က ဝေသည် ကျောင်းတက်နေရသော်လည်း စာသင့် စိတ်မဝင်စား။ မောင်မောင်တင် လာလေမလားဟု လည်း တဆန့်ဆန့် ကြည့်ရင်း ရှာရသည်မှာ အမော။

ကျောင်းဆင်းခဲ့သည်အထိ မောင်မောင်တင့် အရိပ်အယောင်မျှ မတွေ့။

ညနေ ဧည့်ချိန်တချိန်လုံးလည်း စောင့်သည်။ အဆောင်စောင့် လာ၍ခေါ် တိုင်း မိမိအား လာခေါ် လေသလားဟု တထင်ထင် ရှိခဲ့၏။ အခြားအဆောင်သူများ၏ ဧည့်သည် လာတိုင်းလည်း မောလိုမိသလိုလို၊ အဆောင်ဝ သံတံခါးသို့ ဧည့်သည်ရိပ်ဖြတ်တိုင်း လိုက်ကြည့်နေရသည်မှာ မူးဝေသည်အထိ။

သို့သော် ထိုနေ့ဧည့်ချိန် ကုန်သည်အထိ မောင်မောင်တင် ရောက်မလာ။

ဝေသည် ထိုညက အကြောင်းမဲ့ ဒေါသဖြစ်နေသည်။ မြင်တောင်တွေကို ဒေါသဖြစ်၏။ စာအုပ်ကို ဆွဲပစ်၏။ မောင်တိန်ကို ကြိမ်းမောင်း၏။

အခန်းဖော်က သတိထားသည်။

"ဝေတယောက် ဒီညဘာဖြစ်နေတာလဲ၊ မောင်တော်မလာလို့ ဟိုမိဒီမိနဲ့ ဒို့ဘက်တော့ လှည့် မရမ်းလိုက်ပါနဲ့နော်"

ထိုအခါ ဝေသည် ဘာမျှပြန်မပြောဘဲ အိပ်ရာပေါ် အစ်လှဲ၏။ မျက်စိမှိတ်မှိတ် အိပ်သည်။ မရ။ ဟိုတွေး သည်တွေးဖြင့် မျက်စိကြောင်နေသည်။ မောင်မောင်တင်သည် သတင်းကြီးသည့်အတိုင်း မျက်နှာများသူလေလားဟု အထပ်ထပ် စဉ်းစားသည်။ 'လာပစေဦး ကောင်းကောင်း ရန်တွေ့လိုက်မယ်'ဟု အကြိမ်ကြိမ် ဆုံးဖြတ်သည်။

သို့ရာတွင်

နောက်နေ့နံနက် မောင်မောင်တင် လာစောင့်ကြိုသည်ကို တွေ့ရသောအခါ ကြည်နူးမိပြန်သည်။ မျက်နှာကိုမှ မှုထားဆဲ။

"ဝေရယ် ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်မနေ့က မြို့နယ်အသင်း အစည်းအဝေး တက်နေရလို့ပါ၊ ကိုယ်က အမှုဆောင်ဆိုတော့ ထပြန်လို့လဲ မဖြစ်ဘူးကွယ်၊ အစည်းအဝေးကလဲ ညနေခြောက်နာရီခွဲမှ ပြီးတယ်၊ ကိုယ်က ညက အဆောင်ရှေ့ လာပါသေးတယ်၊ ဝေ့များ တွေ့ရမလားလို့၊ ဝေ စိတ်ကောက်နေတယ်နဲ့ တူတယ်နော်၊ ကိုယ့်ကို ခွင့်လွှတ်ပါကွာ နော်"

မောင်မောင်တင် ပြုံးနေခြင်း ဖြစ်ပါ၏။ ဝေနေ့က ဘာအစည်းအဝေးမှမရှိပါ။ ဖဲဝိုင်းဆိုင်ရင်း မိုးချုပ်သန်းခေါင် ရောက်သွားခြင်း ဖြစ်၏။ ထို့အပြင် မောင်မောင်တင်သည် သူ့ဖမ်း၍ မိသားပြီဖြစ်သော ဝေ့ကို မချော့မဖြစ်အောင် ပြုခြင်းလည်း ဖြစ်၏။ ဝေက အလွန်တွေ့ချင်နေပြီဖြစ်ကြောင်း သူသိသည်။ ထို့ကြောင့် တမင်လာမတွေ့ဘဲ သူ့ဘက်က ဈေးတင်ခြင်း ဖြစ်၏။

ထိုသို့ ဝေနေ့က လာမတွေ့ဘဲ ယနေ့နံနက်စောစော ပေါ်ပေါက်လာသည့် နေရာမှ စောင့်နေခြင်းဖြင့်၎င်း၊ ဝေ စိတ်ကောက် နေသည်ကို ချော့ခြင်းဖြင့်၎င်း၊ ဝေ့ကို တရစ်ထက်တရစ် တိုး၍ နှောင်ဖွဲ့သိမ်းသွင်းရန်ဖြစ်၏။

"ဝေလေးရယ်၊ မင်း ကိုယ့်ကို အပြစ်တွေပေးပါ၊ မင်းပေးသမျှ အပြစ် ကိုယ်ခံပါ့မယ်"

ဝေ မှုနေဆဲ။

"ကောင်းပြီဝေ ကိုယ့်စကားတွေမယုံရင် မင်းကိုယ့်ကို မချစ်ဘဲနေလိုက်ပါ၊ အဲဒါ ကိုယ့်ကို မင်းပေးတဲ့ အပြစ်ထဲမှာ အကြီးဆုံးဖြစ်မှာပါ"

ဝေ လှုပ်ရှားလာ၏။

"ဟုတ်တယ်၊ ကိုယ့်ကို မချစ်ဘူး၊ မချစ်ဘူး"

"ကောင်းပါပြီ ဝေ၊ မင်းမချစ်ရင်တော့ ကိုယ့်ဘဝဟာ အဓိပ္ပာယ်မရှိတော့ပါဘူး"

မောင်မောင်တင်သည် ဆက်လျှောက်ရင်း မျက်နှာညှိုးသွား၏။ ဘာမျှဆက်မပြောတော့။ သို့နှင့် ယုဒသန် ဘုရားရှိခိုးကျောင်း မျှော်စင်ကို လွန်လာပြီးနောက်

"ကိုယ်ပြန်တော့မယ် ဝေ"

မောင်မောင်တင်သည် ခပ်သွက်သွက် ရှေ့ကလျှောက်လိုက်၏။ ဝေက မပြန်စေချင်သေးပါ။ ဘာမှရှည်လား၊ လိုက်ခေါ် ရမည်လားမသိ။ မနေနိုင်ပါ။ ဝေ လိုက်ခေါ် ရ၏။

"ကို"

မောင်မောင်တင် ခေါင်းသေး တလှမ်းနှစ်လှမ်း ဆက်လျှောက်၏။ ပြီးမှ ရပ်စောင့်နေသည်။ ဝေနှင့် သူနှင့် ယှဉ်မိသောအခါ မောင်မောင်တင် လှည့်မကြည့်ဘဲ ဆက်လျှောက်လာသည်။ ဝေလည်း သူ့ဘေးက ယှဉ်၍ လိုက်ရသည်။

"ကိုယ့်ကို မချစ်ဘူးလို့ စကားအဖြစ်တောင် မပြောပါနဲ့ ဝေရယ်၊ ကိုယ်မကြားရဲဘူး"

မောင်မောင်တင်သည် တကယ်ပင် ထွေးမြေ့နေဟန်ဖြင့် ပြော၏။

"အကိုက ဆူဆီမလာတော့ စိတ်ဆိုးပြီး ပြောမိတာပေါ့၊ မနေ့က မျှော်လိုက်ရတာ ဘယ်လောက်တောလဲ"

သည့်တော့မှ မောင်မောင်တင်တွေကိုလှည့်ကြည့်ရင်း ပြုံးလေသည်။ ထိုအပြုံးကား အောင်နိုင်သော စစ်သူကြီး တစ်ယောက်၏ အပြုံးမျိုး။

မောင်မောင်တင်သည် ဤသို့ ရှုံးတုံ့ရှာတဲ့ အကြိမ်ကြိမ်ပြုံး၏။

သူ့ကို ဝေက တတမ်းတတ ဖြစ်စေ၏။

သူသည် ကပ်မိသည်နှင့် တပြိုင်နက် မြောက်များစွာသော အနမ်းများကို ပေး၏။ ယူ၏။

သူသည် နဖူးကိုလည်းနမ်း၏။ နှုတ်ခမ်းကိုလည်း နမ်း၏။ လည်တိုင်ကိုလည်း နမ်း၏။ ရင်ခွင်ကြားကိုလည်း နမ်း၏။ ဝေ့ ပေါင်ပေါ် မှာလဲလျောင်းရင်း ဝေ့ ဝမ်းဗိုက်သား ပွံ့ပွံ့ကလေးကိုပင် နမ်း၏။

ဝေသည် သူနှင့်တွေ့ရတိုင်း တချိုက်မက်မက်နှင့် ဖောလှူနမ်းရယ် ရသည့်ရှည်းပင်။ နောက်တစ်ရက်သူ့အလာကို မျှော်ရသည် ရှည်းပင်။ ထိုသို့မျှော်ရနေရန်လည်း မောင်မောင်တင် ပြုတတ်၏။

ဝေ့အား နမ်းသောအခါတိုင်း ဝေက သူ့အနမ်းများကို ပြန်လည်ပေးဆို လာသည်အထိ စောင့်ရ၏။ ဝေက လိုလိုလားလား အနမ်းများနှင့် ပြန်လည်နမ်းသောအခါ သူသည် မသိတသိသာ နမ်းတော့၏။ တစက်တမျက်သော နမ်းတော့၏။ တင့်လင့်လင့် ဖြစ်အောင် မဆန့်တင့် ထားခဲ့၏။

"ပြန်ချီ ဝေရယ်ရော်၊ ကိုယ်အရမ်း ချစ်မိတော့မယ်" ဟု ပြော၍ သူသည် အင်မတန်မှ ထိမ်းသိမ်း စောင့်ရှောက် တတ်သော ကိုယ်ကျင့်တရား ပြည့်စုံသူတစ်ဦးဖြစ်ဟန်ဆောင်၏။

ဟန်ဆောင်မှ ဟူသည် တာရှည်မခံပါ။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

ဝေသည် ထိုနေ့မှ စိတ်လိုလက်ရ ရေမိအရောင် နှုတ်ခမ်းနီ ဆိုးလာ၏။ မောင်မောင်တင်က ကြိုက်လှပါသည်ဆိုသော အရောင်။ သူ့ကိုယ်တိုင် ဝယ်ပေးထားသော နှုတ်ခမ်းနီ။ မိတ်ကပ်ပါးပါးလူးတိ၏။ ဆံပင်ခါဖြို၏။ မျက်နှာ သေသေသေတင်၏။ ဆံထုံး ထုံးတတ်သော အစောင်သူ မဝေတယောက်ကို ဆံထုံး ထုံးပေးစေ၏။ နောက်တွဲ ဆံထုံး အိအိလေး၊ ရေမိနုရောင် လက်ပြတ်နိုင်လွန် ရှူရှူလေးနှင့် ရေမိရင့်ရောင် ပိုးလျှောသမီကိုဆင်၏။ ခြေသည်း လက်သည်းကိုလည်း ရေမိအရောင်နနှ အရည်ကြည်လေးဆိုး၏။ ခြေမှုန့်နှင့် လက်များကိုပင် မိတ်ကပ်ပါးပါး ပွတ်လိုက်သေး၏။

ထိုနေ့ကား ဝေ့၌ ဆုံးဆောင်မှု အပြည့်တည်း။

ဝေ့ကို မောင်မောင်တင်သည် အလည်အပတ်ထွက်ရန် မခေါ် ဖူး ခေါ် သောနေ့လည်းဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုသော် မောင်မောင်တင်'သွတ်လွင်း' သောင်သောနေ့တည်း။ ဝေ သည် ထိုသွတ်ကို မသိခဲ့။ မမြင်ခဲ့ပါ။ ဘဝတလျှောက်လုံး အတိတ်တခွဲ အမြောက်ခံရသည်အထိ ဒုက္ခပေးမည့်နေ့ဟု မထင်ခဲ့ပါ။

မောင်မောင်တင်သည် မီးခိုးနုရောင် နိုင်ငံခြားဖြစ် နိုင်လွန်ရှပ်အကျီနှင့် မီးခိုးရင့်ရောင် သက္ကလပ် ဘောင်းဘီဝတ်၍ သားရေရှေ့ချွန်ဖိနပ်စီးကာ သားနှားနေ၏။ ဆံပင်ကို သပ်ရပ်စွာဖီးထား၏။ ရွှေနံ့ကို ဖုံးနိုင်အောင် ရေမွှေးအနည်းငယ် ဆွတ်ထား၏။ အကိုတစ်ယောက်၏ ကားဟု ပြောသော ဗီးယက်စ်မီးခိုးရောင်လေးကို မောင်းလာ၏။ ဝေ့ကိုလာခေါ်၏။

ဝေသည် ဆော့ဂျွတ်ကလေးပင် ကားပေါ် တက်ခဲ့၏။ အပေါင်းအသင်း များရှေ့တွင် ကားနှင့် ထွက်သွားရသည်ပင် ဂုဏ်ရှိသလောင်လောင်။

"ဝေ ဘယ်သွားချင်လဲ ဟင်"

"မောင်မောင်တင်သည် စီးကရက်ခဲ၍ ကားမောင်းလာရင်း အတန်ကြာမှမေး၏။

"သိဘူးလေ"

"ကိုယ်လဲ ဘယ်သွားရမှန်းမသိဘူး"

မောင်မောင်တင် ညာနေခြင်းဖြစ်ပါသည်။ ဒီနေ့အဖို့ သူတွင်အစီအစဉ်အားလုံး အဆင်သင့်ရှိပါသည်။

"ရုပ်ရှင်ကြည့်မလား မေ"

"ဟင့်အင်း မကြိုက်ဘူး"

မေမကြိုက်ပါ။ ရုပ်ရှင်ရုံထဲထက် လွတ်လပ်သော အင်းယားကန်စောင်း သစ်ပင်ရိပ်မှုန်ကွယ်များကြားကို မောင်မောင်တင် နှင့်အတူ လျှောက်ချင်ပြီးသားပါ။

"ဒါဖြင့် ဘယ်သွားချင်လဲ ပြောလေကွယ်"

"သိပါဘူးဆို"

"ခက်တာဘဲ"

မောင်မောင်တင် ခေတ္တ စဉ်းစားဟန်ပြု၏။

"တခုခုစားရအောင်နော်"

"ကို စားချင်စားလေ၊ မေတော့ မနက်က အဆောင်မှာ စားခဲ့ပြီးပြီ"

"လာကလဲကွာ ဒီနေ့ အပြင်ထွက်လည်မှာဘဲ အဆောင်ထမင်းများ စားရတယ်လို့"

"မနက်စောစောဆို ဆာတယ် ကိုရဲ့"

သို့နှင့် တရုတ်ဟော်တယ်တခု၏ တဆောင်သော အခန်းကိုရောက်၏။ မောင်မောင်တင် ထမင်းစား၏။ မေ့အတွက် လင်မရန် တလုံးမှာ၏။ စားပွဲထိုး ထွက်သွားသော အချိန်တလျှောက်လုံးမှ အခန်းထဲတွင် အနမ်းများဖြင့် ပြည့်သွား၏။

ဟော်တယ်မှပြန်အထွက်တွင်မှ 'ဘယ်သွားချင်လဲ'ဟု မမေးတော့။ မေမသိသောတနေရာသို့ ဦးတည်မောင်း၏။ လမ်းကြီးမှ လမ်းချိုးလေး၊ ထိုမှ လမ်းတွေ့ လမ်းကြားလေး၊ ကိုယ်ပိုင် တိုက် ခြံများရှိရာ 'အထက်တန်းရပ်ကွက်' ဟု ခေါ်ရာ ချောင်ကျကျတနေရာ။

"ကိုယ့်အကိုက နေ့ခင်း သွားစရာ တခုရှိတယ်တဲ့ကွယ်၊ သူ့ကို ကား စောပြန်ပေးရမယ်"

မေ စိုးရိမ်စိတ်ကလေး ထင့်ကနဲဖြစ်မိသေး၏။

"ဒီတော့ မေတို့က "

"စောလေးပါ စောလေးရမယ်၊ သူ နာရီဝက်လောက်ဘဲ ကားပြန်တောင်းထားတာပါ၊ ဒို့ စောင့်လိုက်ရုံပေါ့၊ ဆီဒီအတွင်းမှာ စဉ်းစားထား ဘယ်သွားချင်သလဲဆိုတာ"

မောင်မောင်တင်၏ အကိုဆိုသူသည် တိုက်ပုကလေးအတွင်းမှ အသင့်ထွက်ကြိုနေ၏။

"ဆင်းလေ မေ"၏

မေ ဆင်းရပါတော့သည်။

မောင်မောင်တင်သည် ကားသော့ကို ထိုသူအားပေးလိုက်၏။ ထိုသူက မေ့ဘက်လှည့်၍ ပြုံးပြ၏။ သူ့အပြုံးသည် တမျိုး။

ကားကလေး ထွက်သွားပြီး နောက်မကြာမီ မောင်မောင်တင်နှင့် မေတို့သည် တိုက်အတွင်းခန်းသို့ ရောက်နေပေပြီ။ အတွင်းခန်းဆိုရာ၌ ဧည့်ခန်းမဟုတ်ပါ၊ အိပ်ခန်းဖြစ်ပါတော့၏။

မောင်မောင်တင်သည် အိမ်တွင်းသို့ရောက်ရောက်ချင်း ဘာမပြော ညာမပြောနှင့် ဇေ့ကို ဖက်ဆွဲ နမ်းရှုံ့၏။ ထို့နောက် ဇေ့ကို ဆွဲ၍ အိပ်ခန်းသို့ သယ်ခဲ့သည်။ ဇေ ရုန်းထွက်ရန် သတိရသောအချိန်တွင် အိပ်ခန်းတွင်းသို့ ရောက်နေပြီတည်း။

ဇေသည် အခြားအိမ်သားများ ရှိနေမည်ထင်ခဲ့၏။ သို့ရာတွင် ဤအိမ်၌ သူတို့နှစ်ယောက် မှတပါး ဘယ်သူမှမရှိ။

မောင်မောင်တင်သည် ဇေ့ကို မရုန်းနိုင်အောင် ဖက်လိုက်၏။ ထို့နောက် သူ့ကိုယ်နှင့် ဇေ့ကို ကပ်ထားပြီး ဇေ့ကိုယ်ကလေးကို ဆွဲချိရင်း နမ်းရှုံ့၏။

ရေမီးချောင် နှုတ်ခမ်းနီများ ကုန်လုပါပြီ။ ဇေသည် ရုန်းရင်းကန်ရင်းနှင့်ပင် မောင်မောင်တင့် အချော့အမြှူတွင် နစ်မြောသွားရသည်။

သူသည် ဇေ့လက်မောင်းအိုးများကို ပွတ်သပ်၏။ ခါးကိုရော၊ ကျောသားကိုရော၊ ပေါင်သားကိုရော၊ အို နေရာအနှံ့၊ နေရာအနှံ့သို့ သူ့လက်ဖဝါး နုနုကလေးရောက်၏။ ဇေ မလှုပ်ချင် မရှားချင် ဖြစ်သည်အထိ။

ဇေ သတိရသောအခါ ငိုပါသည်။ အိပ်ရာမှ ထရန်ကြိုးစားကြည့်၏။ မရ။

ဇေ့ပါးမှာ ခြယ်သ ထားသည်များ မရှိသလောက်ဖြစ်သွား၏။ ချွေးနှင့် မိတ်ကပ်တို့ရော၍ အဆီပျံနေသည်။ နှုတ်ခမ်းနီများ သည်လည်း ပျက်တက် ထင်တက်။

မောင်မောင်တင့် နှုတ်ခမ်းသို့ ရောက်သွားသော နှုတ်ခမ်းနီများသည် ဇေ့နှုတ်ခမ်း ထောင့်ကျွင်းသို့လည်း ပြန်ရောက်၏။ ပါးပေါ် ၌လည်း စွန်းထင်း၏။ နားသယ်၌လည်း ပေရေ၏။ လည်တိုင်ကျော့နှင့် ရင်မှင်သည်ပင် နှုတ်ခမ်းနီများ ဟိုတစ သည်တစ ပါးပါးလှလှကလေးတွေ ပေနေ၏။

မောင်မောင်တင်သည် ကပိုကရိုဖြစ်နေသော ဇေ့ကို ရင်ခွင်တွင်းသို့ ညင်သာစွာ ဆွဲယူပြန်သည်။ မောင်မောင်တင့် ရင်ဘတ်ကျယ်ကြီးတွင် ခေါင်းလျှိုး၍ သည်းစွာငိုတော့သည်။ မောင်မောင်တင်သည် ဇေ့ကျောကို သပ်၍ ချော့၏။ ဆံပင်တို့ကို သပ်၍ချော့သည်။ လက်မောင်းအိုးလေးများကို သပ်၍ချော့သည်။ သူ့လက်သည် နေရာ အနှံ့သို့ ရွှေ့လျားနေပြန်သည်။ သို့သော် မသိသာ။ သူ့လက်ဖဝါးက နူးညံ့လှ၏။

ဇေသည် အားရအောင် ငိုချလိုက်၏။

ငိုပြီးသောအခါ မောလှလာ၏။ မောင်မောင်တင့် ရင်ခွင်တွင် မှေးနေမိသည်။ မောင်မောင်တင်သည် အခြေအနေနှင့် အချိန်အခါကို သိသူတည်း။ ဇေ့ကို နူးမှုံ၍ ညင်သာသောအနမ်းများ ပေး၏။ ထို့နောက်

ဇေသည် မျက်စိကို မှေးစင်းထားလိုက်ရတော့သည်။ မောလျှူရှမ်းနယ်စွာ ညည်းညူခြင်း အမူသာ ပြုနိုင်တော့၏။ သို့သော် သူသည် ကြည်နူးနေသယောင်။

မောင်မောင်တင့်ကို တအားဆက်ထားသည်။ သို့သော် တင်းကြပ်စွာ မဖက်နိုင်ပါ။ မောင်မောင်တင့်ကို ပြန်လည်၍ နမ်းပါ၏။ သို့သော် အင်အား မရှိလှပါ။

ဇေသည် သတိဝင်တချက် မဝင်တချက်ဖြင့် ထိုနေ့ နေ့လည်ကို ကုန်ဆုံးရလေသည်။ ပြီးတော့ ဇေ မှေးကနဲ အိပ်ပျော်သွားသည်။ ဇေ နိုးသောအခါ မောင်မောင်တင်သည် တဖက်စောင်း၍ အိပ်နေသည်။

ဇေသည် မောင်မောင်တင့်ကို ကြည့်ရင်း စက်ဆုတ်ရွံရှာလာ၏။ မုန်းတီးသလိုဖြစ်လာ၏။ ဇေ ငိုပြန်သည်။

မောင်မောင်တင်က ချော့ပြန်သည်။ သို့သော် သည်တခါတော့ သူ့အချော့၌ မပျော့တော့ပါ။ ဒေါသတကြီးနှင့် ရန်တွေ့နေတော့သည်။ ရန်တွေ့ရင်းလည်း ငိုသည်။ ငိုရင်းလည်း ဒေါသဖြစ်သည်။ နောက်ဆုံးဇေသည် မေ့မျောလုမတတ် ဖြစ်သွားသည်။ မောင်မောင်တင် ရှေ့ထားသည်ကိုပင် သတိမရနိုင်တော့။ မောင်မောင်တင်က တတွတ်တွတ် တောင်းပန်သည်ကိုလည်း မကြားတော့။

တွေဝေမိန်းမောရင်း ဘာတွေဖြစ်နေသည်ကို သတိမမူမိဘဲ ကားပေါ် တက်၍ တက်မှန်းမသိ၊ ဆင်း၍ ဆင်းမှန်းမသိ၊ ရောက်၍ရောက်မှန်းမသိဘဲ အဆောင်သို့ ပြန်ရောက်ခဲ့သည်။

အဘယ်မျှ ရှိုက်ငိုသောနေမိသည်မသိ။ မိမိကိုယ် မိမိပြန်လည် သတိထားမိသောအခါ အိပ်ရာပေါ်၌ လဲလျောင်းရင်း ခေါင်းအုံးနှင့် မျက်နှာအပ်ထားသည့် အဖြစ်ကို တွေ့ရသည်။ အခန်းဖော်သည် မိမိအား စိုးရိမ်တကြီး စောင့်ကြည့်နေသည်။

"ဖြစ်မှ ဖြစ်ရလေ ဆရယ်"

အခန်းဖော်၌လည်း မျက်ရည်စတွေနှင့်။

မျက်ရည်စကို တွေ့ရသော ဝေသည် ထပ်လို့ ငိုမိပြန်တော့သည်။ ဝေ အိပ်ရာထဲ လဲတော့သည်။ ထိုရက် အတွင်း၌ ဝေ အလုပ်မှာ သတိရတိုင်း ငိုကြွေးဖြစ်၏။ နောက်ရက်များ၌ ဖောင်ဖောင်တင်သည် သုံးကြိမ်မျှ အဆောင်သို့ ရောက်လာပြီး တွေ့ရန် တောင်းသော်လည်း ဝေအတွေ့မခံ။ ထို လေး ငါးရက် ကျောင်းတက် ဖြစ်သော်လည်း စာထဲ၌ စိတ်ဝင်စား၍ မရ။ အဆောင်ပြန် အိပ်ရာထဲ လှဲပြီး ငိုလို့သာနေချင်နေသည်။

သည်အချိန်အတွင်းတွင်မှ ဦးလေးခင်က အခေါ် လွှတ်သည်။

"ဝေလေးကို ပြောစရာရှိတယ်"

အိမ်သို့ ရောက်လျှင် ရောက်ချင်းပင် ဦးလေးခင်ကပြောသည်။ ဦးလေးခင်သည် စကားနည်းသူဖြစ်၏။ ပြောလျှင်လည်း ထိထိရောက်ရောက် တိုတိုနှင့် လိုရင်း ပြောတတ်၏။ အကြောင်းမရှိဘဲ စကားပြောရှည်ခြင်း မရှိ။

"ဝေလေးကို အဆောင်မှာ ဘာဖြစ်လို့ ထားသလဲ သိလား"

"ဟုတ်ကဲ့ သိပါတယ်"

"အေး၊ ဝေလေးကို လွတ်လွတ်လပ်လပ်နေစေချင်လို့၊ အဲဒါကလဲ ဝေ့ကို လူကြီးအရာထားလို့၊ နောက်ပြီး ဦးလေးတို့ ချုပ်ထိန်းမှုအောက်မှာ အိမ်တွင်းပုန်း မိန်းကလေးလဲ မဖြစ်စေချင်ဘူး၊ ဒါပေမယ့်..."

ဦးလေးခင် စကားခေတ္တ ဖြတ်ထားသည်။ ဝေသည် သူနှင့် ဖောင်ဖောင်တင်အကြောင်းကို မေးမည် ပြောမည် လားဟု တထိတ်ထိတ်ဖြစ်နေ၏။

"လွတ်လပ်မှုကို ထိန်းထိန်းသိမ်းသိမ်း အသုံးပြုရမယ်၊ ထင်သလို လွတ်လွတ်လပ်လပ်နေမယ်ဆိုတဲ့ စိတ်လွှားမျိုး မထားရဘူး"

ဝေ မျက်ရည်ဝိုင်းလာ၏။ မူနောက်နောက်ဝင် ဖြစ်လာ၏။ ဦးလေးခင်သည် ဝေ ရည်းစားထားသည်ကို သိပြီးဖြစ်သည်မှာ သေချာလှ၏။ ဦးလေးခင်အကြောင်းကို ဝေ ကောင်းကောင်းသိပါသည်။ ဤမျှပြောလျှင်ပင် ဘာကိုဆိုလိုကြောင်း ဝေ သိပါပြီ။ "ဝေလေးကို ဆူနေတာမဟုတ်ဘူးနော်၊ ဝေလေးရဲ့ အသက်က ငယ်သေးတယ်၊ ဒါကြောင့် မှားသွားနိုင်တာ မှားရအောင် သတိပေးလို့"

ဝေ ငိုချင်လာသည်။ ဦးလေးခင်ကို ဖက်၍ ငိုရင်း ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ချင်ပါ၏။ ယခုနေအခါ မေမေအနားမှာရှိလျှင် မည်မျှကောင်းလိမ့်မည်နည်း။ ဝေသည် မေမေ့ကိုဖက်၍ ငိုရင်း တိုင်တည်ချင်ပါသည်။ သူ့မိုက်ပြစ်ကို ဝန်ခံပြီး ပေးသမျှ အပြစ်ဒဏ် ခံလိုက်ချင်ပါ၏။ ယခုမူ သူငို၍မဖြစ်။ ကျိတ်မှိတ်မျိုသိပ်ထားနေရသည်။

"တက္ကသိုလ်မှာ လူပေါင်းစုံရှိတယ်ဒါကြောင့် ဝေ့အတွက် အတွေ့အကြုံသစ်တွေရမယ်၊ ဒီအထဲက ကိုယ့်အတွက် အကျိုးရှိမယ့် အတွေ့အကြုံ အကြားအမြင်တွေကို ယူစေချင်လို့ ဝေ့ကို အဆောင်မှာနေခွင့်ပြုတာ၊ အေး ဝေ့အတွက် အကျိုးယုတ်စေမယ့် အကြားအမြင် အတွေ့အကြုံတွေကိုတော့ ဝေးဝေးကရှောင်၊ ဘယ်လိုဟာမျိုး ရှောင်ရမယ်ဆိုတာ ဝေသိပါတယ်၊ ဝေလည်း ပညာတတ်တစ်ယောက်၊ လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ဘဲ၊ ဦးလေး သိပ်ရှင်းပြနေစရာမလိုပါဘူး ဟုတ်လား"

ဆေ ခေါင်းညိတ်ရုံသာ ညိတ်နိုင်သည်။ စကားမထွက်ရဲ၊ စကားပြောလိုက်လျှင် ငိုသံပါသွားမည်။

“နောက်တခုပြောစရာရှိတယ်၊ ရှင်းရှင်းဘဲပြောမယ်ကွယ်၊ ဦးလေး သွယ်သွယ်ဝိုက်ဝိုက်ပြောမနေချင်ဘူး၊ ဆေလေး ယောကျ်ားတွေကို သတိထားပြီး ဆက်ဆံပါ၊ ယောကျ်ားတွေကို မယုံနဲ့၊ အထင်မကြီးနဲ့၊ အထင်မကြီးနဲ့ ဆိုတာက အထင်သေးထားဘို့ ပြောတာမဟုတ်ဘူး၊ အထင်တကြီးနဲ့ မယုံလွယ်ဘို့ပြောတာ၊ ရည်းစားမထားရဘူးလို့ ဦးလေး မပိတ်ပင်ဘူး၊ ဒါပေမယ့် မိန်းကလေးဘဝဆိုတာ နာဘက်ကများသည်းဘဲ၊ ဒီတော့ သိပ်စဉ်းစားဘို့လိုတယ်၊ ယောကျ်ား တယောက်ယောက်ကို စိတ်ဝင်စားမိရင် အဲဒီယောကျ်ားအကြောင်း သိရအောင် စုံစမ်း၊ ကေသနအာ သိတော့မှ အဲဒီယောကျ်ားနဲ့ပတ်သက်ပြီး ဆုံးဖြတ်၊ လွယ်လွယ်ကူကူ မဆုံးဖြတ်မိစေနဲ့၊ သေသေချာချာ အချိန်ယူ စဉ်းစားပေါ့၊ တကယ်လို့ လိုအပ်ရင် ဦးလေးကို မမေ့နဲ့၊ ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်တယ်၊ ဒါမှ ဦးလေးလဲ အကောင်းအဆိုး အကျိုးအကြောင်း အကြံပေးနိုင်မယ်၊ ဟုတ်လား သမီး”

ဆေ ထိန်းမထားနိုင်တော့ပါ။ သူ့အပြစ်ကို သူကိုယ်တိုင် ဒဏ်ခတ်ချင်လာပါသည်။ ဆေ ငိုၿပီ။

“ဆေ မှားမိပါတယ် ဦးလေး”

ဆေသည် ရှိုက်၍ရှိုက်၍ ပြောသည်။ ဦးလေးခင်သည် ဆေ၏ဦးခေါင်းကို ပွတ်သပ်ရင်း မေး၏။

“ဘာများ မှားမိသလဲ ဆေလေး”

“ဆေ ဆေ ရည်းစားထားမိပါတယ်”

ဦးလေးအနည်းငယ်မျှ ရယ်၏။ ဆေ စိတ်သက်သာရာရဖြစ်ပါသည်။

“ဒါအပြစ်မှ မဟုတ်တဲ့ဆေလေးရယ်၊ ဦးလေးက ရည်းစားမထားရဘူးလို့ မပြောပါဘူး၊ စဉ်းစဉ်းစားစား ဆုံးဖြတ်ဖို့ပါကွယ်၊ အခု ဆေလေးမှာ ရည်းစားရှိရင်လဲ ဘယ်သူဘယ်ဝါဆိုတာ ဦးလေးကိုပြော ဦးလေး...”

“မဟုတ်ဘူး ဦးလေး မဟုတ်ဘူး၊ ဆေလေး သူနဲ့ ရည်းစားမဟုတ်တော့ဘူး”

ဆေသည် ဖြစ်ကြောင်းကုန်စင် ပြောပြချင်သော်လည်း မပြောနိုင်။ ဦးလေးခင်ကမူ သူ့တူမလေးသည် ရည်းစား ထားခြင်းကိုပင် အပြစ်ဟု ယူဆနေရှာသည်ဟု သနားခြင်းဖြစ်မိ၏။ တကယ့် အဖြစ်ကိုသိလျှင် ဘယ်မျှ ရင်ထုမနာ ဖြစ်ရှာမည်နည်း။

ဆေသည် ကလေးတယောက်လို ရှိုက်ကြီးတငင် ငိုနေတော့၏။ ဦးလေးခင်သည် ကလေးတယောက်ကို ချော့သလိုပင် ချော့နေရ၏။

“ဟဲ ဟဲ တိတ်တော့ ဆေလေးရယ်၊ အဲဒီလူ မကောင်းကြောင်း ဆေဆေသိလို့မဟုတ်လား၊ အဲဒါကိုယ့်အတွက် အမြတ်ပေါ့ကွယ်၊ နောက်ကျပြီးမှ သိရရင် မခက်ပါလား၊ ဆေလေးက လိမ္မာတယ်၊ ဉာဏ်လဲ ကောင်းတယ်၊ ဦးလေး ဆေ့ကို စိတ်ချပါတယ်ကွယ်၊ ဟဲ တိတ်တိတ် နော်၊ ရော့ ဆေ့အတွက် မုန့်ဘိုး”

ဦးလေးခင်သည် တူမချော့အား နှစ်သိမ့်ရင်း ငွေတရာပေး၏။

“ဟင့်အင်း ဦးလေး၊ ဆေ့မှာသုံးဖို့ ရှိသေးတယ်”

“ယူပါဆေ၊ ဝတ်ချင်တာ ဝယ်ဝတ်၊ ဟုတ်လား”

ဆေသည် ဦးလေးစိတ်မကောင်းမည်စိုး၍ ယူလိုက်ရ၏။ အပြန်တွင် ဦးလေးကိုယ်တိုင် လိုက်ပို့၏။

ဆုံချင်တော့ လမ်းမှာ အောင်အောင်တင် စီးလာသော ကားနှင့် ရှေ့နောက် ကပ်လျက် ဆုံဖြစ်သည်။

အောင်အောင်တင်သည် ဆေ့ကိုလာခေါ်သော ဓီးယက်ကားကလေးနှင့်ပင်။ သို့ရာတွင် သူ့ဘေး၌ မိန်းမချော တယောက်။ ဆေသည် အောင်အောင်တင်တို့ကို ရှက်ခြေပြတ်မခံဘဲ ကြည့်နေ၏။

ရှေ့မှ အောင်အောင်တင့် ကားသည် မီးပွိုင့်၌ရပ်၏။ ဆေတို့ ကားက နောက်မှကပ်လျက်။ ဦးလေးသည် တူမ၏ စိတ်လှုပ်ရှားမှုကို မသိ။ ဆေသည် မိမိကိုယ် မိမိအံ့သြနေ၏။ ကိုယ့်ချစ်သူနှင့် တခြားတပါးသောမိန်းမလေးတို့

တွဲသွားနေမြင်းကို မြင်ရပါလျက် ဝန်တိုမြင်း၊ ဝေါသမြစ်မြင်းတို့ မဖြစ်။ ဘယ်မိန်းမလေးနဲ့ အတူလာသလဲ၊ မိမိချစ်သူနှင့် ဘယ်လိုပတ်သက်သလဲ သိချင်နေ၏။ ထိုမိန်းမလေးအား မိမိချစ်သူ၏ အမြားရည်းစား တယောက် ဖြစ်စေ ချင်နေသည်။ သူသည် မောင်မောင်တင်၏ အကျင့်ကို သိထားပြီးဖြစ်သည် မဟုတ်ပါလား။ ယခင်က သူ မောင်မောင်တင်ကို ချစ်သည်ဆိုခြင်းမှာ စိတ်ကစားခြင်းသာလော။ ဝေသည် မိမိကိုယ် မိမိ မေးခွဲတတ်၏။

ဝေကြည့်နေစဉ်မှာပင် မောင်မောင်တင်သည် မီးပွိုင့်၌ရပ်နေသော အချိန်ကလေး အတွင်းမှာပင် သူ့နံဘေးမှ မိန်းမလေးပုခုံးကို လှမ်းဖက်၏။ မိန်းမလေးသည် မောင်မောင်တင့်လက်ကို ဖယ်ပစ်၏။ မောင်မောင်တင့် ခေါင်းကို လိမ်ဆွဲသည် ထင်၏။ မောင်မောင်တင် တွန့်သွားသည်ကို မြင်ရ၏။ သေချာပါပြီ။ မောင်မောင်တင်သည် အခြားမိန်းမလေး တယောက်နှင့်လည်း ချစ်နေပါပြီ။ တယောက်တည်းမှ ဟုတ်ရဲ့လား။ သည့်အတိုင်းဆို တယောက်မက အများကြီး ရှိနိုင်၏။ ရှိပါစေ၊ သူ့အဖြစ်နှင့် သူ ရှိပါစေ။

ဝေ့အတွက်မူ ငှင်းအများကြီးသော သူ့ရည်းစားများထဲမှ မိမိသည် တယောက်သော ရည်းစားသာ ဖြစ်မှဲ၏။ သူ့ကိုမျက်နှာများသူအဖြစ် စိတ်ရှုလက်ရှု ယုံကြည်လိုက်ပါပြီ။ သူနှင့် တစေ့န်းရပ်လိုက်ရန်အတွက် အထူးအထွေ သက်သေပြနေစရာ မလိုတော့။

နောက်နှစ်ရက် အကြာတွင် မောင်မောင်တင်သည် မျက်နှာပြောင်ပြောင်ဝင် အဆောင်သို့ ရောက်လာ၏။ ဝေသည် ခုံတင်းမှာပင် မောင်မောင်တင်ကို ရင်ဆိုင်တွေ့ဆုံလိုက်သည်။

မောင်မောင်တင်သည် ဝေ့ကို မိုင်ပြီးသားဟု ထွက်ထားသည်လားမသိ။ ပြုံးစစနှင့် နှုတ်ဆက်သည်။ ဟန်ပန် အမူအရာကမူ မပြောင်းသေး။

"ဝေ စိတ်ဆိုးပြေပြီလားဟင်"

"ကျမ ရှင့်ကို စိတ်မဆိုးတော့ပါဘူး၊ ကျမကိုယ်ကျမဘဲ စိတ်ဆိုးနေပါတယ် "

"ရှင်တွေ ကျမတွေနဲ့ ပြောရက်လိုက်တာ ဝေရယ်၊ ကဲပါ စိတ်ဆိုးနေသေးရင်လဲ ကိုယ်ထပ် တောင်းပန် ပါ့မယ်၊ နောက်ကို ဝေမကြိုက်တာ ဘာမှမလုပ်ဘူးလို့လဲ ကတိပေးပါတယ်၊ ပြေပါတော့နော်"

မောင်မောင်တင်သည် ပြောနေရင်းပင် ဝေ့အနားတိုးကပ်လာ၏။ ဝေသည် မှုမှာမှာကြည့်ရင်း နေရာရွှေ့ ထိုင်လိုက်သည်။

"ဒီမှာ ကိုမောင်မောင်တင် ရှင့်ကို ကျမ နောက်ဆုံး ပြောစရာ စကားတွေရှိပါတယ်၊ အဲဒါ နားထောင်ပြီးရင် ရှင် ပြန်ပါတော့၊ ကျမ"

"ပြောချင်လဲ ပြောတာပေါ့ဝေရယ်၊ ကိုယ်တို့ လမ်းလျှောက်ရင်း ပြောရအောင်နော်၊ လာ ထ"

မောင်မောင်တင်သည် မတ်တတ်ထရင်း ဝေ့လက်မောင်းဆီးကို ဆွဲမ၏။ ဝေ ခေါင်းကိုသွက်သွက်ခါရင်း ရုန်းလိုက်၏။

"ကျမပြောတာကို ဆုံးအောင်နားထောင်ပါ ကိုမောင်မောင်တင်၊ ပြီးရင် ပြန်ပါ"

မောင်မောင်တင် စိတ်ပျက်လက်ပျက် ပြန်ထိုင်ရလိုက်၏။

"ကျမ ရှင့်ကိုမချစ်တော့ဘူး၊ ဒါပါဘဲ"

မောင်မောင်တင် ရယ်၏။ ဝေ စိတ်ကောက်နေတာန်းမို့ဟု သူထင်နေသည်။

"ဘယ်တော့ ပြန်ချစ်မှာလဲဝေ၊ ဝေ ပြန်ချစ်လာတဲ့အထိ ကိုယ်စောင့်ပါ့မယ်၊ ဒါမှမဟုတ် ဝေပြန်ချစ်အောင် ကိုယ်ဘယ်လို တောင်းပန်ရမလဲ"

"မလိုပါဘူး ကိုမောင်မောင်တင်၊ ဝေ အရှင်းဆုံးပြောလိုက်ပါ့မယ်၊ ရှင့်ကို ဘယ်တော့မှ ပြန်မချစ်တော့ပါဘူး၊ ကျမ ချစ်မှဲမိတာကိုလဲ တသက်လုံး နောင်တရနေမှာပါ"

"ဘာဖြစ်လို့များလဲ ဆေရယ်၊ ကိုယ်မင်းကိုသိပ်ချစ်ပါတယ်"

မောင်မောင်တင်သည် ဆေ့လက်ဖဝါးကလေးကို လှမ်းဆုပ်၏။ ဆေသည် လက်ကို ဆတ်ကနဲရုတ်၏။ သည့်အထိ၊ သည့်အတွေ့များကို ဆေ မလိုလားတော့ပါ။

"ရှင့်ကို ကျမ လုံးဝ မချစ်တော့ပါဘူးလို့ ပြောပြီးပါပြီ ကိုမောင်မောင်တင်၊ ဘာဖြစ်လို့လဲဆိုတာ မမေးပါနဲ့တော့၊ ဘာ့အကြောင်းမှ ပြစရာမလိုပါဘူး၊ ရှင်ဟာ ကျမကို တကယ်ချစ်ခဲ့တာ မဟုတ်ပါဘူး၊ ဒီတော့ ကျမကလဲ ရှင့်ကို မချစ်နိုင်တော့ပါဘူး၊ ရှင်းတယ် မဟုတ်လား၊ ကဲ ရှင်ပြန်ပါတော့"

ဆေသည် အမြန်ဆုံးထွက်ခဲ့၏။

မောင်မောင်တင်သည်နောက်က လိုက်ခေါ် သံကြားသော်လည်း ဆေ လှည့်၍မျှ မကြည့်၊ မပြေးရုံတမယ်သာ မိမိ အခန်းကို ပြန်ခဲ့၏။

သည့်နောက်တော့ မောင်မောင်တင့်အကြောင်းကို မေ့ဖို့သာ ကြိုးစားခဲ့တော့သည်။

မောင်မောင်တင်သည် ဆေက ထိုသို့ ပစ်ပစ်ခါခါ ပြောလိုက်သည့်အတွက် အနည်းငယ်ရှက်၍ ဒေါသ ဖြစ်သည် မှအပ ဘာမျှ ထွေထွေထူးထူး မခံစားခဲ့ရပါ။ အဘယ့်ကြောင့်ဆိုသော် ဆေ ပြောသကဲ့သို့ သူသည် ဆေ့ကို တကယ် 'ချစ်' သည့်မှ မဟုတ်ဘဲ။ ထို့အပြင် သူသည် ဆေ့ထံမှ 'အချစ်'ကို လိုချင်သည့်မှ မဟုတ်ဘဲ။ သူ လိုချင်သည့်မှာ ဆေ့ကိုဖြစ်၏။ ရလည်း ရ၏။ အရနည်းသဖြင့် သိပ်မကျေနပ်'သည့်ကလွဲလို့ မောင်မောင်တင့်တွင် ခံစားမှုမပြင်းပါ။

ဆေက ထိုသို့မဖြတ်ခဲ့လျှင်လည်း ကြာမီအချိန်အတွင်းမှာ သူက ဆေ့ကို ဖြတ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် သူသည် သူ၏ စီးပွားရေး လုပ်ငန်းသာမှုအတွက် အရာရှိကြီးတယောက်ကို ယောက္ခမ တော်ချင်နေပြီဖြစ်၏။ ထိုအရာရှိကြီး၏ ကတော် သူ့ယောက္ခမလောင်းကြီးကလည်း မောင်မောင်တင်၏ ဥစ္စာပစ္စည်း စည်းစိမ်ကို ခန့်ပြ၍ မတော်တရော့မှုများ ပြုရန် မောင်မောင်တင်ကို သားမက်ခမ်းခြင်းပင် ဖြစ်၏။

သူ့ယောက္ခမလောင်းကြီးသည် လာဘ်စား၏။ ထိုလာဘ်များဖြင့် ကားအစင်းစင်းဝယ်၍ တိုက်အဆောင်ဆောင် ဆောက်လိုက်၏။ သို့သော် ထိုငွေများ ဘယ်ကရသနည်းဟု ဆိုင်ရာမှစုံစမ်းခဲ့သော် လက်ညှိုးထိုးပြစရာ စီးပွားရေး လုပ်ငန်း ပိုင်ရှင် တယောက်လို၏။ မောင်မောင်တင်၏ မိဘများသည် စီးပွားချမ်းသာသော သူဌေးအဖြစ် အသိအမှတ် ပြုခံရပြီး သူများတည်း။ မောင်မောင်တင် အမည်နှင့်လည်း စီးပွားရေး လုပ်ငန်း ရှိ၏။ ထိုရောအခါ....ရှင်းပါ၏။

မောင်မောင်တင် တည့်ပေးသော သားမက် သူဌေးကလေး၏ ဥစ္စာပစ္စည်းများဖြင့် ဤကား၊ ဤအိမ်၊ ဤခြံ၊ ဤမြေများကို ဝယ်ယူ ထူထောင်ပါသည်ဟု အကြောင်းပြမည်၊ နာမည်ခံခြင်း အစစ်မှာ သမီးသာဖြစ်ရမည်။ သည်လိုဆိုလျှင် သားမက်သည်လည်း ကလိမ်မကျနိုင်။

မောင်မောင်တင့် အဖက်ကလည်း တွက်ကိန်းနှင့်ပင်။ သူသည် ထိုအရာရှိကြီးထံမှ အစိုးရနှင့် ပတ်သက်သော အခွင့်အရေးများ ရယူမည်။ မောင်မောင်တင် ချမ်းသာလျှင် သူတို့သမီး ချမ်းသာတာပဲ မဟုတ်ပါလား။ ပြီးမှ ငွေရှိလျှင် ဘာမဆို ဖြစ်နိုင်သည့်အတိုင်း ပျော်ချင်သလောက် ပျော်မည်။ ငွေကိုသာ တန်ဖိုးထားတတ်သော သူတို့ အဆက်လွှာက ကင်ပွန်းတပ်သည့် လူတန်းစားများအကြား၌ တလင်တမယားစနစ် ဆိုသည်မှာ အဆင့်နိမ့်သော ယဉ်ကျေးမှု၊ စည်းစိမ်ခံဖို့အတွက် ငွေရှာမည်ဆိုလျှင် 'လူ'ကိုပင် ရောင်းနိုင်၏။ သည့်တော့ သူတို့ချင်း အပေးအယူ ကိစ္စသည် သိပ်ရှုပ်ထွေးလှ။

မောင်မောင်တင်သည် ဆေ့ကို သူကမစွန့်ခင်က ဆေက စွန့်သွားသည့်အတွက် 'တော်တော့ရှင်းတာပေါ့' ဟု စိတ်မှာ ထားလိုက်နိုင်သည်။ သူ့စိတ်ထဲတွင် အနည်းငယ် နာကြည်းသလိုတော့ ရှိသား၊ ဆေက လှသည်မဟုတ်လား၊ သို့သော် ဆေ့လို အလှမျိုးလေးတွေ 'ငွေပေးလျှင် ရတုံ' ဟု သူ့စိတ်သူ ဖြေ၏။

ဝေကလည်း လှုပ်ရှားမှာ တယောက်နှင့် တာရှည်သဖြင့် မပတ်သက် လိုက်ရသည်ပင် အမှုံးသဲက အမြတ်ဟု ထွက်ထားလိုက်သည်။

သည်သို့ဖြင့် ဖောင်ဖောင်တင်နှင့် ဝေတို့၏ ဆက်သွယ်မှုသည် တစေ့ရပ်ခဲ့၏။ ဖောင်ဖောင်တင်နှင့် အဆက် ပြတ်ပြီးနောက် ဝေသည် စိတ်တည်ငြိမ်အောင် အတန်ကြာကြိုးစားရ၏။

အချိန်ယောချေ၍ အလုပ်နှင့်လက် မပြတ်ဖြစ်နေရသည်။ ကျောင်းတက်ချိန်၊ စာဖတ်ချိန်၊ အားကစား လေ့ကျင့်ချိန်၊ အညောင်းပြေ လမ်းလျှောက်ချိန်၊ ပျော်ပွဲရွှင်ပွဲ သွားချိန်သည်ဖြင့် ယောချ၍ နေထိုင်ကြည့် သောအခါ ဝေသည် ပေါ့ပါးရွှင်လန်းလာသည်။ 'အဖြစ်ဆိုး'ကို အချိန်များစွာ၌ မေ့ထားနိုင်ခဲ့၏။ သည်အတွင်းမှာ ဝေ့ထက် အတွေ့အကြုံရှိသော မေမေ၊ သူငယ်ချင်းများထံမှ ယောကျ်ားဗေဒသနာများကို အနှစ်ချုပ်လိုက်သောအခါ...

ယောကျ်ားများထဲတွင် အကျင့်သိက္ခာနှင့် ပြည့်စုံ၍ တည်ကြည်လေးနက်သော ယောကျ်ားသည် ရှားလှ၏။ အများအားဖြင့် လိမ်တတ်ညာတတ်၊ လှည့်တတ် ပတ်တတ်သော ယောကျ်ားများသာဖြစ်၏။ ထို့ကြောင့် တည်ကြည် လေးနက်၍ အကျင့်သိက္ခာနှင့် ပြည့်စုံသော ယောကျ်ားကို တွေ့မချင်း ဘယ်ယောကျ်ားကိုမှ မချစ်သင့်။ အချော် ရှည်အားများ ထားခြင်းသည်လည်း အန္တရာယ်ကြီး၏။ မိမိကို တကယ်ချစ်ပြီး မိမိကလည်း တကယ်ချစ်သော ယောကျ်ားနှင့် တွေ့ရမှ ဘဝခရီးပြေသာယာမည်။ အကောင်းဆုံးမှာ ယောကျ်ားဆိုသော သတ္တဝါကို မချစ်ခြင်း သာဖြစ်၏။ မချစ်ဘဲ မနေနိုင်၍ ချစ်မိသော် ရင်ထဲကချစ်နေရင်း သူ့အကဲကို အဆုံးစွန်အထိ စောင့်ရန်ဖြစ်၏။ သည်ကြားထဲမှာ အကျင့်သိက္ခာ ဖောက်ပြားသည်ကို တစွန်းတစ သိရသော် ထိုယောကျ်ားကို မေ့ပစ်ဖို့သာ ကြိုးစားလေလော့။

သည်နည်း၊ သည်ဆုံးဖြတ်ချက်ဖြင့် ဝေသည် သုံးလေးနှစ်မျှသော အချိန်ကို ကုန်ဆုံးစေခဲ့၏။ သို့နေခဲ့ရင်းမှပင် ဆောင်လတ်ဆိုသော ယောကျ်ားတယောက်ကို တွေ့ခဲ့ရသည်။ ထိုအခါတွင် ဝေ၏ ဦးနှောက်ဖြင့် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များသည် ဆုံးဖြတ်ချက် အဖြစ်နှင့်သာ တည်ရှိပြီး လျို့ဝှက်ဆန်းကြယ်သော စိတ်နှလုံးခံစားမှုကို ခံစားခဲ့ရသည်။

ရင်ခုန်လှုပ်ရှားခြင်း၊ ပီတိဖြစ်ခြင်း၊ ကြည်နူးခြင်း၊ စသော နှလုံးသား ခံစားချက်များကို ပြန်လည် ရှာဖွေ တွေ့ရှိရသည်။ မရှေးမနှောင်းပင် ကိုကိုကျော် ကို တွေ့ဆုံရပြန်သည်။ ကိုကိုကျော်ကြောင့်လည်း စိတ်လှုပ်ရှား ရပြန်၏။ အချစ်သည် ဆန်းကြယ်ပါဘိ။

(၇)

ဆောင်လတ်သည် ဝေနှင့် လေးသောနေ့ရက် ဆုံးဖြတ်ပြီးနောက် မနေတတ် မထိုင်တတ် ဖြစ်နေသည်။ နံနက်စောစော အိပ်ရာမှ နိုးနေတတ်သည်။ ယခင်ကဆိုလျှင် သည်အချိန်သည်၊ ပန်းခင်းသို့သွား၊ 'အလှဆုံး' ပန်းတပွင့်ဝယ်၊ ဝေ ကျောင်းအတက်ကို သွားစောင့်၊ 'ပန်းဆက်'၍ ဝေ၌ အဆော်ပါမှလျှင် စကားတပြောပြောနှင့် လမ်းလျှောက်လာကြပြီး လေ့အတန်းများရောက်မှ မိမိအတန်းရှိရာသို့ ပြန်လာ။ ဘယ်မျှ ပျော်စရာ ကောင်းလိုက် ပါသနည်း။ ယခုမူ သွားသယ်ကိုသွားရပါ့။ ဆောင်လတ်သည် မကြိုတတ်သည့်အဆုံး သုံးလေးနံနက် လွန်သောအခါ ပန်းခင်းသို့ပင် ရောက်လာ၏။ ပန်းပွင့်ကလေးကို ဝယ်ဖြစ်၏။ ပြီး ဘယ်သွား၍ ဘယ်သူ့ ပေးရမှန်းမသိ ဖြစ်နေသည်။

ရေးပါဘူး၊ သူ့အတွက် ရည်စူးပြီးဝယ်တာ သူ့ဆီဘဲပို့တာပေါ့ဟု တွေးပြီး သိမ်းဆောင်ဘက် ခြေဦးလှည့် ပြန်သည်။ သို့သော် သူသည် ဝေနှင့်တွေ့လျှင် သံယောဇဉ်အမျှင်က တန်းဦးမှာဟု ကြောက်ရွံ့မိပြန်သည်။ သို့နှင့် ဝေကို စောင့်နေကျ နေရာမှာပင်အောက် ရောက်လာ၏။

ကိုကိုကျော်ကို တွေ့ရသည်။ မြှော်လင့်ထားသူမဟုတ်၍ အနည်းငယ်တော့ အံ့ဩမိသည်။ ကိုကိုကျော်သည် ဤမျှ ရက်နီးကပ်စွာ ဆက်တိုက်လာလိမ့်မည်ဟု မထင်ခဲ့။

"ကိုယ်လဲ အလုပ်ကိစ္စရှုပ်နေတာနဲ့ ဝေ့ဆီကို ဒီသုံးလေးရက်အတွင်း မရောက်ဖြစ်ဘူး၊ ဘာများလိုသေးလဲ ဝေ"

"မလိုပါဘူး ကိုကို ရပါတယ်"

ကိုကိုကျော်သည် ဤအဖြေကို မကျေနပ်။ မလိုပါဘူးဆိုသည်မှာ လိုအပ်လျှင် အောင်လတ်ကို အကူအညီ တောင်းနိုင် သောကြောင့်ဟု အဓိပ္ပာယ် ကောက်လိုက်၏။ စိတ်မကောင်း ဖြစ်လိုက်သေးသည်။ သို့ရာတွင် ဝေ့ကို သူ ချစ်သဖြင့် စိတ်မဆိုးပါ။ ဝေ ကို အရကြိုးစားမည်ဟု သူဆုံးဖြတ်ထားပါသည်။ အကယ်၍ ဝေက သူ့ကိုမချစ်ဘဲ အောင်လတ်ကို ချစ်မည်ဆိုလျှင်လည်း သူ စွန့်လွှတ်လိုက်ပါမည်ဟု စိတ်ကူးသည်၏။

"သည် တစ်ရက် နှစ်ရက်အတွင်း ကိုယ် ခရီးထွက်စရာ ရှိတယ်ဝေရဲ့၊ အဲဒါ ဝေ့ကိုလဲ နှုတ်ဆက်ရင်း၊ ပြီး ဝေ မှာစရာရှိရင်လဲ မှာနိုင်အောင်လို့ပေါ့"

"ဘယ်ဘက်ကို သွားမှာလဲ ကိုကို"

"ပြည်ဘက်ကိုသွားရမယ်၊ ဘာမှာအုံးမလဲ"

"မမှာတော့ပါဘူး ကိုကို"

"ဝေတို့ စာမေးပွဲ ဘယ်တော့လဲ ဟင်"

"နောက်လလောက် စစ်လိမ့်မယ်"

"စာတွေ ရပြီလား"

" ဟုတ်ကဲ့ ၊ ကျက်နေပါတယ်"

"ကိုယ်လာလည်လို့ အနှောင့်အယှက် ဖြစ်သွားလား"

"ဟင့်အင်း ၊ မဖြစ်ပါဘူး၊ ဝေ ညဘက်မှ စာကျက်တယ်"

ကိုကိုကျော်သည် ဝေ့ကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ ဝေ အနေရ ကျုံ့သွား၏။ ခေါင်းငုံ့ မျက်လွှာချ၍ တခက် လှည့်မိပြန်သည်။ ဝေ သည် သည်အချိန်တွင်မှ အောင်လတ်တယောက် ရောက်လာပြီးမလား ဟူသော စိုးရိမ်စိတ်နှင့် တံခါးဝသို့ ကြည့်မိသည်။ အောင်လတ် အရိပ်အယောင်ကိုမျှ မတွေ့ရပါ။

ဝေ ကိုကိုကျော်ဘက် ပြန်လှည့်ရင်း ပြုံးသည်။ ကိုကိုကျော် စိတ်ထဲ၌မူ ဝေ ဘယ်လိုနေနေ လှနေ၏။ ဝေ့ကို ဤကဲ့သို့ပင် အကြာကြီး ထိုင်ကြည့်နေချင်သည်။ သို့သော် မသင့်လျော်ဟု စဉ်းစားမိ၏။ ပြောစရာ စကားကို ရှာသော်လည်း ရုတ်တရက် ရှာမတွေ့။ ခဏကြာမျှ အတွေးကိုယ်စီဖြင့် ငြိမ်နေကြ၏။ ပြောစရာစကား အတွေ့အရှား မရှိတော့။ ထို့ကြောင့်

"ကိုယ်ပြန်မယ်ဝေ နယ်ကပြန်လာမှပဲ လာခဲ့ဦးမယ်"

"ဟုတ်ကဲ့ ကိုကို"

ကိုကိုကျော် ပြန်သွားပြီးနောက်ဝေသည် အောင်လတ်ကို မျှော်နေမိသေးသည်။ သို့သော် အောင်လတ် ပေါ် မလာ။ သည်လိုနှင့် နောက်ရက်တွေ ကုန်ခဲ့သည်။ ဝေ နံနက် ကျောင်းတက်ထွက်တိုင်း အောင်လတ်ကို မသိမသာ ရှာ၏။ မတွေ့။ တွေ့ရသည်မှာ နှင်းဆီပန်း နီနီကလေးများ သာတည်း။ တခါတရံ ရေတမာပင်စည်ကြားမှ၎င်း၊ တခါတရံ သီရိဆောင်ကြီးကို ကာရံထားသော သံစည်းရိုးတန်းမှ၎င်း၊ တခါတရံ ဝေ အတန်းတက်ရာ ထိုင်ခုံများ မှ၎င်း၊ တခါတရံမူ ဗိုရမ်းကဘာဆင့် စာအိတ်နှင့်ပိတ်ထားသော နှင်းဆီပန်းကလေးကို လာပေး၍၎င်း၊ အောင်လတ် ကိုယ်စား ပန်းနီနီ ကလေးများကသာ ဝေ့ကို နေရာတကာမှ ဆီးကြိုနှုတ်ဆက်လျက် နေလေသည်။

တရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက်၊ သုံးရက်မှ လေးငါးရက်၊ တပတ်ခွဲ ထိုသို့သောနည်းဖြင့် အောင်လတ်က ပန်းတွေများ ခူးယူ လွှတ်နေသောအခါ ဝေသည် မကျေမနပ်ဖြစ်လာသည်။ အောင်လတ်ကို တွေ့ချင်လာသည်။ 'ဒါက ဘာသဘောလဲ' ဟု ရှင်းရှင်း မေးချင်လာသည်။

နှင်းများဝေနေသော နံနက်ခင်း တခုတွင် ဝေသည် စောစောထ၍ လမ်းလျှောက်ထွက်ခဲ့သည်။ ဝေသည် ဆံထုံး လျော့လျော့ကလေး တပတ်လျှို ထုံးထား၏။ နံနက် အိပ်ရာထစမို့ မျက်ခွံလေးများ အစ်နေသည်ကပင် တမျိုးလှ၏။ အနက်ရောင် ရင်ဖုံးချွယ်တက္ကလေးနှင့် နက်ပြာရောင် ထဘီဝတ်ထား၏။ ယုဇနပန်းခြက်ခင်းသည် နှင်းများသီးနေ၏။ နံနက်ခင်း နေရောင်ကြောင့် ယုဇန ဘုရားရှိခိုးကျောင်း မျှော်စင်ကြီး၏ အရိပ်သည် ပြည်လမ်းမပေါ်သို့ ရောက်နေ၏။ ကတ္တရာလမ်းသည် နှင်းများစိုနေ၏။ ဝေသည် ကျောင်းဝင်းအတွင်းမှ ထွက်ခဲ့ပြီး ပြည်လမ်းအတိုင်း လျှောက်လာသည်။ နှင်းများ ဝေနေသောကြောင့် နေရောင်ခြည်ပင် အားပျော့နေ၏။ အောင်းအေ သည် အေးစိမ့်စိမ့်ရှိ၏။ ဤအချိန်၌ လမ်းလျှောက်ရသည်မှာ အရသာရှိ၏။

ဝေ၏စိတ်သည် ပေါ့ပါးရွှင်လန်းလျက်ရှိ၏။ ဝေ ဆက်လျှောက်လာရင်း အင်းယားကန်ဘောင်ကြီးနား ရောက်သောအခါ လမ်းတဖက်တွင် ရပ်ထားသော သဏ္ဌာန်တခုကို သတိထားမိသည်။ နှင်းမှုန်ကြားမှ အောင်လတ်။ အောင်လတ်သည် ဝေ့ကို မမြင်။ သူလည်း သူ့စိတ်ကူးနှင့်သူ ရှေ့တူရူသို့ လျှောက်လှမ်းနေ၏။ အောင်လတ်သည် ပင်နီအင်္ကျီအိတ်ထဲ လက်နှစ်ဖက်ထည့်ရင်း ခပ်မှန်မှန် သွားနေ၏။

ဝေပျော်သွားသည်။ အောင်လတ်ပန်းခင်းသို့ ပန်းသွားယူခြင်းဖြစ်မည်။ ဝေလည်း လိုက်သွားမည်။ ပြီးမှ အောင်လတ်ကို ရန်တွေ့မည်။ သည်စိတ်ကူးနှင့် အောင်လတ်ကို နောက်ယောင်ခံ လိုက်ခဲ့သည်။ ဝေ ထင်သည့်အတိုင်းပင် အောင်လတ်သည် လမ်းမြောင်ကလေးတခုကို ချိုးဝင်ပြီး မကြာမီ ပန်းခင်းတခုသို့ ရောက်သွား၏။ ဝေသည် ခက်ခဲသော ပုစ္ဆာတပုဒ်၏ အဖြေကို ရှာတွေ့လိုက်ရသကဲ့သို့ ပီတိဖြစ်နေသည်။

အောင်လတ် ပန်းဝင်ယယ်နေသော အချိန်တွင် ဝေသည် သစ်ပင်ကွယ် တနေရာမှ စောင့်နေ၏။ အောင်လတ်သည် အလှဆုံးဟု မိမိထင်သော ပန်းတပွင့်ကို ယယ်ယူ ခူးဖြတ်ပြီးနောက် တပြုံးပြုံး တပျော်ပျော်ဖြင့် ပြန်လှည့်အထွက်တွင်

"ဟိတ် မိပြီ မိပြီ"

အောင်လတ် ဝေ့ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် ပထမ အံ့ဩထိတ်လန့်သွားသည်။ ထို့နောက် ကြည်နူးပျော်ရွှင် သွားသည်။ သည်အချိန် သည်နေရာတွင် သူအချစ်ဆုံး ဝေ့ကို တွေ့ရလိမ့်မည် မထင်ပါ။ လုံးဝ မမျှော်လင့်ပါ။

"မဝေ ပန်းလာယယ်တာလား ဟင်"

"မဟုတ်ပါဘူး ခိုးကြောင် လိုက်ဖမ်းတာ"

"မိပြီလား"

"သွား ဘယ်ပျောက်နေတာလဲ"

"ရှိပါတယ်"

"အဆောင်ဘက် ဘာလို့ မလာလဲ၊ ဘာလဲ စာတွေ သိပ်ဖတ်နေပြီလား"

"မဖတ်သေးပါဘူး"

"ဒါဖြင့် ဘယ်အဆောင်ကနဲ့ လျှောက်လည်နေလို့လဲ"

အောင်လတ် ပြုံးသည်။

"ဘာပြုံးတာလဲ၊ ဘာလဲ အဆောင်က မိန်းကလေးအောင်တွေ အလည်မသွားရဘူးလို့ မှာထားလို့လား"

အောင်လတ် ခေါင်းကို ဖြည်းညှင်းစွာ ခါ၏။ ပြုံးရာမှ တည်လာ၏။

"ပြောရမလား"

"မပြောနဲ့"

"မပြောတော့ပါဘူးလေ"

"ပြောရမယ်"

အောင်လတ် စဉ်းစားလိုက်သည်။ သူ့အမှန်အတိုင်း ပြောချင်ပါသည်။

"မဝေတို့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

"ဘယ်လို အနှောင့်အယှက် ဖြစ်ရမှာလဲ"

"အော် မဝေတို့ အသိုင်းအဝိုင်းကြားမှာ၊ ကျွန်တော်က အနှောင့်အယှက် ဖြစ်နေမှာစိုးလို့ပါ"

"ဘယ်လိုပြောလိုက်တယ်။ မဝေတို့ အသိုင်းအဝိုင်း ဟုတ်လား"

"ဟုတ်ကဲ့"

"ကိုအောင် အဲဒါ မဝေကို သက်သက် အထင်သေးတာ၊ မဝေတို့ အသိုင်းအဝိုင်းဆိုတာ ဘယ်သူတွေ ရှိလို့လဲ"

"အော် မဝေနဲ့ ဦးလေး အဒေါ် အကို စသဖြင့်ပေါ့"

"ဘယ်က အကိုလဲ"

"ကိုကိုကျော်လေ"

"စပ်မှ တော်တာပါ"

"အဲဒါကြောင့်ပေါ့"

"ဘယ်လို မဝေတို့ကို ရှုပ်ချနေတာလား ကိုအောင်" ဝေဝေ ဒေါသကလေး ဖြစ်မိသည်။

"သက်သက် ဖော်ကားတာ"

"မဟုတ်ရပါဘူး မဝေ၊ ကျွန်တော်က အစစအရာရာမှာ သိမ်ငယ်နေရတဲ့ လူပါ"

ဝေ စိတ်မကောင်း ဖြစ်ရပြန်သည်။

"မဝေက ကိုအောင့်ကို အထက်စီးက ဆက်ဆံနေလို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော်ဟာ ကျွန်တော် ဆုံးဖြတ်ထားတာပါ"

"ဘယ်လိုဆုံးဖြတ်ထားလို့လဲ"

"ကျွန်တော် မဝေနဲ့..."

အောင်လတ် စကားဖြတ်သွားသည်။ ဝေးဝေး ရှောင်နေမည့်အကြောင်း မပြောချင်။

"မဝေနဲ့ ဘာဖြစ်လဲ"

"ဒီလိုပါ၊ စာမေးပွဲလဲ နီးပြီမဟုတ်လား၊ ဒီတော့ ကျွန်တော်တို့ စာကျက်ကြတဲ့ အချိန်ရအောင်၊ ပြီး မဝေလဲ စာကျက်ရာမှာ အနှောင့်အယှက် မဖြစ်အောင်၊ စာမေးပွဲပြီးမှဘဲ မဝေနဲ့ လာတွေ့မလို့"

အောင်လတ်သည် ကြံဖန်အကြောင်းရှာ၍ သူရှောင်နေရသည့် အကြောင်းကိုပြ၏။

ဝေကလည်း သိပါသည်။ သူစိတ်အားငယ် နေကြောင်းနှင့် ကိုကိုကျော်က မိမိကို လွှမ်းမိုးနိုင်ကြောင်းများ သိထားသဖြင့် သူ့စိတ်သူ ဖြေသည့် သဘောနှင့် ဝေးဝေးနေချင်ကြောင်း သိပါသည်။ ဤသည်ကို မပြောရဲ၍ စာမေးပွဲ အကြောင်းပြကြောင်းလည်း သိပါသည်။

"ကောင်းပါပြီလေ၊ ဒီလိုဖြင့် စာမေးပွဲပြီးတော့ မဝေဆီ အလည်လာခဲ့နော်၊ ဒီကြားထဲမှာ လိုအပ်တာရှိရင် ကိုအောင့်ဆီ မဝေ အကြောင်းကြားလိုက်ပါ့မယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် ကိုကိုကျော်နဲ့ မေကိုတော့ အထင်လွဲမသွားနဲ့အုံး၊ ဝေတို့ချင်း ဆောင်နေမ သဘောတူဘဲရှိတယ်၊ သူကလဲ ဝေ့ကို နမတာမယောက်အစနေနဲ့ ဆောင့်ရှောက်တာပါ၊ အဲဒါကို ကိုအောင်က တမျိုးတမည် ထင်ရင်တော့ ဝေ စိတ်ဆိုးမှာဘဲ"

အောင်လတ် ငြိမ်းသာသွားသည်။ ဝေနဲ့ ကိုကိုကျော်နဲ့ ဘယ်လိုမှ မပတ်သက်သေးဘူးဘဲ။ သည်လိုဖြင့် သူ့အဖို့ မျှော်လင့်ချက် ရှိသေးသည်။ သူကလည်း မျှော်လင့် ချင်ပါသေးသည်။ မေးရမည်သေးသော ပန်းကလေးကို ကမ်းလိုက်၏။

"ရော့ မေဝေအတွက်"

"အမယ် တွေ့မှ၊ ဝေနဲ့ မတွေ့ရင် ဘယ်သူ့ပေးဖို့လဲ"

"ရောဘာကောင်ကလေးကို ပေးဖို့"

ဝေ ပြုံးဖြစ်သည်။ ပီတိပြုံး၊ ပြုံးတော့မှုသည်။

"ဝန်ချင်ပါဘူး"

"ဝန်ပါ မေဝေရဲ့၊ ကျွန်တော့်ကို စိတ်ဆိုးမပြတဲ့ အထိမ်းအမှတ်ပေါ့"

"ပြေပါဘူး"

ပြောရည့်သာပြောသည် ပန်းကလေးကို ယူမိပြီးပြီ။ သို့သော်မပန်သေး။

"ဝေတော့လေ တောင်ပီ ပန်းအနီကလေးတွေ ပန်ရမှာ ကြောက်လာပြီ"

"ဘာလို့လဲ"

"ကိုအောင် မကြားဖူးဘူးလား၊ 'ပန်းနီနီမပန်လေနဲ့၊ အစည်မှာ နုတ်ပန်းသွင်တဲ့၊ အတင့်ပေါ်မှ ရဲရှင်၊ ပျော်လိုအောင်နေ့င် ခေါင်းများတင် အရှင်လူနဲ့ လွဲတတ်တယ်'တဲ့"

"မဝေရဲ့ 'အရှင်လူ'နဲ့ လွဲခဲ့ပြီးပြီလား"

ဝေ တုန်လှုပ်ချောက်ချား သွားသည်။ မဝေရဲ့ အရှင်လူ ဆောင်ဆောင်တင့်အကြောင်းကို အောင်လတ် သိသည်တော့။

"ကိုအောင် ဘယ်လိုလုပ်သိ"

"ဒီလို ဒီလိုဘဲ သိတာပေါ့"

ဝေ၏ မျက်နှာကလေးသည် ညှိုးလျှသွား၏။ အတိတ်တခု ရောက်လှန့်တုန်းပါလား။ ဝေ သက်ပြင်း ချလိုက်၏။

"ထားပါတော့လေ၊ ဝေ့အနေနဲ့ကတော့ 'အရှင်လူ'ဆိုတာကို အရှင်ကလူ၊ အရှင်ဦးဆုံး ချစ်သူလို့ အဓိပ္ပာယ် မယူချင်ဘူး၊ ရင်ထဲကလူ၊ ရင်ထဲကချစ်သူလို့ အဓိပ္ပာယ်ယူချင်တယ်"

အောင်လတ် အားတက်သွားသည်။ ရင်ထဲကလူဆိုသည်မှာ သူ့ကို ရည်ညွှန်းသလော။

"မဝေရဲ့ ရင်ထဲကလူဆိုတာ ဘယ်သူလဲ ဟင်"

ဝေ ပြောပြလိုက်ချင်ပါတယ်။ သို့သော် သူကမှ မမေးပြောသေးဘဲ သည်လိုကျော့ချင်လို့ ဘယ်ရမလဲ။ အောင်လတ်ကို တချိန်ကမေးဘူးသည်။ 'ယောင်းမလောင်း ဘယ်သူဘယ်ဝါဆိုတာ မဝေတို့လဲ သိပါရစေနော်' ဟု။ ထိုစဉ်က အောင်လတ်က 'မဝေ အရင်ဆုံး သိရမှာပေါ့'တဲ့။ သည်တော့

"ကိုအောင် အရင်ဆုံး သိရမှာပေါ့"

အောင်လတ် ပျော်ပါသည်။ စာမေးပွဲပြီး၍ သူက ရင်ဖွင့်ချစ်ရေးဆိုလျှင် မအေ မလွဲမသွေ လက်ခံမည်ဟု ယုံကြည်လိုက်သည်။ မအေကလည်း ကိုအောင့်အချစ်ကို လက်ခံချင်ပါ၏။

ဒါပေမယ့်လေ...ဒါပေမယ့်..

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

အပိုင်း (၄)

နွေတကာ့နွေ
အပူဆုံးနွေ
အချစ်နွေ
ပူရည့်အတူ
ပူစမ်းပါစေ
နေကိုဖက်၍
ကြွေရှာ
အနံ့သာလျှင်
လွှင့်လိုက်ချင်။

(၁)

ဆော်ရွက်ကြွေ လေရူးနောက်၍ နွေဦးပေါက်ခဲ့ပြီ။ လမ်းပေါ်ရှိ ရွက်ခြောက်များသည် ပြေးလွှား ဆော့ကစား လျက်ရှိ၏။ ရွက်ဝါများသည် လေညှိခံလိုက်၊ လမ်းမပေါ်ရှိ လှုပ်ကိုက်ပြေးလိုက်၊ ငြိမ်ငြိမ်ကလေး ဝပ်နေလိုက်နှင့် ကြည့်၍ပင် ကောင်းသေးတော့၏။

သစ်ပုပ်ပင်ကြီး၌ အရွက်မရှိသလောက်။ သူ့အကိုင်း၊ သူ့အခက်၊ သူ့အလက်တို့သည် ကွေးချိုးကောက်၍ ကကြိုး ကကွက်များ ပြနေသယောင်။ ဖြောင့်တန်း၍ မိုးထိမတတ် မြင့်တက်နေသော ပင်စည်ကြီးရှိ အခွေများသည် ခြောက်သယောင်း၍ ထူးဆန်းလှပသော ကနုတ်ကွက်များ ဖော်ထားသကဲ့သို့။ တက္ကသိုလ် ပိဋကတ်တိုက်ဆောင်ရှိ ကုံးကော်တော၏ ပင်ခြေတိုက်၌ ခြေဖျက်စီးထိမြုပ်သော ရွက်ခြောက်တို့ မင်းမူနေကြသည်။ ကုံးကော်ပင်ပု ကလေးများသည် လူတရပ်ထက် နိမ့်သောနေရာအထိ အခက် အလက် အရွက်တို့ ရှိနေကြသဖြင့် အပင်ခြေရှိ နှစ်ယောက် ထိုင်ခုံ ကလေးများတွင် အလွမ်းသယ်နေကြသော ချစ်သူများကို ပေါ်ပေါ် ထင်ထင် မမြင်နိုင်။ ချစ်သူ့ ပုခုံးကို ခေါင်းမှီ၍ လက်ကိုင်ပုဝါကလေးနှင့် မျက်ဝန်းကို တို့ကာ တို့ကာ ငိုနေရှာသော မိန်းမပျိုကိုရော၊ သူ့ချစ်သူက တတွတ်တွတ် ချော့နေခြင်းကိုရော အဘယ်သူ့အသံပါတွေမှန်း သေသေချာချာ မသိသာဘဲ မြင်နိုင်၏။

မွေ့လေး၊ အဝေရ၊ ဘောင်ဝှမ်းအောင်တို့နှင့်ကား ရွက်ကြွေတောသည်လည်း လွမ်းစရာဟွယ်။ တစ်ထွာ သာသာခန့်ရှိသော သစ်ရွက်ဖားဖားကြီးတို့သည် ခြောက်ကြွေ၍ မြေကို ဖုံးအုပ်ထားသည်မှာ မြေကြီးကို မမြင်ရတော့။ မြေတပြင်လုံးသည် ညိုသော ဝါသော နီသော ရွက်ကြွေတို့ဖြင့် ပြီး၏။ သစ်ရွက် ဖားဖားကြီးတို့သည်

အပင်ပေါ်မှ မြေသို့သက်သောအခါ လေဟုန်စီး၍ ဘယ်ညာယိမ်းလျက် ကျအောင်းနေခြင်းကို မြင်ရသည်မှာ လွမ်းချင်စရာ။

တက္ကသိုလ် တစ်ဝင်းလုံးအတွင်းရှိ မြက်ခင်းပြင်များသည် စိမ်းလဲ့သောအရောင်မှ ညိုပြာသောအရောင်သို့ ကူးပြောင်းပြီး၊ စိန်ပန်းနီနီတို့ တပင်လုံး ရဲနေပြီ၊ တလောကလုံး နီပါပြာညို အရောင်စုံဖြင့် လှပနေ၏။ ဤအချိန်တွင် တက္ကသိုလ်စာမေးပွဲများ ကျင်းပ၏။ ပြီးလျှင်ကျောင်းပိတ်မည်၊ တက္ကသိုလ်နှင့် ခွဲကြရတော့မည်၊ ချစ်သူချင်း ခွဲကြရတော့မည်၊ ခေတ္တခဏသာ ခွဲကြရမှာဖြစ်သော်လည်း လွမ်းဖြစ်အောင် လွမ်းလိုက်ကြသေး၏။ ရာသီကလည်း လွမ်းဖွယ်ကိုး။

ဤအချိန်၌ပင် တခုံနွေးနွေး ရှိနေကြသော ရင်ထဲက အချစ်တို့ကို တက္ကသိုလ်သား၊ တက္ကသိုလ်သူတို့ ဖွင့်ကြ အန်ကြ လေ့ရှိ၏။ လွမ်းကြလေ့ရှိသည်။ အောင်လတ်သည် နောက်ဆုံးနေ့ စာမေးပွဲခန်းမှ ထွက်ခဲ့ပြီး ငယ်နေကျ ပန်းခင်းသို့ တန်းလာခဲ့သည်။ နံနက်ကတည်းက ဝင်မှာထားခဲ့သောကြောင့် မြရှင်အဖိုးကြီးသည် အောင်လတ်အတွက် ပန်းတစည်းစာမျှ ချန်ထားပေးသည်။ ပန်းခင်းသို့ရောက်သောအခါ မြရှင်အဖိုးကြီးသည် အောင်လတ်အတွက် ပန်းစည်းကို ငှက်ပျောအက်ကလေးနှင့် ထုပ်လျက် စောင့်ကြိုနေသည်။

အောင်လတ်မြူးနေ၏။ ငှက်ပျောအက်နှင့် ထုပ်ထားသော နှင်းဆီနီနီ အစည်းလိုက်ကို ပိုက်၍ သီရိဆောင်သို့ ဦးတည်လာခဲ့သည်။ ပန်းစည်းကြီးတကိုင်ကိုင်နှင့် ရှက်လို့ ရှက်ရမှန်းမသိ။ ချစ်စိတ်သည် လောကကြီးကို မေ့ပစ်နိုင်စွမ်း ပေး၏။

သည်နေ့ သူသည် မပြောရက် မဆိုရက်၊ အရိပ် တကြည့်ကြည့် ချစ်ခဲ့ရသော ခေ့ကို ဖွင့်ပြောတော့မည်၊ ခေကလည်း သူ့ကို ချစ်ပါလိမ့်မည်။ ခေနှင့် နောက်ဆုံးတွေ့ခဲ့ရသော အချိန်က ခေ့ စကားကို ပြန်၍ ကြားယောင် နေသေးသည်၊ ခေ့ ရင်ထဲကလူ ဘယ်သူဘယ်ဝါဆိုတာ ကိုအောင်အရင်ဆုံး သိရစေမှာပေါ့တဲ့၊ ဟုတ်ပါသည် ကိုအောင်။ ခေကလည်း ကိုအောင့်ကို အရင်ဆုံးသိစေချင်ပါသည်။ အရင်ဆုံး ပြောစေချင်ပါသည်။ ကိုအောင့်ကို စောင့်နေပါ 'ဦး' သည်၊ သို့ရာတွင်…ခေသည် အောင်လတ်ထက် နှစ်ရက်ခန့်စော၍ စာမေးပွဲပြီးခဲ့၏။

စာမေးပွဲ ဖြေရဉ်ရက်အတွင်းကရော၊ စာကျက်နေရဉ် ရက်များအတွင်းကရော အောင်လတ်သည် ခေ့ထံသို့ နှင်းဆီပန်း နီနီကလေးများ ပေးပို့ခဲ့၏။ လူကိုယ်တိုင် မလာတော့သော်လည်း အဆောင်စောင့် ဂိုရမ်းကြီးမှတဆင့် စက္ကူအိတ်ကလေးများတွင် ထည့်၍ရင်း စက္ကူကလေးများနှင့်ထုပ်၍ရင်း ရောက်လာတတ်သော နှင်းဆီနီများကို ခေသည် တယုတယ ပန်ခဲ့သည်၊ စက္ကူကလေးများကို ဖြည်ကြည့်တိုင်းလည်း ရင်တဒိန်းဒိန်း။ စာရွက်ခေါက်လေးများ ပါလေမလား၊ ချစ်သဝဏ်လွှာကလေးများ ပါလေမလား၊ စက္ကူအိတ် အတွင်းသားတွင်ပင် တစုံတရာ ရေးထားမလား သည့်ဖြင့် ခေ တယိတ်ယိတ် ရှာကြည့်ဖြစ်ခဲ့သည်၊ ဘာမှမရေးထား။ ဘာစာမျှ ရှာမတွေ့သောအခါ ခေသည် အောင်လတ်ကို ကြင်နာစွာပြုံးသည်။ 'စာမေးပွဲရက်အတွင်း စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ထင်ပါရဲ့'ဟု၍။

စာမေးပွဲ ဖြေသည့်ရက်အတွင်း စားသောက်ဆိုင်တန်းတွင်ရော၊ ကြိုနဲ့တွင်ရော တွေ့ဖြစ် ဆုံဖြစ်သော်လည်း အောင်လတ်သည်ရော ခေသည်ရော သူငယ်ချင်းများ အပေါင်းများရှေ့တွင်မို့ နှုတ်ဆက်စကားဆိုရုံမျှသာ။ ခေ စာမေးပွဲပြီးသည့်နေ့ကမူ တညနေလုံး တမျှော်မျှော်။ ပန်းပွင့်ကလေးသာ ရောက်လာ၏။ သူ့စာမေးပွဲ မပြီးသေးလို့ဘဲလေဟု ဖြေသိမ့်ရသည်။

သည်နေ့မှ အောင်လတ်အတန်းလည်း စာမေးပွဲပြီးမည်ဟု ခေ စုံစမ်းသိရှိထားသည်။ ထို့ကြောင့်လည်း ညနေချိန် ရောက်ခါနီးလေ ခေတယောက် အမြှော်ရလေ၊ အဝတ်အစားဝင် မီးပူကျူများ လဲထားပြီးသည်အထိ၊ နှုတ်ခမ်းနီ ပါးပါးကလေးလဲ ဆိုးထားလိုက်သေးသည်၊ ပေါင်ဒါပါးပါးလေးလဲ ပွတ်ထားလိုက်သေး၏။

ခေ မြော်သည့်အတိုင်း ပေါ် လာပါ၏။ သို့သော် အောင်လတ်မဟုတ်။ ကိုကိုကျော်။

ဝေသည် ဧည့်သည်ရောက်နေတယ်ဆိုသော အသံကိုကြားသည်နှင့် မပြေးရုံတမယ် ဧည့်ခန်းသို့ လာခဲ့သည်။ ပြုံး၍ ကြိုနေသောကိုကိုကျော်ကို တွေ့လိုက်ရသောအခါ ရင်ထဲတွင် နင့်သလိုလို ခံစားရ၏။ ရင်နင့်ခြင်းသည် ရင်နာဖို့အတွက် နိမိတ်လား။

"ဪ ကိုကို" နှုတ်ဆက်ရင်း ဝင်ထိုင်လိုက်သည်။

"ဝေ စာမေးပွဲ ဖြေနိုင်တယ်နော်"

"ဟုတ်ကဲ့"

"စိတ်လက် ပေါ့ပါးသွားပြီပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

ကိုကိုကျော် ခေတ္တငြိမ်နေသည်။ တိတ်ဆိတ်ခြင်းသည် ကြောက်စရာကောင်း၏။

"ဦးလေး အခေါ် ခိုင်းလိုက်လို့"

သည်အချိန်တွင်ပင် မောင်လတ်သည် ပန်းခင်းမှ ပန်းစည်းကို ငှက်ပျောဖက်နှင့် လှပအောင်ထုပ်၍ ထွက်ခဲ့၏။ သူဦးတည်ရာ သီရိဧည့်ဆောင်တွင် အဆောင်ဧည့်စာရင်း၌ သူ့ထက်စောစွာ နာမည်ထည့်သွင်းခဲ့သူသည် သူ့ထက်ဦး၍ ရောက်နေပြီတကား။

"မေမေလေးနော်၊ ဝေ အင်္ကျီလဲလိုက်ဦးမယ်"

ဝေသည် အလှအပ အင်္ကျီလဲနေရန် မလိုပါ။ သာမန်ရှုသာ ဝတ်ခဲ့၏။ ကိုယ့်ဦးလေးအိမ် သွားရမည်ဘဲ။

ကပိုကရိုလုပ်နေသော ဝေ့ကို တင်၍ မောင်းထွက်ခဲ့သော ကိုကိုကျော်၏ကား ကားနောက်အပိုင်းကို တွေ့နေသော အချိန်တွင် မောင်လတ်သည် သီရိဆောင်သံတံခါးကို ကျော်ဖြတ်ဝင်ခဲ့၏။

"မရှိဘူး၊ ကားနဲ့ထွက်သွားပြီ"

ဂိုရမ်းသည် မောင်လတ်ကို တွေ့လျှင်တွေ့ချင်း သတင်းစကားပါး၏။

မောင်လတ် ရင်အားလျော့သွားသည်။ ဘယ်သွားပါလိမ့်။ သူ့ဦးလေးအိမ်လား။ တခြားတယောက်နဲ့လား။ ကိုကိုကျော်နဲ့လား။ ဘာဘဲဖြစ်ဖြစ် ဒီနေ့တော့ သူပြန်လာသည် အထိစောင့်မည်။

ကိုကိုကျော်သည် ကားမောင်းလာရင်း သူ ညာခေါ် လာခဲ့မိသည်ကို မလုံမလဲ ဖြစ်နေ၏။ သူမညာချင်ပါ။

"ဝေ ကိုယ့်ကို စိတ်မဆိုးနဲ့နော်၊ ဦးလေးတို့ ခေါ် ခိုင်းတာ မဟုတ်ဘူး၊ ဝေ့ကို ပြောစရာတွေ ရှိလို့၊ အဆောင်မှာ ပြောရမှာလဲ သူများတွေ ရှိနေတော့ မပြောချင်ဘူး "

ရှင်းပါပြီ၊ ဝေ့အတွက် ဇာတ်လမ်းက ရှင်းနေပါပြီ။

ဝေသည် ရင်မောသွားရသည်။ သက်ပြင်းချလိုက်၏။

"စိတ်ဆိုးသွားလား ဝေ၊ ကိုယ်တောင်းပန်ပါတယ်၊ တကယ်လို့ ပြန်ချင်တယ်ဆိုရင် ပြန်ပို့ပေးပါ့မယ်၊ ကိုယ့်စကားတွေ နားမထောင်ချင်ဘူးဆိုရင်လဲ ကိုယ့်ကို အားနာနေပါနဲ့၊ ကိုယ် ဘာပြောချင် နေတယ်ဆိုတာတော့ ဝေ သိပြီးသား ဖြစ်မှာပါ"

ကိုကိုကျော်သည် အစအနအရာရာ၌ ဝေ့ကို အရှုံးပေးဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။ သူသည် ဝေနှင့် ရင်းနှီးအောင် အဆောင်သို့ မကြာခဏ အလည်သွား၏။ သူ့ကို ဝေက သိလာအောင်သူကလည်း ဝေ့ကို သိအောင် ကြိုးစား၏။ သို့ရာတွင် ဝေ့ကို ညီမတယောက်ထက် ပို၍ မပြောမဆို မဆက်ဆံခဲ့။ ဝေက သူ့ကို အထင်သေးမှာ ကြောက်၏။

ယခုမူ သူမပြော၍မဖြစ်တော့။ ပြောချင်သည်မှာတော့ ကြာလှပြီ။ ခေ ကျောင်းကိုမှ မပြတ်သေးခင် စိတ်အနှောင့်အယှက် ဖြစ်မှာစိုး၍ မပြောခဲ့ရ။ နက်ဖန်ဆိုလျှင် သူ့အလုပ်ရှိရာ နယ်သို့ ပြောင်းရတော့မည်။ ယနေ့ ခေ့ကို ပြောသွားချင်သည်။ ဖြစ်နိုင်လျှင် ခေ့ထံမှ အဖြေကို သူယူသွားချင်၏။

"ဟင် ခေ၊ ကိုယ့်ကို စိတ်ဆိုးသွားသလား"

"ရပါတယ်ကိုကို၊ ကိုကို ပြောစရာရှိရင်ပြောပါ"

ကိုကိုကျော် ဝမ်းသာသွားသည်။ မျက်နှာလည်းရွှင်လာ၏။

"တခုခုစားရင်း ပြောကြရအောင်နော်"

တရုတ် ဟော်တယ်တခု၏ တခေါင့်သောအခန်းကို ရောက်၏။ ခေသည် အခန်းထဲဝင်လိုက်စဉ် တော့ပင် တချိန်တုန်းက မောင်မောင်တင်နှင့် ဤနေရာမျိုးကို ရောက်ဖူးသည်ကို အမှတ်ရသည်။ ရင်ထဲ နာကျင်ကျင်။ သည်အခန်းထဲသို့ ရောက်ဖူးသော နေ့တနေ့၊ သည်လိုနေ့တနေ့။ ခေ မျက်ရည်ထိန်းထားရ၏။

ခေ ငိုးအားမိသည်မှာ ဤနေရာတွင် ကိုကိုကျော်၏ အကျင့်သိက္ခာကို သိရမည်။ သူသည်လည်း မောင်မောင်တင်လို သောက်စားမျိုးလော၊ ကိုကိုကျော်ကို ကြည့်လိုက်၏။ ကိုကိုကျော် မျက်နှာသည် ရိုးသားတည်ငြိမ်၏။ မပြုံးတပြုံး ပြုံး၏။

"ကိုယ် သွယ်ဝိုက် မပြောတတ်ပါဘူးခေ၊ ခေ့ကို ကိုယ်ချစ်မိပါတယ်၊ စ မြင်မြင်ခြင်းတုန်းကတဲ ဆိုပါတော့ကွယ်၊ ဒါပေမယ့် ကိုယ့်ကိုကိုယ် ပြန်ဆန်းစစ်ခဲ့သေးတယ်။ ခေ့ကို တကယ် ချစ်နိုင်ရဲ့လားလို့၊ သေသေချာချာ ငိုးအားဆုံးဖြတ်ပြီးတော့ ခေ့ကိုကိုယ်ချစ်တာဟာ ပေါ့ပေါ့ကလေး မဟုတ်ဘူးလို့ သိလာရတယ်၊ လေးလေးနက်နက် ချစ်မိတာပါခေ၊ တမြတ်တနိုးချစ်မိတာပါ၊ ခေ့ကို ကိုယ်တသက်လုံး ချစ်သွားနိုင်ပါတယ်လို့ ကတိလဲ ပေးနိုင်ပါတယ်"

ကိုကိုကျော်သည် ရင်ထဲရှိသည့်အတိုင်း ပြောပြနေခြင်းဖြစ်၏။ ခေသည် ကိုကိုကျော်၏ မျက်လုံးထဲ၌ ရိုးသားမှုကို ရှာဖွေတွေ့ရှိသွားသည်။ ခေ ဘာပြန်ပြောရမည်နည်း။

"ခေ ကိုယ့်ကို စိတ်မဆိုးပါဘူးနော်"

"မဆိုးပါဘူးကိုကို"

"နောက်တခု ခေ့ကို ပြောစရာရှိပါသေးတယ်၊ ခေနဲ့ ကိုယ့်ကို နေရာချပေးဖို့ ဦးလေးတို့ စီစဉ်ထားတယ်ဆိုတာ ခေသိပြီးပြီလား"

"ခေ တုန်လှုပ်မိသည်။ သို့ရာတွင် ဤကဲ့သို့ ဖြစ်လာနိုင်သည်ဟု ခေ တွက်ထားပြီးဖြစ်၍ သိပ်မအံ့ဩပါ။

"ဒါပေမယ့်ခေရယ်၊ ဦးလေးက ခေ့ ဆန္ဒမပါရင် ဘာမှမဖြစ်စေရဘူးလို့ ပြောထားပါတယ်၊ ခေ ငြင်းရင် ဒီကိစ္စပျက်မှာပါ၊ ခေ ငြင်းလိုက်မှာကို ကိုယ်အစိုးရိမ်ဆုံးပဲ၊ ငြင်းမှာလား ဟင်"

ခေ်ပြီ။ ခေ ဘယ်သို့ဖြေရမည်နည်း။ ကိုကိုကျော်သည် ငြင်းလောက်အောင်အထိ အကျင့်မဲ့သူမဟုတ်။ ထို့ပြင် မိန်းမတို့ စိတ်ဝင်စားစရာ လက်မိရုန် အရည်အချင်း ပြည့်သူ။ သည်တော့

"ခေ စဉ်းစားချင်ပါသေးတယ်"

မိန်းမတို့အတွက် ကြိုးရှည်ရှည်နှင့် လှန်ထားနိုင်သော စကားလက်နက်တခု။

"စဉ်းစားပါ ခေ၊ မိန်းခလေးတွေအတွက် စဉ်းစားခေ အကျိုးရှိလေပေ၊ ခေ့ကို ကိုယ်ကတိတခု ပေးချင်ပါသေးတယ်၊ တကယ်လို့ ကိုယ့်ကို ခေက သဘောမကျစရာ တွေ့လို့ ငြင်းလိုက်မယ်ဆိုရင်လဲ ခေ့ သဘောအတိုင်း အားလုံး ဖြစ်စေရပါမယ်၊ ခေ ဒေါ် လေးက အတင်းအကြပ်စီစဉ်မှာလဲ မစိုးရိမ်ပါနဲ့၊ ကိုယ် ခေ့ကို အစွင့်အရေး ရလို့ဆိုပြီး အနိုင်အကျင့်ပါဘူး၊ ကိုယ်သိထားပါတယ် ခေရယ်၊ မိန်းခလေး တယောက်ကို

အခွင့်အလမ်း ပေးလို့ ယူလိုက်နိုင်တာနဲ့ အဲဒီမိန်းမလေးရဲ့ အချစ်ကို မရနိုင်ပါဘူး။ ကိုယ်လိုချင်တာ ဇေ့ ကိုမဟုတ်ပါဘူး။ ဇေ့ရဲ့ အချစ်ကိုပါ"

ကိုကိုကျော်သည် လှိုက်လှိုက်လှဲလှဲပြော၏။ ဇေ ကိုကိုကျော်ကို သနားသွားသည်။ မိန်းမတော်တော်များများကို ခေါင်းခေါက် ရွေးနိုင်စွမ်းသူတစ်ယောက်က ဇေ့ကိုလာ၍ အသနားခံ နေပါပေကော။ ဇေသည် ကိုကိုကျော်အတွက် မျှော်လင့်ချက် ပေးချင်လာ၏။ သို့ရာတွင် မောင်လတ်၏ အသွင်သဏ္ဌာန်သည် ဇေ့စိတ်၌ လှစ်ကနဲ ဝင်ရောက် ထင်ဟပ်လာ၏။ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ အရေးအကြောင်း ကြုံးယ်ကြုံလာတိုင်း မောင်လတ်ကို ဇေသတိရ၏။ ဇေ့ကိုလည်း မောင်လတ် အစဉ်သတိရနေသည် မဟုတ်ပါလား။ ဇေနှင့် မောင်လတ်တို့သည် စိတ်ချင်း ဆက်သွယ်မှုရလာပြီးဖြစ်သည်။ ကိုကိုကျော်ဘက်သို့ ယိမ်းယိုင်ပြေးနေသော ဇေ့စိတ်ကို အဆောင်ရ၍ ဆောင့်မြှော်စောရင်း မိုးရိပ်တကြီးဖြစ်နေရှာသော မောင်လတ်၏ စိတ်ဓာတ်က လာရောက်ဆက်သွယ်နေခြင်း ဖြစ်လေသည်။

ဇေသည် တွေဝေငေးငိုင်နေ၏။ ရုတ်လွှာချသားလိုက်ရသည်။

"ဇေ စိတ်ကျဉ်းကျပ်သွားပြီလား၊ ပြန်ချင်ပြီလား"

"ရပါတယ်၊ ကိုကို မှာထားတာတွေ စားနိုးလေ"

ဟုတ်ပါသည်။ မှာထားသောအစားအစာများ အစစ့ပေးနေပါပြီ။

"ကိစ္စမရှိပါဘူး ဇေ၊ ဇေ ပြန်ချင်ရင် သွားမယ်"

"စားပါ ကိုကို စောင့်နေပါမယ်"

"ဇေလဲ စားနိုးလေ"

"ဇေ ဆိပ်မစားချင်ဘူး"

"နဲနဲမြစ်မြစ်လေ"

သည်တစ်ခါတော့ ဇေ ဖန်းကန်ထဲသို့ ထမင်းမမြင်ရအောင် ဟင်းများကို ပုံ၍ပုံ၍ ထည့်ပေးသူက ကိုကိုကျော်။ နှစ်ယောက်စလုံး တို့ကနန်း ဆိတ်ကန်းသော စားကြ၏။ စိတ်လှုပ်ရှားနေကြသည်ကိုး။

ကိုကိုကကျော်သည် ဇေ့ကို အရိပ်တကြည့်ကြည့်ရှိ၏။ ဇေ အစားရပ်လိုက်၍ ရေဖြူလက်သုတ်ပုဝါနှင့် နှုတ်ခမ်းတို့ကို တို့လိုက်သောအခါ

"တော်ပြီလား ဇေ"

"ဟုတ်ကဲ့"

ကိုကိုကျော်လည်း အစားရပ်လိုက်၏။

"ပြန်မယ်လား ဇေ"

"ဟုတ်ကဲ့"

ဇေ ပြန်ချင်ပါပြီ။ မုချိန်လောက်ဆို ကိုမောင်များ ရောက်နေပြီလား၊ မတွေ့လို့ ပြန်သွားပြီလား ဧသည်ဖြင့် တွေးနေ၏။

"စကားလေး ခေနိုင်ဆိုးလေသားဇေ ကိုယ်ပြောစရာ နဲနဲကျန်သေးတယ်"

အစုန်က ကိုကိုကျော်သည် ယခုပင် ဇေ့ဆီက အဖြေလိုချင်ပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မနက်ဖန်တွင် သူတာဝန်ကျရာ အရပ်သို့ သွားရတော့မည်။

"ပြောလေ ကိုကို"

ကိုယ်မနက်ဖန် နယ်ကိုပြောင်းရတော့မယ် ၊ ဒီတော့"

ကိုကိုကျော်သည် အမေးရောက်နေ၏၊ ခဏကြာမှ

“ဒီလိုကွယ်၊ ဇေလေး ကိုယ့်ကို ဒီနေ့ တခုခု အဖြေပေးနိုင်ဘူးလား၊ ကိုယ်လေ ”

ကိုကိုကျော် စကားလုံး ရှာနေပြန်သည်။

“ကိုယ် ဇေ့ဆီက ကိုယ့်ကို ချစ်တယ်ဆိုတဲ့ အဖြေများရရင် သိပ်ပျော်ပျော်ကြီး ခရီးသွားရမှာ”

ဇေ ဘာမျှပြန်မပြောပါ။ ဇေ ချစ်ပါတယ်ဟု မပြောနိုင်။

“ဟင် ဇေ၊ ကိုယ်ကိုမချစ်ဘူးလား”

“ဇေ အဖြေပေးဖို့ စောလွန်းဘူးလား ကိုကိုရယ်”

“အေးလေ”

ကိုကိုကျော် ငေးစားကြည့်သည်။ ဟုတ်ပါသည်။ မိန်းမလေး အိမ်ခြံသိက္ခာအရ ရုတ်ချင်းကြီး ပြောနိုင်ရှာမည်မဟုတ်။

“ဒါဆိုရင် ကိုယ်သိသွားပါရစေ ဇေရယ်၊ ကိုယ့်အကျင့်စာရိတ္တ၊ စိတ်နေသဘောထား စတဲ့ ဟာတွေထဲမှာ ဇေမကြိုက်နိုင်တာတို့၊ ငြင်းစရာ အကြောင်းတို့များ ရှိသလား”

ဇေ ဘယ်လိုဖြေရမည်နည်း။ ကိုကိုကျော်ကို ငြင်းစရာ အကြောင်းမရှိပါ။ ငြင်းစရာမရှိပါဟု ဖြေလိုက်လျှင် ဘယ်အဓိပ္ပာယ် ရောက်မည်နည်း။ လက်ခံရာ ရောက်သွားမည်၊ ဇေ ကိုကိုကျော်ကို ချစ်ရဲ့လား။ မသိ။ စိတ်ရှုပ်ပါဘိတော့။

“လောလောဆယ်တော့ ဇေ ကိုကို့ကို ငြင်းစရာ ရှာမတွေ့သေးပါဘူး”

“ဒီလောက် ကြားကြားသိမှဖြင့် ဇေရယ်၊ နောက်ထပ် သိပ်အချိန် မယူနေပါနဲ့တော့ကွယ်၊ ကိုယ်အမြန်ဆုံး ပျော်ပါရစေ၊ ဖြစ်နိုင်ရင် ကိုယ်မသွားခင် သိချင်တယ်”

“မိန်းမလေး တယောက်အတွက် စဉ်းစားဆုံးဖြတ်ဖို့ လွယ်ပါဘူး ကိုကို၊ လောလောဆယ်မှာ ဇေ ကိုကို့ကို သဘောမကျစရာ ငြင်းစရာ မရှိသေးပါဘူးဆိုရင် ကိုကိုကျေနပ်ဖို့ ကောင်းပါတယ်”

“ကျေနပ်ပါတယ် ဇေရယ်၊ မကျေနပ်လို့ မဟုတ်ပါဘူး၊ ကိုယ်လေ ဇေ့ကို အို မပြောတတ်တော့ဘူး ဇေရယ်”

ကိုကိုကျော်သည် ဇေ့ကို တကယ်ပင်ချစ်ရှာသည်။ ဇေသည် ကိုကိုကျော်ကို သနားဖြစ်သည်။ သို့ရာတွင် အောင်လတ်ကို သတိတရ ဖြစ်မိပြန်သည်။

ကိုကိုကျော်သည် ကိုယ်ကိုရှေ့သို့ ကိုင်းလိုက်၏။ ဇေနှင့် မျက်နှာချင်းနီးလာသည်။ ဇေ မသိမသာ ကိုယ်ကို မတ်၏။

“ဇေ”

“ဟုတ်ကဲ့”

“ဇေ့ကို ကိုယ် လက်ထပ်ပါရစေကွယ်”

ဇေ ဤစကားမျိုးကို မကြားဘူးပါ။ ဇေ ကြက်သီးမွေးညှင်း ထသည်အထိ ခံစားရ၏။ ‘လက်ထပ်ပါရစေကွယ်’ တဲ့။

ဇေ ယောကျ်ားတယောက်နှင့် လက်မထပ်ဘဲ ညားခဲ့ပြီးပြီကော။ ဇေ ငိုချင်လာသည်။ တည်ကြည်ဖြောင့်မတ်၍ ရုပ်ရည် ခန့်ညားသော ယောကျ်ားတယောက်၏ လက်ထပ်ခွင့်တောင်းခြင်းကို မိန်းမလေး တယောက်အနေနှင့် ပီတိ ဖြစ်ချင်ပါသည်။ သို့ရာတွင် သူသည် အတိတ်တခု၏ အခြောက်ခံနေရ၏။ ယုတ်မာသော ယောကျ်ားတယောက်၏ ရင်ခွင်၌ ခိုအောင်းဘူး၏။ ထိုလူယုတ်မာသည် လက်ထပ်ခွင့်မတောင်းဘဲ သူ့ကိုယူခဲ့သည်။ ကိုကိုကျော် တည်ကြည်သော ယောကျ်ားကောင်းတယောက်သည် သူ့ကို လက်ထပ်ခွင့် တောင်းနေသည်။

ဧဧ ထိန်းမထားနိုင်တော့ပါ။

"ပြန်ပါရစေတော့ ကိုကိုရယ်"

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

ကားပေါ် တွင် တွေဝေငေးမောစွာ လိုက်ပါလာသော ဧဧကို ကိုကိုကျော်သည် တတွတ်တွတ် ဖေးနေ၏။ ချော့နေ၏။

"ဧဧလေး စိတ်ညစ်သွားလားဟင်"

"ကိုယ့်စကားတွေ ကိုယ်ပြန်ရုပ်သိမ်းရမလား"

"ဧဧ စိတ်မဆိုးနဲ့နော်"

"ကိုယ် ဧဧကိုတသက်လုံး ချစ်သွားပါ့မယ်၊ ဧဧကို ကိုယ် တမြတ်တနိုး လက်ထပ်ချင်တာပါ ဧဧရယ်"

"ဧဧ နားလည်ပါတယ် ကိုကိုရယ်၊ ဧဧ ကိုကို့ကို ငြင်းစရာ စိတ်ဆိုးစရာ မရှိသေးပါဘူး၊ ဒါပေမယ့်၊ ဒါပေမယ့်...ဧဧ မဆုံးဖြတ်ရသေးလို့ပါ"

"ကောင်းပါပြီ ဧဧလေး ဒီလောက်ဆိုရင်ဘဲ ကိုယ်ဝမ်းသာလှပါပြီ၊ ဧဧ အေးအေးဆေးဆေး စဉ်းစားဆုံးဖြတ်ပါ၊ ဒီကြားထဲမှာ ကိုယ်မစောင့်ရှက်ပါဘူး၊ စာတော့ ရေးပါရစေနော်၊ နောက်ပြီး ဒေါ်လေးတို့ကိုလဲ ပြောလိုက်မယ်"

ဧဧ ထိတ်လန့်တကြား လှည့်ကြည့်သည်။

"ဟုတ်ပါဘူး ဧဧရဲ့၊ ဧဧက ငြင်းစရာမရှိတဲ့ အကြောင်းသာ ပြောသေးတယ်၊ ဧဧ စဉ်းစား ဆုံးဖြတ် လိမ့်ဦးမယ်လို့ဘဲ ပြောမှာပါ၊ ဧဧ သဘောတူလိုက်ပြီလို့ မပြောသေးပါဘူး"

ယုဒသန်လမ်းမသို့ ကားချိုးဝင်လိုက်သောအခါ ဧဧသည် အကျဉ်းအကျပ်တခုမှ လွတ်မြောက်လာသလိုခံစားရ၏။

သို့ရာတွင် ယုဒသန်လမ်းမ သီရိအောင်ထဲသို့ ကွေ့ချိုးပြီးသည်နှင့် ဧဧအတွက်ပို၍ ကျဉ်းကျပ်သော အကျဉ်းအကျပ်တခုသည် အဆင်သင့်စောင့်ကြိုနေ၏။ ဧဧသည် ကားပေါ် မှပင် အောင်လတ်ကို လှမ်းမြင်ရသည်။ အောင်လတ်သည် အဆောင်ရှေ့ ဆင်ဝင်အောက်တွင် ထိုင်စောင့်နေ၏။ နှင်းဆီစည်းကိုမူ ငှက်ပျောဖက်နှင့် လုံအောင်ထုပ်၍ ဘေးနားချထားပြီး သူ့ကိုယ်လုံးနှင့် ကွယ်ထုတ်ထားသည်။

ကိုကိုကျော်ကလည်း အောင်လတ်ကို မြင်ပါသည်။ မြင်လျှင်မြင်ချင်း ရင်ထဲတွင် နာကျင်ကျင် ဖြစ်မိ၏။ အောင်လတ်နှင့် ဧဧတို့၏ ဆက်နွှယ်နေမှုကိုလည်း စိုးရိမ်စိတ်နှင့် သံသယဖြစ်မိသည်။ သို့သော် သူ့ဘက်က လူကြီးဆံရသည်ဟု ချက်ချင်း တွက်ဆလိုက်သည်။ သည်တခါတော့ ဧဧသည် အောင်လတ်ကို မမြင်ချင်ယောင် ဆောင်မနေနိုင်ပါ။ ကားရပ်သည်နှင့် ဆင်း၍ နှုတ်ဆက်၏။ မရှိသော အပြုံးကိုပြုံး၏။ အောင်လတ်ကလည်း တွေဝေသော မျက်လုံးများဖြင့် နှုတ်ဆက်ပါ၏။ အောင်လတ်၏စိတ်ထဲတွင် ဧဧ ကို လက်လွှတ် ဆုံးရှုံးသွားပြီဟု ခံစားလိုက်ရသည်။ ကိုကိုကျော်သည် အောင်လတ်ကို ပြုံး၍နှုတ်ဆက်ပြီး ဧဧထံသို့ လှမ်းကြည့်သည်။ ဧဧ အနေရ ခက်နေကြောင်း သိသာသည်။ ထို့ကြောင့်

"ကိုယ်သွားတော့မယ် ဧဧ၊ ကိုအောင်လတ် သွားမယ်ဗျာ"

အောင်လတ် ခေါင်းတောင်တောင်နှင့် မတ်တတ်ထရပ်၍ 'ဟုတ်ကဲ့'လိုက်သည်။

ကိုကိုကျော်သည် စိတ်ခန့်အနေအောင်နှင့်ပင် ကားမောင်းထွက်ခဲ့သည်။

ထွက်ခွာသွားသော ကိုကိုကျော့်ကားကို ဧဧနှင့် အောင်လတ်တို့ အဓိပ္ပာယ်မဲ့ လိုက်ကြည့်နေကြသည်။ ကားအဆောင်ဝ တံခါးကိုကျော်သွားမှ တယောက်ကိုတယောက် လှည့်ကြည့်မိကြသည်။ ပြုံးတော့ ပြုံးကြပါသည်။

နှစ်ယောက်စလုံး ငြိမ်သွားသောအခါ ဆောင်လတ်သည် ယခုမှသတိဝင်လာသကဲ့သို့ အုတ်ခုံပေါ် ၌တင်ထားသော ပန်းစည်းကိုယူလိုက်သည်။ မေဝေထံသို့ ကမ်းလိုက်သည်။ မေသည် အလိုအလျောက်ယူပြီးသား ဖြစ်သွားသည်။ ပန်းစည်းထိပ်ကို ဖုံးအုပ်ထားသော ငှက်ပျောရွက်ကို ဖွာလိုက်သည်။ နှင်းဆီပန်း နီနီကလေး တွေပါလား။ အရွယ်လည်းသါ၏ ။ အနံ့လည်းသါ၏ ။ အပွင့်တွေလဲ အများကြီး။

"မွှေးလှချည်လား ကိုဆောင်ရယ်"

"ခွဲရခါနီးလို့ပါ"

စကားနောက် တရားပါ။ သူဆိုလိုသည်မှာ ကျောင်းပိတ်ခါနီး တွေ့ရခါနီးလို့ပါဟု ဆိုလိုရင်းသည်။ သို့သော် အစဉ်သဖြင့် ခွဲရခါနီးလို့ပါဟုလည်း အဓိပ္ပာယ် ထွက်နိုင်ပါသည်။

"ကျေးဇူးတင်ပါတယ် ကိုဆောင်၊ ထိုင်ဦးလေ"

ဆောင်လတ် လည်ချောင်း၌ စကားတစ်နေသည်။ မေ့စိတ်က မျှော်လင့်ထားသည့် စကားများကို ဆောင်လတ်က ပြောတော့မည်ဟု အလိုအလိုသိနေပြန်သည်။ ဘယ်လို ပြန်ဖြေရမည်လဲ။ ကိုဆောင်ရယ် ဘောဘောနီနီးက ပြောပါတော့လား။

"ကျွန်တော်တို့ လမ်းလျှောက်ရင်း စကားပြောရအောင်လား"

"ဒီမှာဘဲ ပြောပါလား ကိုဆောင်"

ဆောင်လတ် တွန့်ဆိုင်းနေပြန်သည်။

"ဟို"

"ပြောလေ ကိုဆောင် မေ ကြားချင်ပါတယ်"

တကယ်ဘဲ ကြားချင်ပါသည် ကိုဆောင်။ မေ အကြားချင်ဆုံးပါ။ ခါတေမယ့် ဘာကြောင့်မှန်းမသိ မကြားရဲသလို ဖြစ်နေ၏။ ဆောင်လတ်သည် တော်တော်နှင့် ပြောမထွက်။ ကိုကိုကျော် ဦးသွားပြီလားဟု စဉ်းစားမိမှ လွတ်ကနဲ ပြောဖြစ်လိုက်သည်။ သို့ရာတွင် အသံတိမ်၏။

"ကျွန်တော် မေ့ကို ချစ်..."

နောက်ဆုံးစကားလုံး 'တယ်' သည် မကြားရလောက်အောင်ပင် တိုး၏။

ကိုဆောင်ရယ် မေ ဘယ်လိုဖြေရမလဲ၊ ဘယ်လိုဖြေရမလဲ၊ စကားနဲ့ဖြစ်စေ မဖြေနိုင်။ စိတ်ထဲမှာလဲ မဖြေနိုင်။ ဖြေမဆည့်နိုင်။ ထိန်းထားသမျှသော မျက်ရည်တို့သည် ပိုင်းရာမှ စေ့စေ့လာ၏။ စေ့ရာမှ ဝဲလာ၏။ ဝဲရာမှ ထိမ့်ဆင်း လာတော့သည်။ မေ ဘာမျှ ရပ်မနေနိုင်တော့ပါ။ ဆောင်လတ်ကိုသာ မျက်ရည်ကြားမှ ငိုတပါးကြည့်ရင်း ဖြေလေးလျှော ခေါင်းရမ်း၏။

ဆောင်လတ် မည်ကဲ့သို့ အဓိပ္ပာယ်ကောက်သည်မသိ။ မေ့အနေနှင့်ကတော့ ချစ်ပါတယ် ကိုဆောင်ရယ်လို့ ပြောလို့မဖြစ်သော အခြေအနေမို့ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းခါခြင်းသာ ဖြစ်ပါသည်။ ပြီးတော့ အဆောင်ထဲသို့ လှည့်ဝင်ခဲ့သည်။ မပြေးရုံတမယ်။ သူ့လက်ထဲမှာတော့ ပန်းနီနီတစည်းနှင့်။

ဆောင်လတ် နားမလည်စွာလိုက်ကြည့်၏။ ဘယ်လိုမိန်းမလေးလဲ၊ ငြင်းလျှင်လည်း ငြင်းပါတော့လား။ ရန်တွေ့ရင်လဲ တွေ့ပါတော့လား။ ခုတော့ ဘာအကြောင်းမှပြန်မပြော။ မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်သည်။ ပြီးတော့ မျက်ရည်ဝဲကျသည်။ ပြီးတော့ ခေါင်းကိုခါရမ်းသည်။ ပြီးတော့ လှည့်ထွက်သွားသည်။ ဆောင်လတ်အဖို့ ပြန်လှည့်ရုံမှတပါး အခြားမရှိတော့ပါ။ အော် ချစ်သူလက်နက် ချစ်တဲ့မျက်ရည်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

ကိုကိုကျော်သည် ကားမောင်းရင်း စဉ်းစားလာသည်။ သူသည် ဝေ့ကိုချစ်ပါသည်။ ထို့ကြောင့် ရယူလိုပါသည်။ သူရယူလိုသည်မှာ ဝေနှင်းတကာ ဝေ့အချစ်ကိုဖြစ်ပါသည်။ ဝေသည် သူ့ကို ငြင်းပယ်စရာမရှိဟု ဆိုခဲ့၏။ တကယ်လဲ ငြင်းပယ်မည်မဟုတ်ပါ။ သို့ရာတွင် သူ့ထက်ဦးစွာ ဝေနှင့်ရင်းနှီးနေသူ ရှိသည်။ ထိုသူကား အောင်လတ်။ တစ်ကျောင်းထဲနေ၍ အနေနီး၏။ ချစ်ခြင်းမေတ္တာသည် အနေနီးခြင်းနှင့် သက်ဆိုင်နိုင်၏။ အနေနီးသဖြင့် တစ်ယောက်သဘောကိုတစ်ယောက် ပိုမိုနားလည်နိုင်သည်။ ထို့အပြင် အခွင့်အရေးလည်းသာ၏။

အောင်လတ်သည် ဝေ့အချစ်ကို ရယူပြီးလေပြီလော။ ဝေနှင့် အောင်လတ်တို့ ချစ်နေကြပြီလော။ အကယ်၍ ချစ်နေကြပြီဆိုလျှင် ကိုကိုကျော်သည် နောက်ဆုတ်ပေးရုံ အသင့်ပါ။ မိမိကို ဝေသည် အဘယ့်ကြောင့် ငြင်းစရာ အကြောင်းမရှိဟု ဆိုခဲ့သနည်း။ တခါတည်း ငြင်းလိုက်ပါတော့လား ဝေရယ်။ ထိုသို့မငြင်းဆိုခဲ့သဖြင့် ဝေနှင့် အောင်လတ်သည် သမီးရည်းစားအဖြစ် မရောက်ကြသေး သည်လည်းဖြစ်နိုင်၏။ အဘယ့်ကြောင့် အောင်လတ်နှင့် ဝေသည် အစဉ်သဖြင့်ဆိုသလို အတူတကွ တွေ့မြင်နေရသနည်း။

အောင်လတ်က ဝေ့ကိုချစ်နေပြီး ဝေကလည်း အောင်လတ်ကို စိတ်ဝင်စားနေသည်လည်း ဖြစ်နိုင်၏။ သို့ဆိုလျှင် သူတို့ချစ်သူနှစ်ဦးကြား၌ ကိုကိုကျော်သည် လူကြမ်းသဖွယ် ဖြစ်နေပြီလော။ သည်လိုဖြင့် အဖြစ်မခံနိုင်ပါ။

ကိုကိုကျော်သည် ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်၏။ ဝေ့ထံသို့ နယ်မှ စာရေးမည်။ ဘယ်ကဲ့သို့ ရေးမည်နည်း။ အောင်လတ်နှင့် ဝေ့အကြောင်း စုံစမ်းမည်လား။ မဖြစ်သေး။ သူတို့ကို ရှုပ်ခဲ့ရာကျမည်။ မိမိသည် သဘောထား သေးသိမ်ရာ ရောက်မည်။ သို့ဖြစ်လျှင် ဝေနှင့်အောင်လတ်တို့ ချစ်နေလျှင် မိမိနောက်ဆုတ် ပေးပါမည်ဟု ရေးမည်လော။ သူ ဤနေရာ၌ အတွေးရပ်သွားသည်။ တကယ်တမ်း နောက်ဆုတ် ပေးနိုင်သလော။ မပေးနိုင်။ ဝေက သူ့ကိုလက်ခံမည်ဆိုလျှင် ဘယ်လိုနည်းနှင့်မျှ နောက်ဆုတ်မပေးနိုင်။

ဝေက လုံးဝငြင်းပယ်လိုက်မှသာ သူသည် ဝေ့ကိုစွန့်လွှတ်မည်ဖြစ်၏။ ဝေက အနည်းငယ်မျှပင် လက်ခံပါစေ သူသည် ဝေချစ်လာသည်အထိ စောင့်စားမည်။ ဝေ့ကို သူပြုစုယုယရင်း ဝေ့အချစ်ကို ရယူမည်။ သို့ရာတွင် သူသည် အောင်လတ်အတွက်လည်း အခွင့်အရေးပေးလိုသေးသည်။ အောင်လတ်သည် ဝေ့ကိုချစ်နေမည်ပင်။ ချစ်နေပါက အောင်လတ်ဝေ့ကို ချစ်ရေးဆိုပြီး ဝေက တုံ့ပြန်အောင် ကြိုးစားနိုင်ရန် အချိန်ပေးရမည်။ သည်အတွင်း ကိုကိုကျော် ဝေ့ထံမဆက်သွယ်။ လုံးဝ မဆက်သွယ်ရင်လည်းမဖြစ်။ ထို့ကြောင့် စာကြောင်း သာကြောင်း ရွှင်လန်းပါစေ အကြောင်းများနှင့် သူ သတိရနေပါကြောင်းများသာ ဝေ့ထံ စာရေးမည်။ ဝေ့ လောကကလေးထဲ၌ သူလည်း ရှိနေပါသေးကြောင်း သတိပေးနေချင်သည်။ အကယ်၍ သဘောထား ကြီးပါသည်ဆိုစေ ချစ်ခြင်းမေတ္တာ၌ လိုချင်တပ်မက်ခြင်းလည်း ပါဝင်နေပါသည်။ အိမ်ကိုရောက်လျှင်ရောက်ချင်း ဒေါ်လေးက တိုးတိုးကပ်မေးသည်။

"ကိုကျော် ဝေနဲ့ ကိစ္စ ပြီးခဲ့ပြီလား၊ အဆင်ပြေတယ်မဟုတ်လား"

ဦးလေးခင် စိတ်ဝင်စားချက်အရ ဒေါ်လေးသည် ဝေနှင့် ကိုကိုကျော်တို့၏ကိစ္စကို အကောင်းအမွေ မစီစဉ်နိုင်သေး။ ကိုကိုကျော်ကိုသာ အချိန်ရတိုင်း မီးထိုးပေး၏။ ကိုကိုကျော်ကလည်း 'ဖြေးဖြေးပေါ့ ဒေါ်လေးရယ်၊ ဝေ စာကျက်နေတယ်၊ စာမေးပွဲဖြေနေတယ်၊ စိတ်အနှောင့်အယှက် ဖြစ်နေပါမယ်' ဟုသာ အတန်တန် ဆိုင်းငံ့ခဲ့၏။

ဝေ စာမေးပွဲပြီးသည့်နေ့ပင် ကျော်ခဲ့ပြီကို ဒေါ်လေးသည် သတိပေး၏။ ယနေ့ရောက်က ကိုကိုကျော်သည် 'ဝေနားပါစေဦး'ဟု ဆောကာ တတ်ခဲ့၏။ ယနေ့မူ ကိုကိုကျော်ကိုယ်၌ကလည်း သွားချင်သည်။ ဒေါ်လေးကလည်း အတင်းသွတ်ခဲ့သည်။

"အဆင်ပြေပါတယ် ဒေါ်လေး"

"အဆင်ပြေပါတယ်သာဆိုတယ် မင်းမျက်နှာကလဲ ရွှင်ရွှင်ပျပျမရှိပါလား"

"အော် ဒေါ်လေးရယ်၊ ကာနန်နေရုံမှာလား"

"ပြောစမ်းပါဦး၊ ဘယ်လိုအဆင်ပြေခဲ့တာလဲ"

"သူ ကျွန်တော့်ကို ငြင်းစရာ မလိုပါဘူးတဲ့"

"ဒါဖြင့် ပြီးပြီပေါ့"

ကိုကိုကျော် ခေါင်းခါရင်း

"သူ စဉ်းစားအုံးမယ်တဲ့"

ဒေါ်လေး ရယ်သည်။

"ဟဲ့ မိန်းမလေးဘဲ ဒီလောက်တော့ ဆိုရမှာပေါ့၊ ကဲ ဒါဆို မင်းဦးလေးကို ပြောပြလိုက်အုံး၊ အစီအစဉ် လုပ်တန်လုပ်ရအောင်"

ထို့နောက် ဦးလေးခင်နှင့် တွေ့ရသည်။ ထို စကားများကို ပြောပြသည်။

"အေး စဉ်းစားပါစေအုံးကွာ"

"ရှင်းရှင်း ဒေါ် ဖေလိုက်ရုံပေါ့ ကိုကိုရဲ့"

ဒေါ်လေးသည် အပြစ်သဲနေ၏။ "ဦး အလုပ်မဟုတ်သေးပါဘူးကွာ၊ သူတို့ လူငယ်ချင်းကိစ္စပါ၊ နောက်တော့ မင်းဖြစ်ချင်သလို ဖြစ်လာပါလိမ့်မယ်၊ စိတ်အေးအေးထားစမ်းပါ"

ဦးလေးခင်သည် ကိုကိုကျော့်ဘက် လှည့်လိုက်၏။

"မောင်ကျော်ကကော ဘယ်လိုသဘောရလဲ"

"ကျွန်တော်လဲ စုအဖြေကို အတိအကျ စောင့်ချင်ပါသေးတယ်၊ သူ့စိတ်ထဲက မပါဘဲဆိုရင် မကောင်းပါဘူး"

ဒေါ်လေး မျက်စောင်းထိုး၏။ ဦးလေးပြုံး၏။

မောင်ကျော်ဟာ ဦးလေးသင်ထားတာထက် သဘောပြည့်ပါတယ်ကွာ၊ ဦးလေး ဝမ်းကျေးပါတယ်၊ ယောက်ျား ကောင်း တို့ရဲ့စိတ်ဓာတ်ဟာ အနိုင်မကျင့်ချင်တဲ့စိတ်ဓာတ်ဘဲ၊ အေး စုက ပစ်ပစ်ခါခါကြီး ငြင်းရင် မင်းနဲ့ စုကို နေရာချထားပေးဘို့ ဦးလေး ဆုံးဖြတ်လိုက်ပါပြီ"

ကိုကိုကျော့်အဖို့ ထိုစကားစုသည် ပျော်စရာ ဖြစ်ပါ၏။ ကိုကိုကျော်သည် ခရီးထွက်ရန်အတွက် အစီအစဉ် များကို ဝေဝေဖြာဖြာလုပ်နိုင်၊ အလုပ်အတွက် လိုအပ်သော ပစ္စည်းအနည်းငယ်သာ ထည့်ပိုးထုပ်ပြင်၏။ ပြီးတော့ အိမ်ရာပေါ်မှာ တလှဲ့လှဲ့၊ ဘယ်လူး ညာလိမ့် အိပ်လိုက် ထလိုက် လမ်းလျှောက်လိုက်၊ အော် အချစ်မီးသည် တောက်လောင်နိုင်စွာတကား။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x

စုသည် အိမ်ရာပေါ် သို့ ပြေး၍ မှောက်လိုက်၏။ လက်ထဲက ပန်းရည်းကိုပင် လွှတ်မချနိုင်။ အဝတ်လည်း မလဲနိုင်သေး။ စု ငိုသည်။ သူသည် ဘဝတလျှောက်လုံး သည်းထန်စွာ ငိုကြွေးခြင်းကို ယခင်က နှစ်ကြိမ်ပြုခဲ့ဘူး၏။ သူ့အမေ ထိမ်းပါးမျက်စီးသွားစဉ်က တခါ။ ပြီးနောက် မောင်မောင်တင်က ယုတ်မာ ရိုင်းစိုင်းစွာ အကြံပက်စက်ခဲ့စဉ်တုန်းက တခါ။ ယခု တခါ။

ပထမအကြိမ်ငိုခြင်းသည် ဝမ်းနည်းခြင်း ကြီးစွာဖြစ်၍။ ဒုတိယအကြိမ်ငိုခြင်းသည် နာကျည်းခြင်း ကြီးစွာဖြစ်၍။ ယခု တတိယအကြိမ်ငိုခြင်းမှာမူ ဝေခွဲမရခြင်း ကြီးစွာ ဖြစ်၍။ မိန်းမတို့အဖို့ စိတ်ဝေဒနာကို ကုစားရာ၌ ထွက်ပေါက်သည့် ငိုကြွေးခြင်းဖြစ်၏။ သူတို့သည် ငိုကြွေးခြင်းကို အမျိုးမျိုးအသုံးချ၏။ သူတို့၏ အကောင်းဆုံး လက်နက်သည် ငိုခြင်းမဟုတ်ပါလော။ ဝမ်းနည်းလျှင်လည်း ငို၏။ဒေါသဖြစ်လျှင်လည်း ငို၏။

နာကျည်းလျှင်လည်း ငို၏။ ပြုံးသာရာတွေ့ပြန်၍ စိတ်ရှုပ်ထွေးလျှင်လည်း ငို၏။ ဝမ်းသာလျှင်ပင် ဝမ်းသာလွန်းလို့ဟုဆိုပြီး ငိုကြ၏။

ပန်းအည်းကလေးကို ကြည့်မိသည်။ အနီလွင်လွင် ကလေးများမှာ လှလိုက်သည့်ဖြစ်ခြင်း။ ကြည့်နေရင်းနှင့် မျက်ရည်ပေါက်တို့သည် ပန်းပွင့်နီကလေးများပေါ် သို့ ကျသွားသည်။ စိတ်မကောင်းပါ၊ သည့်ချစ်ပန်းပွင့် ကလေးများ ပေါ် သို့ မျက်ရည်စုများ ကျမိပါပြီ။ ခွင့်လွှတ်ပါ ကိုအောင်ရယ်၊ ဓဓ ပြောပြလိုက်ချင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုပြောရမလဲ၊ ဓဓ မပြောခဲ့တတ်တော့ဘူး။

ဓဓကို ကိုအောင် တမြတ်တနိုး တယုတယ ချစ်တယ်ဆိုတာ ဓဓ သိပါတယ်။ ဓဓလည်း ကိုအောင့်ကို ချစ်ပါတယ်။ ဒါပေမယ့် ကိုအောင်၊ ကိုအောင့်ကိုချစ်ပါတယ်လို့ ဓဓ မပြောသာဘူး။ ဓဓ မျက်နှာ မျှောချင်ပါဘူး ကိုအောင်ရယ်။ နောက်ပြီးတော့ ဓဓ တကိုယ်လုံးဟာ ကိုအောင် မြတ်နိုးသလောက်တဲ့ နေရာမရှိတော့ပါဘူး။ ဒီတော့ ကိုအောင်ရယ် ဓဓ အသဲနှလုံးကိုဘဲ ကိုအောင်ယူပါ။ ဓဓကို မလိုချင်ပါနဲ့တော့ကွယ်။ ဓဓ ကိုအောင့်ကို အသဲနှလုံးအားပြီး ချစ်လိုက်ပါမယ်။

ဓဓနဲ့ ကိုအောင်နဲ့ အစောဆုံးတွေ့ခဲ့ကြရင် ဘယ်လောက်ကောင်းမလဲ။ ပြီးတော့ တကယ်လို့များ ကိုအောင်က ဓဓကို စောစောစီးစီးရင်ဖွင့်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ သည့်လိုဆို ဓဓ ကိုကိုကျော့်ကို အကျိုးအကြောင်း ပြောပြပြီး ငြင်းခဲ့မှာပေါ့။ ခုတော့ ခုတော့ ဘယ်လို ထပ်ငြင်းရမလဲ။ ငြင်းပစ်လိုက်ရအောင်လည်း ကိုကိုကျော့်မှာ အပြစ်မရှိ။ ကိုကိုကျော်ကလည်း ဓဓကို ချစ်သည့်မှာ အစစ်အမှန်။ ဓဓ ဘယ်လိုဆုံးဖြတ်ရမလဲ ကိုအောင်ရယ်။

ဓဓသည် ငိုရှိုက်၍ တတွတ်တွတ် ပြောပစ်ချင်သည်။ သူစဉ်းစားဆုံးဖြတ်၍မရနိုင်း အခြားသူတယောက်ကို အပြစ်ဖို့ချင်နေသည်။ ကိုအောင် နောက်ကျလို့ ဟု၍။ အမှန်က သူသည် အောင်လတ်နှင့် ကိုကိုကျော်ကို ယှဉ်၍ ရွေးနေခြင်းဖြစ်ပါသည်။ သူသည် မပြတ်သား။ အကယ်၍ ကိုကိုကျော်ကိုဘဲ ချစ်သည်ဆိုလျှင် အောင်လတ်ကို ငြင်းပယ်လိုက်၊ အောင်လတ်ကို ချစ်သည်ဆိုလျှင် ကိုကိုကျော်ကို အပြတ်ငြင်းပယ်လိုက်။ ဒါဘဲရှိသည်။ ခုတော့ သူသည် နှစ်ယောက်စလုံးကို တချိန်တည်းချစ်နေသည်။

အောင်လတ်ကို ချစ်ခြင်း၌ အထင်ကြီးခြင်းမပါ။ နှလုံးသားက တိုက်တိုက်ဆိုင်ဆိုင် တောင်းဆိုသောအချိန်နှင့် အောင်လတ်က သူ့ထံ လာရောက်ချည်းကပ်သောအချိန်တို့ ကျညီနေသဖြင့်၎င်း၊ အောင်လတ်နှင့် အနေနီး သောကြောင့် အောင်လတ်၏ အရွှင်အစရေး မယူတတ်သော၊ တည်ကြည်ရိုးသားသော၊ ဆွဲဆောင်နိုင်သော ရုပ်ရည်ရှိသော၊ စိတ်သဘောဖြူစင်၍ ကူညီတတ်သော၊ သူ့ပေါ် မကောက်မကျစ် ဆက်ဆံသောအကြောင်းများ၊ အရည်အချင်းများကို သိရသောကြောင့်၎င်း ချစ်လာရ၏။

ကိုကိုကျော့်ကို စိတ်ဝင်စားခြင်း၌မူ အထင်ကြီးခြင်းသည်လည်းပါ၏။ အထင်ကြီးဖွယ်ကောင်းသော ကိုကိုကျော်သည် အကျင့်စာရိတ္တလည်း ကောင်း၏၊ ရိုးသားဖြူစင်၏။ မိမိကိုလည်း တကယ်ချစ်၏။ အရွှင်အစရေး သဘောလည်းမဟုတ်။ မညံ့သောရုပ်ရည်လည်းရှိ၏။ စီးပွားချမ်းသာနှင့်လည်း ပြည့်စုံ၏။ ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံသော ကိုကိုကျော့်အကြောင်းကို သိလာရသောအခါ သူသည် ကိုကိုကျော့်ဘက်သို့ စိတ်ယိုင်ခဲ့ခြင်းသာ ဖြစ်သတည်း။

ဓဓ၏မသိစိတ်သည် ချစ်ခြင်းမေတ္တာ၏ အဆက်အဖြစ် နေရေးထိုင်ရေး၊ ဘဝ အဆင်ပြေရေးများပေါ် စိတ်ကူးနေ၏။ ထို့ကြောင့်သာ သူမပြတ်သားနိုင်ခြင်း ဖြစ်ပါသည်။ သူသည် အချစ်အတွက် ရွှန်းစားလိုသော အရွယ်ကို လွန်ခဲ့ပါပြီ။ နှိုင်းနှိုင်းချိန်ချိန် တွေးတွေးဆဆ ဆုံးဖြတ်ချင်သော အရွယ်သို့ တိုင်ခဲ့ပါပြီ။

သို့ရာတွင် သူ၌ နှလုံးသားမဲ့နေသည်မဟုတ်။ နှလုံးသားဖြင့်လည်း ချစ်တတ်ပါသေးသည်။ လူ့ဘဝ တစ်လျှောက်လုံး နှလုံးသည် ခုန်နေမည် ဖြစ်ပါ၏။ နှလုံးခုန်နေသမျှကာလပတ်လုံး နှလုံးသား၌ တည်သော

အချစ်သည်လည်း ရှိပါစေ။ သူသည် နှလုံးသားနှင့် အောင်လတ်ကိုချစ်၏။ ဦးနှောက်နှင့် ကိုကိုကျော်ကိုချစ်၏။ ယခုစိတ်၌ နှလုံးသားနှင့် ဦးနှောက်တို့ အားပြိုင်နေကြသည်။ သည်ကြားထဲမှာပင် သူ့ကိုအတိတ်တစ္ဆေက ခြောက်လှန့်နေသေး၏။

အဝတ်လဲရင်း မှန်ပြင်၌ သူ့ရုပ်သွင်ထင်နေသည်ကို ကြည့်၍ စဉ်းစားမိသည်။ သည်ပါးများသည် နမ်းတိုင်း ရှိုင်းရသည်ဆိုလျှင် ခေရှ ပါးမို့မို့များ ရှိတော့မည်မဟုတ်။ စုပ်ယူတိုင်းသာ ပွန်းချိုပွန်းချို ပါသွားမည်ဆိုလျှင် သည်နှုတ်ခမ်းများ ရှိတော့မည်မဟုတ်။ အို ထိတိုင်းသာ ပဲ့ရွဲ့ပဲ့ရွဲ့ ပါသွားမည်ဆိုလျှင် ယခုတကိုယ်လုံးပင် ရှိတော့မည်မဟုတ်။ နွမ်းနေပြီဖြစ်သော နှုတ်ခမ်းများကို စနမ်းချင်ပါနဲ့တော့ ကိုအောင်ရယ်၊ ကိုကိုကျော်ရယ်။ ယခုတကိုယ်လုံး အနှစ်သာရရှိရယ်လို့ မကျန်တော့ဘဲ ရှင်တို့ရယ်။ မေ့ကို သည်လိုမိတ်ဆောင်ကတော့ ဝေးနေကြမဲ့အစား မေ တယောက်ထဲဘဲ နေပါရစေလား။ မေ့ကို ခွင့်လွှတ်လိုက်ကြပါတော့လား။

မေ ငိုပြန်သည်။ "ဘယ်လိုလဲ မေ၊ အောင်မြင်စွာဆုတ်ခွာလာခဲ့ပြီလား"

ကျော်စိန်နှင့် ဖေသန်းတို့က ဆီးကြိုနှုတ်ဆက်သည်။

အောင်လတ်၏မျက်နှာသည် မှုန်မှိုင်းနေ၏။ ဤသည်ကိုကြည့်၍ ကျော်စိန်တို့က နောက်လိုက်သည်။ အောင်လတ် ဘယ်သူ့ကိုမုန်းမသိ ပေါ်သဖြစ်နေသည်။ အောင်လတ်သည် စလှောင်ထံသွားပေါ်နီးက ကြိုးပါး သွားသည်။

"မော့ ပိုင်ပါတယ်ကွ" ဟူ၍ ယခုမူ သူ့မျက်နှာက ရွှင်ရွှင်ပျပျမရှိ။

"အမေက ငယ်သေးတယ်တဲ့ရှင် တဲ့လား"

အောင်လတ် သူတို့ကို စွန်းတုံ့မပြန်၊ အတွင်းခန်းကိုဝင်၍ လုံချည်လဲလိုက်သည်။

"ရောက်ပါလာကြပြီလော"

"မသက်ညှာသူကြီး၏ အသဲတွေ ကြေကြောင်းသည်"

အရေ့ခန်းမှ ကျော်စိန်တို့ လောင်နေကြသည်။ အောင်လတ် သည်းမခံနိုင်တော့၊ အောင်လတ် အော်လိုက်သည်။

"တော်ကြစမ်းပါကွာ"

"အမြဲအနေ ကောင်းပါ့မတော့ဘူး မော့"

"အချွန်ပိတ်ကြသကဲ့ အကျအဆုံးများသည်"

အောင်လတ် နားမခံနိုင်တော့သဖြင့် ခေါင်းအုံးနှင့် နားရွက်ကို ပိတ်ထားလိုက်သည်။ ရယ်သံ၊ လှောင်သံ၊ ကြောင်သံ တို့ကို မလုံးစေ့ ကြားနေရသေးသည်။ သို့သော် ကြာကြာမကြာ၊ သူ့အဖြစ်တွေကို ပြန်တွေးရင်း ကျော်စိန်တို့၏ အသံသည် ဝေး၍ ဝေး၍ ပျောက်သွားသည်။ မေ့ကိုချစ်တယ်ဟု ပြောလိုက်စဉ်တော့၌ မေ ဘာကြောင့် မျက်ရည်မိုင်းသနည်း။ ဘာကြောင့် ခေါင်းခါသနည်း။ ဘာကြောင့် ငိုသနည်း။ သူတို့နှစ်ယောက် ဘယ်က ပြန်လာကြသနည်း။ ကိုကိုကျော်က မေ့ကို ဘယ်သို့များ ပြုလိုက်သနည်း။ မေ နစ်မွန်းခဲ့ပြီလော။ ကိုကိုကျော်သည် လူယုတ်မာလော။

မိမိကို သူချစ်သည်ဟုထင်ခဲ့သည်။ သူသည် အစဉ်သဖြင့် လိုလိုလားလား လက်ခံစကားတွေ ပြောခဲ့သည်။ ချစ်စကားမကျတကျပင် ပြောဘူးသေးသည်။ ချစ်ဟန်တွေလဲ ပြဘူးသေးသည်။ ယခုမျက်လုံးများက စကားပြောပါသည်။ မေ သူ့ကိုချစ်ပါသည်။ အောင်လတ်စိတ်ထဲ၌ သိပါသည်။ ယခုနှင့်သူသည် အသဲချင်း သိပြီးသားပါ၊ သို့ဖြစ်လျှင် မေသည် မိမိက ချစ်ကြောင်းပြောသောအခါ ဘာကြောင့် ငို၍ ခေါင်းခါသနည်း။

အောင်လတ်သည်မေနှင့် တွေ့ခဲ့ရသောအချိန်များကို ပြန်လှန်အောက်မေ့မိသည်။

ဆံပင်ကိုဖြန့်၍ဖြီးသင်ရင်း ဘီးကိုလွှတ်ချလျက် ပြန်ထောက်အဖြေကို သူစောင့်သည်။

လက်ချောင်းကလေးများ ပွတ်လျက် နဲ့၍၊ ငုံ၍၊ ရော၍ စကားများ ဆိုဘူးသည်။ အမျိုးစုံသော ရောမှုတာမှုများကို ပြုပြမဲ့သည်။ သူသည် အောင်လတ်ချောင်နေစဉ်ကလည်း လိုက်၍ရှာဘူးသည်။ ချောင်နေရကောင်းလား၊ သူ့ဆီ မလာရကောင်းလားဟု ရန်တွေ့ဘူးသည်။ သူသည် အောင်လတ်ကို ချစ်ပါလိမ့်မည်။ သူ့ရင်ထဲက လူအကြောင်း အောင်လတ်ကို အရင်ဆုံး အသိပေးပါမည်တဲ့။ သူ အောင်လတ်ကို ချစ်ပါလိမ့်မည်။ သို့မဟုတ် သေသည် ချစ်ဟန်ဆောင်ခြင်း အရာ၌ တဖက်ကမ်းခတ် တတ်မြောက်သော မိန်းမဆိုးလေလား။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၃)

အောင်လတ်သည် ဗိုအာဝါး ရွှေဦးရက်များကို စိတ်လေ့ရှာကုန်ဆုံးစေခဲ့သည်။ သည်အတွင်း ဧဝ တောင်ငူသို့ ပြန်သွားသည်။ အောင်လတ်သည် စာမေးပွဲဆောင်စာရင်း စောင့်ရင်း ရန်ကုန်မှာပင် ဧကစ္စရှုတ် အဖိုင်းအစကဲ့သို့ လှုပ်နေခဲ့သည်။ ကျော်စိန်သည်လည်း သူနှင့်အတူ ရှိနေသည်။ သူ နယ်သို့ မပြန်ဆို၍ ကျော်စိန်လည်း မပြန်တော့။ ရွှေဦးကို တွေဝေစွာ ကုန်ဆုံးနေစဉ်အတွင်းမှာပင် တညနေ၌ ကျော်စိန်သည် စကားလက်ဆောင်တခု ယူလာ၏။

"ဟောကောင် မင်း ဝေဝေလေလေပြန်ရောက်နေပြီ၊ အဲဒါ မင်းနဲ့ တွေ့ချင်လို့ လွှတ်လိုက်ပါဦးတဲ့၊ သွားမိအောင်း၊ ပြန်လာလို့ ဖူးဆောင်လာရင် လူဘို့ ရေပိုဆီအဆောင်သင့် ထုတ်ထားလိုက်မယ်" ကျော်စိန်သည် အောင်လတ်ပြောပြ၍ ဝေလွင်နှင့် အောင်လတ်တို့အကြောင်းကို အစအဆုံး သိထားပြီးဖြစ်သည်။ အောင်လတ်အပေါ် ၌လည်း မရှင်မရဲ ဖြစ်နေသည်။ အဆောကြီးထဲက သံယောဇဉ်ဖြတ်ဖို့ ပြောထားခဲ့သည်ကို သူနားမထောင်ခဲ့။ သို့ရာတွင် သူငယ်ချင်း ဓာတ်ရည်ကိုတော့ စိုးရိမ်၏။ သူ့အချစ်ကိုလည်း မရှုတ်ချချင်။ ကျော်စိန် ရှုတ်ချချင်နေသည်မှာ လှည့်စားတတ်သော မိန်းမတို့၏ အကျင့်ကိုဖြစ်၏။

အောင်လတ် ပြောပြသမျှဆိုလျှင် ဝေလွင်လွင်သည် အောင်လတ်ကို မချစ် မဟုတ်။ ချစ်ကောင်း ချစ်လိမ့်မည်။ သို့ရာတွင် အောင်လတ်၏ ရှို့တဲ့သော အခြေအနေကို မလွဲမသွေ သည့်စဉ်းစားသဖြင့်သာ အောင်လတ်၏အချစ်ကို ပြောင်ပြောင်တင်းတင်း မတုံ့ပြန်ခြင်း ဖြစ်ရမည်။ ဤသို့ တွေးထင်သည့် အတိုင်းလည်း အောင်လတ်ကို ပြောပြခဲ့သည်။ သို့ရာတွင် အောင်လတ်သည် ဝေလွင်လွင်နှင့်ပတ်သက်၍ တစာစာ တွက်ထားသူ ဖြစ်၏။ ဟုတ်မေမည်။ အောင်လတ်က ဝေလွင်ကို ချစ်နေသည်ကိုး။

ရွှေညနေ နေခြည်အဆောင်းသည် အင်းယားကန်ပတ်ဝန်းကျင်ကို ရွှေရည်လောင်းပေးထား၏။ မြူမင်းလွင် မောင်းတဆိုင်းနှင့် နေရောင်ခြည်သည် ကျူးတော့တော့ ရှိ၏။ အောင်လတ်သည် ဝေလွင့်အဆောင်သို့ ရောက်သောအခါ ဝေလွင်သည် အသင့် ထွက်ကြိုနေ၏။ အောင်လတ်သည် အိတ်ထဲတွင် နှင်းဆီပန်းနီနီကလေး တစ်ပွင့်တော့ ပါလာပါသေးသည်။ သူသည် နောက်ဆုံးအကြိမ်အဖြစ် ဖြစ်စေ ဧဝ့ထံကို ပန်းဆက်လိုပါသေးသည်။ ဝေသည် အဆောင်တွင်းသို့ မဖိတ်တော့။

"လမ်းလျှောက်ကြရအောင်လား ကိုအောင်"

"သွားလေ"

သူတို့နှစ်ယောက် ဘာစကားမှ မပြောဖြစ်ဘဲ တရွေ့ရွေ့လျှောက်လာကြသည်။ ဝေက ရှေ့က လှမ်းသည်။ အောင်လတ်က နောက်က တလှမ်းနောက် ချန်လျက် လိုက်ပါလာသည်။

မေသည် အင်းယားကန်စောင်းသို့ လျှောက်ခဲ့၏။ ကန်စောင်း သစ်ပင်ကွယ်သို့အထိ လျှောက်ခဲ့၏။ သည်နေရာတွင် သူသည် မောင်မောင်တင်၏ အနမ်းများကို စောင်းခံစားခဲ့ရ၏။ သည်နေရာမှစ၍ သူ့ဘဝ အပြောင်းအလဲ တဆစ်ချိုး ချိုးခဲ့ရ၏။ သည်နေရာလေးကို သူမမေ့နိုင်ပါ။ မေက ကမ်းစပ်သစ်ပင်ကွယ်တွင် ရပ်လိုက်၏။ မေ့မျက်နှာ၌ လွမ်းရိပ်များ တွေ့ရသည်။ သူသည် ကန်ရေပြင်ကို ငေးနေ၏။ မျက်ရည်စသည် သူ့မျက်ဝန်းစပ်၌ တွဲခိုနေသည်ထင်ရ၏။ သူ့မျက်ဝန်းသည် ရွှန်းစိုလဲ့နေ၏။ အောင်လတ်သည် မေ့မျက်နှာရိပ်ကို ကြည့်၍ သူ့အတွက် မြော်လင့်ချက် နည်းနေပြီဖြစ်ကြောင်း သိလိုက်၏။ သူ့ရင်သည် တုန်ကျင်နေ၏။ မေ မည်သို့သော စကားများ ပြောမည်နည်း။ ဘယ်သို့ပင် သူ့ကိုပစ်ပစ်ခါခါ ပြုဦးတော့ သူ သိမ်ခံစားရမည်မဟုတ်ဟု ထင်နေသည်။ အမှန်ကမူ နာကျင်၍ ရင်က တုန်နေခြင်း ဖြစ်၏။ ထို့ကြောင့် မေ၏ ဥပေက္ခာစကားတို့ကို ကြားနာရန် သူ့ကိုယ်သူ အားတင်းလိုက်သည်။

"ပြောစရာရှိသေးသလား မေမေ"

မေ ငေးမှိုင်နေရာမှ လှည့်ကြည့်လာ၏။ ပြီးနောက် မပြုံးမရယ်ဘဲ စကားဆိုသည်။

"မိန်းမတစ်ယောက်အဖို့ ချစ်တာနဲ့ လက်ထပ်တာဟာ အစဉ်သဖြင့် တစ်ထပ်တည်းကျတယ်ဆိုတာ ကိုအောင် လက်ခံရဲ့လား ဟင်"

အောင်လတ် ပြုံးလိုက်သည်။ မေပြီ။ မေ၏ 'အလွမ်းသော အနာနဲ့ဆို' သော စကားတို့ မေပြီ။

အောင်လတ် မသိဟန် ဆောင်လိုက်ပါသည်။

"ဘာကို ဆိုလိုပါလိမ့် မေမေ"

"အော် မိန်းမတို့ရဲ့ ဘဝဟာ ချစ်သူကို လက်ထပ်နိုင်ဖို့ အခွင့်အလမ်း နည်းပါးတယ်လို့ ပြောချင်တာပါ"

"ဟုတ်ကဲ့ ပြောပါ"

မေ အောင်လတ်ကို လှည့်ကြည့်သည်။ အောင်လတ်၏မျက်နှာ၌ သရော်သော အရိပ်အရောင်ကို တွေ့ရ၏။ မေ ပြုံးဖြစ်ပါသည်။

"ကိုအောင်ရယ် မေ့ကို နားမလည်နိုင်သေးဘူးနော်"

"ဟုတ်ကဲ့ ကျွန်တော်လေ ဘာကြီး တစ်ခုလုံးကို နားမလည်နိုင်သေးပါဘူး"

"ကိုအောင် မေ့ကို စိတ်နာသွားပြီလား"

"မေမေ ဆက်ပြောပါအုံး"

"မေ့ကို စိတ်နာသွားပြီလားလို့ မေးနေပါတယ် ကိုအောင်"

"ကျွန်တော် မေမေ့ကို ဘာဖြစ်လို့ စိတ်နာရမလဲ ဟင်"

မေမေ ရယ်လေသည်။ သို့သော် ပျော်သောကြောင့် ရယ်ခြင်း မဟုတ်ပါ။ စိတ်ထဲ၌ မကြည်သာခြင်းကို ရယ်ပစ်လိုက်ခြင်းဖြင့် စိတ်သက်သာရာ ရလေမလားဟုထင်၍ ရယ်ခြင်းဖြစ်၏။

"ပြောပါ မေမေ ကျွန်တော် နားထောင်နေပါတယ်"

ပြောချင်ပါတယ် ကိုအောင်"

မေ အနည်းငယ်မျှ တုံ့ဆိုင်းလိုက်သည်။

"ကိုအောင်"

"ဟုတ်ကဲ့ ပြောပါ မေမေ"

မေ ပြောရပါတော့မည်။ ပြောကို ပြောရပါတော့မည်။

"မေ လက်ထပ်တော့မယ် ကိုအောင်"

အော် မေ လက်ထပ်တော့မည်ကိုး။ ကောင်းပါသည် မေ လက်ထပ်မည်ဆိုခြင်းကို ကျွန်တော့်အား ပြောရန်မလိုပါ။ အောင်လတ်ရယ်၏။ သောကကြီးကိုမည်သည် နာကျည်းလှွင့်လည်း ရယ်တတ်ပါ၏။

"ဟုတ်ကဲ့ ကျွန်တော် ဘာအကူအညီပေးရမလဲ"

မေ နားလည်လိုက်ပါသည်။ အောင်လတ် စိတ်နာနာနှင့် ယိုနေခြင်းကို နားလည်လိုက်ပါသည်။

"ကိုအောင် မေ့ကို စိတ်နာနေမယ်ဆိုတာ မေသိထားပါတယ်၊ ဒါပေမယ့် ကိုအောင်ရယ် မေပြောပါရစေ၊ ကိုအောင့်ကို အကြေးကတည်းက ပြောထားခဲ့သလို မိန်းမတစ်ယောက်အနေနဲ့ ချစ်တဲ့သူကို လက်ထပ်ဖို့ သိပ်စက်ခဲ့ပါတယ်"

အောင်လတ်သည် ခြောက်ကပ်သော ရယ်ခြင်းကိုပြု၏။

"ကျွန်တော် ရှေ့ဆက်သေးလို့ အဲဒီလောက်အထိ နားမလည်နိုင်ပါဘူး မေ"

"စကားကို ဆုံးအောင် နားထောင်ပါ ကိုအောင်ရယ်၊ ပြီးတော့ မေ့ကို အပြစ်တင်ချင်သလောက် တင်ပါ"

အောင်လတ် ဘာမျှဆက်မပြောနိုင်ပါ။ သူ့စကားကို ဆက်နားထောင်ရုံသာ ရှိပါ၏။

"မေ ပြောခဲ့ပြီးပါပြီ ကိုအောင်၊ ထပ်ပြီး ရှင်းမပြပါရစေနဲ့တော့"

မေသည် ပြောရင်းနှင့် မျက်ရည်ဝိုင်းလာ၏။

"ကောင်းပါပြီ မေ၊ မေ ပြောချင်သမျှပြောပါ၊ ကျွန်တော် နားထောင်ဖို့ အဆင်သင့်ပါ"

မေသည် ခေတ္တမျှ တွေဝေနေ၏။

"မေ လက်ထပ်တော့မယ်ဆိုတာ ကိုကိုကျော့်နဲ့ပါ၊ ကိုကိုကျော့်နဲ့ မေ လက်ထပ်ရတော့မယ်"

အောင်လတ် ထွက်ဆပြီးသားဖြစ်ပါ၏။ စိတ်အစဉ်သည် အမြဲအနေအထားလုံးမှ တစ်ခုတစ်ခုသော အဖြေကို ထုတ်ပေးပြီးသား ဖြစ်ပါသည်။

"ဟုတ်ကဲ့ ကောင်းပါတယ်"

အောင်လတ် ခေါ့လိုက်ခြင်း ဖြစ်ပါ၏။ မေလည်း သိလိုက်ပါသည်။

"မေ ကောင်းသန့်ပါတယ် ကိုအောင်၊ မေ့ကို ခွင့်လွှတ်ပါ"

အောင်လတ် မှဲ့ပြုံး ပြုံး၏။ သူပြောစရာစကားများကို ထိန်းချုပ်ထားရသည်။ သို့သော် ထိုထိန်းချုပ်ထားသော စကားများထဲမှ အနည်းငယ်သည် ထိန်းမနိုင် သိမ်းမရ ဖွင့်ထွက်၍သွားသည်။

"ခွင့်လွှတ်တယ်ဆိုတာ အပြစ်ရှိမှ ခွင့်လွှတ်လို့ ရတာပါ၊ အပြစ်မရှိဘဲ ခွင့်လွှတ်စရာ အကြောင်းမရှိပါဘူး၊ အခု မေမှာ ဘာအပြစ်များရှိလို့လဲ၊ မေက ကျွန်တော့်ကို မချစ်နိုင်ဘူး၊ ကိုကိုကျော့်ကို ချစ်နိုင်တယ်၊ ဒါကြောင့် ကိုကိုကျော့်ကို လက်ထပ်ဖို့ ဆုံးဖြတ်တယ်၊ အဲဒါဘာဖြစ်သလဲ၊ ကျွန်တော် ခွင့်လွှတ်ဖို့တော့ လိုသေးသလား၊ ကိုယ်ချစ်တဲ့သူကို ကိုယ်လက်ထပ်ဖို့ဆုံးဖြတ်တာ မေအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါ"

"မဟုတ်ရှးကိုအောင်၊ မဟုတ်ဖူး"

"ဒါဖြင့်ရင် ကိုကိုကျော့်ကို မချစ်ဘဲနဲ့ လူကြီးတွေ အတင်းအကြပ်စီစဉ်လို့ လက်ခံလိုက်ရတာလား"

"မဟုတ်ပါဘူး"

"ကျွန်တော် သဘောပေါက်ပါပြီ မေ၊ မေက ကိုကိုကျော့်ကို လက်ထပ်ဖို့ဆုံးဖြတ်ရာမှာ လူကြီးတွေရဲ့ တိုက်တွန်းချက် မပါပါဘူး ဟုတ်ရဲ့လား"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

"ဒါဖြင့်ရင် မေရဲ့ ဆုံးဖြတ်ချက်နဲ့ ကိုကိုကျော့်ကို လက်ထပ်မှာပေါ့"

မေ ရှိုက်ကြီးတငင် ငိုလေသည်။ ကိုအောင် မေ့ကို နားမလည်နိုင်သေးပါလား။ မေ ကိုကိုကျော့်ကို လက်ထပ်ရန် ဆုံးဖြတ်ရာ၌ သူ့အမေ၊ ဦးလေးဒေါ်လေးတို့သည် အဓိကအခန်းမှ ပါဝင်၏။ အားလုံးက မေနှင့် ကိုကိုကျော့်ကို သဘောတူသည်။ မေလည်း ငြင်းရန် အကြောင်းမရှိ။ ထို့ကြောင့် ဦးလေး၊ ဒေါ် လေးတို့ရှေ့၌ မေ ကတိပေးခဲ့ပြီးပါပြီ။ ကိုကိုကျော့်ကို ယူပါမည်ဟု။

အောင်လတ်က ယခုကဲ့သို့ 'မေ့ဆန္ဒနဲ့ မေ ဆုံးဖြတ်သလားဟု' မေးသည့်အတွက် မေ အဖြေရ ခက်လှပါသည်။အမှန်က အားလုံး၏ ဆန္ဒနှင့် မေ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကိုကိုကျော့်နှင့် နောက်ဆုံးတွေ့ပြီးနောက် ဦးလေးသည် မေ့ကို ခေါ်တွေ့သည်။ ကိုကိုကျော့်နှင့် အကြောင်း မေးသည်။ မေ ရှုသွာပါ။ သူ ကိုကိုကျော့်ကို ငြင်းစရာ မလိုကြောင်းပြောသည်။ ချစ်သူရှိသေးလားဟု မေးသေးသော်လည်း မေ သူ့မှာချစ်သူမရှိပါဟု ဖြေသည်။ ဟုတ်တော့ မဟုတ်ဘူးလား။ မေနှင့် အောင်လတ်သည် သမီးရည်းစားမှ မဖြစ်ကြရသေးဘဲ။

သည့်နောက်တော့ လက်ထပ်ဖို့ အစီအစဉ်များ လုပ်ကြတော့သည်။ မေသည် တွေဝေစွာ၊ မောဟဖုံးလွှမ်းစွာဖြင့် လက်ထပ်ရေးကိစ္စကို သဘောတူခဲ့၏။ ပြီးတော့လည်း သူမပြတ်သား၊ အောင်လတ်က အဖြစ်ဆိုးမှာ ကြောက်နေသေးသည်။ သည်တော့ အောင်လတ်ကိုတွေ့၍ တောင်းပန်ချင်သည်။

"တောင်းပန်ပါတယ် ကိုအောင်ရယ် ခွင့်လွှတ်ပါ"

"ဘာဖြစ်လို့ ခွင့်လွှတ်ရမှာလဲ မေ၊ မေက မေဘဝ အစစအဆင်ပြေဖို့ ကိုကိုကျော့်ကို အိမ်ထောင်ဘက် အဖြစ် ရွေးတယ်၊ ဒါဓါ ကျွန်တော်နဲ့ ဘာဆိုင်သလဲ"

"မေနဲ့ ကိုအောင်နဲ့ ဘာမှမဆိုင်ဘူးလား ဟင်"

"ဆိုင်လို့လား မေ၊ ဆိုင်ခဲ့လို့လား၊ ဆိုင်သေးလို့လား"

အောင်လတ် တုန်ယင်လှိုက်လဲလာ၏။

မေ့တွင် မျက်ရည်စို့နေပြီ။

"ကိုအောင် မေ့ကိုစိတ်နာမယ်ဆိုတာ မေ သိထားပါတယ် ကိုအောင်ရယ်၊ မေတို့ စိတ်ကူးယဉ်ခဲ့ကြတာပါ၊ အချစ်ကို စိတ်ကူးယဉ်လို့ရမယ် ဘဝဆိုတာ စိတ်ကူးယဉ်လို့ မရပါဘူး၊ မေ့ ဘဝနဲ့ မေ့ အခြေအနေအရ ကိုကျော့်ကို လက်ထပ်ရမှာပါ၊ မေ သူနဲ့ လက်ထပ်ရမယ် ကိုအောင့်ကို မချစ်လို့ မဟုတ်ဘူးဆိုတာတော့ ယုံပါ"

သူတို့နှစ်ယောက်သည် တာရှည် ဟန်ဆောင်ဖုံးကွယ်၍ မနေနိုင်ကြတော့ပါ။

"ဒါဖြင့် ချစ်လို့လား"

အောင်လတ်၏ အသံ၌ ဒေါသတစေး ပါနေ၏။

"မပြောပါရစေနဲ့ ကိုအောင်ရယ်၊ မေနဲ့ ကိုအောင်နဲ့ဟာ တယောက်ရင်ထဲက အကြောင်းကို တယောက်ရင်ထဲက သိနေကြတာပါ၊ ပြီးတော့ မေ မျက်နှာလဲ မများချင်ဘူး"

ပြဿနာက ရှင်းပါသည်။ ချစ်တော့ ချစ်တယ် ယူလို့ မဖြစ်ဘူး ဒါပါဘဲ။ အောင်လတ် ဘာမှ မပြောချင်တော့ပါ။ ရှိပါစေတော့ မေ၊ မေသည် အတန်ကြာ ငေးငိုင်နေပြီးမှ

"သည်တော့ ကိုအောင်ရယ် ကျောင်းဆက်တက်ပါ၊ ပြီးတော့ ကိုအောင့်ဘဝအတွက် ကြိုးစားပါ၊ စိတ်လေပြီး လေလော မနေပါနဲ့၊ မေ့ကိုချစ်ရင် မေ့ စကားနားထောင်ပါ၊ ကိုအောင့်အတွက် ပြောနေတာပါကွယ်၊ ကိုအောင့်ကို မေ စိုးရိမ်တယ်"

ဓာ၊ သူ ဆရာလုပ်နေပါပေကော၊ အောင်လတ်သည် ပြုံး၏။ မိန်းမများ တယ်လဲ တတ်နိုင်။

"မေက ကျွန်တော့်ကို ဆုံးမနေတာကိုး"

မရယ်ချင် ရယ်ချင် ညှစ်ရယ်၏။

"စိတ်ချပါ မေ၊ ကျွန်တော့်ဘဝအတွက် ကျွန်တော် ကြိုးစားရှာဖွေနိုင်ပါတယ်၊ ကြိုးစားလဲ ကြိုးစားမှာပါ၊ ဒါပါ မေ့ကိုချစ်လို့ မေ့စကား နားထောင်တယ် မထင်လိုက်ပါနဲ့"

မေ ရင်နာရပါသည်။ မေ့ စကားနာနဲ့ မေ့အချစ်ကို ကိုအောင် မသိပါလား။ ယောကျ်ားများရဲ့ အချစ်ဟာ လိုချင် တပ်မက်ခြင်း၌ တည်နေသည်လား။ စွန့်လွှတ်ခြင်း စွင့်လွှတ်ခြင်းဆိုတဲ့ မေတ္တာသဘော မရှိကြပါလား။ ရှိပါစေတော့လေ ကိုအောင် မုန်းချင် မုန်းပါလေတော့။

"မေ့အတွက် သိတ်စိတ်မဆင်းရဲရင် မေ ဝမ်းသာပါတယ် ကိုအောင်ရယ်၊ ကြာတော့လဲ မေ့ကို မေ့သွားမှာပေါ့"

"ဟုတ်ကဲ့ ကျွန်တော် မေ့ချင်ပါတယ်၊ ကြာရင် မေ့ကိုသာက ချက်ချင်း မေ့ပစ်ချင်ပါတယ်၊ ခင်ဗျားလို ပါရမီ မရင့်သေးလို့ ချက်ချင်း မေ့မပစ်နိုင်တောင်မှ ကျွန်တော့်ဘဝကို ကျွန်တော် ဝါသနာပါတဲ့ အလုပ်ထဲမှာ မြှုပ်ထားရင်း ခင်ဗျားကို မေ့ပစ်လိုက်ပါ့မယ်၊ မေ့ပစ်ဖို့တင်မကပါဘူး မေ၊ တကယ်လို့ ဘဝအဆက်ဆက် ဆိုတာများ ရှိရင်၊ ပြီးတော့ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင်၊ ယောကျ်ားတယောက်ကို မြော်လင့်ချက်တွေပေးထားပြီး မိုင်းတောင်း ရုံသာ ချစ်တတ်တဲ့၊ အပျင်းပြေ ကစားစရာ အရုပ်ကလေးလိုသာ ချစ်တတ်တဲ့ ခင်ဗျားလို မိန်းမမျိုးနဲ့ ဘဝဆက်တိုင်း မဆုံပါရစေနဲ့၊ သံသရာတလျှောက်မှာတောင် မတော်တဆဖြစ်ဖြစ် မကြုံပါရစေနဲ့လို့ ဆုတောင်း လိုက်ပါတယ်"

မေသည် မျက်ရည်များကြားက ပြုံးလေသည်။ ပြောချင်သမျှ ပြောပါစေ။

"မေ့အချစ်ကို တချိန်ချိန်မှာ ကိုအောင်သိလာမှာပါ၊ အချစ်ဆိုတာ စွင့်လွှတ်ခြင်း စွန့်လွှတ်ခြင်းပါ ကိုအောင်ရယ်"

အောင်လတ် ရယ်သတည်း။ မြောက်ကပ်စွာ ဟက်ဟက်ပက်ပက် ရယ်သတည်း။

"အော် အချစ်ဆိုတာ စွန့်လွှတ် အနစ်နာခံခြင်းတဲ့လား"

အောင်လတ် ခေါင်းကို မော့ရမ်းရင်း ရယ်ခြင်းကို ရပ်လိုက်၏။ "ကျွန်တော် တသိမ့်သိမ့်ချစ်ခဲ့ရတဲ့၊ ပြောရက် မဆိုရက် အရိပ်တကြည့်ကြည့် ချစ်ခဲ့ရတဲ့ ယောဂီက မေ့ကို ကျွန်တော့်လို တအုပ်ဆိုင်ကလေးဖွင့်ပြီး တကျောင်းအရိပ် ရှာနေရတဲ့ အောင်လတ်ဆိုတဲ့ အကောင်နဲ့ ဆင်းရဲပင်ပန်းစွာ အေးအေးတူပူအမျှ ဘဝကိုရုန်းကန်စေမယ့်အစား ကိုကိုကျော်လို ရာထူးဌာနနဲ့ အတည်တကျရှိပြီး တင့်တောင့်တင့်တယ် နေသွားစေနိုင်မယ့် ပုဂ္ဂိုလ်မျိုးနဲ့ နေနဲ့လ ရွှေနဲ့မြ နှစ်ဖြာပေါင်းဆက်စေခြင်းဖြင့် အချစ်စစ်နဲ့ စွန့်လွှတ် အနစ်နာခံရမယ်လား"

သူသည် လှောင်ရယ် ရယ်ပြန်သည်။

"မဟုတ်ပါဘူး ဒေါ်လေးမှင်ရယ်၊ ကျွန်တော်သိတာတော့ အချစ်ဆိုတာ လိုချင်တပ်မက်ခြင်း၊ ရယူပိုင်ဆိုင် လိုခြင်းပါ၊ စွန့်လွှတ်တယ်၊ ပေးကမ်းတယ်၊ စွန့်ကြဲတယ်ဆိုတာ ဒါနရှင်တွေနဲ့ သူဇုန်းဘားတွေရဲ့ အလုပ်ပါ၊ ခင်ဗျားတို့က ကျွန်တော့်ဆီက အချစ်အလျှ လာခံတာဆိုရင်တော့ စွန့်ကြဲလိုက်ပါ့မယ်၊ ကျွန်တော်ချစ်တတ်တဲ့ အသဲနှလုံးကို ခင်ဗျားတို့ကို စွန့်ကြဲလိုက်ပါ့မယ်၊ နို့မှာနေတော့ ဟောတော့ပါ၊ ဒီမယ်မေ ခင်ဗျားကျွန်ကို မချစ်နိုင်ဘူးဆိုရင် လက်ခံနိုင်ပါတယ်၊ ကိုယ့်ကို မချစ်တာ အတင်းချစ်ရမယ်လို့ ဘယ်ဖြစ်မလဲ၊ ဒါပေမယ့် မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ပြီး ကျွန်တော့်ကောင်းကျိုးအတွက်ဘဲ ခင်ဗျားက အနစ်နာခံရမယ့် သဘောမျိုး ရောက်အောင်တော့ ပြောမနေပါနဲ့၊ ကျွန်တော့်ကို မချစ်ပါဘူးလို့ ခင်ဗျားရင်ထဲရှိတဲ့အတိုင်း ပြောလိုက်စမ်းပါ"

အောင်လတ်သည် စိတ်ရှိလက်ရှိ ပြောပစ်လိုက်သည်။ ထိန်းချုပ်ခြင်းတို့ များသောအခါ ပေါက်ကွဲလေသည်။ မေသည် အောင်လတ်က မိမိအချစ်ကို နားမလည်လေခြင်းဟု စိတ်မကောင်းဖြစ်မိသည်။ ယောကျ်ားတို့၏

ချစ်ခြင်းနှင့် တပ်မက်ခြင်းများ၌ မိန်းမတို့၏ ချစ်ခြင်းနှင့် စွန့်လွှတ်ခြင်း များလေသည်။ မိန်းမတို့သည် မိခင်များ မဟုတ်ပါလော။ မိခင်တိုင်း စွန့်လွှတ်တတ်သည် မဟုတ်ပါလော။

"မပြောနိုင်ဘူး ကိုအောင် ခေ ကိုအောင့်ကို မချစ်တာမှ မဟုတ်ဘဲ၊ ခေ မပြောတတ်တော့ဘူး ကိုအောင်ရယ်၊ ခေ့ကို မလိုချင်ပါနဲ့၊ လိုချင်တာနဲ့ ချစ်တာ တခြားစီပါကွယ်"

ခေ ဝမ်းနည်းလာသည်။ ငို၏။ သူ့အဖြစ်ဆိုးကို ပြောပြလိုက်ချင်ပါသည်။ လိုချင်တပ်မက်ခြင်းနှင့် ချစ်ခြင်းတို့ လုံးဝမတူနိုင်ကြောင်း သက်သေပြသည့်အနေနှင့် ဆောင်ဆောင်တင်နှင့် သူတို့၏ ဤ အင်းယား သစ်ပင်ကွယ်မှ ခံခဲ့သော ပုံပြင်ကလေးကို ပြောပြလိုက်ချင်ပါသည်။ သို့သော် ရှိုက်၍ရှိုက်၍ ငိုနေသဖြင့် စကားအဖြစ် ဘာသံမှ မထွက်လာ။

မိန်းမတို့၏လက်နက် ချစ်မျက်ရည်။ အောင်လတ် အရှုံးပေးလိုက်ပါတော့မည်။ အိတ်ထဲမှ ပန်းမွှင့်နီနီ ကလေးကို ထုတ်လိုက်၏။ ခေ့ကို ပေး၏။

"ရော့ပါ ခေ၊ ကျနော်ပေးတဲ့ပန်းကို နောက်ဆုံးအဖြစ် ပန်လိုက်ပါဦး၊ ကျနော်တို့ ငယ်ငယ်တုန်းက စကားသော ဝှက်တဲ့အခါ အရှုံးပေးပြီဆိုရင် ပန်းပေးပါတယ်လို့ ပြောခဲ့ကြတယ်မဟုတ်လား၊ ခေကို ကျနော် အရှုံးပေးပါတယ်၊ ပန်းပေးတာဟာ အရှုံးပေးတာပါ၊ ခနိုင်လို့ ပေးရတဲ့ အရှုံးပါ ခေ"

"ခေ အနိုင် မလိုချင်ပါဘူး၊ ကိုအောင် ခေ့ကို နားလည်စွာနဲ့လွှတ်မယ်ဆိုရင် ကျေနပ်ပါပြီ"

ခေ တချည် ဆက်မနေချင်တော့ပါ။ ကိစ္စက ပြီးပြီဘဲ။ ခေ မျက်ရည်သိမ်းလိုက်၏။ အောင်လတ်ကို ကြည့်သည်။ အောင်လတ် မျက်ဝန်းသည် အရည်လဲ့နေ၏။ မျက်ရည်ဝိုင်းနေသည်ကော။ ခေ အောင်လတ် အနားသို့ တိုး၍ကပ်လိုက်၏။ ခြေဖျားကလေး ထောက်လိုက်သည်။ အောင်လတ်၏ ပါးကို ရှုရှုနမ်း၏။ ပါးချင်းကပ်၏။ မျက်ချင်း ပြန်စွာသည်။ ခေ့ ပါးမှ မျက်ရည်ပူတို့သည် အောင်လတ်၏ ပါးသို့ ကပ်ကျန်ခဲ့သည်။

"သွားနို့ ကိုအောင်"

ခေ ရှုန်းရှုန် ငိုချင်လှပြီ။ အောင်လတ်ကို မစောင့်ဘဲ ရှာကနဲ လှည့်ထွက်သွား၏။ အောင်လတ် ဓာတ်ဆုံးလျက် ကျန်ရစ်သည်။ ဘာမှမမြင်၊ ဘာမှမကြား၊ ဘာမှမသိ။ သတိရ၍ လှည့်ကြည့်လိုက်သောအခါ ခေသည် အတော်လှမ်းလှမ်းသို့ ရောက်နေလေပြီ။ ခေ့ကို မြင်ရသည်မှာ ဝိုးရာမှ ဝါးသွား၏။ ဝါးရာမှ မှုန်လာသွား၏။ ယောကျ်ားမှာလဲ မျက်ရည်နဲ့ပါ ခေ။ ပြောင်မငိုရဲသော ယောကျ်ားတို့၏ မျက်ရည်သည်လည်း ရင်ထဲမှ လိုက်၍ တက်လာမြဲသာ။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၄)

တလောကလုံး ဝါးနေသည်။ဘယ်အရာမှ မပြတ်သား။ လမ်းမီးတိုင်တို့သည် တခါတရံစောင်းသွား၏။ တခါတရံ လည်သွား၏။ မီးလုံးကိုမမြင်ရ၊ မီးတိုင်းကြီးသာ လည်၍နေတော့၏။ ကတ္တရာလမ်းသည် တခါတရံ မြင့်တက်သွားသလို တခါတရံ နိမ့်ဆင်း ဆောင်းရှဲ့သွားသလို။ အောင်လတ်သည် လဲသွားမည်စိုး၍ ထိန်းလျှောက်လာ၏။ ကျော့်စိန်သည် စာအုပ်ဆိုင်သိမ်းပြီး စောင့်နေသည်။

"သူ့နေကျမှာ ဒဏ်ရာတွေနဲ့ လျှော့ကြီးပေါ့ လူငယ်တင်လို့ အစေရေ အစေ့သားဖြစ်ပုံ မြင်လှည့်ပါဦးဗျ"

အောင်လတ်ပါးစပ်က ပေါက်ကရတွေ ထွက်နေ၏။ သူ ရူးလာ၏။ ရင်ထဲ၌ ငြိုးသိပ်ထားရခြင်းကို တစုတဝေးတက်အား ဖွင့်ထုတ်ပြောပြ လိုက်ချင်သည်။ ထို့ကြောင့်သာ ကျော့်စိန်နှင့် ပြန်ဆုံခြင်းဖြစ်၏။ သို့မဟုတ်လျှင် အောင်လတ်တယောက် ချောင်ချောင်မှ ဝင်ရွှေမိတော့မည်။

"ဘယ်လိုလဲဟေ့၊ ဖူးဆောင်လာလေသား"

"ဖူးဆောင်ရှိတင်ဘယ်ကမလဲ၊ ကျွဲပြီလာတာဟေ့"

အောင်လတ် မိနစ်ပျက်ရှိး လေကာအရှင်းတွင် ဝင်ထိုင်၏။ အိတ်ထဲမှ ပန်းနီနီကလေးကို ထုတ်ကြည့်၏။ ပြီး နာနာကျည်းကျည်း ရယ်၏။

"ဘာတဲ့ရယ်၊ ဓဓ အနိုင်မယူချင်ပါဘူးတဲ့၊ နောက်ပြီး ဘာတဲ့ရယ် ဘဝဆိုတာ စိတ်ကူးယဉ်လို့ မရဘူးတဲ့၊ ကိုယ့်ဘဝအတွက် ကိုယ်ကြိုးစားပါတဲ့၊ ခင်ဗျားပြောမလား ဟင် ခင်ဗျားပြောမလား၊ ခင်ဗျားကသာ ကျုပ်ဘဝ တိုးတက်ဖို့အတွက် ကျုပ်ကိုစွန့်လွှတ်ပြီး အနစ်နာခံရသလိုလို၊ ဟင် မိန်းမများ ဘယ်လဲ တတ်နိုင်"

ပန်းပွင့်ကိုကြည့်၍ ကြိုးပါအနေရာမှ ထိုပန်းပွင့်ကို ကြမ်းပြင်နှင့် ဆောင့်၍ ချေလိုက်၏။ ကျော့စိန် အောင်လတ်ကို ပြုံးကြည့်နေသည်။ သူ့အပြုံးက မံရမှုကောင်းတယ်ဆိုသော သဘော။

"ဟေ့ကောင် မင်းငါ့ကို ဒီလိုမကြည့်နဲ့ကွ"

အောင်လတ် ငိုသံပါကြီးနှင့် ပြောသည်။ ကျော့စိန် သူ့ကို ချော့ရတော့မည်။ သူ စိတ်ညစ်နေသည် မဟုတ်ပါလား။

"ကဲ ဓဓ အထဲဝင်ရအောင်၊ ပြီးတော့ မင်း ငါ့ကို ပြောချင်တာတွေ ပြော ဟုတ်လား၊ ရင်ဖွင့်လိုက်စမ်းပါကွာ"

ကျော့စိန် သူ့ကိုတွဲ၍ အိမ်အတွင်းသို့ ခေါ် သွားသည်။ အောင်လတ်သည် အမြီးအမောက် မတည့်သော စကားများဖြင့် လေလွင့်နှင့် သူ့ကို ဖြစ်ခဲ့ ပျက်ခဲ့ ပြောဆိုခဲ့သည်များကို တရှည်လည်လည် ပြောနေတော့သည်။ တခါတရံ ကြမ်းပြင်ကို လက်သီးနှင့် ထု၏။ တခါတရံ ကျော့စိန့်လက်မောင်းကို ဆုပ်၏။ မျက်ရည်များလည်း ကျ၏။ ကျော့စိန်သည် အောင်လတ်ကို လွှတ်ပေးထား၏။ အတန်ကြာသောအခါ သူလည်း စိတ်မကောင်းတော့၊ ဒေါသဖြစ်လာသည်။

"တော်ပါတော့ အောင်လတ်ရယ်၊ မိန်းမတယောက်အတွက်နဲ့ ဒီလောက်မံစားနေစမ်းပါနဲ့"

"ငါ့ရင်နဲ့ငါ အနာခံတာကွ၊ မင်းရင်ဘတ်ငှားပြီး အနာခံတာမဟုတ်ဘူး၊ ဟင်း မိန်းမများ ယောကျ်ားတွေကို အရူး လုပ်ဖို့၊ ကစားဖို့၊ လှည့်စားဖို့ အတတ်ပညာ မွေးကတည်းက ပါလာတာ၊ ဖြူစားတတ်တဲ့ အချစ်ကလေး၊ လေလွင့်မဟုတ်ဘူး၊ ကလေလွင့်"

ကျော့စိန်သည် အောင်လတ်အတွက် ကရုဏာဒေါသတွေ ဖြစ်ရသည်။ အောင်လတ်ကိုလည်း မကျေနပ်နိုင်တော့။

"မင်း သူများကို သွားစော်ကားမနေနဲ့၊ အရှုံးက မင်းအပြစ်"

အောင်လတ် မခံရပ်နိုင် ဖြစ်သွားသည်။

"ငါ့မှာ ဘာအပြစ်ရှိလဲ၊ သူဘာဖြစ်လို့ ငါ့ကို မျှော်လင့်ချက်တွေ ပေးခဲ့ရလဲ၊ နှင်းဆီပန်းဆိုတာ အချစ်ရဲ့ သင်္ကေတပဲ မဟုတ်လား၊ အဲဒါကို ဘာဖြစ်လို့ သူလက်ခံခဲ့ရသလဲ၊ တယုတယများ ပန်လို့၊ ငါ ချောင်းနေတော့ သူလိုက်လာတယ်၊ ငါ အနားကပ်သွားတော့ ဟိုလိုလို ဒီလိုလို၊ အလကား အရူးလုပ်တာ"

"လုပ်မှာပေါ့ကွ မင်းက သွားခံတာကိုး"

"ဘာခံတာလဲ"

ကျော့စိန် ရှောင်မရဲ ဖြစ်နေ၏။ သတိပေးလျက်နဲ့ ဖြစ်ရခြင်းဟု ဒေါသနေသ ဖြစ်ရသည်။

"ငါတို့ အစောကြီးထဲက သတိပေးတယ်၊ ရှောင်ခင်က သံယောဇဉ် ဖြတ်ပါဆိုတာ ပြောလို့ မရဘူး၊ ရည်တိုင်မှာ အရှည်မံရတဲ့ 'မူး'လို အဲဒီနှာသဲ တရစ်ဝဲဝဲ တဲလည်လည်နဲ့"

သူ့ကို မူးလို့ပြောသဖြင့် အောင်လတ် ဒေါသ ထလာ၏။

"ဟေ့ကောင် မင်းငါ့ကို နွားနဲ့ မနှိုင်းနဲ့ကွ"

"နှိုင်းတယ်ကွာ ၊ နွားရာ ချည်တိုင်နွား ဆုံလည်နွား"

အောင်လတ် စိတ်မထိန်းနိုင်တော့။ ဘယ်သူ့ကို ဒေါသဖြစ်ရမှန်း မသိဖြစ်နေသော အောင်လတ်သည် ဒေါသဖြစ်စရာ ကျော်စိန့်ကို တွေ့သွားပြီး သူ့ဒေါသကို ဖောက်ခွဲလိုက်၏။ ကျော်စိန့်ကို ထ ထိုးသည်။

"နွားခိုးကွာ၊ နွားခိုးကွာ"

"ဟေ့ကောင် မင်းလွန်မယ်နော်၊ မှားမယ်ဟေ့ကောင်"

ကျော်စိန် ဘာမှပြန်မလုပ်ဘဲ ရှောင်ရင်း ကာရင်း အော်နေသည်။

"လွန်တယ်ကွာ လွန်တယ်ကွာ"

အောင်လတ် ဆက်ထိုးနေသည်။ သို့သော် သူ့လက်သီးများသည် မိမိရရမဟုတ်။ အလွဲလွဲ အချော်ချော်။ မထော်သာသည့်အဆုံး ကျော်စိန်သည် အောင်လတ် မေးရိုးဆီသို့ မိမိရရ လက်သီးတလုံး ပစ်ထိုးလိုက်သည်။ နဂိုက မူးနေသော အောင်လတ်သည် မဟန်နိုင်ဘဲ လဲကျသွား၏။ ကျော်စိန်သည် ထိုအခါမှ သူငယ်ချင်းကို သနားသွားသည်။ သူကိုယ်၌ပင် မျက်ရည်လည်လာ၏။

တယောက်ကို တယောက် စိုက်ကြည့်နေကြသည်။ နှစ်ယောက်စလုံး၏ မျက်အိမ်၌ မျက်ရည်များနှင့်။

"ငါ တောင်းပန်ပါတယ်အောင်လတ်၊ မင်း ငါ့အထိုးခံရလို့ နာတာထက် မင်းရင်ထဲက အနာက အဆတရာရှိသာပြီး နာနေမယ်ဆိုတာ ငါသိပါတယ်၊ ဒီလောက် ခုလွှဲခံပြီးမှတော့ ဆက်ခံ မနေပါနဲ့တော့ကွာ၊ အဲဒီမိန်းမကို ဒို့ကျွန်းရဲ့ အပြင်ဘက်သွားပြီလို့ မှတ်လိုက်ပါတော့၊ မင်းဖြစ်ချင်တဲ့ ဘဝမျိုး ရလာအောင် ဒီအချိန် ကစပြီး တည်ဆောက်ပါတော့ကွာ၊ အမှုန်းထဲက ဒို့အဖြစ် ထုတ်ယူကြတာပေါ့"

အောင်လတ်သည် သူငယ်ချင်း၏ စေတနာကို နားလည်ပါ၏။ သူကိုယ်၌လည်း အချစ်ဒုက္ခမှန်သမျှကို မေ့ပစ်၍ သူဖြစ်ချင်သော ဘဝမျိုးတည်ဆောက်ရန် အဆင်သင့်ဖြစ်နေပါပြီ။

သူငယ်ချင်းနှစ်ယောက်သည် မျက်ရည်များဖြင့် တယောက်ကိုတယောက် ဖက်ကြ၏။

"မင်းစေတနာကို ငါနားလည်ပါတယ် ကျော်စိန့်ရယ်၊ ငါ့ကို ခွင့်လွှတ်ပါ"

နှစ်ယောက်စလုံး မျက်ရည်ကျ၏။ သည်တခါကျသော မျက်ရည်မှာသည် ဘဝရှေ့ရေး တိုးတက်ရန်အတွက် လောင်စာစွမ်းအင်။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

အပိုင်း(၅ )

**သန်းကုရေ အနမ်းအနွဲ့တွေကြောင့်**

**လွမ်းမပြေ နွမ်းရွေယဲ့ပြီကွဲ့**

**အချစ်ရယ်......**

**(မင်းမတော့ ) ပန်းတွေနဲ့ ဝေ**

(၁)

ဆော့ရှက်ခြေကြွ လေရူးနောက်၌ မှုန်ဦးပေါက်ခဲ့သည်မှာ အကြိမ်ကြိမ် ရှိပါပြီ။

သစ်ပုပ်ပင်ကြီးကရော မှုန်ဦးပေါင်း မြောက်များစွာကို ဖြတ်သန်းခဲ့ပြီးသော်လည်း သူ့ဘာ့ရှ မသိလိုက်သလေသောင်း။ တဖြည်းသိုလ် ပိဋကတ်တိုက်ဆောင်ရှိ ကုံးကောက်ပင်ပု ကလေးများသည် ကုံးကောက်ပင်ကြီးများအဖြစ် ကြီးကောင်ဝင်လျက်

ရှိကြပါပြီ။ လူ့ခါးလယ်လောက်ထိ ဆင်းသက်ဖြာဆင်းနေကြသော သစ်ကော် သစ်ရွက်တို့ပင် လက်တဆောင် နီးပါးအထိ မြင့်တက်နေကြပါပြီ။

ကံ့ကော်ပင်ခြေ ထိုင်ခုံကလေးများကမူ မပြောင်းလဲပါ။ သူတို့အနားသို့ လာ၍ ရယ်ကြ ငိုကြသော တခန်းရပ် အချစ်ပြ ဇာတ်ကလေးများကို သူတို့သည် မပြီးတမ်း ကြည့်ခဲ့ကြပါသည်။ သည်တော့ တက္ကသိုလ်၏ အချစ်ဇာတ်လမ်းများသည် သူတို့အတွက် မဆန်းပြားလှတော့။ မောင်လတ်သည် နွေဦးပေါက်ချိန်တိုင်း တက္ကသိုလ် ပရုဏ်အတွင်းသို့ လေရှူသလိုပင် ရောက်လာတတ်၏။

ယခင်မိုင်းနှစ်များကမူ တက္ကသိုလ်ပတ်ဝန်းကျင်ကို လာ၍ သူတို့ နေခဲ့ ထိုင်ခဲ့ သွားခဲ့လာခဲ့ ကြည့်ရှုခဲ့ လွမ်းဆွေးခဲ့ နာကျည်းခဲ့သော နေရာကလေးများကို ကြည့်ဆွေးရင်း ဆွေးတတ်သည်။ သည်နောက်ပိုင်း နှစ်များတွင်မူ တက္ကသိုလ် ပတ်ဝန်းကျင်ကို သူသည် လွမ်းဆွေးရန် လာခြင်းမဟုတ်တော့။ စိတ်အဆာပြေဖြေရန် လာခြင်း ဖြစ်တော့၏။ တချို့နေ့၏ နံနက်ခင်းများတွင် မြသီလာသို့ လာ၍ ဥဩသံ သွဲ့သွဲ့ကလေးများ နားထောင်၏။ ပြေးလွှား ဆော့ကစားနေသော ရွက်ကြွေကလေးများကို ကြည့်ဆော၏။ ညိုသော နီသော ပြာသော ဝါသော ပတ်ဝန်းကျင်တွင် ရှက်စီအရောင်သာယှက်၏။ နုပျိုနေသော တက်ကြွနေသော လူငယ်လေးများကို ကြည့်၍ သူလည်း နုပျိုသယောင် ခံစားရ၏။ ကြာခဲ့ပါပြီ မေ။ တဆယ့်ခြောက်နှစ်မျှသော အချိန်များ ကုန်လွန်ခဲ့ပါပြီ။ လှုပ်ရင်းရှားရင်း ရုန်းရင်းကန်ရင်း ကုန်မှန်းမသိ ကုန်သွားသော်လည်း တဆယ့်ခြောက်နှစ်မျှသော အချိန်သည် မနည်းလှပါ။

မေပြောသလို ကြာတော့ မေ့သွားမယ်ဆိုတာ ဖြစ်မလာခဲ့ပါ။ အချိန်ပေါင်းများစွာတွင် ဘဝအတွက် လှုပ်ရှားရင်း မေ့ထားနိုင်ခဲ့ပေမယ့် ကျန်သော အချိန်ပေါင်းများစွာတွင် မေတော့ မေကို သတိတရ ရှိခဲ့ပါသည်။ မှတော့ မေကို အပြစ်မတင်ချင်တော့ပါ။ မောင်လတ်သည်လည်း မေကဲ့သို့ ရင့်ကျက်ခဲ့ပါပြီ။ မေ၏ အချစ်ကိုလည်း နားလည်သယောင် ရှိလာပါပြီ။

အချစ်ဆိုသည်မှာ ရုပ်တရားနှင့် မပတ်သက် မဆက်နွယ်ဘဲနှင့်လည်း သူ့ဟာသူ တည်ရှိရှင်သန်နေနိုင်တဲ့ သဘောတရားဖြစ်ကြောင်း နားလည်ပါပြီ။ သို့ပေမယ့် ရုပ်တရားမှာ အခြေမခံပြီး ဖြစ်ထွန်းခဲ့တဲ့ အချစ်စိတ် ဖြစ်လေတော့ ရုပ်တရားကို ပြန်လည် လွှမ်းမိုးနိုင်ပါသည်။

မောင်လတ်သည် ဝေလွှင့်ကို လူချင်းမတွေ့ဘဲ နေနိုင်ခဲ့ပါသည်။ လုံးဝ အဆက်အသွယ် ဖြတ်ထားနိုင်ခဲ့ပါသည်။ ဘာသတင်းမျှ မစုံစမ်းဘဲ နေနိုင်ခဲ့ပါသည်။ သို့ရာတွင် စိတ်ထဲကတော့ သတိရ နေတတ်သည်။ မွဲပြာတွေ့ကွင်း ရပါတော့မူ သတိရမိတိုင်း ဝေသဖြစ်၏။ လွမ်း၏။ အတွေ့အကြုံရလာသောအခါ၌မူ ရင့်ကျက် တည်ငြိမ်လာသော စိတ်နှင့် ဖွင့်လွှတ်တတ်လာသည်။ ဟုတ်ပါသည် မေ။ မေ ပြောသလို မိန်းမတို့၏ ဘဝမှာ ချစ်တဲ့သူကို လက်ထပ်နိုင်ဘို့ အခွင့်အလမ်း နည်းပါးလှပါသည်။ မေတို့ မိန်းမများ၏ အချစ်စိတ်တွင် စွန့်လွှတ်ခြင်း၊ ဖွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတို့ ပါသည်ဆိုခြင်းကို သိပါပြီ။

မောင်လတ်သည်လည်း ဖွင့်လွှတ်တတ် စွန့်လွှတ်တတ်လာပါပြီ။ သို့ပေမယ့် မေ၊ မေပေးခဲ့သော ဒဏ်ရာ ဒဏ်ချက်ကြောင့် မိန်းမများကို နှစ်၍ချစ်ရန် မဝံ့ရဲတော့ပါ။ စိတ်ဝင်စားမိသည်များကိုပင် ဖျောက်ဖျက်ပစ်ခဲ့၏။

မောင်လတ်သည် သူ့ဘဝတခုလုံးကို စာဖတ်ခြင်း၊ စာရေးခြင်းအလုပ်၌ နှစ်မြှုပ်ခဲ့၏။ သူသည် ကျောင်းကထွက်ပြီးသည်နှင့် သတင်းစာတိုက် တစ်တိုက်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထို့နောက် အချိန်အား မှန်သမျှ အတွေ့အကြုံ အတွေးအမြင်များကို အက္ခရာတင်ခဲ့သည်။ သို့နှင့် စာရေးစားသော စာသမားတယောက် ဖြစ်ခဲ့၏။ နေရာစုံ ရောက်ခဲ့ပြီ၊ လူစုံနှင့် တွေ့ခဲ့ပြီ၊ သူ ရင့်ကျက်ပြေလာပြီ။

ထိုသို့ ဘဝကို ကြံ့ကြံ့ခံနိုင်သော သတ္တိမျိုးရအောင် ဦးဆုံးသော ကြီးကျယ်သည့် စိတ်ဒုက္ခကို ပေးခဲ့သည့် ဝေ့ကို ကျေးဇူးတင်တတ်ပါပြီ။ ပေးပေးခဲ့သော ဒုက္ခကို ကုစားရင်း ရင့်ကျက်ခဲ့ရပါသည် မေ။ နာနာ ကျည်းကျည်းနှင့် အပြင်းအထန် ရုန်းကန်ခဲ့သောကြောင့် အတန်အသင့်သော အောင်မြင်မှုများ ရခဲ့ပါသည် မေ။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၂)

ယနေ့နံနက် မိုးနဲ့ တွေ့ရလိမ့်မည်ဟု လုံးဝမမြော်လင့်ခဲ့။ ယနေ့နံနက် မိုးညို့နေသည်။ ညိုသမှ ပြုံးတော့မလို ညို့နေသော မိုး။ ထိုကဲ့သို့ ပြုံးတော့မလို ညို့နေသော မိုးလိုပင် ပြုံးတော့မလိုသော အချစ်မိုးကို ပိုင်ဆိုင်ထားသူ မေနှင့် ပြန်လည်ဆုံစည်းရန် ယနေ့ အကြောင်း ဖန်လာလိမ့်မည်ဟု မသိခဲ့။ ထိုသို့ အကြောင်း ဖန်လာပြီးနောက် ကြည်နူးဖွယ်၊ ရင်မောဖွယ်၊ ဆွေးမြေ့ဖွယ်၊ တုန်လှုပ်ဖွယ် စသဖြင့် ဘဝ၏ စိတ်လှုပ်ရှားမှု အနံ့ကို တပြိုင်နက်ထဲ ခံစားရလိမ့်မည်ဟုလည်း မသိခဲ့။

သို့သော် ယနေ့နံနက် သူ့စိတ် လေးလံနေသည်မှာ အမှန်။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

အိပ်ရာက နိုးလျှင်နိုးချင်း သတိပြုမိသည်မှာ ချမ်းစိမ့်စိမ့်ဖြစ်နေခြင်း။ တဆက်တည်းမှာပင် ဤသို့ အဖြစ်မျိုး ကြုံဖူးသည်ဟု ခံစားမိ၏။ တကြိမ်သောအခါက ဤနေရာ ဤအချိန်မျိုး၌ပင် ခံစားဖူးသည်ဟု ထင်သည်။ မေနှင့် စတင်တွေ့ဆုံရသည့် နံနက်ကပေါ့။ ထိုသို့မဟုတ်။ ယခုနေရာသည် မေနှင့် စတင်တွေ့ဆုံခဲ့ရသည့် နေရာမဟုတ်။ အချိန်လည်း ကြာခဲ့ပြီ။ နေရာလည်း ပြောင်းခဲ့ပြီ။

အောင်လတ်သည် အတွေးကိုရပ်၍ အိပ်ရာမှ ထလိုက်သည်။ သူသည် တကိုယ်တည်းဖြင့် ဘဝအမျိုးမျိုး ဖြတ်သန်းပြီးနောက် ဤရပ်ကွက်သို့ ပြောင်းရွှေ့၍ အခန်းတခန်း ငှားကာ တယောက်တည်း နေထိုင်ခဲ့ခြင်းမှာ မကြာလှသေး။

သူသည် ညက ညဉ့်နက်သန်းခေါင်အထိ စာရေးနေခဲ့သဖြင့် ယနေ့နံနက် အိပ်ရာထ နောက်ကျ၏။ ထို့ကြောင့် မျက်နှာ ကပျာကယာသစ်၊ အဝတ်အစား ကပျာကယာလဲ၊ ရေးပြီးသား စာရွက်ကိုပိုက်၍ အိမ်ပြင်ထွက်ပြီး တံခါးကို သော့ပိတ်ကာ သော့ခတ်မည် ပြု၏။

ရုတ်တရက် သတိပြုမိသည်။ မိုးအုံ့နေသည်တကား။ တံခါးပြန်ဖွင့်၍ ထီးဝင်ယူ၏။ ထီးကို လက်မောင်းမှာချိတ်၊ စာရွက်ကို ချိုင်းမှာညှပ်၊ လက်တဖက်ဖြင့် သော့ခလောက်ကိုကိုင်၍ အခြားတဖက်ဖြင့် ခြောက်လက်ကို ဆွဲစေ့ကာ သော့ခလောက်တံ လျှိုချခတ်လိုက်ပြီး လမ်းပေါက်သို့ ထွက်လိုက်သည်နှင့် ဒုတိယ မိတ္တူအစ စတော့၏။ 'မိုး'သည် မမြန်လွန်း မနှေးလွန်းသော ခြေလှမ်းများဖြင့် သူ့ဘက်ရှိသို့ လျှောက်လှမ်း လာနေသည်။ အောင်လတ်သည် 'မိုး'ကို မြင်လိုက်သည်တွင် သူ့မျက်စိကို သူမယုံသလိုဖြစ်သွားသည်။ မေနှင့် အလွန်တူသော မိန်းကလေးပါလား။ မျက်ဝန်းအစုံသည် ရှေ့လည်းမကြည့် ၊ ဘေး ဝဲယာလည်း မကြည့်၊ မိမိသွားရာ တူရူကိုသာ ငုံ့မော ကြည့်နေသဖြင့် မျက်လွှာချထားသယောင် ထင်ရ၏။ မျက်ဝန်းအစုံသည် ထိုကဲ့သို့ပင် ရွှန်းလဲ့ပါ၏။

အောင်လတ်သည် သတိထား၍ နားသယ်စပ်ကို ကြည့်၏။ နှင်းဆီပန်းတစ်ပွင့် ပန်ထားပါကလား။ နီထော်ထော် ဖြူယောင်ယောင်နှင့် လှသော ပန်းတစ်ပွင့်ပင် ဖြစ်ပါ၏။ အောင်လတ် ရင်ခုန်လှုပ်ရှားသွားသည်။

အချိန်ကြာမြင့်စွာ အိပ်ပျော်နေခဲ့သော ချစ်စိတ်နုလုံးသားသည် ပြန်လည်နိုးထ လာပြီလား။ သို့ရာတွင် ဤမိန်းမချိုကို သူသည် တပ်မက်သော စိတ် လုံးဝမရှိ။ မိန်းမလေးသည် သူ့ကိုကျော်သွား၏။ အောင်လတ် လိုက်လှည့်ကြည့် မိသည်အထိ ဖြစ်သွားသည်။ ပြီးမှ အိမ်ရှေ့ဆောင်၌ ဆက်လျှောက်လာခဲ့သည်။

ဘတ်စကားဂိတ်သည် ကျဉ်းကျပ်နေ၏။ အောင်လတ် ရင်တလှပ်လှပ်နှင့် စဉ်းစားနေသည်။ ထိုမိန်းမလေးသည် မည်သူနည်း။ အဘယ့်ကြောင့် ဝေနှင့် တူလှဘိသနည်း။ မိုးသည် အုံ့သည်ထက် အုံ့လာ၏။ အောင်လတ် လမ်းဆုံတွေ့ခဲ့သော မိန်းမလေးသည် ဘတ်စကားဂိတ်သို့ ပြန်လည် လျှောက်လှမ်းလာသည်ကို မြင်ရပြန်သည်။ သူသည် အောင်လတ်နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်၏။ ကားလာမည့်ဘက်သို့ တချက်မျှ မျှော်ကြည့်ရင်း ရှက်လှာရှာသားပြန်သည်။ အောင်လတ်သည် အလွန်စိတ်လှုပ်ရှားလျက် ရှိသတည်း။ တမှင်တပြင်လုံး ညှိုမဲမှောင်လာသည်။ မိုးပေါက်များသည် ဖော်၍ ကြေလာနေသည်။ အောင်လတ် ထီးဖွင့် ဆောင်းလိုက်၏။ မိုးပေါက်များသည် သူ့ထီးပေါ် သို့ တဖျောက်ဖျောက် ကျလာသည်။ သတိရ၍ မိန်းမလေးဘက် လှည့်ကြည့်လိုက်သောအခါ တတ်နိုင်ပါဘီ ဓလေးရယ်၏

မိုးသီးမိုးပေါက်များအောက်၌ အိမ်ရှေ့မျက် ရပ်နေ၏။ ဘေးဘီလဲ မကြည့်။ လွယ်အိတ်ကလေးကို သူ့ရင့်သို့ ဆွဲထားပြီး လက်တဖက်နှင့် လက်မိုး ကိုင်တွယ်ထားသည့်မှအပ ဘာမှမလှုပ်ရှား။ သို့ရာတွင် သူ့တွင် ထီးမပါ။ အောင်လတ်သည် မိန်းမလေးလက်ထဲသို့ ထီးသွားထည့်ပေးလိုက်သည်။ တပြိုင်နက်တည်းလည်း သူ့စာမူများ ခိုကုန်မည်စိုး၍ မိန်းမလေး၏လက်ထဲတွင် ထားခဲ့သည်။ သစ်ပင်တပင်အောက်သို့ ဝင်ရောက် မိုးခိုသည်။ မိန်းမလေးသည် တရှုရှုတင်သောအကြည့်ဖြင့် လှည့်ကြည့်သည်။ ထို ဓလေ့အကြည့်မျိုးပါဘဲလား။

ထို့နောက် မိန်းမလေးသည် လက်ထဲမှ စာမူဆီသို့ မျက်စိရောက်သွားသည်။ အောင်လတ်'ပန်းတွေနဲ့ဇာ' တဲ့။ မိန်းမလေးသည် အောင်လတ်ရှားသို့ လျှောက်လာသည်။ မိုးသည် သည်းဆဲ။

"ဆရာက စာရေးဆရာ ဦးအောင်လတ်လား ဟင်"

"ဟုတ်ပါတယ်"

မိန်းမလေးမျက်နှာသည် ဝင်းသွား၏။

"ကျမ ဓေါ်ဓေလှိုင်ရဲ့ သမီးပါ၊ မေမေက ဆရာ့ဆီ လွှတ်လိုက်ပါတယ်၊ စာတစ်စောင်လဲ ပေးလိုက်ပါတယ်၊ မနေ့ ဆရာ့အိမ် သွားရှာပါသေးတယ်၊ ဘော့စတ်ထားလို့ ပြန်လာတာပါ"

အောင်လတ်သည် ထူးဆန်းသော အိပ်မက်တခု မက်နေရသလို ဖြစ်သွား၏။ ရင်တွင်လည်း တသိမ့်သိမ့် ခံစားရ၏။ ဓေလှိုင်၏စာကို ဖတ်နေသောအခါတွင် လက်ချောင်းကလေးများသည် မသိမသာ တုန်ယင်နေ၏။

ကိုအောင်

ဓေ့သမီးလေး 'မိုး'ရန်ကုန်တက္ကသိုလ်လာတက်ပါတယ်။ ဓေ ဓေနေကောင်းလို့ လိုက်မပို့နိုင်ပါဘူး။ ရန်ကုန်မှာလည်း တရင်းတနှီးဆိုလို့ ကိုအောင့်ကိုသာ သတိရတာမို့ ကိုအောင့်ဆီဘဲ လွှတ်လိုက်ရပါတယ်။ သမီးလေး ရန်ကုန်မှာ ချက်ချင်းဘယ် ဖြစ်နေမှာစိုးလို့ပါ။ ဓေ့ကိုယ်စား သမီးလေး 'မိုး'ကို စောင့်ရှောက်ပေးပါလို့ တောင်းပန်ပါတယ်။ ဓေ့ကို မုန်းသလိုတော့ သမီးလေးကို မမုန်းလိုက်ပါနဲ့။ အခုအချိန်လောက်ဆို ဓေ့ကို ကိုအောင် နားလည်ခွင့်လွှတ် နိုင်ပြီလို့ ယူဆပါတယ်။ ကိုအောင့် စာအုပ်တွေ အားလုံး ဖတ်ပါတယ်။ ကိုအောင့်စာတွေအရ ဓေ့ကို ခွင့်လွှတ်နိုင်ပြီလို့ ယူဆမိပါတယ်။ ကိုအောင်ရေ စိတ်ကူးယဉ်နဲ့ လက်တွေ့ဘဝ ကွာခြားလှပါတယ်နော်။

ဓေတို့ မိတ်ဆွေတွေ ပြန်လည်ဆုံရလိမ့်အုံးမယ်လို့ မျှော်လင့်နေမိပါတယ်။ ကိုအောင့်မိသားစု ကျန်းမာပါစေ။

၁၁၀

စာရွက်ပေါ် သို့ မိုးမှုန် မိုးပေါက်တို့ ပက်ဖြန်းသဖြင့် တချို့စာလုံးများ ပေါ်သလော။ အောင်လတ်၏ ရင်ထဲ၌ ပီတိရည်ဖြင့် လှိုက်မောသွားသည်။ အေးငြိမ်းသောအရသာကို ခံစားရသည်။ သန့်စင်သော မေတ္တာဟူသည် ပူလောင်မှု မရှိတကား။

မေမေရယ် ကျွန်တော့်မှာ မိသားစုဆိုလို့ ကျွန်တော်တယောက်ထဲပဲ ရှိပါသေးတယ်။ 'မိုး' သည် အောင်လတ်၏ မျက်နှာ၌ အဓိပ္ပာယ်များ ရှာဖွေနေ၏။

"မိုး တဲ့လား" အောင်လတ် မေးသည်။

"ဟုတ်ကဲ့ပါ"

"မေမေက သမီးကို 'မိုး'လို့ နံမယ် မှည့်တယ်နော်"

"ဟုတ်ကဲ့ အပြည့်အစုံက မြမိုးလွင် ပါ"

ကြားထဲ၌ လွှင်းဆက်တရပြတ်နေသည်။ ကိုကိုကျော်။ အောင်လတ်သည် ကိုကိုကျော်ကို သတိတရ ရှိသွားသည်။

"မိုးရဲ့ မေမေကော နေကောင်းသလား"

"ရှင်"

မိုး နားမလည်ပါ။ မိုးမေမေ ဘယ်လိုလုပ် နေကောင်းနိုင်တော့မည်နည်း။ မေမေ့ကို ဓာတ်ပုံထဲမှာသာ မြင်ဖူး၏။

"မိုးရဲ့ မေမေလေ ဦးကိုကိုကျော်ရယ်"

ဪ ဆရာ ဦးအောင်လတ် မိုးရဲ့မေမေ ကွယ်လွန်သွားပြီ ဖြစ်တဲ့အကြောင်း မသိသေးပါလား။

"မိုး မွေးခင်ထဲက မေမေ ဆုံးသွားပါတယ်"

"ဗျို"

တဆယ့်ခြောက်နှစ်။ တဆယ့်ခြောက်နှစ်မျှ ကြာသောအချိန်။ သူ စာကိုစိတ်နာနာနှင့် အဆက်အသွယ် ဖြတ်ထားခဲ့သော အချိန်များ။ ဆေးရုံဝတ်သက်၌ နားမည်မှုဖြင့် မကြားအောင် နေခဲ့သည့် အချိန်များ။ မေကလည်း သူ့ကို ဤမျှ အကြောင်းကြီးငယ် ရှိပါလျက် မဆက်သွယ်ခဲ့။ အခု မေမေ ဘယ်မှာလဲ။ နေမကောင်းဘူးဆိုတာ ဘယ်လောက်အထိ နေမကောင်းတာလဲ။

"ခွင့်လွှတ်ပါကွယ်၊ ဆရာတော့မသိခဲ့ဘူး"

ဘာကို ခွင့်လွှတ်ရမည်နည်း။ မိုး နားမလည်ပါ။ မေမေဆုံးခဲ့သည်ကို ဆရာ မသိသည့်အတွက် ခွင့်လွှတ်စရာ လိုပါသလား။ မိုး မသိ။

"အခု မေမေ ဘယ်မှာလဲ၊ နေမကောင်းဘူးဆို"

"ဟုတ်ကဲ့ မေမေ ကောင်းမှုမှာပါ၊ မေမေ မောတာ တစ်နှစ်လောက် ရှိသွားပါပြီ၊ ခုလဲ မေမေ လိုက်မပို့နိုင်လို့ လူကြုံနဲ့ လွှတ်လိုက်တာပါ၊ ဆရာ့ဆီ သွားဖို့ မှာလိုက်ပါတယ်၊ နောက်ပြီး မေမေက ဆရာ့ကို လက်ဆောင်တခု ပေးလိုက်ပါသေးတယ်၊ ဘတ်စကားနဲ့ သယ်ရတာ ခက်လို့ အဆောင်မှာပဲ ထားခဲ့ပါတယ်"

"ဆရာ လိုက်ယူမှာပေါ့ကွယ်"

ဘာလက်ဆောင် များပါလိမ့်။ သို့နှင့် တက္ကသိုလ် ပရဝုဏ်သို့ ရောက်ရပြန်သည်။ မိုး၏ရှေ့ဆောင်မှုအတိုင်း လိုက်လာခဲ့သည်။ မိုးသည် ယုဒသန်လမ်းမှဝင် ချိုးလိုက်၏။

မြင်ရပြန်ပါပြီကော သီရိမည်သော မိန်းကလေးဆောင်။ မိုးသည် သီရိဆောင်သို့ဝင် လျှောက်လာခဲ့၏။ အောင်လတ်၏ စိတ်တွင် လွမ်းမောစိတ်တို့ ထိုး၍ ဖြစ်ရပါသည်။ သူစောင့်နေကျ မျှော်နေကျ နေရာမှာပင်

ကလေးကိုလည်း တွေ့ရပါသည်။ သူသည် အဆောင်အတွင်းသို့ မလိုက်တော့။ ရောဘာပင်ရိပ်ကပင် ဆောင့်ချည်ဖော မိုးကို မှာလိုက်သည်။ မိုး အဆောင်တွင်းသို့ ဝင်သွားသည်။

ဆောင်လတ်သည် အဆောင်ဝ ရောဘာပင်ရိပ်၌ ရပ်ဆောင့်ရင်း အတိတ်ကို လွမ်းနေ၏။ အဝတ်အစား အပြင်အဆင် ပြောင်းလဲသွားကြသော်လည်း တက္ကသိုလ်သူ တက္ကသိုလ်သားတို့၏ အဆောင်ရှေ့၌ မြော်သော ယောက်ျားတို့နှင့် အဆောင်ရှေ့သို့မြော်သော မိန်းမတို့တို့၏ မြော်ဟောကျင့်ကမူ မပြောင်းလဲသေးပါ။

သို့ရာတွင် ခေတ်ပြောင်း လာသည်နှင့်အမျှ ဆောင်လတ်မြင်ရသော ယခုတက္ကသိုလ်သူ တက္ကသိုလ် သားတို့သည် ပို၍ ရဲတင်း၏။ ပွင့်လင်း၏။ ဖျပ်လတ်၏။ မိုး သူ့အနား ပြန်ရောက်လာသည်။ လက်ထဲ၌ စုပါမြင့် စည်းထုပ်ထားသော ယွန်းသေတ္တာရှည်လေး တစု။ ဆောင်လတ်ကို ကမ်းပေးလိုက်သည်။ ဘာတွေများပါလိမ့်။ ဆောင်လတ် သိချင်လှပြီ။ ယန်စဆောင်နိုင်တော့ဘဲ ယွန်းသေတ္တာရှည်ကလေးကို ဖွင့်လိုက်၏။

အို နှင်းဆီပန်းမြောက်တွေ။ သူ နောက်ဆုံးပေးခဲ့သော နှင်းဆီစည်းသည် အစည်းလိုက် မြောက်သွေ့ယောင်း နေသည်။ ဝှက်ရှောကြောက်ကလေးပင် မြောက်သွေ့ ကြွေမွှလျက် ပါလာသေးသည်။ အဖြူနှင်းဆီ ပွင့်မြောက်များ လည်း တွေ့ရသည်။ ပွင့်ဖတ်များသည် ကြွေ၍ ကြွေ၍ တစ်ဖတ်စီ တစ်စစီ၊ တုန်ယင် လှိုက်မောစွာဖြင့် ပန်းပွင့်မြောက် များကို ကိုင်လိုက်မိသည်။ ထိသည်နှင့် ကြွေမွှသွားကြရှာသည်။

မေသည် သူ့'အချစ်'ကို အမြတ်တနိုး သိုဝှက် သိမ်းဆည်းထားခဲ့သည်တော့။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၃)

ထိုတစ်ညကို မေမမေ့နိုင်ပါ။

ကိုကိုကျော်သည် နောက်တနေ့ နံနက် စစ်မြေကြက်ရမည်ဖြစ်၏။ လက်ထပ်ပြီးကတည်းက ကိုကိုကျော်ကို မေ မလေမ်းပင်းရအောင် ပြုစုသည်။ ကိုကိုကျော်ကလည်း တမေမေ ဝေ၍ တယုတယရှိ၏။ မေ၏ သာယာသော အချိန်ကလေး ဖြစ်ခဲ့ပါသည်။

သို့ရာတွင် ကိုကိုကျော်၏ အကြည့်များသည် တခါတရံ၌ ပူဆွေး၏။ တစုံတခုကို ထိန်းချုပ်ထားရဟန်ရှိ၏။ မေ့ကို မပြောရက် မဆိုရက် ဖြစ်နေဟန်လည်း ရှိ၏။ စိုက်ကြည့်၍ ငိုင်အားနေတတ်သော ကိုကိုကျော့် မျက်လုံးအဆိုကို မေ မမိနိုင်ပါ။ ထိုညတွင်မူ မေက မနေနိုင်တော့၍ မေးဖြစ်သည်။

"ကိုကို မေ့ကို မပြောနိုင်စရာ ဘာများရှိသလဲ ဟင်"

"မရှိပါဘူး မေရယ်"

"မဟုတ်ရဘူး မေ့ကို စိုက်ကြည့်ပြီး တစုံတခုအားနေတာကို မေ မမေ့တတ်ဖူး"

ကိုကိုကျော် သက်ပြင်းချ၏။

"ပြောပါ ကိုကို၊ မေ ကိုကို့ ကို ဘာမှမညာပါဘူး စိတ်ချပါ"

"မေးလဲ မေးချင်တယ် မေရယ်၊ မေးလဲ မမေးရက်ဖူး"

မေးပါ ကိုကိုရယ် ဒီလိုနေတာထက် ရှင်းရှင်း မေးလိုက်တာက ပိုကောင်းပါတယ်"

"မေ့ကို ကိုယ်သိပ်ချစ်တယ်၊ ဒီတော့ မေ့ အချစ်ကို ကိုယ်လိုချင်တယ်၊ ကိုယ့်ရင်ထဲမှာ သံသယ တစ်ခု ရှိတယ်ကွယ်၊ မေ ကိုယ့်ကို ချစ်ပြီး လက်ထပ်ခဲ့တာလားလို့"

"ဘယ်သူနဲ့ ယှဉ်ပြီး ချစ်တယ်လို့ ထင်သလဲ ကိုကို"

မေ သိပါသည်။ ကိုကိုကျော်လည်း သိပါသည်။

"ပြောဖို့ လိုသေးသလား ဝေရယ်၊ ကိုကို သဝန်မကြောင်ချင်ပါဘူး၊ ဒါပေမယ့် ကိုယ်ချစ်တဲ့သူက ကိုယ့်ကိုသာ ချစ်တာကို လိုချင်တာပေါ့"

ဝေ မညာချင်ပါ။ သို့သော် အတိအကျ ပြောချမဖြစ်ပါ။

"ဝေ ကိုကို့ကိုသာ ချစ်ခဲ့ပါတယ်၊ သူ့ကို ငြင်းခဲ့ပါတယ်"

သူဆိုသည်မှာ အောင်လတ်ဟု နှစ်ယောက်စလုံး သိကြသည်။

"ဘာလို့ငြင်းခဲ့တာလဲ ဟင်"

"သူ ဝေ့ကို ချစ်ရေးဆိုတဲ့အချိန်မှာ ကိုကို ဝေ ကတိပေးပြီးပြီ ကိုကို"

"တကယ်လို့ ကိုယ့်ကို ကတိမပေးရသေးရင်ကော ဝေ"

ဝေ ဘာပြောရမည်နည်း။

"ဝေ မပြောတတ်တော့ဘူး ကိုကို"

ကိုကိုကျော့်ရင်ခွင်တွင် တရှိုက်မက်မက် ငိုမိပါသည်။

"ကိုယ်နားလည်ပါတယ် ဝေရယ်၊ ကိုယ့်ကို ချစ်တယ်ဆိုရင် ကိုယ် ကျေနပ်ပါပြီ၊ အခုနကတော့ ဝေ့ကို ချစ်လွန်းလို့ ဝေ့ အချစ်ကိုလည်း တောင့်တလွန်းလို့ပါကွယ်၊ တိတ်တော့နော်၊ တိတ်ပါတော့ကွယ်"

ကိုကိုကျော်သည် ဝေ့ကို တယုတယ ချော့တော့ခဲ့၏။

ထိုညတွင် ဝေ မောနေအောင်ငိုသည်။ ပြီးတော့ ချစ်ခြင်းမေတ္တာ၏ ပူလောင်ခြင်း အေးမြခြင်း အရသာတို့ကို ခံစားရသည်။ ထိုညသည်ပင် သမီးလေး 'မိုး' ကို လောကတွင်းသို့ ဆောင်ယူသော ညဖြစ်ပါလိမ့်မည်။ ထိုညသည်ပင် ကိုကိုကျော်နှင့် နောက်ဆုံးနေခဲ့ရသောည ဖြစ်ခဲ့ပါသည်။ ကိုကိုကျော်သည် နောက်တစ်နေ့နံနက် ခရီးထွက်သွားရာ ပြန်မလာတော့။ ဝေနှင့်တကွ လောကကြီးတစ်ခုလုံးကို စွန့်ခွာသွားခဲ့သည်။ အော်...ကိုကိုကျော်ရယ်။ ကိုကိုကျော် ဆုံးပါးသွားပြီးနောက် ဝေသည် ဘဝကိုမက်မဲ့စွာ ဖြတ်ကျော်ခဲ့ရ၏။ အကုသိုလ် ကြီးမားသည် ဆက်တိုက်ဝင်ခဲ့၏။ ကိုကိုကျော် မိဘများနှင့် နေကြည့်သော်လည်း အဆင်မပြေ။ ရွာလောကမှ အမျှော်သူဟု အထင်မခံနိုင်။ မေမေဆီ ပြန်သည်။

ဦးလေးခင်တို့နှင့် စတွေ့နေသော၏။ ထို့ရာတွင် ဒေါ်လေးသည် ဝေ့ကို တခြားတစ်ပါးသော ဂုဏ်သရေရှိ မုဆိုးဖို တစ်ယောက်နှင့် နီးစပ်စေချင်ပြန်သည်။ လောကကြီးမှ ဝေ ထွက်ခွာပြေးချင်လာသည်။ ထို့နှင့် ဇာတိ တောင်ငူသို့ ပြန်၍ ရှိစုမဲ့စုလေး ထုခွဲရင်း၊ ကျောင်းဆရာမ ဝင်လုပ်ကိုင်ရင်း သမီးလေး မိုးကို ပြုစုခဲ့ရသည်။ ယခုတော့ ဝေ နေသားကျပါပြီ။ သို့သော် ဝေ့ဘဝ တစ်လျှောက်လုံးသည် အသဲနှလုံးနှင့်ဆိုင်သော ဒုက္ခကို များစွာ ခံစားခဲ့ရသောကြောင့်လားမသိ၊ ဝေ့၌ လှုပ်လှုပ်ရှားရှား မပြုနိုင်သော၊ စိတ်ဒုက္ခမခံနိုင်သော နှလုံးရောဂါရခဲ့ပြီတည်း။

သမီးလေး ရန်ကုန်တက္ကသိုလ်သို့ တက်ရမည့်ကိုပင် လိုက်မပို့နိုင်ခဲ့။ ထိုအချိန်တွင် သတိတရ ရှိရသူကား ကိုအောင်။ ကိုအောင်သည် ဝေ့ကို နားလည်ခဲ့၏။ ဝေက ကိုယ့်ကို မနားလည်ခဲ့ပါ။ ထို့ရာတွင် 'သံသရာ တစ်ခွင်မှ မတွေ့လိုတော့' ဟု ဆိုခဲ့သော ကိုအောင့်ကို ဝေ မတွေ့ရဲခဲ့ပါ။

ထို့ပြင် ကိုကိုကျော်သည်လည်း ကိုအောင်နှင့်ပတ်သက်သော စိတ်ဒုက္ခ မပြောက်မပျက်ဖြင့် ဘဝတပါးသို့ ပြောင်းသွားရှာခဲ့သည်။ သည်တော့ ကိုအောင်နှင့် အဆက်ပြတ်နေသည်သာ ကောင်းပါသည်ဟု ဆုံးဖြတ်ပြီး ဝေသည် အောင်လတ်နှင့် ဝေးနိုင်သမျှ ဝေးဝေး နေခဲ့ရ၏။ ယခုမူ အသက်လည်း ငယ်ကြတော့သည်မဟုတ်။ အရှုံးဆိုသည်မှာ သက်ဆိုး မရှည်တော့။ ပြီးတော့ မုဆိုးလက်ဆို ကိုအောင်သည်လည်း အိမ်ထောင်နှင့် မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း ရှိနေပေတော့သည်။

ဝေတို့ မိတ်ဆွေဘဝနှင့် သန့်စင်သော ချစ်ခြင်းကို ပြန်လည်တည်ဆောက်ကြပါစို့လား။

ဤစိတ်ကူးနှင့် သမီးလေးကို ကိုအောင့်ထံ လွှတ်ခဲ့၏။ ကိုအောင် နားလည်နိုင်ပါစေ။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၄ )

မိုးသည်းစွာ ရွာလိုက်ပြီးနောက် နေမင်းသည် တိမ်တိုက်ကြားမှ ထွက်ပြူ၍ စိမ်းစိုသာယာသော လောကကြီးကို ကြည့်၏။ စိမ်းလန်းသော လောကကြီးပါတကား။ မိုးဥတု၌ သစ်ပင်ပန်းမာလ်တို့သည် စိမ်းလန်းစိုပြေနေကြ၏။ အပင်တိုင်းသည် စိမ်းစို၏။ လောကကြီးတစ်ခုလုံးတွင် အစိမ်းရောင်သာ လွှမ်းနေ၏။ မိုးရွာပြီးစ၌ စိမ်းစိုနေသော သစ်ပင်သစ်ရွက်များပေါ် သို့ နေခြည်ရောင် ဝက်ချန်းသားသည်မှာ တလောကလုံး ရွှေရောင် ငွေရောင် မြရောင်တို့ဖြင့် မှုန်းသားသကဲ့သို့။ မိုးသည်းစွာရွာချိန် တချိန်လုံး အိပ်ရာထဲ၌ လုံးလျောင်းနေရသည်မှာ ငြောင်းညာလာ၍ ဝေသည် မိုးတိတ်သည်နှင့် ပြတင်းကိုဖွင့်၍ အပြင်လောကကို ကြည့်လိုက်သည်။

ဘယ်လောက် သာယာသော လောကပါလဲ။

သူသည် ခြံထဲသို့ ဆင်းလျှောက်ချင်လာ၏။ ဤအိမ်နှင့် ဤခြံကလေးသည် သူ၏ ရွှေရာဇာတိချက်မြှုပ်။ ဖေဖေ ပင်စင်ယူပြီးနောက် ဤခြံကလေးတွင် ပြန်နေခဲ့သည်။ ဖေဖေသည် အလုပ်ဖြင့် နယ်တကာ ပြောင်းရွှေ့ခဲ့ရသော်လည်း ဤခြံ ဤခြေကလေးကို မရောင်းခဲ့။ ပင်စင်ယူပြီးနေရန် ရည်ရွယ်၍ နေထိုင်ရန် ရည်စူး၍ အဆောင့်ထားပြီး ပြုပြင်ခဲ့သည်။ ထို့ကြောင့် ဤခြံကလေးသည် ရေကန်ကလေး တစ်ကန်၊ ဆုံနံပင်၊ ငှက်ပျောပင်၊ သစ်ပင် ပန်းပင်တို့ဖြင့် သာယာစိုပြေ၏။ သို့ရာတွင် ဖေဖေသည် သူတွယ်တာသော ခြံကလေး၌ ကာရှည် မနေခဲ့ရရှာ။ အမိ အဖတို့ ခေါင်းချသွားသော ဤနေရာကလေးကို သူလည်း မခွန့်ခွာနိုင်ခဲ့ပါ။

ဝေသည် ခြံထဲသို့ ဆင်းခဲ့၏။ မိုးစွန့်များသည် မြက်ခင်းပြင်ကို ရွှတ်လိမ်းထား၏။ ရွှေမှုန့်ကလေးများနှယ်။

မိုးသက်နံ့ပါသော လေကို ရှူရှိုက်ရခြင်းမှာ လန်းဆန်းစွ။ ကန်စပ်မှ မှုံကလေးတွင် ထိုင်ရင်း ဝေ ငေးနေမိသည်။ ဤသို့မိုးသည်းသော နေ့တနေ့တွင် သူ၏ အိပ်ပျော်နေသော နှလုံးသားကို ကိုအောင် လာနှိုးခဲ့သည်။ ယခုတိုင် ထိုနှလုံးသားသည် ပြန်လည်အိပ်မပျော်သေး။ သူ မောင်လေတ်ကို သတိရနေ၏။ မောင်လေတ်သည် တဖေးဖေး တခမ်းခမ်းဖြင့် ဝေတို့ခြံကလေး၏ အဝသို့ရောက်လာသည်။ သူ ဝေ့ကို တွေ့ချင်လှပါပြီ။

ခြံတံခါးလေးကို တွန်းဝင်ခဲ့သည်။ ခြံထဲတွင် တိတ်ဆိတ်နေ၏။ ဂရုတစိုက် ရှာဖွေနေရန်မလိုပါ။ နှင်းဆီပန်းအိုးကလေးများ တွေ့ရပါ၏။ ထိုနှင်းဆီပန်းအိုး ကလေးများကို ကျော်၍ ကြည့်လိုက်သောအခါ ကန်ပေါင်ကို ငေး၍တွေးနေသော 'ဝေ'ကိုတွေ့ရသည်။ ဝေသည် အနည်းငယ် ပိန်သွားသည် ထင်ရ၏။ သို့ရာတွင် အလှမပျက်သေး။ ဆိမ့်ရွှ ရှိသော အလှကိုဆောင်၏။

မောင်လေတ်သည် လက်ထဲတွင် ဆောင်ယူလာသော ဝေ ယွန်းသေတ္တာ ရှည်ကလေးကို ပြန်ကြည့်မိသည်။ သည်အထဲတွင် တစ်ပွင့်ထဲသော နှင်းဆီပန်းအနီကလေး ပါလာပါ၏။ မောင်လေတ် ဆက်လျှောက်လာသည်။ ဝေစိတ်ထဲတွင် တစုံတယောက် သူ့ထံလာနေသည်ဟု ခံစားရ၏။ ဝေ လှည့်ကြည့်ဖြစ်သည်။

သူ အိပ်မက် မက်နေသလား။ မဟုတ်ပါ။

ကိုအောင်မှ ကိုအောင် အစစ်ပါ။ အနည်းငယ် ဖိုင့်လာသည်မှအပ ပေါ်ရုပ်သည် သိပ်မပြောင်းလဲ။ သို့ရာတွင် ကိုအောင်သည် ကရုဏာမျက်လုံးများဖြင့် ကြည့်ရင်း သူ့ထံသို့ လာနေသည်။ ဝေ မတ်တပ်ထလိုက်၏။ ခေါင်းထဲ မိုက်ကနဲ ဖြစ်သွားသည်။ သူ့ကိုယ်သူ ထိန်းလိုက်၏။ ရှေ့သို့ ခြေလှမ်းတိုး၍ မောင်လေတ်ထံ လျှောက်လာ၏။ တလှမ်း နှစ်လှမ်း သုံးလှမ်း။ ဝေ့မျက်ဆံမှ ပီတိမျက်ရည်တို့ လျှံနေသည်။ သူ့နှလုံးသည် အရှိန်နှုန်းများစွာ

စုန်နေ၏။ အောင်လတ်ကိုမြင်နေရသည့်မှာ မပြတ်မသား ဖြစ်လာသည်။ ရုတ်ချည်းပါးသွား၏။ တလောကလုံး ရှာရှာလည်သွားသည် ထင်ရ၏။

မြေကြီးသည် မြင့်တက်လာသလို။

မေ ခေါက်ကနဲ ခွေ၍ လဲကျသွားသည်။ အောင်လတ် အမြန်ပြေး၍ ဆွဲထူသည်။ ပြီး ရင်ခွင်တွင် ခေါင်းမှီ၍ မှိန်းနေစေလိုက်၏။ ရေရင်မှာ နီမှေးသည် မြင့်ရှိ ဖြစ်နေသည်။ မေ မောလှပါပြီ။

မေ့ မျက်ရစ်သည် ညိုနေ၏။ ဖေ့ပါးပြင်သည် မကောင်းသော့။ နှာသင်ပင်လျှင် ရှိုင့်နေသယောင်။ နှုတ်ခမ်းသည် ဖျော့တော့တော့သာ နီတော့၏။

"မေေ၊ မေေ"

မေ ပြုံးပြသည်။ အားမရှိ၊ နေးသာသော မျက်လုံးကြားမှ ရေမျက်ရည်စသည် ပါးပြင်ပေါ် သို့ လိမ့်ဆင်း လာသည်။ အောင်လတ်သည် တုန်လှုပ်ခြင်း ကြီးစွာ ဖြစ်ရသည်။ မေသည် တိုးသွင်းသောအသံကို ပြု၏။

"ကိုအောင် မေ့ကို ခွင့်လွှတ်ပါပြီနော်"

"မေေရယ်၊ အို မေေရယ်"

အောင်လတ် ဤမျှသာ ဆိုနိုင်စွာ ဆိုနိုင်၏။ မေေ၏ နဖူးဆံစပ်ကို သပ်ပေး၏။ ချွေးစလေးများ စို့နေ၏။ ထိုနဖူးကလေးကို အောင်လတ်သည် ငြင်သာစွာ နမ်းပါ၏။

"ကျွန်တော် မေေအနားမှာ အမြဲနေတော့မှာပါ မေေရယ်"

မေေ ကျေနပ်စွာ ပြုံးပါ၏။လှိုက်လှဲစွာ ငိုပါ၏။

"ကိုအောင် တကယ်ပြောနေတာနော်၊ မေေ အိပ်မက် မက်နေတာ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး မေေရယ်၊ ကျွန်တော် မေေရဲ့ အချစ်ကို နားလည်ပါပြီ၊ တကယ့်အချစ်မှာ လိုချင် တပ်မက်ခြင်းဆိုတာ အဓိက နေရာမှာ မရှိပါဘူး၊ ကျွန်တော် သိပါပြီ မေေ"

"သိသရောတတွေ့မှာတောင် မတွေ့ချင်ဘူးဆို ကိုအောင်"

"စကားနာထိုးရမယ့် အချိန် မဟုတ်တော့ပါဘူးမေေရယ်၊ ကျွန်တော်တို့ သန့်စင်တဲ့ မေတ္တာရဲ့..."

မေ ကျေကျေနပ်နပ် ရယ်ပါသည်။ သို့သော် အားရှိစွာမဟုတ်။

"မေ ပျော်လို့ပါ ကိုအောင်၊ ကိုအောင် အရင်တုန်းကလို ပြင်းပြင်းထန်ထန် စကားတွေများ ပြောတတ် ဆဲ့စလားလို့ပါ၊ မေ ကိုအောင့် စကားမှန်သမျှ ကြားချင်နေပါတယ်"

နှစ်ယောက်စလုံး၏ မျက်အိမ်၌ ပီတိမျက်ရည်တို့ဖြင့် ပြည့်လျှမ်းနေ၏။

"ကိုအောင်"

အသံသည် တိုးလှ၏။ တုန်နေ၏။

"မေေ"

သူ့အသံလည်း တိုးပါ၏။ တုန်နေပါ၏။

"မေေကို နမ်းစမ်းပါ"

အောင်လတ်သည် မျက်ရည်တို့ သုတ်လိမ်းထားသော မေ့ ပါးပြင်ကို နမ်းပါ၏။ မေကလည်း နမ်းပါသည်။ ငြင်သာစွာပင် ပြန်၍ နမ်းပါသည်။ နှစ်ယောက်စလုံး၏ မျက်ရည်တို့သည် ရောစွေး၍ စီးဆင်းနေကြသည်။ သည်မျက်ရည်တို့မှာ အေးမြ၏။ ပူလောင်သော ချစ်ခြင်းမှ အေးမြသော ချစ်ခြင်းသို့ ကူးပြောင်းခဲ့ပြီ ဖြစ်ပါသည်။ သို့ရာတွင်

ရှေ့အတွက် အချိန်များစွာ မကျန်တော့ပါ။ ဤသည်ကို နှစ်ယောက်စလုံး အလိုအလို သိနေကြပါ၏။ သို့သော် သူတို့ ဝမ်းမနည်းပါ။ အောင်လတ်သည် ခေကို နွေးထွေးငြင်သာစွာ ဖက်ထား၏။ ခေသည်လည်း အောင်လတ်၏ ရင်ခွင်တွင် နွေးထွေး ငြင်သာစွာ လှဲလျောင်း မှေးမှိတ်နေရှာသည်။ ရုပ်ခန္ဓာမှ ပေါက်ဖွားသော အချစ်သည် ရုပ်တရားနှင့် ကင်းကွာသွားလျက် ထာဝရ တည်ရှိနေနိုင်ပါသည်။

**ငါသည်**
**သူ့ကို ချစ်၏**
**ထိုသို့ ချစ်သောကြောင့် ခံစားရသော ဒုက္ခသည်**
**ကြီးမှု**
**ထိုဒုက္ခသည် ကြီးမားသော ပီတိကို ဖြစ်စေ၏။**
**ပီ" သနဲ့ ဤစကား မှန်၏။**
**ဤမှန်သော သစ္စာစကားကြောင့်**
**ငါသည်**
**ဘဝဆက်တိုင်း 'ချစ်တတ်သောကိုယ်'**
**ဖြစ်လို၏။**

မောင်ဝဏ္ဏ
ပြီးပါပြီ။

ငါသည်…
သူ့ကို ချစ်၏၊
ထိုသို့ ချစ်သောကြောင့်
ခံစားရသော ဝေဒနာသည်
ကြီး၏၊
ထို"သစ္စာ" ဤစကား မှန်၏၊
ဤမှန်သော သစ္စာစကားကြောင့်
ငါသည်….
ဘဝဆက်တိုင်း။
ချစ်သ၍ အချစ်ခံသောကိုယ်
ဖြစ်လို၏၊ ။

# ပန်းတွေနဲ့ဝေ

မောင်ဝဏ္ဏ

